www.burmeseclassic.com

# ရှင်မိုး

(ဆေးတက္ကသိုလ်)

ဖန်ဆင်း၍မရနိုင်သော



Chit Sann (528)

www.burmeseclassic.com

www.burmeseclassic.com

# ရှင်မိုး(ဆေးတက္ကသိုလ်)

## ပန်းသင်း၍မရနိုင်သော


တမ္ဘင်ပြုချက်အမှတ် - ၅၀၁၂၈၁၁၀၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၇၄၁၂၀၇

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# ရှင်မိုး
## (ဆေးတက္ကသိုလ်)




စီစဉ်သူ
မောင်ကျော်လှိုင်(စေတနာစာပေ)

www.burmeseclassic.com

www.burmeseclassic.com







အားပေးပွဲနဲ့ အားပေးစကား၊ နှစ်သိမ့်ပွဲနဲ့ နှစ်သိမ့်စကားတွေကို အခါခါ ကြားနေရသလို ဘယ်သူက ဘယ်လိုစကား ပြောပြီး နှစ်သိမ့်ဖြေဖျောက်သွားစေသလဲပင် မမှတ်မိတော့ပါ။ ခေါင်းတွေထဲ မူးနောက်ရီဝေနေသလို မျက်စိအမြင်တွေကလည်း ခပ်မှုန်မှုန်ဝါးဝါးဖြစ်လို့နေသည်။

အိပ်ရေးပျက်တဲ့ ရက်တွေကြောင့်ပဲလား၊ ပြင်းပြင်း ထန်ထန် ငိုကြွေးနေခဲ့မိသော ဒဏ်တွေကြောင့်လားမသိ မျက်စိ တွေ ကျိန်းစပ်ပြီး မျက်လုံးပင် ကောင်းကောင်း ဖွင့်မကြည့်ချင် သလိုလို၊ မျက်ခွံကိုပဲ သေသေချာချာပင် မကြည့်နိုင်သလိုလို ခံစားနေရသည်။

မနောနဲ့အတူတူ ခံစားချက်ခြင်း အတူတူ ရှိခဲ့မကာ ဒီထက်ပင် ပိုနိုင်မည်ဖြစ်မှာ ရှုသချာသော ဒေါ်ဆွေစင်ကတော့

www.burmeseclassic.com

www.burmeseclassic.com



ဒရင်း(မ)ဘက်(ခ)မှာ ခပ်ဆောင်းဆောင်းလှဲ့လျက် အနေအထားနဲ့ သူ့အား နှုတ်ဆက်လာသူတချို့ကို ကြိုးစားပြီး စကားပြန်ပြော နေသော တစ်ချက် တစ်ချက်မှာတော့ မနောကိုလည်း အကဲခတ် သလို ကြော့ခဏ ကြည့်နေတာကိုတော့ မနော သတိထားမိပါ သည်။

မနောသည် ညှော်သည်တွေကို ဒီ့ထက်ပို၍ ဟန်ဆောင် စကားပင် ဆက်မပြောနိုင်တော့သောအခါ လူတွေတစ်ချက်အလစ်မှာ အိမ်နောက်ဖေး မီးဖိုချောင်ဘက် လစ်လာခဲ့သည်။ မီးဖိုချောင်၏ ဘေးတံခါးမှထွက်လျှင် နောက်ဖေးခြံအပိုကို ရောက်ပါသည်။

တန်ဖိုးကြီးမြက်ခင်းစိမ်းများခင်းပြီး သေချာစွာပေါင်းသင် ရိတ်သိမ်းညှိယူထားသော မြက်ခင်းက နှင်းလိုက်တာနဲ့ အိနေသည်။ သစ်ပင်ရိပ်တွေလည်း ရှိသဖြင့် မနောကတော့ ထို မြက်ခင်းပေါ်မှာဆို ဘာအခင်းမှ မပါဘဲလဲ ဒီတိုင်း ထိုင်ချပစ် တတ်စမြဲ။ မနော ဒီလိုထိုင်လိုက်တိုင်း ကိုပြည့်ကတော့ မကြိုက်လှ။

"ထိုင်ချင်ရင် ပြောပါလားကွာ၊ ကိုယ် အိမ်ထဲက ပလတ်စတစ်ဖျာလေး ယူပေးမှာပေါ့"

လို့ အမြဲပြောစမြဲ။

မနောကလည်း ကိုပြည့် အဲဒီလိုပြောတိုင်း ...



"မြက်တွေကလည်း ရေအမြဲဖျန်းထားဘာ သန့်ရှင်းပါတယ် ကိုပြည့်ရဲ့"

ဆိုလျှင် ကိုပြည့်က လက်မခံ။

"ဂျေဆင်(Jason)နဲ့ ဒေါ်လီ(Dolly)က အမြဲလျှောက်သွား နေတာကွ၊ ဂျေဆင် ဆိုတဲ့ကောင်က ဘယ်လောက်ရိုက် ထားထား မမှတ်ဘူး။ သေးပန်းရင်လည်း ပန်းသေးတာ"

ဟု သူ့အိမ်မှာ မွေးထားသော အယ်လ်ဇေးရှင်းကြီး နှစ်ကောင်အကြောင်းပြောပြီး မြက်ခင်းတွေပေါ် ဒီတိုင်းမထိုင်ဖို့ အမြဲ ကန့်ကွက်သူပင်။

ကိုပြည့်ရယ် ...။ လွမ်းလိုက်တာ ... လွမ်းလိုက်တာ။ ဘယ်လိုဖြေသိမ့်ရမလဲ၊ ဘယ်လို မေ့ဖျောက်ပစ်ရမလဲ။ ဘယ်လိုမှ မမေ့နိုင်ပါဘူး ကိုပြည့်ရယ်။ ငယ်ငယ်က ဖတ်ဖူးတဲ့ နတ်သမီး ပုံပြင်(Fairy tale)ထဲကလို They lived happily ever after လို့ စာကြောင်းလေးနဲ့ အဆုံးသတ်ထားတဲ့ "သူတို့ပျော်ရွှင်စွာ အတူတူ နေထိုင်သွားကြလေသတည်း"ဆိုတဲ့ အဖြစ်အပျက်မျိုးကို ဘာ ကြောင့်များ မနော ပိုင်ဆိုင်ခွင့်မရတော့တာလဲကွယ်။

မနောမှာ ဘယ်လိုဝဋ်ကြွေးတွေ ပါလာလို့ ချစ်သူ နဲ့ သေကွဲကွဲလိုက်ရတာလဲ။


♥ ✤ ♥



www.burmeseclassic.com

www.burmeseclassic.com









# အပိုင်း(၁)



www.burmeseclassic.com

www.burmeseclassic.com



မနော့သည် ပင်စည်လုံးပတ် အတော်ကြီးနေပြီး လူတစ်ဖက်စာပင်ကျော်သော လုံးပတ်ရှိနေသည့် အရိပ်ရအပင်ကြီး အောက်မှာ အသာမှီထိုင်နေလိုက်ပါသည်။ အခုမှပဲ စိတ်အားတင်းဟန်ဆောင်ထားရတာတွေ ဖြေချပစ်လိုက်မိသည်မို့ အားပါးတရ မျက်ရည်တွေ သွန်ချမိပြန်သည်။

မျက်ရည်တွေဟာ ကုန်ပဲမကုန်နိုင်တော့ဘူးလား ခန်းခြောက်မသွားသေးဘူးလား။ ဒါမှမဟုတ် မျက်လုံးတွေ နာတျင်ကွဲအက်မသွားသေးဘူးလား။ ငိုရလွန်းရင် မျက်စိတော ကွယ်သွားတတ်သတဲ့။ ဒါဖြင့် မနော့ရဲ့မျက်စိတွေရော မကွယ် သေးဘူးလား။





လူတစ်ယောက် သေဆုံးသွားတဲ့အခါမှာ ကျန်ရစ်ခဲ့ ကြသူတွေဟာ ငိုကြွေးကြတယ် ဆိုတာဟာ အဲဒီသေဆုံးသွားရသူ အတွက် နှမြောတသ ယူကျုံးမရဖြစ်ပြီး ငိုကြွေးခြင်းက ရာခိုင်နှုန်း ခပ်နည်းနည်းသာရှိပြီး ကျန်ရစ်ရသူ ကိုယ့်အတွက် ကိုယ်ခံစားပြီး ငိုကြွေးကြခြင်းက ရာခိုင်နှုန်း အများကြီးရှိနေကြတယ်လို့ တစ်ခါ ကလား။ ဘယ်တုန်းကလဲ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးသလိုပဲ။

ကိုယ် ချစ်ခင်နှစ်သက်ရသူ၊ တွယ်တာရသူ ကိုယ့် အနားမှာ မရှိတော့ဘူး။ ကိုယ်တစ်ယောက်တည်း အထီးကျန် ကြေကွဲပြီး ခံစားနေရတော့မယ်ဆိုတဲ့ ဝမ်းနည်းမှုဟာ ကိုယ့်အတွက် ကိုယ်ခံစားပြီး ဝမ်းနည်းမှုတွေတဲ့။ ဟုတ်,မဟုတ်တော့ မသိပေမဲ့ ခုလောလောဆယ်မှာတော့ မနော့ဟာ ချစ်ရသူတစ်ဦးအတွက် အားပါးတရသာ ငိုကြွေးချင်နေမိတော့လေသည်။ ငိုလိုက်ရင်ပဲ ရင်ထဲမှာ ခံစားနေရတာတွေ သက်သာသွားမလားလို့ လူတွေရဲ့ စိတ်ထဲမှာ ဘာကြောင့် ထင်ထားကြတာပါလိမ့်။

"အိုး ... အတင်းတိုးမထိုင်နဲ့လေ၊ နေရာအကျယ်ကြီးကို"

ရုတ်တရက်မှာ မနော့ ကျောပြင်နှင့် မှီကပ်ထားရာ တခြားပင်စည်ဘက်ခြမ်းမှာ မိန်းကလေးအသံတစ်သံကို ကြားလိုက် လျှင် မနော့ အံ့ဩပြီး မျက်ရည်ကျတာပင်ရပ်ပြီး နားစွင့်မိသည်။ ဘယ်သူပါလိမ့်။ ဒီနားရောက်လာတာ ခြေသံပဲ့လိုက်တာ။

www.burmeseclassic.com



[illegible] သူကပဲ ခြေသလုံတာလား။ [illegible] မျက်ရည်ကျကောင်းနေခဲ့လို့ပဲ [illegible]

"ဒါနဲ့ နေပါဦး၊ ရှင်က ဘာအလုပ်ကို သေသေချာချာလုပ်တာလဲ၊ မော်ဒယ်လ်ဘွိုင်းလား၊ ဗီဒီယိုမင်းသားလား၊ ဓာတ်ပုံဆရာလား၊ ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်လား"

ဩော် ... လင်းရိပ်နဲ့ အတူတူ ဒီနားရောက်လာတဲ့ မိန်းကလေးပဲ။

လူပုံမမြင်ရသေး။ အသံလည်း မကြားရသေးပေမဲ့ "လင်းရိပ်"မှန်း မနော ဘယ်လိုလုပ်သိသလဲ ဆိုတော့ ခုနကကောင်မလေး ရွတ်ပြနေသော အရည်အချင်းတွေကို ကြားလိုက် ရ၍ပင်။

အင်း ... လင်းရိပ်။ လင်းရိပ်။ ဝါသနာကိုမစွန့်ဘူး၊ အကျင့်ကို မဖျောက်ဘူး။ ဒီလို လူတကာ ဝမ်းနည်းပူဆွေးငိုကြွေးနေကြရတဲ့ အိမ်တစ်အိမ်မှာတောင် ရအောင် ဓာတ်လမ်းလုပ်လိုက်သေးတယ်။ ဆုံတွေ့တဲ့ မိန်းကလေးတိုင်းနဲ့ နည်းနည်းလေးတော့ အီစီကလီ လုပ်လိုက်ရမှ။ ရောက်တဲ့နေရာမှာ ဓာတ်လမ်းတစ်ခုထားခဲ့လိုက်ရမှ ဆိုတဲ့ လင်းရိပ်ရဲ့ အကျင့်တွေကို အစတည်းက မကြိုက်ခဲ့လို့ ဒီသူငယ်ချင်းအုပ်စုကြီးထဲမှာ မနောဟာ လင်းရိပ်နဲ့ မရင်းနှီးဆုံးသူတစ်ဦး ဖြစ်နေခဲ့ပါသည်။





"တို့က ဟိုစပ်စပ် ဒီစပ်စပ်ပေါ့၊ အကုန်ပါဖူးတယ်၊ အကုန်လုပ်ဖူးတယ်၊ မင်း လေးပြောတဲ့ အလုပ်တွေ အကုန်လုံးတို့နဲ့ဆိုင်တာချည်းပဲ"

"ကိုပြည့်လျှံနဲ့ ရှင်နဲ့ ဘယ်လိုပတ်သက်လဲ"

ပြည့်လျှံ ဟူသော အမည်ကို ထည့်ပြောလိုက်တော့ မနောသည် စိတ်ထဲမှာ "ကိုပြည့်"ဟု ခပ်တိုးတိုးလေး လိုက်ရေရွတ်မိသည် ထင်သည်။

ကိုပြည့်က အနေတည်ပြီး အေးချမ်း ငြိမ်သက်သလောက် လင်းရိပ်ကတော့ ကိုပြည့်နဲ့ ပြောင်းပြန် ဖွဲ့စည်းထားသလား ထင်ရစေသော လူသားတစ်ယောက်ပင် ဖြစ်ပါသည်။

"ပြည့်နဲ့ တို့က အချစ်ဆုံး၊ အခင်ဆုံး သူငယ်ချင်းတွေလေ။ ငယ်သူငယ်ချင်းတွေပေါ့။ ခုနစ်တန်းလောက်တည်းက ပေါင်းလာတာ"

"ဒါဖြင့် ကိုပြည့်လျှံ ကောင်မလေးနဲ့ရော"

"ဘာဖြစ်လို့ မေးတာလဲ"

"ကိုပြည့်လျှံနဲ့ သူ့ကောင်မလေးက တကယ့်ကို ငယ်ကျွမ်းဆွေတွေတဲ့၊ သူများတွေပြောတာ ကြားဖူးတာပဲလေ"

"ပြည့်လျှံ ကောင်မလေးနဲ့လည်း ခုနစ်တန်းတည်းက သူငယ်ချင်းတွေပဲပေါ့၊ ဒါပေမဲ့ အုပ်စုထဲမှာ ဘာဖြစ်လို့လဲ



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ သူနဲ့ တို့က သိပ်မျက်နှာကြော မတည့်ကြဘူး။ သူက တို့ကိုဆို အကောင်းမမြင်ဘဲ တို့ဆိုးတာတွေပဲ ရွေးမြင်တယ်။ ဒီတော့ တို့က တစ်အုပ်စုတည်းပေမဲ့ မရင်းနှီးဘူးပေါ့"

အံ့မယ် ... သူကပဲ ပြောရသေးတယ်။ သူ့အကျင့်တွေကဖြင့် မိန်းကလေး တစ်ယောက်ဟာ သူ့ကို ရဲရဲဝံ့ဝံ့စကားပြောရဲ ခင်ရဲ၊ ရင်းနှီးရဲတဲ့ အကျင့်တွေမို့လို့လား။ ဘယ်တော့မဆို မိန်းကလေးတစ်ယောက်ကို ကြည့်လိုက်တိုင်း ရီဝေဝေ၊ အီတီတီ၊ ညို့ချင်သလိုလို ကြည့်တတ်တဲ့ အကျင့်ကြောင့် ဘယ်မိန်းကလေးကများ သူ့ကို အရောတဝင် နေရဲပါ့မလဲ။

မနော်သည် သူတို့ ရိုးရိုးသားသား စကားပြောနေတာလား ဘာလား မသိနိုင်ပေမဲ့ ကိုယ်က ဒီနေရာကို အရင်ရောက်သူဖြစ်ပေမဲ့ ဘာဖြစ်လို့မှန်းမသိ၊ သူတို့ ကိုယ်ရှိနေတာသိမှာ စိုးရိမ်နေကာ လှုပ်လည်းမလှုပ်ရဲ၊ အသက်တောင် ပြင်းပြင်းမရှူရဲသလိုဖြစ်နေပြန်သည်။

"မနော်က ဘာပဲဖြစ်ဖြစ် စိတ်သဘောကောင်းပြီး၊ နာမည်နဲ့လိုက်အောင် မနော်သန့်တဲ့ မိန်းကလေးပါ။ ငပြည့် သူ့ကို ချစ်သူတော်ရတာ သိပ်ကံကောင်းပါတယ်။ ငပြည့် ဒီလိုဖြစ်သွားတာ တို့ လုံးဝခံစားရတယ်ကွာ၊ တို့နဲ့ညီအစ်ကို





ရင်းလို ချစ်ကြတဲ့ သူငယ်ချင်းတွေဆိုတော့ကွာ၊ ခံစားရတယ်"

ပြောရင်း လင်းရိပ် အသံမှာ အက်ကွဲနစ်ဝင်သွားသယောင်ယောင် ဖြစ်သွားသဖြင့် ခိုးနားထောင်နေသော မနော်ပင် မျက်ရည်တွေ ဖြန်း၍ပြည့်အိုင်လာမိသည်။ လင်းရိပ်ရေ ... နင် ဟန်ဆောင်နေခဲ့တယ်ဆိုရင် နင့်ရဲ့ဟန်ဆောင်မှု သိပ်ပြောင်မြောက်ပါတယ်လို့ ချီးကျူးရတော့မလား။

"ရှင်က မျက်ရည်တွေတောင် ဝဲလို့နော်၊ ရှင်တို့ သိပ်ချစ်ကြတာပဲကိုး။ ဒါနဲ့ နေပါဦး၊ ရှင် ခုနပြောနေတာလေ၊ အိမ်ထဲမှာတုန်းက ပြောနေတာလေး ဆက်ပြောကြရအောင်လား"

ကောင်မလေးက တမင်ပဲ စကားလွှဲပစ်လိုက်လျှင် လင်းရိပ် အသံကလည်း ချက်ချင်းပင် ပြန်၍ပြောင်းလဲသွားကာ အက်ကွဲရှင်လန်းလာပြန်တာကို မနော် ကြားရလျှင် လင်းရိပ်ကို ပြေးပြီး ရန်တွေ့ပစ်ချင်စိတ်တွေပင် ဖြစ်သွားပါသည်။ နင် အဲဒီလောက်တွေ့ရှင် ဟန်ဆောင်ကောင်းပြရသလား လင်းရိပ်ရယ်။ နင် ဝမ်းမနည်းပြရင်လည်း ရပါတယ်၊ ကိုပြည့်က သိမှမသိနိုင်တော့တာ၊ နင့်ကို အပြစ်မတင်ပါဘူး။

"မင်းဆေးက ဗီဒီယိုရိုက်ဖို့စိတ်ဝင်စားတယ်ဆိုတဲ့ အကြောင်းအရာလား၊ အိုခေလေ ... ဆက်ပြောကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဂျူဂျူက ဘာပွဲပဲဝင်ပြိုင်ပြိုင် Miss Photogenic (မစ်(စ) ဖိုတိုဂျင်းနစ်) ခဏ ခဏရနေတော့ သူငယ်ချင်းတွေက ပြောတယ်၊ ကင်မရာ စားတယ်တဲ့။ ဗီဒီယို ရိုက်ကြည့်ပါ လားတဲ့၊ အဲဒါကြောင့် ရှင်နဲ့တွေ့တော့ ဝမ်းသာသွားတယ်၊ ဂျူဂျူ့မှာက ဘာအဆက်အသွယ်မှ မရှိဘူးလေ"

"ဂျူဂျူ ရိုက်ချင်ရင် တို့ကုမ္ပဏီရုံးခန်းကို တစ်ရက်ချိန်း မယ်လေ။ တို့ကတော့ လူမရွေးတတ်ပါဘူး။ ဒါပေမဲ့ တို့ ကုမ္ပဏီလက်စွဲဒါရိုက်တာ သုံးယောက်နဲ့ နာမည်ကြီးမင်း သား မင်းသမီးတစ်ယောက်စီကို ဖိတ်ထားပေးပြီး ဂျူဂျူ့ ကို လေ့လာခိုင်းမယ်လေ၊ သူတို့ရှေ့မှာ ကင်မရာစမ်းမယ်။ သူတို့ပြောခိုင်းတဲ့ ဒိုင်ယာလော့(ခ)ပြောပြီး သရုပ်ဆောင်ပြ ခိုင်းတာတွေ လုပ်ရမယ်၊ သူတို့ဆုံးဖြတ်လို့ အိုကေတယ် ဆိုရင် တို့ကုမ္ပဏီကနေ မင်းသမီး တင်ရိုက်ပေးမှာပေါ့"

အင်း ... လာပြီ ... လာပြီ။ လင်းရိုပ်တို့ကတော့ ဒီလို အာလူးဖုတ်တာတွေတော့ ရကိုရမယ်။ ဟုတ်တာ မဟုတ် တာ ထား။ ပြောလိုက်ရင်တော့ ဖြူးနေတာပဲ။

အမှန်တော့ လင်းရိုပ်ပြောနေတဲ့ ရုပ်ရှင်ဗီဒီယိုကုမ္ပဏီ ကြီး ဆိုတာက လင်းရိုပ် အပိုင်မှ မဟုတ်တာ။ လင်းရိုပ်တို့က မျိုးနဲ့ရိုးနဲ့ ဒီရုပ်ရှင်လုပ်ငန်းကို လုပ်လာကြတဲ့သူတွေဖြစ်ပြီး၊ သူ့





ဖိဘလက်ထက်မှာလည်း ဆက်၍လုပ်နေလေရာ မိဘပိုင်ကုမ္ပဏီ သာ ဖြစ်ပါသည်။

လင်းရိုပ်သာ မင်းသားဖြစ်ချင်လျှင် ချက်ချင်းဆယ် ထား၊ ကားနှစ်ဆယ်လောက် ငွေပုံအောရိုက်ပြီး တင်ပေးချင်လျှင် ရပေမဲ့ လင်းရိုပ်ဆိုတဲ့ကောင်ကတစ်မျိုး။ ဟိုစပ်စပ် ဒီစပ်စပ်နဲ့ ဘယ်ဟာမှာမှ ဖြစ်ဖြစ်မြောက်မြောက် ပြီးမြောက်အောင်လုပ်သည် ရှိဘဲ အကုန်လုံး တိုးလိုးတန်းလန်းတွေနဲ့ပဲ ရုပ်ပစ်တတ်သူ လေ။

မော်ဒယ်လ်ဘွိုင်း ဖြစ်ချင်သည်ဆိုကာ နာမည်ကြီး မော်ဒယ်လ်အေဂျင်စီမှာ သင်တန်းပြေးတက်၊ လေးငါးဆယ်ပွဲ လောက် ရှိုးပွဲတွေလျှောက်၊ ကြော်ငြာလေး အနည်းအကျဉ်းရိုက် နေရင်းက ဗီဒီယိုရုပ်ရှင်မင်းသား ဖြစ်ချင်လာသည်ဟု မိဘကိုပူဆာ သဖြင့် မိဘတွေက ငွေထုတ်ရိုက်ပေးရပါသည်။ သူများတွေလို ဆယ်ကားဆက်တိုက်ရိုက်ဖို့ မပြောနဲ့ သုံးကားလောက်လည်း ရိုက်ပြီးရော ...

"သရုပ်ဆောင်လုပ်ရတာ ကြည့်တော့ လွယ်လွယ်လေး၊ တကယ်တော့ လုပ်ကြည့်ရင် ပင်ပန်းလိုက်တာ လွန်ရော ကွာ။ နေပူကြီးထဲလည်း မီးထိုးခံရပြီး ရိုက်ရင်ရိုက်ရတာ။ ကိုယ်က အိမ်မှာ သိပ်ပျော်လာတဲ့အချိန် ရှုတင်လည်းရောက်



www.burmeseclassic.com

www.burmeseclassic.com



ရော လွမ်းခန်း မျက်ရည်ကျခန်း ရိုက်ရမယ် ဖြစ်လာရင် သေရော။ ဘယ်လိုက ဘယ်လိုစ,ပြီး ဝမ်းနည်းဖို့စိတ်ကို မွေးရမှန်း မသိဘူး၊ မင်းတို့သိတဲ့အတိုင်းပဲ ငါ့ဘဝမှာဘာမှကို ကြီးကြီးမားမား ဝမ်းနည်းကြေကွဲစရာလဲ မရှိတော့ သူများတွေက အဲဒီလိုဆွေးပြီး ဝမ်းနည်းစိတ် ရှာဆိုလည်း မရှာနိုင်ဘူး။ ဒိုင်ယာလော့(ခ)တွေကလည်း မှတ်ရ။ အဲဒါတွေ မမှားအောင် ဂရုစိုက်နေရင် လူက မျက်နှာသေကြီး ဖြစ်လိုဖြစ်၊ တကယ်ခံစားပြီး သရုပ်ဆောင်တော့လည်း ဒိုင်ယာလော့(ခ)တွေ မှားလိုမှားနဲ့ကွာ၊ ငါတော့ လက်လျှော့လိုက်ပါပြီ။ မင်းသား မလုပ်တော့ပါဘူးကွာ၊ တကယ်ပါ၊ မင်းသား မင်းသမီးလုပ်တဲ့လူတွေကို ချီးကျူးပါတယ်။ သူတို့ တကယ်လုပ်နိုင်ကြတယ်၊ တော်လည်း တော်ပါတယ်"

ဟု ဖွဲ့ကာသီကာ သူ့အပြစ်လွတ်အောင် ပြောကာ သုံးကားရိုက်ပြီး လုံးဝဆက်မရိုက်ချင်တော့သော လင်းရိပ် ဖြစ်ပါသည်။

ခုလောလောဆယ် လင်းရိပ် ရှူးနေတာက ဓာတ်ပုံဆရာရှူး ရှူးနေခြင်းပင်။ ဓာတ်ပုံသင်တန်း သွားတက်လိုက်သေးသည်။ သင်တန်းကဆွင်းတော့ တကယ့် ဈေးကြီးပေး ဆိုသော





ဘင်မရာကြီးတွေဝယ်ကာ (ဒီမှာဝယ်တာတောင်မဟုတ်၊ ဗန်ကောက်မှာသွားဝယ်တာ)နယ်လှည့်ဓာတ်ပုံရိုက်သည်ဟု နောက်ဆုံးသိထားပါသည်။

"ဂျူဂျူ ... ဂျူဂျူ ... ဘယ်ရောက်သွားလဲ ... သမီးရေ၊ ပြန်ကြရအောင်လေ။ ဪ ... ဒီမှာရှင့် ကျွန်မသမီး ဂျူလိုင်နှင်းဆီ တွေ့မိလား၊ အကျႌအနက် ဝမ်းဆက်နဲ့လေးဟာ၊ ဒီကောင်မလေး ဘယ်ရောက်နေလဲ မသိပါဘူး"

ထိုအချိန်တွင် အိမ်ထဲမှ ခေါ်လိုက်သံကျယ်ကျယ်ကို ခပ်သဲ့သဲ့ ကြားလိုက်ရလေရာ မိန်းကလေးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့သည်။

"ဟယ် ... မာမီ လိုက်ရှာနေပြီ။ ဂျူဂျူ သွားတော့မယ်၊ ကိုလင်းရိပ် အတူမလိုက်လာနဲ့ ဒီမှာနေခဲ့နော်။ မာမီက ယောကျ်ားလေးတစ်ယောက်နဲ့ ရောရောနှောနှော နေတာကို မကြိုက်ဘူး၊ လိုက်မလာနဲ့နော်"

"အိုခေ ... အိုခေ ... တို့ နားလည်ပါတယ်"

ကောင်မလေး ထွက်ပြေးသွားသံ သဲ့သဲ့ကို ကြားရပါသည်။ ကောင်မလေး ထွက်သွားပြီးမှ လင်းရိပ်ထံမှ မီးခြစ်သံ ကြားရလျှင် လင်းရိပ် စီးကရက်သောက်တော့မည်မှန်း မနော သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မနောသည် ဖြုန်းခနဲ သစ်ပင် ဒီဘက်ပင်စည်အကွယ်မှ ထွက်ရပ်လိုက်လျှင် စီးကရက်ကို နှုတ်ခမ်းမှာတေ့ကာ မီးခြစ်မှ မီးညွှန့်ကိုညှိတော့မလို ပြင်နေသော လင်းရိပ် တစ်ယောက် တုန်သွားပါသည်။

"ဟာ … ရှစ်(ထ်) လန့်လိုက်တာ မနောရာ၊ အသံမပေး ဘာမပေးနဲ့ ဖြုန်းခနဲ ထွက်လိုက်တော့ ငါ့နယ် ပြေည့်များ ငါ့ကို လာကိုယ်ယောင်ပြပြီး နှုတ်ဆက်သလားလို့ လန့်သွားတာပဲ"

လင်းရိပ် ရယ်မောရင်း ထိုင်ရာမှ မော့ပြောပေမဲ့ မနောကတော့ မရယ်မပြုံး တစ်ချက်ကြည့်ပြီး …

"ကိုပြည့် အသုဘ ဒီနေ့ချတာပါ လင်းရိပ်ရယ်၊ နင့်ရဲ့ အကျင့်ကို ဒီနေ့တစ်နေ့လေးတောင် မအောင့်ထားနိုင်ဘူးလား၊ ရောက်တဲ့နေရာ ဓာတ်လမ်းလုပ်တတ်ပေမဲ့ ဒီနေ့လေး ဒီအိမ်နေရာလေးကိုတော့ ရှောင်လိုက်ဖို့ သင့်ပါတယ်"

ဟု တစ်ချက်ပြောကာ လင်းရိပ်ကို နှုတ်ပင်မဆက်တော့ဘဲ ထွက်လာခဲ့လိုက်တော့လေသည်။

♥ ♣ ♥





## ၂

"သူငယ်ချင်း မနော …

ဆုံးရှုံးမှုကြီးကြီးမားမားကို မမျှော်လင့်ဘဲ ရရှိလိုက်တဲ့အတွက် မင်းနဲ့ထပ်တူ တို့အားလုံးလည်း ဝမ်းနည်းကြေကွဲကြရပါတယ်။

နောင်ဘဝဆိုတာ ရှိမယ်ဆိုရင် မင်းတို့ချစ်သူနှစ်ဦးကြားမှာ ဒီလိုအဖြစ်မျိုးနဲ့ ခွဲခွာကြရတဲ့ ဘဝကို ထပ်ပြီး မရကြပါစေနဲ့လို့ တို့အားလုံး ဆုတောင်းပေးလိုက်ပါတယ်။

သူငယ်ချင်းများ

ဆုဟာန်နီ၊ စစ်ပိုင်၊ လင်းရိပ်နဲ့

ဘိုဘိုကျော်"

မနောသည် သတင်းစာထဲ ပါလာသော ဝမ်းနည်းကြေကွဲခြင်း ကြော်ငြာကို ဖတ်ပြီးလျှင် အနီးမှာရှိနေကြသော

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေကို ကြည့်လိုက်သောအခါ အားလုံးက မျက်နှာသေလေးတွေနဲ့ မနောကို စောင့်ကြည့်နေကြတာနဲ့ ကြုံပါသည်။

"ဒါ ဘာသဘောလဲ"

မနော ပုံမှန်အသံဖြင့် မေးလိုက်သည်။

"မနောရာ ငါတို့လည်း နင့်အတွက် ဝိုင်းပြီး စိတ်မကောင်းဖြစ်ကြရတော့ ပါးစပ်က ထုတ်ပြောရင်း မလုံလောက်ဘူးထင်ပြီး စာနဲ့ပါ ရေးပြီးပြောတာပါ"

စစ်ပိုင်က အသံတိမ်တိမ်ဖြင့် ဖြေသည်။

ဘိုဘိုဟု အားလုံးက ခေါ်သော ဘိုဘိုကျော်ကတော့ ပါးစုန့်ကြီးတွေ တလှုပ်လှုပ်ဖြစ်အောင် အာလူးကြော်တွေ အဆက်မပြတ်ဝါးရင်း ...

"တစ်ခါတလေကျ နှုတ်တစ်ရာ စာတစ်လုံးဆိုတဲ့ စကားကများပိုမှန်မလားလို့ တိုင်ပင်ပြီး ရေးကြတာပါဟာ"

ဟု ထပ်ပြောပေးနေပြန်သည်။

ဟန်နီဟု အားလုံးက ခေါ်ကြသော ဆုဟန်နီကတော့ မျက်ရည်ခပ်ဝဲဝဲနှင့် (အမှန်တော့ ဟန်နီဟာ ကိုပြည့်ကို ကျိတ်ပြီးချစ်၊ ကျိတ်ပြီး မျှော်လင့်နေခဲ့တဲ့သူဆိုတာ မနော ရိပ်မိခဲ့တာကြာပြီမို့ သူလည်း အခုတော့ မနောလောက်နီးပါး ဝမ်းနည်းကြေကွဲနေပြီထင်သည်) မနော၏ လက်မောင်းကို လာကိုင်လျက် —





"စစ်ပိုင်တို့က ထည့်ချင်တယ်ဆိုတော့ ဟန်နီလည်း ဝင်ပါလိုက်ရတာပေါ့။ မနောက အဲဒီလိုအပိုအလုပ်တွေ မကြိုက်ဘူးဆိုတာ ဟန်နီ သိလို့ သူတို့ကိုတားပါတယ်၊ သူတို့က လက်မှမခံတာ"

"မနော စိတ်ဆိုးလို့ ပြောနေတာမှ မဟုတ်တာ"

မနောသည် သူငယ်ချင်းတွေကို တစ်ချက်ဝေ့ကြည့်ပြီးမှ ဆက်ပြောပါသည်။

"သေတဲ့သူလည်း သေသွားပြီးပြီလေ။ အားလုံး မနောလောက်နီးပါး ဝမ်းနည်းကြေကွဲနေကြမဲ့ လူတွေချည့်ပဲဆိုတာ မနော နားလည်လက်ခံပါတယ်၊ အလုပ်အပိုတွေလျှောက်လုပ်နေစရာ မလိုဘူးထင်လို့ပါ"

"မဟုတ်ဘူးလေ မနောရ၊ ပြည့်က ငါတို့နဲ့ နောက်ဆုံးအတူတူရှိနေခဲ့ကြပြီး သူ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ သိကြရတဲ့သူတွေဆိုတော့ ငါတို့ရင်ထဲမှာ ပိုပြီးစိတ်မကောင်းဖြစ်မိတယ်။ ရင်ထဲမှာ ဖြစ်နေတာတွေ ဘယ်လိုပြောထုတ်ရမှန်းမသိလို့ ဒီလိုရေးပြီးပြောတဲ့နည်းနဲ့ စိတ်ဖြေကြည့်တာပါ"

ဘိုဘိုက အစဖော်ပြီး ပြောသလိုလုပ်တော့ မနောမျက်ရည်တွေ မျက်လုံးအိမ်ထဲ ပြည့်လာတာမြင်လျှင် လင်းရိပ်က

www.burmeseclassic.com

www.burmeseclassic.com



ဘိုဘို့နား လက်ပိုက်ထိုင်နေရာမှ လက်ပိုက်မပျက် တံတောင်ဆစ်နဲ့ ဘိုဘို့ကို အသာတွက်တာ တွေ့လိုက်ရသည်။

"ဝင်ကြွေးပါလို့ ဒီလိုကြုံရတယ်ပဲ မှတ်ပါတယ်"

"ဟာ ... ဒီလိုလည်း ဘယ်ဟုတ်မလဲ မနော်ရဲ့၊ တကယ်ဆို ငါတို့မခေါ်သွားရင် ဒီကောင် ဒီလိုဖြစ်စရာအကြောင်း မရှိဘူး"

"ဟောကောင် ... စစ်ပိုင် တော်တော့ကွာ၊ မင်းက ဒါပဲ ဒါပဲ ပြန်အစ,ဖော်သလို ဖြစ်နေပြီ"

"နင်တို့ အခု မနော်ကို သတင်းစာနဲ့အတူ တစ်ပြုံတစ်မကြီး လာတွေ့ကြတာ ဘာကိစ္စရှိလို့လဲ"

လေးယောက်သား သူပြော ငါပြောနဲ့ မျက်စတွေပစ်၊ မျက်ရိပ်တွေပြ လုပ်နေသဖြင့် မနော် အနှောင့်အယှက် မပေးဘဲ စောင့်ကြည့်နေလိုက်သည်။

ခုနစ်တန်း ရှစ်တန်းလောက်တည်းက ပေါင်းလာတဲ့ သူငယ်ချင်း အရင်းအချာတွေမို့ သူတို့ဒီလို တစ်ယောက်နဲ့တစ်ယောက်လွှဲချနေလည်း၊ နောက်ဆုံးတော့ ဘယ်အရာမဆို တာဝန်ယူ ဒိုင်ခံပြောပေးရတဲ့ တစ်ယောက်ဆီပဲ ရောက်လာမယ်ဆိုတာ ကြိုသိပြီးသားလေ။ ဒီတော့ စိတ်ရှည်ရှည်လေး အသာစောင့်ကြည့်နေလိုက်ရုံသာ။





နောက်ဆုံးတော့ ဘိုဘို့အသံကို ထုံးစံအတိုင်းကြားရပါသည်။

"ငါတို့ဆီကို ဖုန်းတစ်ခု ဝင်လာလို့၊ အဲဒါ"

"ဘာဖုန်းလဲ"

"ပြေည့်ရဲ့ နာရေးကို သတင်းစာထဲမှာ ဖတ်မိပြီး ဆက်သွယ်လာတာ"

"နင်တို့ဆိုတော့ အားလုံးဆီကိုလား"

"စစ်ပိုင်နဲ့ ငါ့ဆီကိုပါ၊ လင်းရိုဇ်နဲ့ ဟန်နီတို့ကိုတော့ ငါတို့ပြောပြလိုက်တာ"

"ပြောပါဦး၊ ဘာကိစ္စမို့လဲ"

ဘိုဘို့ တစ်ယောက် သူ့လည်ကုပ် တိုတိုတုတ်တုတ်ကြီးကို အဓိပ္ပာယ်မဲ့ ဖိုကုပ်၊ ဒီကုပ်လုပ်ရင်း စစ်ပိုင်ကို မျက်စ,တွေပစ်နေပြန်သည်။ ပြီးတော့ကျ သူပဲ ဒီစကားကို ဒိုင်ခံပြောပေးရမဲ့သူမှန်း သိရက်နဲ့ ဘိုဘိုဟာ အဲဒီလိုပဲ တစ်ခါတလေများ သူ့,မပြောဘဲနေရင် ရမလားလို့တော့ ကြိုးစားကြည့်တတ်သူ ဖြစ်ပါသည်။

စစ်ပိုင်က မနော်ကိုသာ သနားကြင်နာစွာ ကြည့်နေသဖြင့် ဘိုဘို့အကြည့်တွေကို မြင်ပင်မမြင်ပါ။ နောက်တော့လည်း ဘိုဘိုသာ သူ့,စထားသောစကားကို ဆက်ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... သူကာ၊ အဲ ... သူက အမျိုးသမီးလေးတစ်ယောက် ပါပဲ၊ သူ့ကိုယ်သူ ပြေည့်နဲ့ ပတ်သက်တဲ့သူလို့ ပြောပြီး ဖုန်းထဲမှာ တအားငိုပြတာဗျ"

ကြားလိုက်ရသောစကားကြောင့် မနော အံ့အားသင့်သွားပါသည်။ ကိုပြည့်မှာ မနောဟု ခေါ်သော ငယ်သူငယ်ချင်းချစ်သူတစ်ဦးသာ ရှိထားကြောင်း အားလုံးအသိဖြစ်လေရာ ကိုပြည့်နှင့် ပတ်သက်သူဆိုသော စကားသည် မနောကို များစွာအငိုက်မိသွားစေပါသည်။

"ငါက အံ့သြပြီး ငါတို့ဖုန်းနံပါတ်တွေ ဘယ်ကရလို့ဆက်တာလဲ၊ ဘယ်သူပေးထားလို့ သိနေတာလဲ မေးမိတော့ ပြည့်ကပဲ လိုရမယ်ရတဲ့ အရေးသိပ်ကြီးလို့ သေရေးရှင်ရေး ဆက်သွယ်စရာရှိရင် ဒီလူတွေကိုပဲ ဆက်သွယ်ပါဆိုပြီး ပေးခဲ့လို့ သူ့ဆီမှာ ရှိနေတာပါတဲ့"

"စစ်ပိုင်နဲ့ နင့်ဖုန်းနံပါတ်ပဲ ပေးထားတာပေါ့၊ အဲဒီလိုလား"

"ဟုတ်တယ်"

"အေးပေါ့၊ နင်တို့ကတော့ ကိုပြည့်ရဲ့ဘက်တော်သားစစ်စစ်တွေကိုး၊ ကိုပြည့်က ယုံမှာပေါ့"

ဟန်နီက မခံချင်သလို ဝင်ပြောသည်။ ကြားရသောသတင်းစကားကို ဟန်နီလည်း ရုတ်တရက်မို့ Shock ဖြစ်ပြီး





ဒီါသဖြစ်နေပုံရသည်။ ခြောက်ယောက်အုပ်စုထဲမှာ မိန်းကလေးကနှစ်ယောက် ယောကျ်ားလေးက လေးယောက်ရှိလေရာ မိန်းကလေးနှစ်ယောက်စလုံးဟာ ဖြိုးပြည့်လျှံတည်းဟူသော ကောင်လေးတစ်ယောက်တည်း အပေါ်မှာ ဝိုင်း၍တွယ်တာမိကြသည်။

အဲဒီထဲမှာမှ မနောကိုသာ ဖြိုးပြည့်လျှံက ရွေးချယ်ခဲ့လေရာ ကျန်ရစ်သော ဟန်နီမှာ ကိုယ့်သူငယ်ချင်းနှစ်ယောက်အဆင်ပြေသွားကြခြင်းကို အသည်းကွဲလျက်နဲ့ပဲ ကျေနပ်လက်ခံနိုင်ခဲ့သူသာ ဖြစ်သည်။ သို့သော် ဖြိုးပြည့်လျှံ ထံမှာ နောက်ထပ်သံယောဇဉ်တွယ်စရာ မိန်းကလေးတစ်ယောက် ထပ်ရှိသွားခြင်းကိုကျတော့ စိတ်ထဲမှာ လုံးဝလက်မခံနိုင်ပါ။ လုံးဝမကျေနပ်နိုင်ပါ။

ဖြစ်ချင်းဖြစ် အကယ်၍ပေါ့။ သဘောပြောတာပါ။ ကိုပြည့်က မနော အပြင် နောက်ထပ်မိန်းကလေးတစ်ယောက်ကိုထပ်ပြီးစိတ်ဝင်စားခဲ့မိမယ်ဆိုရင် အဲဒီနောက်ထပ် မိန်းကလေးဟာသူမ,သာလျှင် ဖြစ်ချင်ခဲ့တဲ့အထိ မမျှော်လင့်ကောင်းမှန်းသိရက်မျှော်လင့်ချင်ခဲ့သူလည်း ဖြစ်ပါသည်။

မနောကတော့ မျက်ရည်တွေကြားမှ အော်ရယ်ရင်း...

"လုံးဝမယုံဘူး၊ ကိုပြည့်က အဲဒီလို ရှုပ်မဲ့လူလား၊ မယုံနိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ငြင်းပယ်ဝစ်လိုက်သည်။ လင်းရိပ်လိုကောင် သေခဲ့ရင်တောင် ဒီလိုဇာတ်လမ်းတွေ ရှုပ်ခဲ့တဲ့အကြောင်း သိရရင် ယုံလိုက်ဦးမယ်။ ကိုပြည့်ကတော့ ဒီလောက် တည်ကြည်အေးချမ်းတာကို။

"အဲဒီမိန်းကလေးကလည်း ပြောတယ်၊ ငပြည့်မှာ စေ့စပ်ထားတဲ့ ချစ်သူရှိမှန်းတောင် မသိဘူးတဲ့၊ ငါတို့ပြောမှသိတာတဲ့"

"ဘာ ... ဘာရယ်"

"ဟုတ်တယ်၊ ငါက အဲဒီမိန်းကလေးကို ဖုန်းထဲမှာ ခင်ဗျားမဖြစ်နိုင်တာတွေ လာမပြောနဲ့၊ ငပြည့်မှာ မကြာခင်ပဲလက်ထပ်တော့မဲ့ ချစ်သူရှိတယ်၊ လုံးဝမဖြစ်နိုင်ဘူးပြောလို့ သူတောင် အံ့သြပြီး၊ ဟုတ်လား ... ကျွန်မ အဲဒါကို အခုမှ သိတာတွေ ဘာတွေ ပြောလာတာ"

"နေပါဦး၊ သူက ဘာသဘောနဲ့ ကိုပြည့် ဆုံးသွားတဲ့ နာရေးကို ဖတ်ရမှ နင်တို့ဆီ ဖုန်းဆက်တာလဲ"

ဘိုဘိုက မနော မေးသည့် မေးခွန်းအတွက် အဖြေကိုမဖြေဘဲ ဘာမှမဆိုင်သော ...

"သူက နယ်မြို့တစ်မြို့မှာ နေတာပဲ၊ (...)မြို့တဲ့။ မန္တလေးတိုင်းထဲမှာ ပါတယ်လို့ ပြောတယ်"





ဟု ဖြေနေပြန်သည်။

"မနော သိချင်တာက သူက ဘာလို့ဆက်တာလဲ"

လင်းရိပ်က သက်ပြင်းချရင်း ...

"ကဲပါ ဘိုဘိုရာ ပြောလိုက်ပါ"

လို့ ဝင်၍ တိုက်တွန်းနေပြန်သည်။

"မင်းတို့က တစ်ခါတလေလေးများ ငါပဲ ဒိုင်ခံမပြောရတဲ့ အလှည့် လုပ်ပါဦးလား။ ကောင်းသတင်းလည်း ငါပဲ၊ မကောင်းသတင်းလည်း ငါပဲ၊ ငါက သတင်းကြေညာသူကြီး လုံးလုံးဖြစ်လို့"

"နင်ပြောမှာ မကောင်းသတင်းလား"

မနောက ဖြတ်မေးလိုက်သည်။ ဘိုဘို တစ်ယောက် သူ့မျက်နှာပြုံပြုံဝဝကြီးနဲ့ လုံးဝမလိုက်သော ခပ်သေးသေးဝိုင်းဝိုင်း ဒီဂရီမျက်မှန်ကို ပင့်တင်ရင်း အာလူးကြော်ထုပ်ထဲက အာလူးကြော်တွေ ထပ်နှိုက်ပြီး ဝါးဖို့ပြင်သည်။ မနော စိတ်မရှည်တော့သဖြင့် ဘိုဘို့လက်ကောက်ဝတ်ကို ဖမ်းကိုင်ပြီး တားလိုက်သည်။

"ခဏနေဦး၊ မစားနဲ့ဦး၊ နင်မှပြောရမဲ့ စကားကို ပြောပြီးမှ အဲဒီလက်ထဲကဟာတွေ ပါးစပ်ထဲထည့်စား"

"အေးပါ ... အေးပါ၊ နိုင်ကြပါ၊ ငါက နိုင်ဖတ်ကြီးပါ"

"နင့်အသံကလည်း အခြောက်ကြီး ကျနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီက ဘိုဘို့ကို မဆိုမဆိုင် လက်မောင်းကို တစ်ချက်ပိတ်ထုပြီး ရန်လိုနေပြန်သည်။ အမှန်တော့ ဟန်နီ့ရင်ထဲက ဒေါသတွေကို မဲစရာလူ ရှာနေတာနဲ့ ဘိုဘိုဟာ ခံစားခံဖြစ်ရတာပါ။

"မနော စိတ်ကိုတော့ ထိန်းဟာ၊ အဲဒီမိန်းကလေးက ပြောတယ်၊ သူ့မှာ ပြည့်ရဲ့သားလေး ကျန်ခဲ့တယ်လို့ ပြောတယ်"

"ဘာ ... ဘာ ... ဘာ ... ဘာပြောတယ်"

မနော မခံမရပ်နိုင်စွာ အကျယ်ကြီး အော်ချလိုက်လျှင် နားအူသွားကြသော လေးယောက်သား မျက်နှာတွေ မသိမသာ ရှုံ့မဲ့ကုန်ကြလေသည်။

"မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ ဒါ လုံးဝမဖြစ်နိုင်ဘူး"

"ငါတို့လည်း မယုံပါဘူးဟာ"

"ဒါဖြင့် မနောကို ဘာလို့လာပြောလဲ"

စစ်ပိုင်က မနော၏ ယိုယွင်းပြိုပျက်နေသော မျက်နှာလေးကို မကြည့်ရက်နိုင်တော့သလိုဖြစ်ပြီး ထွက်သွားပါသည်။

လင်းရိုပ်ကတော့ ဘိုဘို့ကို ဒီတစ်ခါ မသနားစဖူးသနားသွားပြီး ဒီပြဿနာကို သူ ဆက်ပြောဖို့ စိတ်ကူးလိုက်လေ





သည်။ ဘိုဘို့ခမျာ အာလူးကြော်တွေနင်ပြီး လည်ချောင်းမှာရှုးပြီးရှုံ့မဲ့နေတာ။ ဒါကြောင့် လင်းရိပ် ဒီတစ်ခါတော့ ဘိုဘို့ကို သနားသွားပါတယ်။

"သူက မနက်ဖြန်ကျ ရန်ကုန်ဆင်းလာပြီ။ ညနေဘက်ကားနဲ့ ရောက်မယ် ပြောတယ်။ အဝေးပြေးကားနဲ့လာမှာတဲ့၊ ကလေးလည်း ခေါ်လာမယ်တဲ့၊ ကလေးနဲ့ ပြည့်ရိုက်ထားတဲ့ ဓာတ်ပုံတွေပါ ယူခဲ့မယ်တဲ့၊ ပြည့် အမေကို ဝိုင်းပြောပေးကြပါတဲ့"

"အံမာ ... အန်တီဆွေဇင်များ လွယ်လွယ်ပြောရင် ရမယ်ထင်လို့လား။ သူက သူ့သားကို ရွှေလင်ပန်းနဲ့ အချင်းဆေးပြီး မွေးထားတာလို့ ထင်နေတာ။ ငါတို့အုပ်စုထဲက မနောနဲ့ သဘောတူလိုက်ရတာတောင် သားကို ချစ်လွန်းလို့ မနောကလည်း ဘာမှအပြစ်ပြောစရာမရှိလို့ သဘောတူလိုက်ရတာ။ သူက ငါတို့အဆင့်လောက် မိန်းကလေးတောင် သူ့သားနဲ့ မတန်ဘူး ထင်နေတာလေ"

ဟန်နီက မခံမရပ်နိုင်စွာ ဝင်ပြောပါသည်။

"နေပါဦး ... နေပါဦး၊ အကြောင်းအရာတွေက ရှုပ်ကုန်ပြီ၊ ဘာတွေ ဖြစ်ကုန်တာလဲ၊ ကိုပြည့်မှာ မိန်းမနဲ့ကလေး ဘယ်တုန်းက ရှိသွားတာလဲ၊ နင်တို့ရော လုံးဝမသိကြဘူး



www.burmeseclassic.com

www.burmeseclassic.com



လား … ဟင်။ နင်တို့ ယောကျ်ားလေးချင်းချင်း တိုင်ပင်ထားကြတာတွေများ ရှိလား”

မနောသည် ငိုဖို့ပင် စိတ်မပါတော့ဘဲ ကမူးရှူးထိုး မေးနေမိသည်။ ချစ်သူသေဆုံးပြီး ဆယ်ရက်မြောက်သောနေ့တွင် ကြားရသော ချစ်သူနှင့်ပတ်သက်သည့် သတင်းစကားသည် မနောကို ဒူးကနေ ရိုက်လှဲပစ်လိုက်သလိုပဲ ခွေယိုင်လဲကျသွားစေပါသည်။

ခါးမတ်မတ်လေး ထိုင်နေတတ်သော မနောသည် ခါးပင်မမတ်နိုင်တော့ဘဲ ကျောမှီကို အသာမှီလှဲထားလိုက်မိတော့လေသည်။

“ကလေးက နှစ်,နှစ်မပြည့်သေးဘူး”

“ဘယ်တုန်းက အဲဒီမိန်းမကို ယူလိုက်တာလဲ”

လင်းရိုပ် ခေါင်းခါပါသည်။ မနောပင် ကိုပြည့်နှင့် ငယ်ငယ်တည်းက သူငယ်ချင်း၊ ဆယ်တန်းအောင်ပြီး တက္ကသိုလ် ဒုတိယနှစ်ကျမှ ချစ်သူဖြစ်၊ ချစ်သူတွေဖြစ်ခဲ့ကြတာ လေးနှစ် အကြာမှာ စေ့စပ်တာ လွန်ခဲ့တဲ့ ခြောက်လလောက်တုန်းကပါ။ ကိုပြည့်သာ ရုတ်တရက် မသေဆုံးနဲ့ရင် အခုလာမဲ့လရဲ့ နောက်ဆုံးလကုန်ရက်၊ တစ်နှစ်ရဲ့ နောက်ဆုံးလဖြစ်သော ဒီဇင်ဘာရဲ့ နောက်ဆုံးရက် သုံးဆယ့်တစ်ရက်နေ့မှာ လက်ထပ်ကြဖို့ကို စီစဉ်



ထားတာမို့ ကိုပြည့်မှာ ဘယ်တုန်းက မိန်းမတစ်ယောက်ကောက်ယူပြီး နှစ်,နှစ်ပြည့်ခါနီး ကလေးတစ်ယောက် ဘယ်လိုရသွားသလဲဆိုတာ မသိလေရာ လင်းရိပ်တို့လို သူငယ်ချင်းကရော ဘယ်လိုလုပ်သိနိုင်မည်လဲ။

“ပြည့်က အဲဒီကလေးစရိတ်ကို ထောက်တယ်တဲ့။ အခု ပြည့်မရှိတော့ရင် သူနဲ့ သူ့သား ဒုက္ခရောက်ပါပြီတဲ့”

“ဩော် … ဒါကြောင့် အန်တီဆွေဇင်ကို မြေးအဖြစ်အသိအမှတ်ပြုပြီး ထောက်ပံ့နိုင်းစေချင်တာပေါ့လေ”

“အန်တီဆွေဇင်တောင်မှ လုံးဝမသိတာ ငါတို့က သိမလားဟာ၊ ပြည့် ဘာဖြစ်လို့ အဲဒီလိုလုပ်ခဲ့လဲ ဆိုတာ ငါတို့လည်း ကြားကြားချင်း မယုံနိုင်ဘဲ တစ်ချိန်လုံး ဒါပဲပြောနေကြတာပေါ့၊ ဥပမာ … ဟား ဟား … ငါဆိုတဲ့ကောင်သေသွားလို့ အဲဒီသတင်း ကြားရရင်တောင် နင်တို့ဒီလောက်အံ့သြတုန်လှုပ်မယ် မထင်ဘူးလေ၊ ပြည့်ကျတော့ အားလုံးအမြင်မှာ တကယ့်ကို စံပြလူသား ဖြစ်ခဲ့တာ မဟုတ်လား”

လင်းရိပ်သည် ဒုံ့ဘာသာ မှိုင်းနှိုင်းပြောရင်း ရယ်အားနေပြန်သည်။

“မနက်ဖြန် ရောက်လာပြီးရင် သူက ဘယ်ကို လာမှာတဲ့လဲ”

www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်မှာလည်း အသိမိတ်ဆွေတို့၊ အမျိုးတို့ မရှိတော့ တည်းစရာအိမ် မရှိဘူးတဲ့။ ဒါကြောင့် တည်းခိုခန်းခပ်ကောင်းကောင်းလေးမှာ တည်းမယ်တဲ့။ တည်းခိုခန်းရမှ ငါတို့ဆီ ဆက်မယ်တဲ့"

ဘိုဘိုက ဝင်ပြောပါသည်။

"ဆက်ပြီး ဘာလုပ်မှာလဲ"

"အန်တီဆွေဇင်နဲ့ တွေ့လို့ရအောင် စီစဉ်ပေးပါ၊ ကူညီပါတဲ့"

"ပြောလိုက်ပါလား၊ မနောကမှ အန်တီဆွေဇင် အသိအမှတ်ပြုထားတဲ့ ကိုပြည့်ရဲ့ချစ်သူလို့"

ဟန်နီသည် မနောအစား မခံချင်ဖြစ်ပြီး ပြောပါသည်။

"ငါ မပြောဘဲ နေမလား၊ ပြောပါတယ်ဟာ၊ အဲဒီမိန်းကလေးက မနောကိုလည်း သူ ခုမှသိရတာပေမဲ့ တွေ့ရင် မနော ကျေနပ်အောင် တောင်းပန်ပါ့မယ်တဲ့။ သူ့မှာ မိဘလည်းမရှိ၊ မောင်နှမလည်း မရှိတော့ ဘယ်သူ့မှလဲ အားကိုးစရာ မရှိပါဘူးတဲ့၊ အပြောကတော့ ကောင်းတယ်ကွာ၊ ငါတို့ကိုလည်း သူ့အစ်ကိုတွေ အစ်မတွေလိုပဲ သဘောထားချင်ပါတယ်တွေ ဘာတွေ ပြောပြီး အကူအညီတောင်းတော့တာပဲ"





မနောသည် စိတ်ကိုဖြေလို့ရအောင် ဖြေလျက် ...

"မိန်းကလေးလို့ ပြောရအောင် သူက ငယ်တယ်လို့ နင်ထင်လား"

"သူက ပြည့်ထက် နှစ်နှစ်ငယ်တယ်လို့ ပြောတယ်"

ဪ ... ဒါဖြင့် နှစ်ဆယ်လား နှစ်ဆယ့်တစ်လား။ နောတို့အားလုံးက အသက်ချင်း မတိမ်းမယိမ်းတွေမို့ အခုဆို နှစ်ဆယ့်သုံးပြည့်ပြီးတဲ့သူနဲ့၊ နှစ်ဆယ့်သုံး ပြည့်ခါနီးလူနဲ့ အသီးသီး ဖြစ်နေပါပြီ။

"ကိုပြည့်က နင်တို့အကြောင်းတော့ ပြောထားပြီး၊ သူ့မှာ စေ့စပ်ထားတဲ့ချစ်သူ၊ မနော ရှိတာတော့ မပြောဘူးဆိုတော့ ဒါ သူ မရိုးသားတာပဲပေါ့"

ဟန်နီသည် မနောဘက်မှ ဒိုင်ခံပြောပေးသူ ဖြစ်လို့နေသည်။ ဟန်နီ့စိတ်ဓာတ်က ကောင်းသည်။ သူငယ်ချင်းအုပ်စုထဲမှာ ချောချောလှလှ မိန်းကလေးနှစ်ယောက် ပါတဲ့အထဲမှာမှ အဲဒီနှစ်ယောက်စလုံးရဲ့ အသည်းနှလုံးကို စိုးမိုးနိုင်ခဲ့သော ကိုပြည့်ဟာ မနောကို ရွေးသွားတော့လည်း မနာလိုစိတ် မရှိခဲ့။ ခမ်းနည်း စိတ်မကောင်း ဖြစ်ခဲ့တာကလွဲလျှင် ဒီသူငယ်ချင်းနှစ်ယောက် လက်တွဲခွင့်ရရေးကိုပင် အင်တိုက် အားတိုက် စိတ်ပါစွာ ကူညီပေးခဲ့သူ ဖြစ်လေရာ အခုလို သတင်းကြားတော့ မနောဘက်မှ အပြည့်အဝ ရပ်တည်သူ ဖြစ်နေနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီ လုပ်ကိုင်နေသော အလုပ်ကိုက Wedding Planner ဟုခေါ်သော မင်္ဂလာပွဲ ပြင်ဆင်စီစဉ်ပေးသူအလုပ် ဖြစ်လေရာ အခုလာမဲ့ ကိုပြည့်နဲ့ မနောတို့ရဲ့ မင်္ဂလာပွဲအစီအစဉ် မှန်သမျှဟာ ဟန်နီ့အစီအစဉ်တွေသာ ဖြစ်ခဲ့တာပါ။ ဒါပေမဲ့ သူမ ပြင်ဆင်စီစဉ်ပေးထားသော မင်္ဂလာပွဲကား ဖြစ်မလာခဲ့တော့ပါ။

"မနော ... နင် ဘယ်လိုသဘောရလဲ"

စစ်ပိုင်က အခုမှ ပထမဦးဆုံး ဒီကိစ္စကိုဝင်၍ ဆွေးနွေးသူဖြစ်သည်။

"ဘယ်လိုသဘောရရမှာလဲ၊ ဘာလုပ်ရမှန်းတောင်မှ မသိတာ၊ စိတ်ထဲမှာ ဒေါသလည်းဖြစ်တယ်၊ မယုံလည်းမယုံနိုင်ဘူး၊ ဒါပေမဲ့ အဲဒီလိုဖြစ်နေတော့ရော ကိုပြည့်ကိုသွားမေးပြီး ရန်တွေ့စိတ်ကောက်လို့ ရပါတော့မလား၊ သေတဲ့သူက သေပြီးနေပြီ၊ သူ့ဘ၀က ပြီးသွားပြီ၊ မပြီးတာတွေက နောက်မှာကျန်ခဲ့တာကို မနောက ဘယ်လိုသဘောထားရမှန်းတောင် မသိဘူး၊ တကယ် ... တကယ်"

ဘိုဘိုသည် အာလူးကြော်ထုပ် အကုန်စားပြီးသွား၍ အိတ်ခွံကို လေမှုတ်သွင်းပြီး ကလေးတွေ ဆော့သလို ဖောင်းတင်းလာအောင် လုပ်ပြီးမှ လက်တစ်ဖက်ဖြင့် ထိုးချခဲ့တော့မလို ပြင်နေသဖြင့် စစ်ပိုင်က ...





"ဟမ်း ... မော့ကောင် ဘိုဘို၊ ပြဿနာမရှာနဲ့၊ အိတ်ခွံကြီး အမှိုက်ပုံးထဲ သွားပစ်လိုက်တော့လေ"

ဘိုဘို ရယ်ရင်း ...

"အေးပါကွာ၊ ငါ အမှန်တော့ လုပ်ဖို့မရည်ရွယ်ပါဘူး။ ပြဿနာတွေက ရှုပ်နေတော့ ဘယ်လိုရှင်းရမှန်း မသိတာနဲ့ အပျော်လုပ်ချင်သွားတာပါ"

ဟု ပြောလည်းပြော ...

"ကြားဖူးတာကတော့ လူတချို့က ပြောတယ်၊ သေရင်ပြီးပြီတဲ့။ ဒီကောင် ပြေညှိကျတော့ သေရင်မပြီးဘဲ သူ့ရဲ့ ဘတ်လမ်းက ကျန်ခဲ့တော့ သေလည်း မပြီးဘူးပေါ့"

လို့လည်း ဆက်ရေရွတ်လျက် အာလူးကြော် ပလတ် တစ်ကို ခြေနင်းလျက် အဖုံးသူ့အလိုလိုပွင့်သွားသော စတီးအမှိုက် ုံးထဲ သွားပစ်နေပါသည်။

ဒီနေ့ သူတို့အားလုံး မနော၏အခန်းကို စုရောက် ာကြတာ ဖြစ်သည်။ မနောတွင် မိဘနှစ်ပါးစလုံး မရှိတော့။ ှုဆင့်နောက်ဆင့်ပဲ မနော အသက်ငယ်ငယ်မှာ ဆုံးသွားကြရာ နောမှာ မိဘမရှိတော့တာ ငါးနှစ်နီးပါးပင် ရှိနေပြီ။

ပထမဦးဆုံး ဆုံးရှုံးရတာက ဖေဖေ။ မနော ဆယ့် သးနှစ်အရွယ်မှာ Brain Tumour (ဘရိန်းကျူမာ)ဟုခေါ်သော

www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်ထဲမှာ အကျိတ်ကင်ဆာဖြစ်ပြီး နှစ်နှစ်အကြာမှာ ဆုံးသွားသည်။ ဖေဖေဆုံးပြီး တစ်နှစ်အကြာမှာ မေမေက နေရင်းထိုင်ရင်း Lumphoma (လင့်ဖိုးမား) ဟုခေါ်သော ခန္ဓာကိုယ်တွင်းရှိ ပြန်ရည်ဂလင်းများအတွင်း ကင်ဆာဆဲလ်များ အလိုလို ပွါးနှံ့သော ကင်ဆာတစ်မျိုး ဖြစ်လာပြန်ကာ ထိုသို့ဖြစ်ပြီး နှစ်,နှစ်အကြာမှာ ထပ်မံကွယ်လွန်လေရာ မနှောသည် အင်မတန် ကံဆိုးစွာပင် အသက်နှစ်ဆယ် မပြည့်ခင်မှာ မိဘမဲ့သွားရပါသည်။

မနှောမှာ မနှောထက် အသက်ကိုးနှစ် ပိုကြီးသော အစ်မကြီးတော့ ရှိပါသည်။ ထိုအစ်မကြီးမှာ မေမေရှိစဉ်ကတည်းက အိမ်ထောင်ကျသွားသဖြင့် သူကတော့ သူ့မိသားစုနဲ့သူ သီးသန့်နေခဲ့တာကြာပြီ။

မေမေပါ ဆုံးတော့မှ မနှောကို လာခေါ်တာ။

"နင့်အသက် ဆယ့်ကိုးနှစ်ပဲ ရှိသေးတာ တစ်ယောက်တည်းနေဖို့ မသင့်တော်ဘူး ညီမလေး။ ငါတို့နဲ့ အတူတူလာနေ"

ဟု စီစဉ်သောအခါ မနှောက ...

"မနှော မမကြီးတို့နား ကပ်ရပ်အခန်းမှာ တစ်ယောက်တည်းနေရင်ရော ရလား"

"ဟဲ့ ... ဘာဖြစ်လို့လဲ"



"တစ်အိမ်တည်း အတူတူနေမှ မဟုတ်ပါဘူး။ မမကြီးနား ကပ်ရပ်ဖြစ်ဖြစ်၊ မမကြီးတို့ အပေါ်ထပ်အခန်းဖြစ်ဖြစ်၊ အောက်ထပ်အခန်းဖြစ်ဖြစ်မှာနေလည်း ဒါ မမကြီးစောင့်ရှောက်တာကို ခံယူပြီးနေတဲ့ သဘောပါပဲ၊ အဲဒါဆို ပိုမကောင်းဘူးလားလို့ပါ"

"အေးလေ၊ နင်ပြောတာလည်း လက်ခံလို့ ရတာပဲ၊ မိန်းကလေးတစ်ယောက်တည်း သီးသန့်တစ်အိမ်နေတယ် ဆိုပေမဲ့ အစ်မနား ကပ်ရပ်နေတယ် ဆိုတော့လည်း အမြင်တင့်ပါတယ်လေ"

မမကြီး အလွယ်တကူ ခွင့်ပြုခြင်းမှာ သူလည်း သူ့အကြောင်းနဲ့သူ ဖြစ်၍ပါ။ မမကြီးယောက်ျားက အလုပ်အကိုင်တော့ ကောင်းပေမဲ့ အရက်တော်တော်သောက်ကာ ညတိုင်း သူငယ်ချင်း သုံး,လေးယောက်တို့ကို အိမ်ခေါ်ပြီး ဝိုင်းဖွဲ့သောက်စားလေ့ရှိမှန်း မနှော သိထားပါသည်။ မမကြီး အနေနဲ့လည်း ကိုယ့်ညီမ အပျိုအရွယ်လေးကို အရက်လာသောက်သော၊ အရက်ကြိုက်နေသော လူတစ်ယောက်ယောက်နဲ့ ဖူးစာဆုံသွားမှာ မလိုလားသလို သောက်စား မူးယစ်နေကြသော ယောက်ျားအုပ်စုနှင့် တိုင်းရှိနေသော တိုက်ခန်းမှာ ညီမအပျိုလေး အနေရခက်မှာလည်း စိုးရိမ်တာပါမည်။ ဒါကြောင့် မနှော ပြောပြတော့ အလွယ်တကူ

www.burmeseclassic.com

www.burmeseclassic.com



လက်ခံ၊ သူကိုယ်တိုင်ပဲ အိမ်ခန်းဝယ်ဖို့ စုံစမ်း၊ ကံကောင်းချင်တော့ မမကြီးတို့ အပေါ်လွှာမှာ အိမ်ငှားတင်ထားရာ အိမ်ငှားလ,ဈေး၍ အခန်းပြန်အပ်တော့ အိမ်ခန်းပိုင်ရှင်ကို မမကြီး သွားတွေ့ကာ အိမ်ခန်းကိုရောင်းဖို့ သွားပြောကြည့်ပါသည်။ သုံးခါလောက် ဈေးလည်းတိုးပေးရင်း သွားသွားပြောတော့ ထိုအိမ်ခန်းပိုင်ရှင် စိတ်ပြောင်းသွားပြီး ရောင်းလိုက်တာနဲ့ ကြုံသဖြင့် မနောမှာ အခုတော့ မမကြီးတို့ အပေါ်ထပ်မှာ နေခွင့်ရပါသည်။ မိဘကျန်ခဲ့တာလေးတွေ ညီအစ်မ ခွဲဝေယူပြီးသောအခါ မနောမှာ ပေနှစ်ဆယ် ပေခြောက်ဆယ် ကျယ်သော ခေတ်မီတိုက်ခန်းကြီးတစ်ခန်းနှင့် လက်ဝတ်လက်စားတစ်စုံ ပိုင်ဆိုင်လိုက်ပါသည်။

မနော အလုပ်ကတော့ မယ်လမင်းပစ္စည်းတွေ တင်သွင်းသော ကုမ္ပဏီကြီးတစ်ခုမှာ ဝင်ရပြီး သင့်တင့်ရုံလခနဲ့ဖြစ်ရာ မနော တစ်ယောက်တည်း ,အကွက်တော့ ဖူလုံပါသည်။ သို့သော် ကိုပြည့်လို ချမ်းသာသော မိသားစုနှင့် ယှဉ်ရင်တော့ မနော အဆင့်က ကျေနပ်လောက်စရာ မရှိလေရာ ကိုပြည့်အမေက သဘောမတူချင်ခဲ့ပါ။

ငယ်သူငယ်ချင်းလည်းဖြစ်ပြီး ဒီမိန်းကလေးဟာ ကိုယ့်အိမ်ကို ဝင်ထွက်သွားလာ စားသောက်နေကျဖြစ်ခြင်း၊ မိန်းကလေးရဲ့ မိသားစုအကြောင်း၊ အကျင့်စာရိတ္တအကြောင်းကို





အကုန်နီးပါး သိထားခြင်းနှင့် သားဖြစ်သူက သူမှသူ ဖြစ်နေတဲ့အထိ ချစ်နေခြင်းတို့ကြောင့် အမေဖြစ်သူမှာ သဘောတူပေးလိုက်ရတာ ဖြစ်သည်။

သူငယ်ချင်း အုပ်စုထဲမှာ ကိုပြည့်နဲ့ လင်းရိပ်တို့ကတော့ တကယ့်ကို ကြွယ်ဝချမ်းသာသော အသိုင်းအဝိုင်းထဲကလူတွေဖြစ်ပြီး ကျန်လေးယောက်ကတော့ သာမန်မိသားစုက ဆင်းသက်လာရသူတွေ ဖြစ်ပါသည်။

အခုတော့လည်း ကိုပြည့်က လူ့လောကထဲမှ အစောဆုံး ထွက်သွားခဲ့ပြီးပေမဲ့ ဘိုဘို ပြောသလိုပင် သူသေသွားလို့ပြီးဘဲ ကျန်ခဲ့သော ဇာတ်လမ်းကို မနောတို့ ဘယ်လိုဖြေရှင်းကြရမှာတဲ့လဲ။

"အဲဒီမိန်းကလေးနာမည်က ဘယ်သူလဲ"

စစ်ပိုင်၏ နှုတ်ဖျားမှ ...

"နွေဦးတဲ့ ..."

ဟူသော အမည်ကို မနော စိတ်ထဲမှာ ပွဲတင်ထပ်အောင် အခါခါ ပြန်ရေရွတ်လိုက်မိသည်။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၃

စစ်ပိုင်သည် တစ်လမ်းလုံး ပါးစပ်မှ တဖွဖွပြောလာသည်။ စစ်ပိုင်နှင့်အတူ ပါလာသူမှာ သူနှင့်အတွဲညီနေကျ ဘိုဘိုတစ်ယောက်တည်းသာ။ လင်းရိပ်ကို ခေါ်တော့လည်း ...

"ငါ တကယ်မအားဘူးကွာ၊ မလိုက်ပေးချင်လို့ မဟုတ်ဘူး၊ ဒီနေ့ ကုမ္ပဏီမှာ ကန်တော့ပွဲပေးတဲ့ အခမ်းအနားရှိတယ်၊ အဖေက ညကမှ သွေးတိုးပြီး နေထိုင်မကောင်းဖြစ်သွားလို့ ငါ့ကို အဲဒီပွဲမှာ ကြီးကြပ်ဖို့ တာဝန်ပေးလိုက်တယ်ကွ"

ဟုဆိုကာ သူတို့ရုပ်ရှင်ကုမ္ပဏီကထုတ်မဲ့ ရုပ်ရှင်ကား ကန်တော့ပွဲကိစ္စနှင့် မအားသဖြင့် မလိုက်လာနိုင်ခဲ့။

ဟန်နီကတော့ ပြတ်သည်။





"လုံးဝ ဟန်ဆောင်ပြီးတော့ ပြုံးမပြနိုင်ဘူးနော်၊ မခေါ်နဲ့ ငါနဲ့လည်း ပေးမတွေ့နဲ့"

မနှောကတော့ ...

"လောလောဆယ် ငါ မတွေ့ချင်သေးဘူး။ ငါက တကူးတကကြီး သွားတွေ့ရတာမျိုး မဖြစ်ချင်ဘူး။ နင်တို့ဘာသာ ဆုံဖို့ တစ်ခုခု စီစဉ်ပြီး တွေ့ပေးပါလား"

ဟု ပြောသဖြင့် မနှောလည်း မပါ။

ဒါနဲ့ပဲ နွေဦးဟု အမည်သာ သိထားသော ပြေည့်၏ အရုပ်တော်ပုံကို ရှင်းရမည့်သူမှာ စစ်ပိုင်နဲ့ ဘိုဘိုတို့သာ ဖြစ်သွားပါသည်။ စစ်ပိုင်သည် လိပ်စာပြောထားသော တည်းခိုခန်းခပ်တောင်းကောင်းလေးရှေ့ သူ မောင်းလာသော နီဆန်းပစ်ကပ်ကို ရပ်ပြီးတာတောင် ...

"မနှောကို သနားလိုက်တာကွာ"

ဟု ဆပ်ပြီး ပြောနေပြန်လျှင် ဘိုဘို တစ်ယောက် နားကြားပြင်းကပ်လာတော့သည်။

"မင်းက ဘာဖြစ်နေတာလဲကွ၊ ဒါပဲ တစ်လမ်းလုံးပြောလာတာ၊ တခြားစကား ပြောစရာ မရှိတော့ဘူးလား"

"မနှောကို သနားတာပါကွာ၊ သူ့ခမျာ သူချစ်တဲ့သူလည်း အခုလောလောလတ်လတ် ဆုံးရှုံးထားရရုံမကဘူး သတင်းဆိုးကိုပါ သူ ထပ်ကြားရတော့ သနားမိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါမေးသားပဲ ပြောမလား၊ မပြောဘဲ ငါတို့ပဲ ကျိတ်ဖြေရှင်းလိုက်မလားလို့"

"အဲဒီလိုကျတော့လည်း , သူ ပြန်သိတဲ့အခါ ငါတို့က သူငယ်ချင်းကောင်း မပီသဘဲ ဖြစ်မှာပေါ့"

"သူက ဘယ်လိုလုပ် ပြန်သိမလဲ"

"ပြန်မသိဘဲ နေမလား၊ နွေဦး ဆိုတဲ့ မိန်းကလေးက ဘယ်လိုအစားထဲကလဲမှ မသိတာ၊ သူက ဒေါ်ဆွေဇင်ကို ရအောင်သွားတွေ့၊ သွားပြောတာတွေ လုပ်ခဲ့ရင် ဒေါ်ဆွေဇင်ကတစ်ဆင့် မနော ပြန်သိကို သိသွားမှာပဲ။ အဲဒီကျမှ ငါတို့ဝိုင်းဖုံးထားသလိုဖြစ်ပြီး မနော စိတ်ထဲမှာ သံသယကြီးသွားမှာပေါ့"

"မင်း မနောကို ကြိုက်များ ကြိုက်နေခဲ့ဖူးလား"

"နေရင်း ထိုင်ရင်း ထင်ရပြန်ပြီ"

စစ်ပိုင် စကားက ဒီလောက်နဲ့ပဲ ရပ်သွားပါသည်။ ဘာကြောင့်လဲဆိုတော့ တည်းခိုခန်း၏ မှန်တံခါးကို ဘိုဘို တွန်းဖွင့်လိုက်ပြီး၍ ဖြစ်သလို ဖွင့်ဖွင့်ချင်း ရီဆက်ရှင်း ကောင်တာနှင့် အတူ ညှိသည်လာလျှင် ခဏထိုင်စောင့်လို့ရသော ဆိုဖာတစ်စုံတို့ကို တွေ့ရပြီး ထိုဆိုဖာခုံတွေထဲက တစ်စုံမှာ သူတို့ကို မျှော်နေဟန်တူသည့် မိန်းကလေးတစ်ယောက်နဲ့ တတောက်တောက်





ပြေးဆော့နေသော ကလေးလေး တစ်ယောက်ကို တွေ့ဆုံလိုက်ရျှပင်။

စစ်ပိုင်ရော ဘိုဘို့စိတ်ထဲမှာပါ ...

"ဒီမိန်းကလေးက တော်တော် attractive (အက်ထရက်တစ်(ဗ)) ဖြစ်တာပဲ"

ဟု အသိအမှတ် ပြုလိုက်မိကြလေသည်။

မနောက အသားဖြူပေမဲ့ ဖြူဝါဝါလေးဖြစ်ကာ မနောလို လှပုံမျိုးက သူ့ကဲ့သို့လှသော မိန်းကလေးတွေလည်း အများကြီးရှိသော သာမန်လှပရုံလောက်သာ ပုံစံမျိုးလေးဖြစ်သည်။

သို့သော် ဒီမိန်းကလေးကတော့ အသားအရေမှာ ဖြူဆွတ်ပြီး ကျောက်သားဖြူဖြူလေးလိုပင် ဖြစ်နေကာ နှုတ်ခမ်း ထူထူစုစုလေးက ဆေးမဆိုးထားတာတောင် နီနီလေးဖြစ်နေသဖြင့် ဘာနဲ့တူသလဲ ဆိုတော့ သူ့မျက်နှာလေး မြင်ရတာ အိုက်(စ)ခရင်(မ)ဖြူဖြူပေါ် စတော်ဗယ်ရီသီးနီနီလေး တင်ထားသလိုလို ထင်ရစေလေသည်။ မျက်ခုံးတွေက အခုခေတ်မှာ သိပ်မရှိသော ညိုညိုနက်နက်တွေ ဖြစ်နေပေမဲ့ အဲဒီမျက်ခုံးထူတွေသည် သူ့မျက်နှာပေါ် အရုပ်မဆိုးစေဘဲ ထင်းထင်းလေး ဖြစ်နေစေသည်။

ကြော့ကြော့မတ်မတ်လေး ထိုင်နေပုံကပင် ကျောက်ဆစ်ရုပ်လေးလိုလို ကြွေရုပ်လေးလိုလို ငေးကြည့်ချင်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



လျှက် ကလေး,တစ်ယောက်အမေလေးဟုပင် ထင်စရာမရှိအောင် လှပဆွဲဆောင်နိုင်နေလေသည်။

"အစ်ကိုတို့က ကိုစစ်ပိုင်တို့ ကိုဘိုဘိုတို့လား"

မိန်းကလေးက သူတို့ဝင်လာလာချင်း နှုတ်ဆက်ပြုံးပြုံး မေးသဖြင့် စစ်ပိုင်ရော ဘိုဘိုပါ ခပ်မြန်မြန် ခေါင်းညိတ်လိုက်ရသည်။

"တွေ့ရတာ ဝမ်းသာလိုက်တာ၊ နွေဦးက နွေဦးဆီ လာတွေ့ချင်ပါ့မလားလို့ စိတ်ပူနေတာလေ"

"လာတွေ့မယ် ပြောထားတော့ လာတွေ့မှာပေါ့၊ ငါတို့က မကူညီနိုင်ဘဲနဲ့ အပိုမပြောတတ်ပါဘူး"

ဘိုဘိုက တတောက်တောက် ပြေးနေသော ကလေးလေးကို အသေအချာကြည့်ရင်း ပြောပါသည်။ ရုပ်ကလေးက ပြည့် ရုပ်လေးပဲ။ ဖြစ်မှ ဖြစ်ရလေ။ ပြည့် ဆိုတဲ့ကောင် ကွယ်ရာမှာ ကျိတ်ရှုပ်ခဲ့တဲ့အတွက် အခုတော့ သူ သေသွားတော့ ကလေးမှာ အားကိုးရာမဲ့ပြီ။ အမေ ကြည့်ရတာလည်း အရွယ်က မရင့်ကျက်သေးတော့ ဘာအလုပ်မှ မလုပ်တတ်ဘဲ ပြည့် ပေးတာပဲ လက်ခံမှီခိုနေပုံပဲ။ ပြည့်သာ ဒီမိန်းကလေးကို တရားဝင် အမေ့အိမ် ခေါ်တင်လာခဲ့ရင် အခု သူသေသွားလည်း ကလေးမှာ ချမ်းသာကြွယ်ဝတဲ့ ဘိုးဘွားအသိုင်းအဝိုင်း ရှိနေသေးတော့ ဘာမှ





ပူစရာမရှိဘူးပေါ့။ ခုတော့ ပြည့်အမေ ဒေါ်ဆွေဇင် လက်ခံလာအောင် ဘယ်လိုလုပ် ဝိုင်းပြောပေးရပါ့မလဲ၊ ရင်လေးပါဘိ။

"ညည်းနဲ့ ဘယ်လိုတွေ့ကြတာလဲ"

စစ်ပိုင်က အရင်ဆုံး မေးချင်နေသော မေးခွန်းကို မေးလိုက်ပါသည်။

"နွေဦးတို့ လက်ဖက်ရည်ဆိုင်ဖြစ်ဖြစ် သွားပြီး စကားပြောကြရအောင်လား ကိုစစ်ပိုင်။ နွေဦး အကြာကြီး စကား သေသေချာချာ ပြောချင်ပါတယ်၊ ဒီညှော်ခန်းလေးကျတော့ သူ့ညှော်သည် ကိုယ့်ညှော်သည် ရှိနေတယ်လေ၊ ဒါကြောင့်ပါ"

"သြော် ... အေး ... အေး ကောင်းပြီ၊ သွားကြတာပေါ့"

စစ်ပိုင် ထရပ်လိုက်ပြီး အရင်သွားနှင့်သည်။ ဘိုဘိုကတော့ ကောင်မလေး သူ့ကလေးကို ကောက်ချီနေတာမြင်သဖြင့် သနားပြီး မနေနိုင်တော့ဘဲ ...

"ငါ ချီပေးရမလား၊ ရလား"

ဟု မေးမိလေသည်။

"သား ဒီ ဦးဘိုဘိုဆီ သွားမလား"

ကလေးက ဘာတွေသဘောကျနေမှန်းမသိ သဘောကျလျက် တခစ်ခစ်ရယ်ပြီး ဘိုဘိုဆီ လက်ကမ်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နာမည် ဘယ်လိုပေးထားလဲ"

"အခုထိတော့ နာမည်အတိအကျ မပေးရသေးပါဘူး။ အစ်ကိုပြည့်ကတော့ ဖိုးသားလို့ ခေါ်တယ်"

"ဪ ... ဒါဖြင့် ဖိုးသားပေါ့"

"ဟုတ်"

ကလေးက သူ့နာမည်သူ သိလျက် "ဟုတ်"တစ်လုံး ဝင်ပြောပါသည်။

"မေမေ ဘယ်သွားလဲ မေးကြည့်ပါလား ကိုဘိုဘို၊ သူပြောတတ်တယ်"

ဘိုဘိုလည်း နွေဦးပြောသည့်အတိုင်း ...

"မေမေ ဘယ်သွားလဲ၊ ပြောပါဦးကွာ"

ဟု မေးလာလျှင် ဖိုးသားက မပီကလာ အသံလေးဖြင့် ...

"ရှန်တုန်တွားဒယ်"

လို့ပြောလျှင် ဘိုဘိုသည် ကလေးကို ချစ်လည်းချစ်၊ သနားလည်း သနားသွားလျက် ပို၍တင်းအောင် ဖက်ထားမိသည်။

စစ်ပိုင်က ဘိုဘို့ကို လှည့်ကြည့်ပြီး ...

"မင်း ရှေ့မှာထိုင်မှာလား၊ နောက်မှာထိုင်မှာလား"

စစ်ပိုင်ကားက နောက်မှာ အမိုးမြှင့်တင်ထားသော နှစ်ဆန်းကား ဖြစ်ပါသည်။





"နောက်မှာပဲ ထိုင်လိုက်မယ်ကွာ"

စစ်ပိုင်သည် မနောဘက်ကပါသူ မဟုတ်သော်လည်း မနောကို သနားနေသည်မို့ နွေဦးကို သိပ်ပြီးတရင်းတနှီး စကားမပြောချင်ပါ။ ဘိုဘိုကတော့ တွေ့တွေ့ချင်းပင် ကလေးကိုတောင် တောက်ချီနေသဖြင့် ဘိုဘို ဘာစိတ်ကူးပေါက်နေလဲလို့ အပြစ်တင်ချင်မိသည်။ အပြစ်မရှိသော ကလေးကို မမုန်းပေမဲ့ နွေဦးဆိုသော မိန်းကလေး၏ လည်လည်လည်ဝယ်ဝယ် အပြောအဆိုကို သိပ်သဘောမကျလှ။ ဝတ်ပုံစားပုံ နေပုံထိုင်ပုံတွေက သိပ်ဆော့ဆော့ရမ်းရမ်းကြီး မဟုတ်ဘဲ ရိုးရိုး သာမန်လေးပေမဲ့ ထိုပုံစံလေးထိုက အသည်းယားစရာ ကောင်းသလိုလိုလေး ဖြစ်နေမှန်း ယောက်ျားလေးပီပီ မှန်းမိပါသည်။

ပြည့် သစ္စာမရှိဘဲ ရှုပ်ခဲ့တာလည်း ရှုပ်ခဲ့တာပေါ့။ ဒါပေမဲ့ ဒီမိန်းကလေးအနေနဲ့ ကိုယ့်ကို တရားဝင် မိဘတွေနဲ့လည်း ပေးမတွေ့ဘဲ ကလေးတစ်ယောက် ရသည်ထိ အဝေးတစ်နေရာမှာ တိတ်တဆိတ် ထားတာကို ဘာကြောင့် လက်ခံသလဲ။ ဘာကြောင့် ကျေနပ်နေသလဲ။

ပြည့် သစ္စာမရှိ ဖောက်ပြန်တယ်လို့လည်း သိပ်ဆော့ အပြစ်ပုံမချချင်။ ဒီမိန်းကလေးဘက်က ဘယ်လိုစခဲ့လို့လဲမှ မသိတာ။ ပြီးတော့ ပြည့်ဟာ မနောကို သူငယ်ချင်းလိုရော၊



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူလိုရော၊ မိဘတွေ ယေင်ယေ်နဲ့ ဆုံးရှုံးရလို့ ကရုဏာသက်တာရော ပေါင်းပြီး နက်နက်ရှိုင်းရှိုင်း ချစ်ခဲ့မှန်းလည်း စစ်ပိုင်တို့အားလုံး ယုံကြည်ခဲ့သဖြင့် ပြေည့် ဖောက်ပြန်တာလို့ကို မထင်။

မုန့်မျိုးစုံပါရပြီး ထိုင်လို့လည်းကောင်းသော လက်ဖက်ရည်ဆိုင်ကြီး တစ်ဆိုင်ကို မောင်းလာခဲ့သည်။ ဆိုင်ထဲဝင်တော့ လူသိပ်များများစားစားကြီး မရှိသဖြင့် စကားပြောလို့ကောင်းသော အချိန်မျိုးဖြစ်နေသည်။

လက်ဖက်ရည် မှာသောက်ကြရင်းမှ နွေဦးကပဲ စပြီးပြောပြပါသည်။

"အစ်ကိုပြည့်ကို နွေဦးတို့မြို့မှာ သူတို့ရဲ့ စူပါမားကပ်လေး လာဖွင့်တော့မှ ဆုံကြတာပါ"

ထိုသို့ နွေဦး စ,ပြောလိုက်တော့ စစ်ပိုင်တို့ အဲဒီကျမှ သတိရသွားသည်။ ဟုတ်သားပဲ၊ ပြေည့်တို့မိသားစုက ကုန်ပစ္စည်းမျိုးစုံရသော စူပါမားကပ်တွေဖွင့်သည့် စီးပွားရေးလုပ်ငန်းရှင်တွေ။ မြို့အကြီးကြီးတွေမှာတော့ အခိုကဆိုင်ခွဲတွေ လိုက်ဖွင့်ထားပေမဲ့ ဥပမာ ... နယ်မြို့လေးတစ်ခုမှာရှိသော သူဌေးတချို့က ရှယ်ယာထည့်ပြီး သူတို့မြို့မှာလည်း ဒီစူပါမားကပ်နာမည်နဲ့ ဆိုင်ခွဲတစ်ဆိုင် ဖွင့်ချင်ပါသည်ဟု ကမ်းလှမ်းရင်လည်း ဖွင့်ခွင့်၊ ဆိုင်နာမည် စပ်တူသုံးခွင့် ပေးပါသည်။



ထိုဆိုင်ခွဲတွေသည် မြို့အကြီးတွေက ဆိုင်လောက်ကြီးမားကျယ်ပြန့်ခြင်း မရှိသော်လည်း ပြေည့်တို့၏ Big Mart ဆိုင်နာမည် အတူတူယူခွင့်ရပြီး အခိုက ကုန်ပစ္စည်းတွေသည် ရန်ကုန်ရှိ Big Mart မှတစ်ဆင့် ယူရသော ပစ္စည်းအမျိုးအစားတွေသာ ဖြစ်ပါသည်။ ပြေည့်က ထိုမြို့လေးတွေမှာသွားပြီး ဆိုင်ဖွင့်ခွင့်ရရေး၊ ဆိုင်လည်ပတ်ရေးတွေကို တာဝန်ယူ ကြည့်ရှုပေးရသည်။

"နွေဦးက သူ့ဆိုင်မှာ အရောင်းစာရေး ဝင်လုပ်တာပါ"

"ညည်းပြောတော့ ဆွေမျိုးလည်း သိပ်မရှိဘူး၊ ညီအစ်ကိုမောင်နှမလည်း မရှိဘူး၊ မိဘလည်း မရှိဘူးဆို။ ညည်းက အဲဒီမြို့မှာ ဘယ်သူရှိလို့ နေနေတာလဲ"

"နွေဦး အဖေဆိုတာကို မြင်တောင်မမြင်ဖူးလိုက်ပါဘူး၊ အခု သားလေးကမှ သူ နှစ်နှစ်သား အရွယ်ထိ အဖေဆိုတာကို သိလိုက်ရသေးတယ်။ နွေဦးကျတော့ ဗိုက်ထဲမှာကတည်းက အဖေဆုံးသွားတာပါ၊ အမေပြောတော့ ကျောက်ကပ်ထဲ ပိုးဝင်တဲ့ ရောဂါတဲ့။ နွေဦးလည်း ဘာရောဂါမှန်း သေသေချာချာ မသိဘူး၊ အမေလည်း မသိဘူး။ အမေကတော့ အစ်ကိုပြည့်နဲ့ ချစ်သူဖြစ်နေတုန်းမှာပဲ အဆောက်ကင်ဆာနဲ့ ဆုံးတယ်၊ ဪ ... ပြောရဦးမယ်၊ နွေဦး အမေက

www.burmeseclassic.com

www.burmeseclassic.com



မှီးကရက်သိပ်သောက်တာလေ။ အဲဒီဒဏ်ကြောင့် စောစော စီးစီး ကင်ဆာဖြစ်ပြီး ဆုံးရတာပေါ့၊ အမေ သေပြီးမှ နွေဦးလည်း အားကိုးရာမဲ့ပြီး အစ်ကိုပြည့်နဲ့ ရုံးတက်လက် မှတ်ထိုးပြီး အတူနေလိုက်မိတာပါ။ မြို့မှာ နွေဦးကို အိမ် ဝယ်ပေးပြီး နေခိုင်းပါတယ်"

စစ်ပိုင်မှာ ကောင်မလေး အသေအချာ ပြောပြနေ သဖြင့် မယုံလို့မရဘဲ ဖြစ်နေသည်။ ဒါဆို အသိသာကြီးပဲပေါ့။ ပြည့် ကွယ်ရာမှာ ရှုပ်တာ အသိသာကြီးပေါ့။

"သူ မပြောဘူးလား၊ သူ့မှာ စေ့စပ်ထားတဲ့ ချစ်သူရှိတယ် ဆိုတာ။ ဟာ ... ဟာ ... နေဦး၊ ညည်းကိုယူတာ သူ မနော်နဲ့ မစေ့စပ်ခင်ကပေါ့၊ ဘာလို့ဆို ကလေးပဲ နှစ်နှစ် ရှိနေပြီ။ ညည်းတို့ အိမ်ထောင်သက်က သုံးနှစ်ရှိရော ပေါ့"

ဘိုဘိုက သူ့ဘာသာမေးပြီး သူ့ဘာသာ အဖြေထုတ် လျက် ဆက်ပြောပါသည်။

"အစ်ကိုပြည့်က ဘာမှကိုမပြောဘူး။ သူ့မိဘတွေ အကြောင်း ပဲပြောတယ်၊ အမေက သဘောတူနိုင်မှာ မဟုတ်တော့ တဖြည်းဖြည်းမှ ပြောယူမယ်၊ တဖြည်းဖြည်းမှ နွေဦးတို့ ကို ရန်ကုန် ခေါ်မယ်လို့ပဲ ပြောတယ်"





"အလကား ဒီကောင်။ ညည်းကို ဘယ်လိုလုပ် ရန်ကုန် ခေါ်မလဲ၊ သူ့မှာ မနော် ရှိနေတာပဲ၊ သူ့အမေ ဆိုတာက လည်း တော်ရုံတန်ရုံကို မိန်းကလေးကို ချွေးမတော်ချင် တဲ့သူ မဟုတ်ဘူး။ မနော်ကိုတောင် သဘောတူချင်တာ မဟုတ်ဘူး၊ ပြည့် တော်တော်ကြီး ပြောယူရတာ၊ ငါ ဘယ်လိုမှ နားမလည်နိုင်ဘူး။ သူ့မှာ မနော် ဆိုတဲ့ ချစ်သူ ရှိရက်နဲ့ တခြားတစ်မြို့တစ်ရွာမှာ မိန်းမသွားယူပြီး ကလေး တစ်ယောက်နဲ့ အခြေတကျ ထားထားတာ ဘာသဘော မှန်းကို မသိဘူး။ သူ ဒီလိုလုပ်ခဲ့တာဟာ ညည်းအပေါ် လည်း မတရားဘူး၊ မနော် အပေါ်လည်း မတရားဘူး။ မနော်ကဆို သူနဲ့ ရှစ်တန်းတည်းက ခင်ခဲ့တဲ့ ငယ်သူငယ် ချင်း။ သူငယ်ချင်းဘဝကနေ ချစ်သူဖြစ်လာတာလေ၊ သူတို့ တစ်ယောက်နဲ့တစ်ယောက် တော်တော်ချစ်ကြတာ ငါတို့ အသိပဲ"

ဘိုဘိုက ဒိုင်ခံပြောပါသည်။ စစ်ပိုင်ကတော့ နွေဦး လို ခုမှတွေ့ရ၊ သိရတဲ့ မိန်းကလေးကိုတော့ မသနားနိုင်။ ကရုဏာ မသက်နိုင်။ ကိုယ့်ငယ်သူငယ်ချင်းလေးဖြစ်သော စိတ်သဘောထား ဖြူစင်အေးချမ်းသည့် မနော်ကိုသာ အသနားကြီး သနားနေသည်။ ချက်ချင်းပဲ မနော်ဆီ ပြေးသွားပြီး အားပေးနှစ်သိမ့်ပေးချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့ ပြောပြောနေတဲ့ မ,မနောဆိုတာ သိပ်ကံကောင်းတာပဲနော်။ သူ့ကို ဝိုင်းသနားပြီး သူ့ဘက်က ရပ်တည်မဲ့ သူငယ်ချင်းကောင်းတွေ ရထားတယ်နော်။ နွေဦးလည်း အခုလို သိရတော့ မ,မနောကို အားနာမိပါတယ်၊ နွေဦးလည်း တကယ်ပါ၊ မနော ဆိုတဲ့ နာမည်ကို အခုမှပဲကြားဖူးတာပါ။ သူ့မှာ အရင်ရည်းစား ရှိပြီးမှန်း သိရင် သူ ရည်းစားစကား ပြောလာတုန်းက လက်မခံဘဲ နေမိမှာပါ။ အခုတော့ နွေဦးလည်း ဘယ်သိမလဲ၊ မိန်းကလေးပီပီ ကိုယ့်လို စတိုးဆိုင်အရောင်းစာရေးကို ဆိုင်ပိုင်ရှင်သူဌေးသားက သဘောကျလာတယ်ဆိုတော့ ကျေနပ်သာယာမိပါတယ်၊ ခေါင်းထဲမှာ သိပ်မစဉ်းစားမိဘဲ လက်ခံမိပါတယ်၊ အဲဒါ အမှန်အတိုင်း ပြောတာပါ။ ရုပ်ချောပြီး ချမ်းသာတဲ့ သူဌေးလေးတစ်ယောက်နဲ့ လက်တွဲရမှာဟာ Fairytale ပုံပြင်တွေထဲကလိုပဲ ဆိုပြီး ဘယ်မိန်းကလေးမဆို လက်ခံမိမှာပါ"

စစ်ပိုင်သည် အကြောင်းစုံလည်း သိရပြီးပြီဖြစ်၍ နွေဦး အပေါ်လည်း သိပ်အမြင်မကြည်တာတွေ မဖြစ်တော့ပါ။ သို့သော် စိတ်ထဲမှာတော့ သနားလို့ မရသေးတာ အမှန်ပင်။





"အစ်ကိုပြည့် ဘယ်လိုဆုံးသွားတာလဲ၊ သေသေချာချာ ပြောပြပါဦး။ ဖုန်းထဲမှာတုန်းက အက်ဆီးဒင့်နဲ့ ဆုံးတယ်ပဲ သိရတယ်၊ ဘယ်လိုအက်ဆီးဒင့်လဲဟင်"

"ဆိုင်ကယ်လ်မှောက်တာလေ"

"ဟင် ... ဟုတ်လား၊ အစ်ကိုပြည့်က ဆိုင်ကယ်လ်စီးတယ်လို့ တစ်ခါမှ မကြားဖူးဘူး"

"ဟုတ်တယ်၊ ဒီကောင် လွန်ခဲ့တဲ့ ခြောက်လလောက်ကမှ ဘာအရူးထတယ် မသိပါဘူး။ ဆိုင်ကယ်လ် ဝယ်စီးတယ်၊ ဆိုင်ကယ်လ် ဆိုတာက ထိမိခိုက်မိရင် အန္တရာယ်များတယ်ဆိုပြီး သူ့မိဘကရော မနောကရော ဝိုင်းကန့်ကွက်တာ နားမထောင်ဘူး။ မြို့ပြင်ထွက်ထွက်ပြီး ဆိုင်ကယ်လ်အပျော်စီးတာလည်း ခဏခဏလုပ်တယ်၊ ထွက်တိုင်းလည်း ငါတို့ပါတဲ့အခေါက်လည်း ရှိတယ်၊ မပါတဲ့အခေါက်လည်းရှိတယ်။ ငါတို့ကိုယ်တိုင်လည်း သူပေးစီးလို့ သူ့ဆိုင်ကယ်လ်ကို ယူစီးကြ၊ စတန့်မောင်းကြနဲ့ လုပ်ဖူးတယ်ပေါ့ဟာ၊ တောက်လျှောက်စီးလာတာ ဘာမှမဖြစ်ဘူး။ အခု နောက်ဆုံးတစ်ခေါက်ကျမှ သူ့ဆိုင်ကယ်လ် ဘရိတ်ဘာဖြစ်သွားတယ် မသိဘူး။ ဘရိတ်နင်းမရဘဲ အရှိန်မသတ်နိုင်ဘဲ လမ်းဘေးချော်ပြီး မှောက်လဲသွားတာ။ ငါနဲ့ စစ်ပိုင်ရှေ့မှာတင် လဲသွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ချက်ချင်း ဆုံးသွားတာလား"

"မဟုတ်ဘူး၊ ဆေးရုံကို အချိန်မီ ခေါ်သွားနိုင်ခဲ့တယ်၊ ဒါပေမဲ့ ဆေးရုံရောက်တော့ ခေါင်းကိုက်တယ်၊ ခေါင်းမူးတယ် ဖြစ်ပြီး ပျို့လိုက် အန်လိုက်၊ သတိပြန်လစ်လိုက်၊ တက်လိုက်၊ သတိပြန်ရလိုက် ဖြစ်တာ နေ့တစ်ဝက်လောက် ခံလိုက်ရတယ်၊ ဆရာဝန်တွေပြောတော့ ဦးနှောက်ထဲမှာ သွေးယိုစီးတာတဲ့။ ခေါင်းပေါက်ပြီး သွေးကအပြင်မထွက်ဘဲ အတွင်းမှာ ခဲသွားတာပေါ့၊ အဲဒီလိုဖြစ်ပြီး နောက်ဆုံးကျဆုံးသွားတယ်"

နွေဦးသည် အခုလို အသေအချာကြားရမှပဲ တရှုံ့ရှုံ့ စ,ငိုလေသည်။ ဘိုဘိုမှာ မဆီမဆိုင် ပြေည့်ရဲ့သားလေးကိုပဲ အလိုလိုသနားပြီး အမေငိုတာကို ဘာမှမသိနားမလည်စွာ ငေးကြည့်နေသည့် သားလေးကို အသာထွေးပွေ့ထားမိသည်။

"နွေဦး ဘာလုပ်ရမှန်း မသိပါဘူး အစ်ကိုတို့ရယ်၊ နယ်က အိမ်လေးရောင်းပြီး ရန်ကုန်တက်လာ၊ နွေဦး အလုပ်လုပ်ရင်လည်း နွေဦးလို ဘွဲ့တောင်မရဲတဲ့ လူတစ်ယောက်က ဘယ်လိုအလုပ်မျိုး ရမှာမို့လဲ။ မြို့မှာလည်း အစ်ကိုပြည့် မရှိတော့ရင် ဆက်မနေချင်ဘူး။ အစတည်းကကို သူတို့က





နွေဦးကို အစ်ကိုပြည့် အတည်ယူမှာ မဟုတ်ဘူး။ အပျော်မယားအဖြစ် ထားတာလို့ အပြောခံနေရတာလေ၊ အစ်ကိုပြည့် သေသွားလို့ ဒုက္ခရောက်ပြီး ကျန်ခဲ့ရင် ပိုပြောလို့ကောင်းပြီပေါ့။ တကယ့်သူဌေးကြီးတွေရဲ့ ချွေးမအဖြစ် အသိအမှတ်ပြု မခံရလို့ အခုလို ဒုက္ခရောက်ပြီး ကျန်ခဲ့ရတာပေါ့လို့ ဝိုင်းအထင်သေးကြမှာ မခံချင်ဘူး။ ဒါကြောင့် နွေဦး ရန်ကုန်ကို အပြီးထွက်လာချင်တာပါ။ ပြီးတော့ သားလေးကိုလည်း အဘိုးအဘွားက အသိအမှတ်ပြုပြီး သူ့အတွက် ရှေ့ရေးစိတ်ချရအောင် စရိတ်လေး ဘာလေးပေးရင် ကျေနပ်ပါပြီ။ ကျန်တာ နွေဦး ဘာမှကြီးကြီးမားမား မမက်ပါဘူး၊ တကယ်ပြောတာပါ၊ နွေဦး သားလေးအတွက်ပဲ စိတ်ပူတာပါ"

စစ်ပိုင်သည် နွေဦး စိတ်ထဲမှာ တကယ်ပြောနေသလား ဟန်ဆောင်နေသလားလို့ အကဲခတ်ရင်း ...

"ကဲ ... ဒီတော့ ညည်း ဘယ်လိုပုံစံနဲ့ ဝင်တွေ့ချင်လဲ၊ ခုလောလောဆယ် တွေ့ချင်လား၊ တွေ့ချင်ရင်တော့ ခေါ်သွားပေးနိုင်တယ်၊ ဒေါ်ဆွေစင် လက်ခံ,မခံတော့ အာမခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုပြည့် အဖေကို အရင်တွေ့ရင်ရော"

"ငါတော့ သိပ်မထင်ဘူး၊ ပြည့်အဖေက သိပ်အေးတာ။ မိန်းမ အစီအစဉ်ဆို ဘယ်တော့မှ မငြင်းတဲ့ ယောက်ျားမျိုး။ သူ ဦးဆောင်တာက စီးပွားရေးလုပ်ငန်းတွေပဲ ဦးဆောင်တာ ကျန်တဲ့ လူမှုရေး၊ အိမ်တွင်းရေးတွေဟာ ဒေါ်ဆွေဇင့် လက်အောက်မှာချည်းပဲ။ ဒေါ်ဆွေဇင့်ကို ကျော်ပြီး အဲဒီ ကိစ္စတွေမှာ သူက ဆုံးဖြတ်လိုက်တာလည်း တစ်ခါမှလည်း မရှိဖူးဘူး"

စစ်ပိုင်က ပြည့်ဖခင် ဦးအောင်ဖြိုး အကြောင်း ပြောပြလိုက်တော့ နွေဦး မျက်နှာမှာ စိတ်ညစ်သွားဟန် အထင်းသား တွေ့ရသည်။

"နွေဦး ချက်ချင်းကြီး လိုက်မတွေ့ရဲဘူး၊ အစ်ကိုတို့ ကူညီ မလားဟင်၊ နွေဦးတို့အကြောင်း ဒေါ်ဆွေဇင့်ကို ပြောပေး နိုင်မလား"

"အား ... ဒါတော့"

စစ်ပိုင်က ငြင်းတော့မလို ပြင်ပေမယ့် ဘိုဘို့တစ် ယောက်ကတော့ဖြင့် စေတနာတွေ ကရုဏာတွေ ရေစီးကမ်းပြို လိုက်လျက် အလွယ်တကူပဲ ကတိပေးပြီးနေပြီ။





"ငါတို့အားလုံး စုပြီးတိုင်ပင်ကြတာပေါ့၊ ညည်းကို ဘယ် လိုကူညီပေးရမလဲဆိုတာ ဆွေးနွေးကြည့်ကြတာပေါ့"

ဟူသော ကတိစကားကြောင့် စစ်ပိုင်မှာ မနေ့ကို ဘယ်လိုရင်ဆိုင်ရမလဲ ဆိုတာသာ အရင်ဆုံး ခေါင်းထဲရောက်လာ တော့လေသည်။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၄

"မနော အိမ်ကိုပဲ ဖိတ်လိုက်ပါ"

"ဟာ ... မနော၊ နင် အဲဒီလောက် ဟန်ဆောင်မကောင်းနဲ့လေ၊ နင့်စိတ်ထဲမှာ ရှိတဲ့အတိုင်းပဲပြော၊ ငါတို့ နင့်ဘက်ကရပ်မယ်"

စစ်ပိုင်၏အပြောကို လင်းရိပ် တစ်ယောက် ဖြုံးထေ့ထေ့ကြည့်ပြီး ဟန်ပါပါ ပခုံးတွန့်နေလေသည်။ မနောက သူ့အိမ်လာရင် စီးကရက်မသောက်နဲ့ မှာထားသဖြင့် သူသောက်မလို့ ထုတ်ထားမိသော စီးကရက်ကို မသောက်ဖြစ်သေးဘဲ လက်ညှိုးနှင့် လက်ခလယ်ကြားတွင် လှည့်ပြီးကစားနေမိသည်။ လင်းရိပ်နဲ့ မနောက သိပ်ပြီးမျက်နှာကြော မတည့်လှပေမဲ့ သူငယ်ချင်းအရေးကိစ္စ တိုင်ပင်ဆွေးနွေးစရာ ရှိလျှင်တော့ လင်းရိပ်လည်း သီးခြားမနေနိုင်ပါ။ ချိန်းတာနဲ့ ရောက်လာပေးမိပါသည်။



"ရပါတယ်၊ မနော ဘာလို့ လက်မခံနိုင်ရမှာလဲ၊ အခုလို အခြေအနေမှာဆို မနောဟာ နွေဦးထက်တောင် ကိုပြည့်နဲ့ ပတ်သက်သူ ဖြစ်နေပြီလေ၊ စဉ်းစားကြည့်ပါလား၊ တကယ်ဆို အဟင်း ... ပြောရရင် ကောင်းတော့ မကောင်းပါဘူး။ ကိုပြည့်သာ အခုလို မသေခဲ့ရစ် သူနဲ့ မနောက လက်ထပ်ကြတဲ့အဖြစ်ကို ရောက်သွားမှာလေ၊ အဲဒီကျရင် စဉ်းစားကြည့်။ ဘယ်သူက နံပါတ်တစ်လဲ။ ဘယ်သူက နံပါတ်နှစ်လဲ"

"ဟာ ... မနောရာ"

စစ်ပိုင်ရော ဘိုဘိုပါ စိတ်မကောင်းဖြစ်ပြီး ထိုသို့ ရေရွတ်ကြပါသည်။

"ကလေးက ကိုပြည့်နဲ့တူလား"

ဟန်နီက စိတ်ဝင်တစား မေးပါသည်။

"တူပါတယ်၊ ငါတို့အမြင်မှာတော့ တူတယ်ပဲ မှတ်ချက်ချနိုင်တယ်။ ဒေါ်ဆွေဇင်တို့ မြင်ရင်တော့ ပြည့်ငယ်ငယ်ကပုံနဲ့ တူတယ်တွေ ဘာတွေ ပြောမလား မသိဘူး"

"ပြည့် မိဘတွေမှာ ဒီသားတစ်ယောက်ပဲရှိတာ၊ သူ့သားရဲ့သွေးရှာ ကျန်ခဲ့တယ်ဆိုတော့ လက်ခံသင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လင်းရိပ် ဝင်ပြောလိုက်သော စကားမှာ ဘာမှအမှား မပါပေမဲ့ ကျန်တဲ့သုံးယောက်ကတော့ လင်းရိပ် ဒီလိုပြောတာကို အပြစ်ကြီးကြီးမားမား လုပ်မိသူအလား ဝိုင်း၍ မျက်မှောင်ကြုတ် ပြကြ၊ မျက်နှာရိပ် မျက်နှာကဲတွေ ပြကြနှင့် မနော စိတ်မကောင်း ဖြစ်သွားမှာ စိုးရိမ်ကာ ဝိုင်းဟန့်ကြလေသည်။

"မနော ... နင် တကယ်ပြောတာလား၊ သူ့ကို နင့်အိမ် ဖိတ်မလို့လား"

"ဖိတ်လိုက်ပါ ဟန်နီ။ ဒါတွေ ဖြစ်လာပြီးမှ ဘာတတ်နိုင်တော့မလဲ။ သေတဲ့သူက သေပြီးပြီ၊ ကျန်ရစ်ခဲ့တဲ့သူတွေက ဘာကြောင့် အာဃာတတွေထားပြီး မုန်းနေတော့မလဲ။ သူ လုယူတာလည်း မဟုတ်ဘူး။ သူ့မသိလို့ လက်ခံလိုက်မိတဲ့ အဖြစ်အပျက်ကို မနော ယုံပါတယ်လေ။ နယ်မြို့တစ်မြို့မှာ အမေမုဆိုးမကြီးနဲ့နေတဲ့ မိန်းကလေးက သူတို့မြို့မှာ စုပါမားကပ်ကြီး လာဖွင့်တဲ့ ရန်ကုန်က သူဌေးသားအကြောင်း ဒီ့ထက်ပိုပြီး ဘာများစုံစမ်းနိုင်မှာမို့လဲ။ အဓိက, ကတော့ ကိုပြည့်မှာသာ အပြစ်ရှိတာပါ။ သူ မနောကို မချစ်တော့ရင် မချစ်တော့ဘူးပြောပြီး လမ်းခွဲပေါ့။ နွှေဦးကိုပဲ နောက်မှတွေ့ရပေမဲ့ ပိုချစ်မိလို့ နွှေဦးကိုပဲ လက်တွဲချင်တယ်ပြောပြီး မနောကို လမ်းခွဲလိုက်ရင် ရတာပဲ။





အဲဒီလို မလုပ်ခဲ့ဘဲ ဟိုဘက်ကိုလည်း မလွှတ်၊ ဒီဘက်ကိုလည်း မပြတ်ခဲ့တော့ ကျန်ရစ်ခဲ့တဲ့ မိန်းမနှစ်ယောက်မှာ ဖြေရှင်းစရာတွေဖြစ်ပြီး ကျန်ခဲ့တာပေါ့"

"မနောရယ် ... ငါသာ နင့်နေရာမှာဆိုရင် အဲဒီလိုမျိုးတွေး နိုင်ပါ့မလား မသိဘူး"

အဲဒီလို ဆွေးနွေးတိုင်ပင်ကြပြီးနောက်မှာ နွှေဦးတို့ သားအမိ မနောအိမ်သို့ ရောက်လာမည့်နေ့ကို ချိန်းလိုက်ကြပါသည်။

"မနော ဘာမှမချက်နဲ့၊ ငါတို့ အပြင်က ဝယ်လာခဲ့ပေးမယ်"

လို့သူငယ်ချင်းတွေက အလိုက်တသိ မှာသွားပေမဲ့ မနောသည် ဒီတိုင်းကြီး မနေနိုင်သဖြင့် ထမင်းတစ်အိုးချက်ထား၊ မနောလက်ရာ ကြက်သားဆီပြန်ဟာ သူငယ်ချင်းအုပ်စုကြား မှာမည်ကြီးလှတာမို့ ကြက်သားဆီပြန်တစ်အိုး ကောက်ချက်ထားနှင့် တစ်မနက်လုံး စိတ်ကူးပေါက်ရာ လျှောက်လုပ်ထားမိပါသည်။

သူငယ်ချင်းတွေရှေ့မှာသာ ဟန်ဆောင်ပြရပေမဲ့ မနောသည် တကယ့်တကယ်ကျတော့ နွှေဦးကို ရင်ဆိုင်ရဖို့ စိတ်ထဲမှာ တစ်ပြန်စိုးရွံ့နေသည်။ သူက တရားဝင်ပိုင်ဆိုင်သူ၊ သူ့မှာ ကိုပြည့်ရဲ့သွေးသားကို ပိုင်ဆိုင်ထားသူ၊ သူ့ကို ကိုပြည့်က



www.burmeseclassic.com

www.burmeseclassic.com



ပိုချစ်ရင် ချစ်ခဲ့တာ ခံရမဲ့သူ စသဖြင့် မိမိကိုယ်ကို သိမ်ငယ်စိတ်ပြန်ဝင်လျက် ရင်ဆိုင်ရမှာပင် စိုးရွံ့နေမိတာမျိုး ဖြစ်ပါသည်။

အရင်ဆုံး ရောက်လာသူမှာ လင်းရိပ် ဖြစ်နေသည်။ မနောတို့၏ ကန်ထရိုက်တိုက်ခန်းမှာ အောက်ဆုံး လှေကားထစ်တွင် သံပန်းတံခါးဖြင့် သော့ပိတ်လေ့ရှိပေမဲ့ မနက် နေ့လယ်နဲ့ ညနေပိုင်း ခြောက်နာရီလောက်ထိတော့ တံခါးဖွင့်ထားသည်။ ညရောက်မှ ကြိုတဲ့သူ သော့ပိတ်သွားတတ်လေရာ အဲဒီလိုညရောက်မှ အိမ်လာလည်သူတွေကတော့ မိမိလာလည်ရာအထပ်ကို အောက်ကကြိုးဆွဲခေါ်ရသည်။ အိမ်ရှင်က အောက်ဆုံးထပ် လှေကားတံခါးသော့ကို ဖွင့်ပေးမှပဲ ဝင်လာလို့ရပါသည်။

အခုတော့ မနက်ပိုင်း ဆယ်နာရီလောက် အချိန်မို့ အောက်ထပ်လှေကားသော့လည်း ဖွင့်ထားပြီး ဖြစ်လေရာ လင်းရိပ်တက်လာခဲ့ပြီး မနော၏ အခန်းတံခါးဘဲလ်ကို နှိပ်မှပဲ မနောက အတွင်းတံခါး ဖွင့်ကြည့်မှပဲ လင်းရိပ် ရောက်လာကြောင်း သိရပါသည်။

"ဟဲ့ ... နင် အရင်ရောက်လာပါလား"

"ဟုတ်လား"

"ဘာ ... ဟုတ်လားလဲ၊ နင် စစ်ပိုင်တို့နဲ့ ချိန်းပြီးလာမယ်ထင်လို့"



"မသိဘူးလေ၊ ကြားလိုက်တာတော့ မနက်စာ ထမင်းစားချိန် မတိုင်ခင် ဟိုသားအမိတွေ ခေါ်လာမယ်ကြားလိုက်လို့ ဆယ်နာရီလောက်တော့ ရောက်ရမယ် ထင်လို့ပါ"

"စောစော ရောက်လာတော့လည်း ကိစ္စမရှိပါဘူး၊ နင်ပန်းကန်တွေ ဝိုင်းကူချပေးလို့ ရတာပေါ့"

"ပြောပါ၊ ရပါတယ်၊ ငါ ဘာကူလုပ်ပေးရမလဲ ပြောသာပြော၊ ငါ့ထိုင်နေဖို့လာတာ မဟုတ်ဘူး၊ ငါလည်း ဘဲကင်တစ်ကောင် ဝင်ဝယ်လာသေးတယ်၊ နင် ဘာတွေချက်ထားတာလဲ၊ မွှေးလို့ပါလား"

"ကြက်သားဆီပြန် တစ်ခွက်တော့ ချက်လိုက်ပါတယ်လေ၊ မနောက အိမ်ရှင်ဖြစ်ပြီး ဘာမှချက်မထားမိရင် သူ့အပေါ် မနာလို ဝန်တိုလို့ တမင်လုပ်တယ် ထင်မှာစိုးစေယ်"

မနော ပြောလည်းပြောရင်း လက်သုတ်ပဝါအသစ်ထုတ်သလိုလို၊ ဘာရယ်လိုလိုဖြင့် တစ်ဖက်လှည့်သွားကာ မီးဖိုချောင်ရှိ နံရံကပ်ဗီရိုလေးကိုဖွင့်ပြီး ဟိုရှာဒီရှာ လုပ်နေသည်။

လင်းရိပ်သည် သူနဲ့ မနောဟာ သိပ်ပြီးရင်းနှီးလှသာ မဟုတ်၊ သူငယ်ချင်းအုပ်စုထဲမှာ အနေအစိမ်းဆုံးလည်း ဖြစ်ခဲ့ပေမဲ့ အခုလို အခြေအနေမှာကျတော့ သူသည် မနေ့ကို ဂါထာသက်ပြီး သနားမိနေသည်။ နွေဦး ဆိုသော မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



ဟာ ကလေးတစ်ယောက်နဲ့ ဘယ်လောက်ပဲ သနားစရာကောင်းနေသည်ဟု ပြောပြော လင်းရိုပ်ကတော့ မနောကိုသာ သနားသည်။ ပြီးတော့ အရာရာကို မပြတ်မသား လုပ်ခဲ့သော အပြစ်မရှိသော မိန်းကလေးနှစ်ယောက်ကို စိတ်ဒဏ်ရာတွေ ပေးခဲ့သော ပြေည့်ကိုလည်း ဒေါသဖြစ်မိသည်။

လင်းရိုပ်သည် အများအမြင်မှာတော့ ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် လွယ်လွယ်ကူကူ ပြောင်းသူ အချစ်ကို အလေးမထားသူဟု အထင်ခံရပေမဲ့ သူ့စိတ်ထဲမှာတော့ ဖြိုးပြည့်လျှို့လို မလုပ်ချင်ပေ။ ထားပါ၊ ဒီမိန်းကလေးကို အရင်ချစ်တယ်ထင်ပြီးမှ သူ့ထက်ချစ်ရသူတွေ့ပြီး အဲဒီနောက်လူကိုသာ ပိုရွေးချင်တယ်ဆိုရင် ပထမမိန်းကလေးကို ပြတ်ပြတ်သားသား သံယောဇဉ်ဖြတ်မှာ ဖြစ်သည်။ အဲဒီလို ပြတ်ပြတ်သားသား ပြောပြီး ဖြတ်တောက်လိုက်လို့ ထိုပထမမိန်းကလေး ခံစားရတာသည် ကာလတစ်ခုကြာလျှင် မေ့ပျောက်သွားနိုင်ပါလိမ့်မည်။ အခုလို ဟိုဘက်ရော ဒီဘက်ပါ မပြတ်မသားတွေ ထားခဲ့တော့ နှစ်ဖက်စလုံး ဘယ်လောက်ထိ ခံစားရမလဲဆိုတာ ဘေးလူတွေပင် ရိပ်မိနိုင်ပါသည်။

လင်းရိုပ်သည် အသံတိတ်နေသော မနော၏နောက်ကျောပြင်လေးကို စိုက်ကြည့်ရင်း ...





"မနော ... နင် မျက်ရည်ကျနေတာလား"

ဟု မနေနိုင်၊ မထိုင်နိုင် မေးမိလေသည်။

"မနောမှာ မျက်ရည်ကျစရာ မရှိတော့သလိုပဲ၊ ရင်ထဲမှာ ခံစားနေရပေမဲ့ ဒီမှာ ကြည့်ပါလား၊ မျက်လုံးထဲမှာ မျက်ရည်တွေ မရှိတော့ဘူး"

မနောသည် ဖြုန်းဆို ဆတ်ခနဲ ဒီဘက်ပြန်လှည့်လာ[ပြီး] သူမ၏မျက်လုံးတွေကို လက်ညှိုးညွှန်ပြလိုက်ပါသည်။

လင်းရိုပ်လည်း အင်မတန် လှပပါသည်ဟု နာမည်ကြီးလှသော မနော၏ မျက်ဝန်းနက်နက်တွေကို အမှတ်တမဲ့ ကြည့်လိုက်မိသည်။ မနောသည် ရုပ်အချောအလှကြီးထဲက မဟုတ်ဆမဲ့ မနော မျက်နှာမှာတော့ နာမည်အကြီးဆုံးက မျက်လုံးတွေဖြစ်သည်။ မျက်လုံးအိမ်မှာ ကြည်လင်ရွှန်းလက်နေကာ မျက်သားအပြာအတွင်း မျက်ဆံနက်နက်၊ မျက်တောင်ကော့ကော့ရှည်ရှည်တွေနဲ့ ကာရံထားသည်မို့ မနောကို မြင်သူတိုင်း ပထမဦးဆုံး သတိထားမိစေတာက အဲဒီမျက်လုံးလှလှလေးတွေပဲ ဖြစ်ပါသည်။

လင်းရိုပ်ကလည်း မနောကို မေ့ပြီး စိုက်ကြည့်မိသလို မနောကလည်း လင်းရိုပ်ကို ယောင်၍ငေးကြည့်နေမိလေရာ သူတို့မျက်လုံးချင်း အကြာကြီး ဆုံသလိုဖြစ်လျက် မှင်တက်နေမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ မနောကပဲ အရင်ဆုံး သတိရကာ မျက်လုံး အကြည့်တွေကို တစ်ဖက်သို့လွှဲရင်း ...

"အဲဒီသားအမိလာရင် နင် ကြည့်ထိန်းရမှာက ဟန်နီပဲ၊ သူကတော့ လုံးဝ လက်မခံချင်ဘူး။ မကျေညီချင်ဘူးလို့ ကြေညာထားတဲ့လူလေ"

"အေး ... အဲဒါ နင်သိပါတယ် မနောရာ၊ ကိုယ့်သူငယ်ချင်း ကွယ်ရာမှာ သူ့အကြောင်း ပြောတာတော့ မဟုတ်ပါဘူး။ နင်ရော ငါတို့ရော ရိပ်မိခဲ့ကြပြီးသားပါ၊ ဟန်နီက ပြေည့်ကို မျှော်လင့်ခဲ့ဖူးတယ်လေ၊ ပြေည့် နင့်ကိုရွေး သွားတော့ သူ တော်တော်အသည်းကွဲသွားဖူးတယ်၊ ဒါပေမဲ့ သူက သူငယ်ချင်းကောင်း ပီသခဲ့ပါတယ်"

"ဟုတ်တယ်၊ အဲဒါ မနော ရိပ်မိပါတယ်"

"အချစ်ကြီးတော့ အမျက်ကြီးတယ် ပြောမလား၊ ဘာလား မသိဘူး။ အဲဒါနဲ့ ဆိုင်သလားတော့ မသိဘူး၊ ဟန်နီက နွေဦးအကြောင်း စ,ကြားကတည်းကကို ကြိုမုန်းနေတာ။ ယောကျ်ားတစ်ယောက်ဟာတဲ့ မိန်းကလေးဘက်က လိုလား ဟန်သိသိသာသာ ပြလို့သာ သူ့မှာရှိပြီးသား ချစ်သူကို တောင် ခေါင်းထဲမထည့်တော့ဘဲ အဲဒီမိန်းကလေးဘက် ပါသွားတာတဲ့၊ သူက ဒီကိစ္စမှာ နွေဦးပဲ အပြစ်ရှိတယ်လို့ ထင်နေတာလေ"





"မနောကတော့ သူ့ကိုပဲ အပြစ်ပုံမချချင်ပါဘူး။ ကိုပြည့် မနောကို မချစ်နိုင်တော့ရင်လည်း မချစ်နိုင်တော့ဘူးပြော ပြီး လမ်းခွဲရောပေါ့လို့ စိတ်ထဲမှာ တွေးနေမိတယ်"

လင်းရိပ်သည် မနော မျက်နှာညှိုးညှိုးကို ငေးကြည့် ...

"မနော ... အခုလိုမျိုး သိလိုက်ရတော့ ပြေည့်ကို ချစ်နေ သေးရဲ့လားဟင်"

ဟု ဘာရယ်မဟုတ် မေးမိပါသည်။

မနောက ခပ်အက်အက်ရယ်လျက် ...

"အမှန်အတိုင်းပြောမယ်၊ အခုချိန်မှာ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုခံစားနေမိမှန်းတောင် မသိတော့ဘူး၊ လူကထုံနေ တယ်"

ထိုအချိန်တွင် တံခါးဘဲလ်သံ မြည်လာပါသည်။ မနောမျက်နှာမှာ တံခါးဘဲလ်သံ ကြားတာနဲ့ တုန်လှုပ်နေလျှင် လင်းရိပ်လည်း လက်အသာကာပြလိုက်ပြီး ...

"နေ ... နေ ... နင်ထိုင်နေပါ၊ ငါပဲသွားပြီး တံခါးဖွင့် ကြိုလိုက်ပါ့မယ်"

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



## ~ အခန်း ၅ ~

မနောသည် တတောက်တောက် ပြေးဆော့နေသေ

ကလေးလေးကို လိုက်ကြည့်နေမိသည်။ ကလေးက အငြိမ်တ
ချက်မှမနေဘဲ မနော၏ စီဒီစင်မှ စီဒီချပ်တွေ တစ်ချပ်ချင်းဆွဲ
လိုက်၊ ညှော်ခန်းစားပွဲပုလေးပေါ်မှာ ညီညာစွာ ထပ်တင်ထားသော
ဂျာနယ်၊ မဂ္ဂဇင်းတွေ ဆွဲချပြီးဖွလိုက်၊ ရှိုးကေ့(စ်)ဗီရိုလေး၏ မှ
ကို လက်ဖြင့် တဗုန်းဗုန်းပုတ်လိုက်၊ မျက်နှာနဲ့ကပ်လိုက်လုပ်
အတွင်းရှိ လှုပ်တုတ်လှုပ်တုတ် အရုပ်သေးလေးတွေ၊ ခွက်ပုံ မှ
ပေါင်လေးတွေ၊ မွေးပွအရုပ်လေးတွေကို အသည်းယားပြီး မွေ
ဟန်ပြလိုက်၊ တခစ်ခစ်ရယ်လိုက် လုပ်နေသည်။

ကလေးက ချစ်စရာကောင်းလှပြီး မျက်နှာလည်
ချိုလှပေမဲ့ ထူးဆန်းတာက မနောတို့အုပ်စုဟာ ထိုကလေးေ



ကိုယ့်အနား ကပ်လာရင်တောင် တီတီတာတာ မရှိကြဘဲ မသိ
သိုက် မသိဘာသာ လုပ်ပြနေကြတာပင်။ အဲ ... ဘိုဘိုက လွဲရင်
ဆိုလေ။ ဘိုဘိုကတော့ ဘယ်ရှေးရေစက်ကြောင့်ရယ်မသိ။ ကလေး
ကို အတော်လေးချစ်နေကာ ကလေးလေး မတော်တဆ အနည်းငယ်
သဲပြုသွားရင်တောင် အမေက မထ,ရသေး။ သူက သူ့ခန္ဓာကိုယ်
ခ,ဝကြီးနဲ့ မလိုက်စွာ ဖြုန်းခနဲ၊ ဆတ်ခနဲထပြီး ပြေးချီပြီးနေပြီ။

ဘိုဘိုက အားလုံးထဲမှာ ထိုသားအမိကို မျက်နှာသာ
အပေးဆုံး၊ အကြည်ဆုံး ဖြစ်နေလေရာ နွေဦးကလည်း ဘိုဘို့ကို
ချွဲ အားကိုးပြီး ဘာပဲပြောပြော ဘိုဘို့ကိုသာ ဦးတည်ပြောနေဟန်
သွ တွေ့နေရသည်။

"နွေဦး အဖြစ်ကတော့ အဲဒါပါပဲ၊ နွေဦးမှာ မိဘလည်း
မရှိတော့ဘူး၊ ဆွေမျိုးသားချင်းတွေကလည်း အနေဝေးကြ
တော့ ဒီကအစ်ကို အစ်မတွေကိုပဲ အားကိုးပြီး ရန်ကုန်
ဆင်းလာတာပါ။ ဆင်းလာရင်း တစ်ခါတည်း အိမ်ကိုပါ
ရောင်းမယ်လို့ ဆိုင်းဘုတ်ဆွဲထားခဲ့တယ်၊ နွေဦး မြို့မှာနေ
ရင် မဖြစ်တော့ဘူးလေ၊ အစ်ကိုပြည့်က တရားရုံးမှာ
လက်မှတ်ထိုးပြီး လက်ထပ်ပေးထားပေမဲ့ ရန်ကုန်လည်း
တစ်ခါမှ ခေါ်မသွားဘူး၊ မိဘတွေနဲ့လည်း ပေးမတွေ့ဘူး၊
ညှော်ခံပွဲတောင် ကောင်းကောင်းမလုပ်ပေးဘဲ တစ်ဆိုင်လုံး

www.burmeseclassic.com

www.burmeseclassic.com



က ဝန်ထမ်းတွေကို မနက်စာ ဆိုင်မှာလိုက်ကျွေးပေးပြီး ပွဲလုပ်ပေးရုံလေးဆိုတော့ မြို့ကလူတွေက နွေဦးကို အမြှောင် မယားလောက်အဆင့်ပဲ ထားတယ် ထင်နေကြတာလေ။ အစ်ကိုပြည့် သေသွားလို့ နွေဦး ဆက်နေ,နေရင် သူတို့ထင် တဲ့အတိုင်း ဖြစ်လာသလို ဖြစ်မှာစိုးလို့ နွေဦး ဘာကိုပဲ ရင်ဆိုင်ရပါစေ၊ ရန်ကုန်မှာပဲ လာရပ်တည်တော့မယ်လို့ ဆုံးဖြတ်ထားပါတယ်"

နွေဦးက သူမအကြောင်းကို ထပ်၍ ပြည့်ပြည့်စုံစုံ လေး အားလုံးဆုံတုန်း ပြောပြလိုက်လေသည်။ စစ်ပိုင်နဲ့ ဘိုဘို တို့ကတော့ ကြားထားပြီးသား ဖြစ်ပေမဲ့ မနော၊ ဟန်နီနှင့် လင်းရိုင်း တို့ကတော့ စစ်ပိုင်တို့ ပြန်အပြောနဲ့ပဲမို့ နွေဦး ပြောသလောက် ပြည့်ပြည့်စုံစုံတော့ မရှိပါ။ အခု နွေဦး ထပ်ပြောတော့မှ ထပ်သိ ရတာတွေလည်း ရှိပါသည်။

"ကျညီတာက ဟုတ်တယ်၊ အဓိက,ကတော့ မနောကို ခွင့်တောင်းပါ။ မနောက ဒီအုပ်စုထဲမှာဆို ပြည့်နဲ့ အသက် ဆိုင်ဆုံးလူပဲ။ ငါတို့ကတော့ ဘယ်သူ့ဘက်မှ ပိုပြီးမပါချင် တော့ဘူးလေ။ အခုလိုမျိုးဆိုတော့ ညည်းလည်း ကလေး တစ်ယောက်နဲ့ ဒုက္ခရောက်ရတဲ့အဖြစ်ဆိုတော့ ပြည့်ကိုပဲ ဒေါသဖြစ်မိတယ်"



"ကိုစစ်ပိုင် ပြောတာ ဟုတ်ပါတယ်၊ နွေဦးက နောက်လူပါ။ မ,မနော စိတ်ကျေနပ်မှ အစ်ကိုပြည့် မိဘတွေကို ဝိုင်းပြော ပေးဖို့ ဆုံးဖြတ်ကြပါ၊ ရပါတယ်"

မနောသည် ထိုသို့ ကြားလိုက်ရတော့ မနေနိုင်တော့ ဘဲ ...

"ဟာ ... ဟာ ... နွေဦးလေ၊ အရင်လူတွေ နောက်လူတွေ ထည့်ပြောမနေပါနဲ့။ အမှန်အတိုင်း တွက်ကြည့်ရင် မနော က စေ့စပ်ထားရုံ အဆင့်ပါ။ စေ့စပ်တယ် ဆိုတာတောင် လွန်ခဲ့တဲ့ ခြောက်လလောက်ကမှ စေ့စပ်ဖြစ်တာပါ။ မင်း နဲ့က အဲ ... နွေဦးနဲ့က လက်ထပ်ထားတာဖြင့် သုံးနှစ်နီး ပါး ရှိရောပေါ့"

"ဒါပေမဲ့ မ,မနောနဲ့အရင် ချစ်သူဖြစ်တာ"

"အရင်တွေ့တွေ့ နောက်မှတွေ့တွေ့ သူပိုချစ်နိုင်တဲ့ မိန်း ကလေးကို နံပါတ်တစ်နေရာ ပေးလိုက်တာပါ၊ နွေဦးက သူ့ဘဝအတွက် နံပါတ်တစ်ပါ"

စစ်ပိုင်က မနောကို သနားပြီး မကြားချင်တော့ဟန် ဖြင့် ...

"ဟာ ... ကဲ ... ကဲ ... ဒါတွေ ပြောမနေနဲ့ မနော။ နင် ဘယ်လိုသဘောရလဲ၊ အားလုံးရှေ့မှာရဲရဲပြော။ ငါတို့ နင့် စကားကိုပဲ နားထောင်မယ်၊ နင်ပြောတာပဲ ကြားချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မနောသည် အကြာကြီး တွေဝေနေမိသည်။ ကိုပြည့် သားလေးကတော့ သူ့လက်ထဲမှာရှိသည့် အနီ၊ အဝါ၊ အစိမ်း၊ လိမ္မော် တစ်ကန့်စီ ခြယ်ထားသော ပလတ်စတစ်ဘောလုံးလေးကို မနောထံ လှမ်းပစ်ပေးလိုက်ရင်း ...

"ဂိုး ... ဂိုး"

နှင့် ပါးစပ်မှအော်ကာ ကစားလိုက်သဖြင့် မနောလည်း ဘောလုံးလေးကို ဖမ်းပေးလိုက်ရသည်။

ဘာအာဃာတတွေမှလဲ မထားချင်ပါဘူး၊ ဘယ်သူများတယ် မှန်တယ်လဲ မသိချင်ဘူး၊ ဘယ်သူတရားတယ်၊ မတရားဘူးလဲ စဉ်းစားမနေချင်တော့ဘူး။ အဲဒီလိုပဲ အရင်က သိပ်ချစ်ခဲ့မိတယ်ထင်တဲ့ ကိုပြည့်ကိုလည်း စိတ်ထဲမှာ ချစ်လို့လည်းမရ။ မုန်းလို့လည်းမရ။ ဝမ်းနည်းကြေကွဲနေတာတွေလည်း မရှိတော့။ လွမ်းဆွတ်နေမိတာတွေလည်း မရှိတော့။ ဖြိုးပြည့်လျှံ ဆိုသော လူတစ်ယောက်ဟာ ကိုယ်နဲ့ဘာမှ မသက်ဆိုင်ခဲ့သည့် ကိုယ့်ပတ်ဝန်းကျင်က လူတစ်ယောက်အဖြစ်သာ စိတ်ထဲမှာ အလိုလို ခံစားလာရသည်။

ဒီတော့ ဘာလုပ်ပေးရမလဲ။ သိပ်ကျိုကျိုတက်ချမ်းသာတဲ့ သူဌေးကြီးတွေရဲ့ တစ်ဦးတည်းသောသားက ကျန်ခဲ့တဲ့မျိုးဆက်သွေး ကလေးလေးကို သာမန်အညတရဘဝနဲ့ အဆုံးသတ်စေသင့်





ပါတော့မလား။ သူနဲ့ထိုက်ရင် သူ ခံစားပါစေ၊ ကိုယ့်ဘက်က တတ်နိုင်သလောက်တော့ ကူညီပေးကြည့်လိုက်ပါလို့သာ ဆုံးဖြတ်ရုံရှိတော့တာပေါ့။

"မနော မနက်ဖြန်ကျရင် ဦးအောင်ဖြိုး ဒေါ်ဆွေဇင်တို့အိမ်ကို သွားပေးပါ့မယ်"

မနော ထိုသို့ ကတိပေးလိုက်သောအခါ နွေဦးမှာ ချက်ချင်းပဲ မနော ခြေရင်းမှာ လာထိုင်ချကာ လက်အုပ်ချီတော့မလို လုပ်လိုက်သဖြင့် ...

"ဟဲ့ ... ဟဲ့ ... အမယ်လေး ဘာလုပ်တာလဲ၊ ဘာလုပ်ရပြန်တာလဲ၊ မနောကို အဲဒီလောက်ကြီး မလုပ်ပြပါနဲ့။ မလိုပါဘူး၊ ကန်တော့ဖို့ မလိုပါဘူး"

ဟု မနောမှာ လန့်ဖျပ်ပြီး ခုန်ထလိုက်မိသည်။

"မ,မနောက သဘောထား ကြီးလွန်းလို့ပါ"

"မဟုတ်ပါဘူး၊ မဟုတ်ပါဘူး၊ သဘောထားကြီးတာလည်း မဟုတ်ပါဘူး။ သေသွားပြီးပြီဖြစ်တဲ့ လူတစ်ယောက်နဲ့ ပတ်သက်ပြီး ကျန်ခဲ့တဲ့သူတွေမှာ အာဃာတတွေ မထားချင်လို့ပါ"

"နွေဦးလည်း အိမ်ရောင်းပြီး ရန်ကုန်ဆင်းလာ အခြေချမယ်သာ စိတ်ကူးတည့်သလို စီစဉ်ပေမဲ့ ရန်ကုန်မှာ ဘာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ် စ,လုပ်ရမှန်းတောင် စဉ်းစားလို့ မရခဲ့ပါဘူး။ နွေဦး ဆယ်တန်းလည်း မအောင်ခဲ့ဘူး။ အလုပ်လျှောက်ဖို့ ဘာ သင်တန်းမှလဲ မတက်ခဲ့ဖူးဘူးလေ၊ ဒီတော့ ဘယ်ကဘယ်လို စ,ရမှန်းတောင် မသိလို့ သားလေးကို အစ်ကိုပြည့်မိဘ တွေက အသိအမှတ်ပြုပြီး နည်းနည်းကူညီထောက်ပံ့ခဲ့ရင် ဆိုတဲ့ မျှော်လင့်ချက်ကို ထားမိတာပါ"

ထိုနေ့က သူငယ်ချင်း အုပ်စုကြီးရော၊ သူတို့သား အမိလေးရော မနောအိမ်မှာ တစ်နေကုန်ပင် နေကြကာ ညနေစောင်း မှပဲ ပြန်ကြသည်။

"နင် မနက်ဖြန် ပြေည့်မိဘတွေအိမ်ကို ဘယ်အချိန်လောက် သွားမလဲ"

လင်းရိပ်က ပြန်ခါနီး သတိတရ မေးသည်။

"သူတို့က တွေ့ချင်တိုင်း သွားတွေ့လို့ မရဘူး၊ ဖုန်းဆက် ရဦးမယ်လေ"

"နင် ဖုန်းဆက်လိုက်လို့ သွားရမဲ့အချိန်သိရင် ငါ့ကိုလှမ်း ဖုန်းဆက်ခေါ်လေ၊ ငါ လိုက်ပို့ပေးမယ်"

"ကျေးဇူးပါပဲ လင်းရိပ်ရယ်။ ဒါပေမဲ့ မနော တက္ကစီနဲ့ပဲ သွားမှာပါ"

"ငါ့ကို အားမနာနဲ့၊ ခေါ်ရင် ခေါ်လိုက်"





"ရတယ် ... အခုတော့ တက္ကစီနဲ့ပဲ သွားချင်လို့ပါ"

ဘိုဘိုကတော့ ကလေးကို တချီချီလုပ်လျက် ...

"ဒီအပတ် စနေဖြစ်ဖြစ်၊ တနင်္ဂနွေဖြစ်ဖြစ် ငါတို့အားလုံးနဲ့ နွေဦးတို့ သားအမိ တိရစ္ဆာန်ရုံ သွားကြရအောင်လေ။ ဘယ်လိုလဲ၊ အားလုံးလည်း စိတ်အပန်းပြေကြရတာပေါ့"

ဟု ချိန်းနေပြန်သည်။

ဟန်နီကတော့ မျက်စောင်းကြီးထိုးပြီး ...

"ဘယ်သူမှ စိတ်ပင်ပန်းနေတဲ့သူ မရှိပါဘူး"

လို့ ဘုကန့်လန့် ပြောနေပေမဲ့ ကလေးလေးဆီမှ ...

"တွားမယ် ... တွားချင်ဒယ်။ ဖေဖေ ကြောဒယ်၊ တိတ်ဆံရုံ တွားမယ်"

ဆိုသော မပီကလာ အသံကို ကြားရသည်။

နွေဦးက သူမ,သား ပြောတာကို ပြန်ရှင်းပြနေသေး သည်။

"အစ်ကိုပြည့်ကလေ သားကို တိရစ္ဆာန်ရုံ ပို့ပေးမယ်လို့ ခဏ ခဏ ပြောဖူးလို့ပါ၊ အဲဒါ သူသိနေတယ်"

"ဒါဆိုလည်း သွားကြတာပေါ့နော်၊ ဟုတ်လား မနော။ သွားချင်လား"

www.burmeseclassic.com

www.burmeseclassic.com



ဘိုဘိုက မနော့ကိုသာ ဦးတည်မေးသည်။ မနော့ဟာ စိတ်ထားနူးညံ့ပျော့ပျောင်းပြီး အာဃာတမကြီးတတ်သူမှန်း ဘိုဘို ရိပ်မိလေရာ မနော ခွင့်ပြုပြီး ခေါင်းညိတ်လျှင် အားလုံးတသီကြီး ပါလာမည်ကို သူ ရိပ်မိနေပါသည်။

"တနင်္ဂနွေမှ သွားပါ၊ မနော အလုပ်ကိုပြောထားတယ်၊ ဒီအပတ်ကစပြီး ပြန်ဆင်းပါ့မယ် ပြောထားတော့ ရက်မပျက်ချင်ဘူး၊ စနေနေ့ဆိုလည်း မနော အလုပ်ဆင်းရသေးတယ်လေ"

"အေး ... ဒါဖြင့် တနင်္ဂနွေနေ့မနက် ဆယ်နာရီလောက်ပေါ့၊ ငါတို့ လာခေါ်မယ်၊ ကျန်တဲ့လူတွေလည်း မနော့အိမ်မှာပဲ လာလူစုကြပေါ့"

အားလုံးပြန်သွားပေမဲ့ ဟန်နီကတော့ မနော့နဲ့ခဏ စကားပြောချင်သည်ဆိုကာ နေခဲ့သည်။ မိန်းကလေးချင်းမို့ အတင်းပြောချင်တာလေးတွေလည်း ရှိသေးသဖြင့် တမင်ချန်နေခဲ့ပုံရသည်။

ပန်းကန်တွေ ဆေးကြောသိမ်းဆည်းပြီးမှ သူငယ်ချင်းနှစ်ယောက်သား တီဗီရှေ့ ထိုင်ဖြစ်ကြသည်။ မိုးချုပ်ပေမဲ့ အပြန်နောက်ကျမှာ ပူစရာမလို။ ဟန်နီက မနော နေသောလမ်းမှ တစ်မှတ်တိုင် ကားစီးသွားလျှင် ရသောနေရာမှာ နေသည်မို့ မနော့နဲ့ သိပ်မဝေးလှ။





ဘတ်စ်ကားစောင့်ရတာကြာလျှင် လမ်းထိပ်က ဆိုက်ကားစီးပြီး ပြန်လို့လည်း ရသောကြောင့် ဟန်နီ အေးအေးဆေးဆေး နေနိုင်တာ ဖြစ်သည်။

တီဗီဖွင့်ကြည့်ပေမဲ့ တီဗီထဲ စိတ်မဝင်စားဘဲ ခုနက နွေဦး အကြောင်းသာ ဟန်နီက စ ပြောပါသည်။

"နွေဦးကို နင် ဘယ်လိုမြင်လဲ"

"အင်း ... မဆိုးပါဘူး၊ တော်တော် attractive ဖြစ်တယ်။ လှလည်း လှတယ်၊ သူ့ကြည့်လိုက်ရင် ကလေးတစ်ယောက်အမေလေးလို့တောင် ထင်စရာမရှိဘူးနော်"

"လည်လည်း လည်တယ်"

"လည်တယ်ဆိုရင် ဘာဖြစ်လို့ ကိုပြည့် ခြယ်လှယ်သမျှ ခေါင်းငုံ့ခံပြီး အဲဒီမြို့လေးမှာပဲ နေနေလဲ၊ တကယ်ဆို လက်ထပ်ယူပြီးကတည်းက ကိုပြည့် မိဘတွေအိမ် မရောက်ရောက်အောင် မကြိုးစားသင့်ဘူးလား"

"အေးလေ ... အဲဒါ ဘာသဘောလဲ မသိဘူး"

"ကိုပြည့်ကြောင့် ဖြစ်မှာပေါ့၊ သူ ကိုယ်တိုင်က မပြတ်မသားနဲ့"

"နင် အခုတော့ ကိုပြည့်ကို မုန်းနိုင်ပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မုန်းတာ မဟုတ်ဘူး ဟန်နီ။ ချစ်လည်း မချစ်တော့ဘူး။ မုန်းလည်း မမုန်းတော့ဘူး၊ သူနဲ့ပတ်သက်ပြီး စိတ်ထဲမှာ ဘာမှ မရှိတော့ဘူး ဗလာပဲ။ လူက ထုံထုံကြီး ဖြစ်နေတယ်"

"တကယ်ဆို ကိုပြည့် သေတာဖြင့် နှစ်ပတ်ပဲ ရှိသေးတာ နော်။ အခုလို သူ့ရဲ့လျှို့ဝှက်ချက် ဓာတ်လမ်းကြီးသာ မရှိခဲ့ရင် နင် သူ့ကို လွမ်းလို့ကောင်းတုန်း ဖြစ်နေမှာပဲ"

"အဲဒါလည်း မဖြစ်နိုင်တာမို့ စဉ်းတောင် မစဉ်းစားကြည့်မိတော့ပါဘူး၊ ခုချိန်မှာ ဘာအဖြစ်ချင်ဆုံးလဲဆိုရင် ဘာဖြစ်ချင်မှန်းတောင် မဖြေတတ်တော့ဘူး"

"ကလေးလေးကတော့ ကိုပြည့် ရုပ်လေးနော်"

"ဟုတ်တယ်၊ ကိုပြည့် အဲဒီအရွယ်က ပုံလေးတွေ ငါမြင်ဖူးတယ်။ သူတို့အိမ် သွားစာန်းက ဓာတ်ပုံအယ်လ်ဘမ်ထဲမှာ ထည့်ထားတာတွေ့လို့ ကြည့်ရဖူးတယ်။ အန်တီဆွေဇင်တော့ ကလေးမြင်ရင် လက်ခံမှာပဲ ထင်တယ်"

"မနော့ကိုပဲ မေးနေ။ နင်ကရော ဟန်နီ၊ ဘယ်လိုလဲ"

မနောသည် ရယ်မောရင်း ဟန်နီ့ကို ရုတ်တရက် စကားလွှဲပြီး မေးလိုက်လျှင် ဟန်နီ ကြောင်သွားပါသည်။ အဆက်အစပ်မရှိပေမဲ့ ဘာကိုမေးမှန်း မသိနိုင်ပေမဲ့ ဟန်နီကတော့ မနော ဘာကိုမေးချင်သလဲဆိုတာ ချက်ချင်း တန်းသိသည်။ ရှက်သလို လိုက်ရယ်ရင်းမှ ...





"ကိုပြည့် ရုတ်တရက် သေရတုန်းကတော့ နင် ခံစားရသလောက် ဟန်နီလည်း ခံစားရတာပဲလေ၊ အဲဒါ အမှန်ပဲ"

ဟု ဝန်ခံပါသည်။

"ကိုပြည့်ကို ဟန်နီ မရပေမဲ့ မနော ရသွားတော့လည်း ကျေနပ်တာပဲ။ လူဆိုတာ သူနဲ့ထိုက်ရင် ရတာပဲ၊ ငါနဲ့ မထိုက်လို့ မရတာဆိုပြီး ဖြေသိမ့်လို့ရတယ်။ နင့်ကို မနာလိုလည်း မဖြစ်ဘူး၊ အဲဒါ တကယ်ပြောတာ၊ ကိုပြည့်ကို ဟန်နီ မပိုင်ဆိုင်ရပေမဲ့ သူ့အသက်ရှင်ရက်ရှိပြီး သူချစ်တဲ့သူနဲ့ အတူတူ ပျော်နေတာကိုပဲ မြင်ချင်တာပေါ့။ အခုတော့ မသေသင့်သေးတဲ့ အရွယ်မှာ သေသွားရတော့ ဟန်နီ သိပ်နှမြောတာသပြီး ကြေကွဲရတယ်၊ ကိုယ် ချစ်ခွင့်မရလို့ အသည်းကွဲရတာထက်ပိုတဲ့ ခံစားမှုမျိုး ခံစားရတယ်"

မနောက ဟန်နီ့ ခံစားချက်ကို နားလည်ပြီး ခေါင်းအသာညိတ်နေမိသည်။

ဟန်နီကတော့ စိတ်ထဲရှိရင် ရှိတဲ့အတိုင်း ပွင့်ပွင့်ပြောသမား ဖြစ်လေသည်။

"အခုကျတော့ရော"

ဟန်နီသည် မနော အမေးကြောင့် တဟီးဟီးရယ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"နင်ကသာ ဘာမှ မခံစားရတော့တယ်၊ ဟန်နီကတော့ မုန်းလိုက်တာ တအားပဲ။ ချစ်ထားရတာနဲ့ မတန်ဘူးဆိုပြီး မုန်းရလွန်းလို့လေ၊ ခုချိန်မှာ ကိုပြည့်သာ သေရွာက ထ,လာနိုင်ပြီး ပြန်အသက်ရှင်လာရင်တောင် သူ ကြာကြာ အသက်ရှင်ရမယ် မထင်ဘူး။ ဟန်နီ မုန်းပြီး ပြန်သတ်ပစ်လိုက်လို့ သေရလိမ့်မယ် ဟား ဟား ဟား"

မနော့ပါ လိုက်ရယ်နေရင်းမှ သတိရပြီး ...

"ဘိုဘိုက ကလေးကို ချစ်တတ်လှချည့်လား၊ သူ့ ကလေး ချစ်မှန်းတောင် မသိဘူး"

"ကလေးကို ချစ်တာလား အမေကို ချစ်တာလား မသိပါဘူး မနော့ရယ်"

လို့ ဟန်နီကတော့ ပျစ်ပျစ်နစ်နစ် ဝေဖန်လိုက်သည်။

"ဟယ် ... အဲဒီလိုလည်း ဟုတ်မယ်မထင်ပါဘူး။ ဘိုဘိုက ရိုးပါတယ်"

"ရိုးပေမဲ့ နွေဦးက ယောကျ်ားတစ်ယောက် ချက်ချင်း သဘောကျစရာ ကောင်းလောက်အောင် လှနေတယ်လေ"

"ဒါဖြင့် စစ်ပိုင်တို့ လင်းရိပ်တို့ ကျတော့ရော"

"စစ်ပိုင် ... ဟန်နီ့ကို တစ်ခါက ပြောဖူးတယ်၊ သူ့သိပ်ချစ်ရတဲ့ ကောင်မလေးတစ်ယောက် ရှိတယ်တဲ့"





"ဘယ်သူလဲ"

"မပြောပါဘူးဟာ၊ ဒီကောင်က ယောကျ်ားလေးဖြစ်ပြီး မြှိစိစိ မပွင့်တပွင့်နဲ့"

"ဒါဖြင့် လင်းရိပ်ရော၊ လင်းရိပ်ဆို နာမည်တစ်လုံးနဲ့ကို နေတာ၊ တွေ့ရာနေရာမှာ ဇာတ်လမ်းတစ်ပုဒ် လုပ်ထားတဲ့ကောင်လေ"

"ဩော် ... နင်ကလည်း လင်းရိပ်မှာ ရည်းစားဒီလောက်များထားတာ။ ဒီလို ကလေးအမေ ခပ်ချောချောတော့ သူ ဘယ်စိတ်ဝင်စားပါ့မလဲ"

"ဘိုဘိုကတော့ ရုပ်ချောပြီး သဘောလည်းကောင်းပါတယ်၊ လူကသာ ဝ,နေလို့ပါ။ သူ့ဝ,တာတောင် သူ့ကစ,ရင် ကြည့်ချင်တဲ့ ကောင်မလေးတွေလည်း ရှိပါတယ်။ ဘိုဘိုကသာ ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့တာနော်"

"ဘိုဘိုနဲ့လည်း ဟန်နီ သဘောမတူပါဘူး၊ ဘိုဘိုတို့လည်း ဘာပဲဖြစ်ဖြစ် ကုန်သည်မျိုးရိုး၊ ပိုက်ဆံပြည့်ပြည့်စုံစုံထဲကပဲလေ။ ကိုပြည့်တို့ လင်းရိပ်တို့လောက်သာ မကြွယ်ဝပေမဲ့ ဘိုဘို့ အခြေအနေကလည်း မိန်းကလေး တစ်ယောက် သဘောကျစရာလေ"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းနှစ်ယောက်သား ဒီအကြောင်းတွေ
လှည့်ပတ်ဝေဖန်ကြရင်း ဟန်နီ ပြန်ဖို့အချိန်ကျမှပဲ စကား
ပြတ်တော့လေသည်။

သူငယ်ချင်းတွေအားလုံး လုံးဝနီးပါး မရှိတော့သော
အခါ မနော တစ်ယောက်တည်း တိတ်ဆိတ်စွာပင် အဖြစ်အပျက်
တွေကို ပြန်တွေးတော ငြိမ်သက်လျက် ညတစ်ညကို ကုန်ဆုံး
ဖြတ်သန်းရပြန်လေသည်။

မနက်ဖြန်မှာ မနောသည် ကိုယ့်အတွက် ဘာမှအကျိုး
မရှိနိုင်သော အဖြစ်အပျက်တစ်ခုကို ဖြေရှင်းပေးရန်အတွက် ကိုပြည့်
မိဘတွေကို သွားတွေ့ပေးရမည်ဖြစ်ရာ စိတ်ထဲမှာ လေးလံနေ
တော့ အမှန်ပင်။

စေ့စပ်ကြတဲ့အထိသာ ပတ်သက်လာကြပေမဲ့ အမှန်
အတိုင်းပြောရလျှင် မနောသည် ကိုပြည့်မိဘတွေနဲ့ လုံးဝမရင်းနှီး
သေးပါ။ အထူးသဖြင့် သားကို တော်ရုံတန်ရုံလောက်နဲ့ သ
မတူချင်ခဲ့သော ဒေါ်ဆွေဇင်နဲ့ဆို တွေ့ကြရင် ...

"နေကောင်းလား အန်တီ"

လောကသာ သာမန်နှုတ်ဆက်သူတွေအတိုင်း နှုတ်
ဆက်ရုံကလွဲရင် ယောက္ခမလောင်းနဲ့ ချွေးမလောင်းဆိုပြီး နီးနီး
ကပ်ကပ်ပင် မရှိခဲ့ကြပါ။





အခုတော့ မနောသည် ထိုယောက္ခမလောင်းနဲ့
စကားတွေ အများကြီးပြောရဖို့ အစီအစဉ်ကို လက်ခံရန် ကတိပေး
ထားမိလေပြီတည်း။

♥ ✤ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၆

"မနော ဖုန်းဆက်ပြီး လာမယ်ပြောတာနဲ့အတော်ပဲ၊ အန်တီ လည်း မနောကို တွေ့ချင်နေတာ"

အိမ်ထဲဝင်ဝင်ချင်း ဒေါ်ဆွေဇင်က ဆီးကြိုပြောနေ ပိုက်ဆံချမ်းသာပြီး မာန်နည်းနည်းလည်းရှိသော ဒေါ်ဆွေဇင်က ထိုင်ရာမှ ထ,လာပြီး ကြိုတော့မနေပါ။ ခုံထည်ကြွားဝါလှသော ကနုတ်ပန်းနွယ် ပန်းကွက်များ ဖော်ထားသည့် ထိုင်ခုံနှင့် နောက် တို့မှာတော့ ကတ္တီပါသားထည့်ထားသည့် ကျွန်းသားဆက်တီ ကြီးမှာ လက်တင်ကျော့မှီထိုင်ရင်း မနောကို ဆီးကြိုပြောတာဖြစ် ပါသည်။

"ဘာသောက်မလဲ မနော"

"မနော ဂျူး(စ)တစ်ခုခုပဲ သောက်တော့မယ်"





"ကော်ဖီ၊ တီး သိပ်ကြိုက်တာဆို၊ ဘယ်အချိန်မဆို သောက်တတ်တယ်ဆို၊ သောက်ပါလား မနောရဲ့"

"ခုရောလော ဘာဖြစ်လို့လဲ မသိဘူး၊ ကော်ဖီဖြစ်ဖြစ် တီးဖြစ်ဖြစ် နည်းနည်း ပိုသောက်မိရင် ရင်တုန်တုန်တတ်လာလို့ မနက်နဲ့ ညကလွဲရင် ကျန်တဲ့အချိန်တွေ မသောက်ဖို့ ရှောင်မိတယ် အန်တီ"

"အေးပေါ့၊ ဘာပဲဖြစ်ဖြစ် ကိုပြည့် ဆုံးထားရတော့ မနောလည်း အန်တီ့လောက်နီးပါး ရင်ထဲမှာ ခံစားရမှာပဲလေ။ စိတ်နှလုံး ထိခိုက်ရတော့ လူက အလိုလို နှလုံးရောဂါဝင်ချင်နေတဲ့ သဘောပေါ့"

ဒေါ်ဆွေဇင် ညွှန်ကြားလိုက်သဖြင့် အိမ်ဖော်မိန်းကလေးတစ်ယောက်က တစ်ခဏချင်းမှာပင် သစ်သီးဖျော်ရည် လတ်လတ်ဆတ်ဆတ်ကို လာချပေးပါသည်။ ကိုပြည့်တို့အိမ်မှာက သစ်သီးကို ချက်ချင်း အရည်ညှစ်ချပြီး ဖျော်ရည်လုပ်သောက်လေ့ရှိသဖြင့် သစ်သီးဖျော်ရည်မှာ တကယ့် လတ်ဆတ်သော သစ်သီးအရသာ ဖြစ်နေသည်။

မနောသည် အားလုံးကို ကတိခံပြီးတော့သာ ထွက်လာရတာပေမဲ့ ဘယ်ကစ,ပြောရမှန်းမသိဖြစ်ပြီး ရင်ထဲလည်း ပူနေလေရာ ရေခဲတုံးလေးတွေ ပေါ်လောမျောပြီး သံပုရာခြမ်းအဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



လေးကို ဖန်ခွက်နှုတ်ခမ်းမှာ အလှစိုက်ထားသော ရှောက်ချိုရည်ကို အရင်ဆုံး ယူသောက်နေမိသည်။

ဒေါ်ဆွေဇင်ကတော့ မနော လက်ချောင်းတွေဆီ အသာငေးကြည့်နေတာ တွေ့ရသည်။ မနောမှာ Elite (အီလိုက်ထ်) တံဆိပ် အကောင်းစား လက်ပတ်နာရီလေးသာ ဘယ်လက်ကောက်ဝတ်တွင် ပတ်ထားလေ့ရှိပြီး လက်ကောက်၊ ဟန်းချိန်း၊ လက်စွပ်တွေလည်း ဝတ်လေ့မရှိပါ။ ရှိတော့ ရှိပေမဲ့ မနော ကိုယ်တိုင်က ဝတ်ဖို့ ဝါသနာမပါတာ ဖြစ်သည်။

အခုတော့ ဘယ်လက်သူကြွယ်မှာ စိန်တစ်လုံးအကြီးကြီးအောမှာ စိန်ပွင့်လေးများ ဝိုင်းထားသော လက်စွပ်တစ်ကွင်းကတော့ ရှိနေပါသည်။

"ဒီလက်စွပ်က ကိုပြည့် အဘွားရဲ့အမေပေါ့၊ ကိုပြည့်တို့ အဘွားတော်တဲ့သူရဲ့ လက်စွပ်၊ ရှေးဟောင်းစိန်နဲ့ လုပ်ထားတာ၊ မေမေက ကိုပြည့်ကို ကတိပေးထားတယ်၊ ကိုပြည့် စေ့စပ်ရင် ကိုပြည့်ရဲ့ချစ်သူကိုတော့ ဒီလက်စွပ်ဝတ်ပေးတဲ့။ လက်ထပ်တဲ့အခါကျတော့မှ မေမေကိုယ်တိုင် စိတ်ကြိုက်ရှာဝယ်တဲ့ လက်စွပ်ကို ဝတ်ပေးတဲ့"

ဟု ပြောကာ မနောနဲ့ ကိုပြည့်တို့ လူကြီးချင်း စေ့စပ်စကားပြောပြီးသော နေ့မှာပင် ကိုပြည့် ကိုယ်တိုင် မနောကို





ဝတ်ပေးခဲ့သော လက်စွပ်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြောရရင် စေ့စပ်လက်စွပ် ဖြစ်ပါသည်။

မနောသည် ဒေါ်ဆွေဇင်က လက်စွပ်ကို စိုက်ကြည့်နေသလားလို့ စိတ်ထဲမှာ ထင်မိပေမဲ့ မမေးရဲဘဲ မသိချင်ဟန်ဆောင်နေမိသည်။ သူမလို သူဌေးမကြီးက ဒီလက်စွပ်လောက်ကိုတော့ နှမြောနေမယ် မထင်ပါဘူး"

"မနောကို အန်တီ ပြောစရာရှိတယ်"

"ဟုတ်ကဲ့ ... ပြောပါ အန်တီ"

"အဲဒီ စေ့စပ်လက်စွပ်ကို ဘာလုပ်ဖို့ စဉ်းစားထားလဲ"

မနောသည် တအံ့တဩဖြစ်ပြီး ငေးကြောင်နေမိပါသည်။ မနော ထင်တာ မှားနေပါလား။ ဒေါ်ဆွေဇင် ဒီလက်စွပ်လောက်ကိုတော့ ဂရုမစိုက်ပါဘူးလို့ ထင်ထားတာလေ။ အခုတော့ လက်စွပ်ကိစ္စကို မေးလာတာမို့ မနော အံ့ဩနေမိသည်။

"သားလည်း မရှိတော့ဘူးဆိုတော့လေ မနော အနေနဲ့ ဆက်ထိန်းသိမ်းထားဖို့ မသင့်တော့ဘူး ထင်တယ်"

"ရှင် ... အန်တီ ဘာကိုဆိုလိုတာလဲ၊ မနော နားမလည်လို့"

"ဒီလက်စွပ်ဟာ သားနဲ့စေ့စပ်ထားတဲ့အတွက် မနော ပိုင်ဆိုင်ခွင့် ရသွားတာလေ၊ အခု သားလည်း မရှိတော့ဘူးဆိုတော့ မနောအနေနဲ့ ဒီမိသားစုပိုင် ပစ္စည်းကို ဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သိမ်းမထားသင့်ဘူးထင်တယ်။ ဒီပစ္စည်းက အန်တီရဲ့အဘွား ပစ္စည်း။ ကိုပြည့်ရဲ့ အဘွားတော်သူရဲ့ ပစ္စည်းပါ၊ ဒါ့အပြင် ခေတ်အဆက်ဆက် လက်ဆင့်ကမ်း ပေးလာတာမို့ အန်တီ အဘွား မတိုင်ခင်ကလည်း ရှေ့ရှေ့က အဘွားတော်သူတွေ ထိန်းသိမ်း လက်ဆင့်ကမ်းလာတဲ့ ပစ္စည်းသဘောမျိုး ဖြစ် နေတယ်၊ သိပ်ကို တန်ဖိုးရှိပါတယ်။ ငွေကြေးနဲ့ တန်ဖိုး ဖြတ်လို့မရအောင် တန်ဖိုးရှိတာမျိုး၊ Priceless (ပရိုက်(စ) လက်(စ)) သဘောမျိုးပဲ။ ဒါကြောင့် ဒီမိသားစုဝင်တွေ သာ လက်ခံသင့်တယ်လို့ ထင်တယ်လေ။ မနောက သား နဲ့ပတ်သက်ပြီး ဒီမိသားစုဝင် ဖြစ်ရှမှာမို့ အန်တီ ရှောရှော ရှူရှူ ထုတ်ပေးခဲ့ပါတယ်၊ ဒါပေမဲ့ အခုကျ သားကမရှိ တော့ဘူးလေ၊ ဒီတော့ မနောလည်း ဒီမိသားစုနဲ့ ဘာမှ မဆိုင်သူ ဖြစ်တဲ့အတွက် အဲဒီလက်စွပ်ကို ပြန်ပေးပါလို့ အန်တီ ပြောချင်တာပါ”

မနောသည် ဒေါ်ဆွေဇင့် စကားတွေအတွက် ဘာမှ ပြန်မဖြေနိုင်၊ ပြန်မပြောနိုင်အောင် ဖြစ်နေမိသည်။

အမှန်စင်စစ် မနောသည် ဒီလက်စွပ်ကြီးကို မက် မောသည်လည်း မဟုတ်၊ မမက်မောဘူးလည်း မဟုတ်။ သို့သော် ဒီလိုတိုက်ရိုက်ကြီးပြောပြီး ပြန်တောင်းခံလိုက်ရသောအခါ စိတ်





ထဲမှာ နာသွားပါသည်။ သူတို့လောက် ပိုက်ဆံချမ်းသာ ကြွယ်ဝ ခြင်းမရှိတဲ့ မိန်းကလေးမို့ ပစ္စည်းမက်မယ်။ ရလိုက်သမျှကို လက်မလွှတ်ရအောင် ယူထားမယ်လို့များ ထင်နေသလား။

မနောသည် ဘာရယ်မဟုတ် လက်စွပ်ကို ငုံ့စိုက် ကြည့်နေမိကာ စိန်လုံးလေးတွေကို လက်ညှိုးဖြင့် ပွတ်နေမိသည်။ ဒါကို ဒေါ်ဆွေဇင့် အမြင်မှာတော့ ပြန်ပေးရမှာမို့ နှမြောတ,သ နေသည်ဟု ထင်သွားပုံရသည်။

“မျိုးရိုးနဲ့ဆိုင်တဲ့ ပစ္စည်းမို့ အန်တီ တောင်းတာပါကွယ်၊ မနော မနစ်နာစေရပါဘူး၊ အန်တီ မနောအတွက် စိန်လက် စွပ်တစ်ခု အသင့်ဝယ်ထားပါတယ်၊ ဒီပုံစံအတိုင်းပါပဲ၊ တန်ဖိုးကလည်း ဆယ့်ငါးနဲ့ နှစ်ဆယ်ကြား ရှိတယ်။ ရှေး စိန်နဲ့ အခုစိန် ကွာတာပဲ ရှိပါတယ်။ အခု မနော ဝတ်ထား တာဆိုလည်း ကုန်သည်တွေ တန်ဖိုးဖြတ်ကြရင် နှစ်ဆယ် ဝန်းကျင်ထက် မပိုပါဘူး။ အခုခေတ်မှာက စိန်အဝင်များ ပြီး စိန်လည်း အရည်တော်တော်လေး ကောင်းတာမို့ အရင် ကလို ရှေးစိန်သိပ်မမက်ကြတော့ဘူး၊ မနော ကြည့်မလား၊ မနောအတွက် ဝယ်ထားတဲ့ ပုံစံတူကို ပြမယ်”

သူမဘာသာ ဆက်ပြီးပြောပြနေသဖြင့် မနော မြန် မြန်ဆန်ဆန်ပဲ ဖြေရှင်းလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ အန်တီ၊ နေပါစေ၊ မနော မကြည့်တော့ပါဘူး။ မနော ဘာဝစ္စည်းမှလဲ မမက်ပါဘူး၊ ဒါပေမဲ့ ..."

မနော၏ "ဒါပေမဲ့"ကြောင့် ဒေါ်ဆွေဇင်မှာ စိတ်ပူသွားဟန် ရှိပါသည်။ လက်စွပ်ကြီးကိုသာ တကြည့်ကြည့်လုပ်နေသည်။

"မနော ပြောစရာရှိတာ ဘယ်လိုစ,ပြောရမှန်း မသိတဲ့အချိန်မှာ အန်တီ့ဆီက ဒီလိုလက်စွပ် ပြန်တောင်းရခြင်း အကြောင်းရင်းကို ကြားတော့ မနောလည်း အဲဒါနဲ့ဆက်စပ်ပြီး ပြောလို့ရသွားတာပေါ့"

"ဟုတ်လား ... ပြောပါဦး။ ဘယ်လိုပတ်သက်လို့ပါလိမ့်"

"ကိုပြည့် ... အဲ ... ကိုပြည့်မှာ ဟိုဟာ ... ကိုပြည့်ကလေ မိန်းမနဲ့ကလေး ရှိနေတယ်တဲ့ အန်တီ၊ အဲဒါပါ"

"ဟယ် ... ဘယ်လိုပြောလိုက်တာလဲ၊ မဟုတ်တာတွေ၊ ဘယ်သူတွေက သားပုပ်နံ့လေလွင့် ပြောလို့ ကြားလာတာလဲ။ သေတဲ့သူကိုများ အပြိုးထားပြီး မကောင်းသတင်း လွှင့်ကြသေးသတဲ့လား"

ဒေါ်ဆွေဇင်မှာ မခံမရပ်နိုင်စွာ ခါးခါးသီးသီး ငြင်းသည်။

"ဘယ်သူတွေလဲ ပြောလေ၊ ခုချက်ချင်းသွားတွေ့ပြီး ရှင်းမယ်"





ဟုပင် ဒေါ်သတကြီး ဆက်ပြောနေသည်။

"ပြောတာ မဟုတ်ဘူး အန်တီ။ မနောတို့ ကိုယ်တိုင်မြင်တာပါ၊ ကိုပြည့် ယူထားတဲ့ မိန်းမလေးနဲ့ သားလေး ရန်ကုန် ဆင်းလာပြီး မနောတို့ကို လာတွေ့လို့ပါ"

"ဘယ်လို ... ဘယ်လို၊ မနောတို့ကို ဆိုတော့ ဘာသဘောလဲ။ ဘာကို ပြောတာလဲ"

"သူက ... အင်း ... အဲ ... ဟို ... သူ့နာမည်က နွေဦးတဲ့၊ ကလေးလေးက နှစ်နှစ်ပြည့်ခါနီးပြီ၊ ကိုပြည့်နဲ့ ရုပ်တူလေးပါပဲ။ သတင်းစာထဲက နာရေးကြော်ငြာကိုမြင်မှ ဟို ... နယ်မြို့ဆိုတော့ သတင်းစာလည်း နည်းနည်းအရောက်နောက်ကျတော့ ရက်လည်ပြီးမှ သူ ဖတ်ရပြီး သိရတာနဲ့ အရင်ဆုံး စစ်ပိုင်နဲ့ ဘိုဘို့ဆီ ဖုန်းဆက်ပြောလာတယ် အန်တီ"

"မဖြစ်နိုင်တာတွေကွယ်၊ မကောင်းသတင်း ပြန့်စေချင်လို့ တမင်များ ဖန်တီးထားသလား၊ စဉ်းစားကြပါဦး၊ သားက မိဘကို အသိမပေးဘဲ နယ်မြို့တစ်မြို့မှာ သွား,အိမ်ထောင်ကျနေပါ့မလား"

"အဲဒီမြို့က မန္တလေးတိုင်းထဲမှာပါတဲ့ မြို့အသေးလေးပါ (...)မြို့တဲ့ အန်တီ၊ ကိုပြည့် အဲဒီမှာ Big Mart ဆိုင်ခွဲ



www.burmeseclassic.com

www.burmeseclassic.com



သွားဖွင့်တော့ ဆုံကြတာတဲ့။ ကိုပြည့်က အန်တီတို့သိရင် သဲသောင်တူနိုင်မှာ မဟုတ်ဘူးဆိုပြီး မြို့လေးမှာပဲ လက်မှတ်ထိုး လက်ထပ်၊ အိမ်လေး‚တစ်လုံး ဝယ်ပေးပြီး ထားတာတဲ့။ မနောလည်း အခုမှ သိရတာပါ အန်တီ။ မနော ဘယ်လောက် ခံစားရမလဲ အန်တီ စဉ်းစားသာကြည့်"

မနောသည် ပြောရင်း အသံတိမ်မြုပ် နစ်ဝင်သွားခဲ့ပါသည်။ အမှန်တော့ မနော ကြေကွဲဆို့နင့်ပြီး အသံနစ်ဝင်သွားခြင်း မဟုတ်ပါ။ စိတ်ထဲမှာ မခံချိမခံသာ ဖြစ်ရလွန်း၍ အသံနစ်ဝင်သွားခြင်းသာ ဖြစ်ပါသည်။

"ကလေးတောင် နှစ်‚နှစ်ပြည့်ခါနီးပြီ ဆိုတော့ သူတို့တွေ့တာ သုံးနှစ်နီးပါး ရှိရောပေါ့၊ ကြည့်စမ်း … ငါတို့ဘာလို့ မရိပ်မိတာလဲ။ မဖြစ်နိုင်ပါဘူး သားက ဒီလိုလုပ်မဲ့လူစားမဟုတ်ပါဘူး။ ပြီးတော့ သူ့မှာ မနော ရှိနေတာပဲ။ မနောဆိုတာ သူ ငယ်ငယ်တည်းက သိပ်ခင်ခဲ့တဲ့ သူငယ်ချင်း၊ သူ့မျက်စိရှေ့မှာတင် အဖေရော အမေပါ တစ်ယောက်ပြီးတစ်ယောက် ဆုံးရှုံးခဲ့ရလို့တဲ့၊ သူ သိပ်သနားကြင်နာတာ။ အိမ်မှာဆို မနောအကြောင်း တဖွဖွပြောပြီး မနောကိုဘယ်လိုသနားကြောင်း ပြောနေတုန်းက စိတ်ထဲမှာ ထင်တော့ထင်သား၊ တစ်နေ့ကျ သားဟာ မနောကိုပဲ သနားရာကနေ ချစ်လာမယ်ထင်တာ။ တကယ်လည်း ဟုတ်ခဲ့တာပဲလေ၊ သူ မနောကိုပဲ ချစ်ပြီး မနောကိုပဲ လက်တွဲမယ်လို့ မိဘတွေကို ပူဆာခဲ့တာပဲ။ သူ့ဘဝမှာ မနောထက်များပိုမဲ့ မိန်းကလေး ရှိလာဦးမလား မနောရယ်"

မနောဟာ သနားရာကနေ အချစ်ခံရတဲ့ မိန်းကလေး။ ချစ်နဲ့ ချစ်ခံရတဲ့ မိန်းကလေးမို့ ကိုပြည့် ရင်ထဲမှာ တကယ် ခဲ့ဘူး ဖြစ်မှာပေါ့။

သူ တကယ်ချစ်နိုင်တဲ့ မိန်းကလေးနဲ့ ဆုံတဲ့အခါ န်းကလေးကိုလည်း မခွဲနိုင်။ မနောကိုလည်း ဖွင့်ပြောပြီး ခွဲပစ်ရမှာ သနားနေ၊ အဲဒီလို ဒွိဟစိတ်တွေဖြစ်ပြီး အခုလို အနေကြီးကို ဖန်တီးခဲ့တာများလား ကိုပြည့်ရယ်။ ခုချိန်မှာ ည့်ဟာ သေလည်း သေဆုံးရပြီးပြီမို့ မနော အပြစ်မတင်ချင် ပါဘူး။

"အန်တီ နွေဦးတို့ကို ဆုံကြည့်ပါလားဟင်"

"အံမယ်လေး … အံမယ်လေး … ဘာကိစ္စ ဆုံရမှာလဲ၊ မိဘအသိအမှတ်မပြုဘဲ သူယူထားတဲ့ မိန်းကလေးဆိုတာနဲ့ ပဲ လက်ခံရမှာလားကွယ်"

"သူက မနောတို့ကို အကူအညီ တောင်းလို့ပါ"

"ဘာလို့ စစ်ပိုင်တို့ ဘိုဘိုတို့က ဝင်ပါရတာလဲ"






www.burmeseclassic.com

www.burmeseclassic.com



"ကိုပြည့်က နွေဦးကို မှာခဲ့တယ်တဲ့၊ သူနဲ့ပတ်သက်ပြီး အရေးတကြီး ဆက်သွယ်စရာရှိရင် ဒီလူ ဒီလူတွေ အရင်ဆုံး ဆက်သွယ်ပါဆိုပြီး ဖုန်းနံပါတ်တွေ ပေးခဲ့တာ တဲ့"

"စစ်ပိုင်တို့က အန်တီ့ဆီ ဘာကြောင့် မလာလဲ"

"သူတို့က မနောကို အရင်လာခွင့်တောင်းတာပါ။ မနော သဘောတူမှ နွေဦးတို့ကို ကူညီမယ်လို့ သူငယ်ချင်း အားလုံးက တိုင်ပင်ထားကြတယ်တဲ့"

"အေးလေ ... အဲဒါ သိပ်မှန်တာပေါ့။ လောလောဆယ် မှာ ဆွေသိမျိုးသိ၊ နှစ်ဖက်ပတ်ဝန်းကျင်သိ၊ စေ့စပ်ထား တဲ့ ဖြိုးပြည့်လျှံရဲ့ မိန်းကလေးဟာ မနောသန့်ပဲ။ ဒီတော့ မနောရဲ့ အဆုံးအဖြတ်ပဲလိုတာ။ တကယ်ဆို မနော အန်တီ့ ကိုတောင် ဝင်လာတွေ့ပြီး ဒီအကြောင်း အသိပေး မရှိဘူး။ မနော ဘာကြောင့် သဘောထားကြီးပေးနေတာလဲ"

မနောသည် ခပ်မဲ့မဲ့လေး ပြုံးရင်း ...

"သေတဲ့သူက သေပြီးပြီပဲ အန်တီ။ ကျန်ခဲ့တဲ့သူတွေ ဘာကြောင့် အာဃာတတွေ ထားနေတော့မလဲ။ ပြီးတော့ ကလေးလေးကို မြင်လိုက်ရတော့လည်း သနားသွားတယ် အဖေဆိုတာကို ငယ်ငယ်လေးနဲ့ ဆုံးရှုံးရလို့လေ။ မနော





ကမှ ကိုယ့်အဖေ ဘယ်လိုပုံ၊ ဘယ်လိုစကား ပြောတယ်၊ ဘာတွေ ကြိုက်တတ်တယ်လို့ ကောင်းကောင်းသိတဲ့ အရွယ် မျိုးမှာ ဆုံးရှုံးလိုက်ရတာမို့ အဖေ့အကြောင်း ပြန်တွေးရင် တွေးကြည့်လို့ ရသေးတယ်လေ။ ကလေးလေးကတော့ ဘာမှ လူမှန်းသိတဲ့ အရွယ်တောင် မဟုတ်သေးဘဲနဲ့ အဖေ ဆိုတာကို ဆုံးရှုံးလိုက်ရတော့ မနော သနားသွားမိ တယ်"

ဒေါ်ဆွေဇင်ကတော့ မျက်နှာတည်တင်း မာကျော နေပါသည်။ နှုတ်ခမ်းအတွင်းသားတွေကို အသာဖိကိုက်ထားဟန် ရှိသည်။

မာန်မာနကြီးပြီး ငါ့သားမှ ငါ့သားလို့ မာနထောင်ခဲ့ တဲ့ အမေမျိုး ဖြစ်လေရာ ဒီလိုသတင်းမျိုးကို လက်ခံနိုင်စွမ်းရှိဟန် မတူပါ။

"အန်တီ အသိအမှတ် မပြုနိုင်ဘူးလို့ ပြန်ပြောလိုက်ပါ မနော"

မနောသည် ဒေါ်ဆွေဇင် ထိုစကားကို မပြောခင် ကတည်းက ဒေါ်ဆွေဇင့် မျက်နှာအမူအရာတို့ကို အကဲခတ်နိုင် ခဲ့သည်ဖြစ်ရာ ဒီစကား ကြားရတော့လည်း သိပ်ပြီးအံ့ဩပြမနေမိ ။ မနောမှာလည်း ပြန်ပြောစရာစကားက ရှိနေ၍ ချက်ချင်းပင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မနော ဒီလက်စွပ်ကို သူ့ကိုပေးလိုက်မယ် အန်တီ။ ဘာလို့လဲဆိုတော့ သူကမှ အန်တီတို့မျိုးရိုးနဲ့ သက်ဆိုင်တဲ့ သူ အစစ်ဖြစ်နေလို့လေ၊ သူ့မှာ အန်တီတို့ သွေးသားကလေး,လေးလည်း ရှိနေပြီးသားဆိုတော့ ဒီလက်စွပ်ဟာ သူ ပိုင်ဆိုင်သင့်ပါတယ်၊ အန်တီ အသိအမှတ်မပြုပေမဲ့ ဒီလက်စွပ်ကတော့ သူနဲ့ အသက်ဆိုင်ဆုံး ဖြစ်မယ်ထင်ပါတယ်"

ဟူ၍ မနော၏ လက်ချောင်းမှာ စွပ်ထားသောလက်စွပ်ကို ထောင်ပြကာ ပြောလိုက်မိပါသည်။

ဒေါ်ဆွေဖင်မှာ အလွန်အမင်း တုန်လှုပ်ပြီး မနောကို စူးစူးရဲရဲ ကြည့်သည်။

"မင်း ဘယ်လိုမိန်းကလေးလဲ မနော။ အန်တီ ဒီလက်စွပ်ကို ပြန်တောင်းထားတယ်လေ"

"အဲဒီလက်စွပ်က အမှန်တော့ မနောကို အပိုင်ပေးပြီးသား မဟုတ်လား"

"မင်းနဲ့ မဆိုင်တော့ဘူးမို့ ပြန်တောင်းနေတာ"

"မနောအနေနဲ့ ကိုပြည့်နဲ့ သက်ဆိုင်သူကိုတော့ ပေးလိုက်သင့်တယ် ထင်လို့"

"ဒါဖြင့် အန်တီပြောသလို ပုံစံတူယူသွား၊ သူ့ကိုပေးလိုက်၊ အဲဒီလက်စွပ်ကိုတော့ ပြန်ပေးခဲ့ပေါ့၊ ဘာနာစရာရှိလဲ"





မနောသည် ကိုယ့်ဖြေသနားလည်း မဟုတ်ဘဲ ငြင်းရမှုရတာကို စိတ်မပါတော့၍ ....

"မနော ပစ္စည်းမမက်ပါဘူး အန်တီ။ အခု ပြောနေတာလည်း ကိုယ့်အတွက် ပြောနေရတာ မဟုတ်တော့ ငြင်းရခုံရတာကို သိပ်အဓိပ္ပာယ်မရှိဘူးလို့တော့ ထင်ပါတယ်။ ဒါပေမဲ့ အန်တီ နည်းနည်းတော့ ပြန်စဉ်းစားပေးကြည့်စေချင်ပါတယ်၊ အန်တီတို့မှာ သားတစ်ယောက်ပဲ ရှိထားတာလေ။ အဲဒီသား မရှိတော့ပေမဲ့ သူ့ရဲ့သွေးသားလေး ကျန်ခဲ့ရတယ်ဆိုတာဟာ ဘယ်လောက် စိတ်ချမ်းသာစရာကောင်းလဲ။ စိတ်ဖြေသိမ့်စရာ တစ်ခုလည်း ကျန်ခဲ့တဲ့သဘောပေါ့"

ဟူသော စကားကိုသာ ပြောလိုက်ရင်း လက်စွပ်ကို ဖြုတ်လိုက်သည်။ လက်စွပ်က မနောလက်နဲ့ အနေတော် ဖြစ်ပြီး ကျပ်နေသဖြင့် တော်တော်ကြီး ချွတ်နေရသည်။

"မနော ဆပ်ပြာနဲ့ချွတ်မှ ဖြစ်မယ်ထင်တယ် အန်တီ၊ နောက်ဖေးဝင်ပြီး ဘေစင်မှာ လက်ဆေးချွတ်မယ်နော်"

မနော ပြောပြောဆိုဆိုပင် နောက်ဖေးခန်းဘက် ချက်ချင်းဝင်လာခဲ့သည်။ ဒီအိမ်သည် မနော အတွက်တော့ အစိမ်းသက်သက်ကြီး မဟုတ်ဘဲ ဘယ်အခန်းကဝင်ရင် ဘယ်အခန်း ရောက်သည်ကိုပါ သိနိုင်လေရာ မနော အလွယ်တကူပဲ ဝင်သွားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဆွေဖင်ကတော့ ငူငူငေါင်ငေါင်ကြီး ထိုင်နေခဲ့သည်။ မနော ပြန်ထွက်လာသောအခါ လက်စွပ်က ချွတ်ပြီးသားအနေနဲ့ လက်ထဲပြန်ပါလာသည်။

"အန်တီ ဒီမှာပါ။ ဘူးတော့ မပါခဲ့ဘူး၊ နောက်မှ မနော လာပေးမယ်"

"ဘူး မလိုပါဘူး ရတယ်။ ရော ... ဒီမှာ ပုံစံတူ ပြန်ယူသွား"

"မယူပါဘူး အန်တီ။ မနောနဲ့မှ မဆိုင်ဘဲ"

"မနော့ဟိုမိန်းကလေးကို ပေးချင်ရင် ပေးလိုက်"

"မပေးချင်တော့ပါဘူး အန်တီ။ သူ့ကို အန်တီမှ အသိအမှတ် မပြုတာ"

မနော အိမ်ထဲက ထွက်လာသည်အထိ ဒေါ်ဆွေဖင် တိတ်ဆိတ်ပြီး ကျန်ခဲ့လေသည်။

♥ ✚ ♥





# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၇

တံခါးဘဲလ်သံ ကြားတော့ ဖွင့်ပေးလိုက်လေရာ လင်းရိပ်ကို တွေ့ရသည်။ နေကာမှန်ကို ခေါင်းပေါ်ပင် တင်ထားသော လင်းရိပ်က ...

“နင် အဆင်သင့်ဖြစ်ရင် ထွက်ခဲ့တော့”

ဟု တံခါးဖွင့်ဖွင့်ချင်း ပြောသည်။

“စစ်ပိုင်တို့ကို စောင့်ပြီးမှ လူစုသွားမှာလေ”

“မဟုတ်ဘူး၊ နင်နဲ့ ဟန်နီကို ငါ ဝင်ခေါ်ရမယ်။ ငါတို့ သုံးယောက်က သတ်သတ်လာ၊ သူတို့က သတ်သတ်လာ တဲ့၊ ဆုံမဲ့ဂိတ်ပေါက်ဝ နေရာကို ပြောထားတယ်၊ အဲဒီမှာ သွားစောင့်ရုံပဲလို့ ညက ငါ့ကို ဖုန်းဆက်တယ်”

မနောထံမှာရော ဟန်နီ့ထံမှာပါ ကိုယ်ပိုင်အိမ်ဖုန်း မရှိဘဲ တစ်ဆင့်ခေါ်ပေးဖို့ ပြောထားသော ဆိုင်ဖုန်းတွေသာရှိသည်။



ဒါကြောင့် အရေးကြီးသောကိစ္စလောက်သာ သူတို့ဖုန်းဆက်ခေါ်ခိုင်းလေ့ရှိကြပြီး အရေးမကြီးရင်တော့ မခေါ်ကြပါ။ ဒါကြောင့် သူတို့ အစီအစဉ်တွေကို မနော မသိထားပါ။

စစ်ပိုင်ရယ် ဘိုဘိုရယ်မှာ အိမ်ဖုန်းတွေတော့ရှိသည်။ လင်းရိပ်မှာဆို အိမ်ဖုန်း၊ ကုမ္ပဏီဖုန်း နှစ်လုံးနဲ့ မိုဘိုင်းလ်ဖုန်းတို့ ပင်လည်း ရှိသေးရာ သူ့ကို ဆက်သွယ်ချင်လျှင် ဘယ်ဖုန်းခေါ်ခေါ် ရသည်။ သူနဲ့ မကြုံရင်တောင် မှာထားခဲ့လို့ ရနိုင်ပါသည်။

မနောလည်း ဒီတော့မှ ...

“ဒါဆို ခဏစောင့်လိုက်၊ ငါ ဟန်းဘက်(ခ)အိတ် ယူရုံပဲ”

ဟု ပြောပြီး အိမ်ထဲခဏပြေးဝင်။ အိတ်ယူ။ တံခါးသော့ပိတ် လုပ်လေသည်။ အောက်ထပ်မှ မမကြီး၏ အခန်းတံခါး ဖွင့်လာပြီး ...

“မနော အပြင်ထွက်မလို့လား”

ဟူသော မမကြီး မေးသံကိုပါ တစ်ပြိုင်တည်း ကြားရပါသည်။

“မနောတို့ သူငယ်ချင်း တစ်အုပ်စုလုံး သွားစရာရှိလို့ မမကြီး။ လင်းရိပ်က မနောနဲ့ ဟန်နီ့ကို ဝင်ခေါ်ဖို့ တာဝန်ယူရလို့ ဝင်ခေါ်တာ၊ စစ်ပိုင်နဲ့ ဘိုဘိုက ဆုံမဲ့နေရာမှာ သွားစောင့်နေကြမယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တော့ ပြန်ရောက်မလဲ"

"ညနေသုံးနာရီလောက် အစောဆုံးပဲ၊ မမကြီး စိတ်မပူပါ
ကျွန်တော်ပဲ ပြန်လိုက်ပို့ပေးမှာပါ"

လင်းရိပ်က မမကြီးကို ဝင်ပြောပေးပါသည်။

"အေး ... ဘာရယ်မဟုတ်ပါဘူး၊ မနော့လည်း အိမ်
အောင်းနေတာထက်စာရင် စိတ်ပြေလက်ပျောက် ဒီလို
သူငယ်ချင်းတွေ ဆုံနေကျအတိုင်းဆုံပြီး လျှောက်သွား
ချင်တာပါ။ အခုလို သွားတာမြင်တော့ ကျေနပ်ပြီးသား
သူ ဘယ်မှသွားစရာ မရှိရင် မမကြီးက သူ့ကို တူ၊ တူ
တွေခေါ်ပြီး တိရစ္ဆာန်ရုံသွားပါလား ပြောမလို့ပါကွယ်
အခုတော့ သူ သွားစရာရှိပြီဆိုတော့ မခိုင်းတော့ပါဘူး"

မနော့မှာ တိရစ္ဆာန်ရုံဟု ကြားလိုက်ရသဖြင့် ရင်
သွားသည်။ မမကြီးတို့များ သွားမလို့လား။

"မမကြီးတို့ ဒီနေ့ သွားမလို့လား"

"ဒီနေ့ မသွားတော့ပါဘူး။ အစကတော့ မနော့ အားနေရင်
ကလေးတွေခေါ်ပြီး သွားခိုင်းမလို့။ မမကြီးကတော့ မလိုက်
နိုင်ဘူး၊ သိတဲ့အတိုင်းပဲ ဆန်းဒေးဆိုရင် နင်တို့အစ်ကိုကြီး
က အပေါင်းအသင်းတွေ မစုံ့စုံအောင် လူစုပြီး အိမ်ခေါ်
ပါတီလုပ်နေကျလေ၊ မမကြီး မရှိရင် ဘယ်ဖြစ်မလဲ"



"ဒါဆို နောက်အပတ်ကျ မနော့ ကလေးတွေကို လိုက်
ပို့ပေးပါ့မယ်"

"ရပါတယ် အရေးမကြီးပါဘူး၊ နင် ပျော်ရင် သူငယ်ချင်း
တွေနဲ့ပဲ သွားပါလေ"

မနော့သည် မမကြီး အခန်းထဲခါး ပြန်ပိတ်သွားတော့
မှ လင်းရိပ်ကို ပခုံးတွန့်၊ ခေါင်းပုပြသည်။

ကားပေါ်ရောက်တော့မှ လင်းရိပ်က ...

"ဘာလဲ ... နင် မမကြီးကို နွေဦး အကြောင်း ပြောမ
ထားဘူးလား"

ဟူ၍ သဘောပေါက်ဟန်ဖြင့် မေးသည်။

"မပြောထားဘူး။ ဘာထူးမှာလဲလေ မမကြီး စိတ်ရှုပ်ရရုံ
ကလွဲရင် ဒီ့ထက်ပိုပြီး ဘာထူးမှာမို့လဲ၊ ကိုပြည့် ရှိနေခဲ့ရင်
တော့ တစ်မျိုးပေါ့၊ သူ မရှိတော့မှ ပေါ်လာတဲ့ ပြဿနာကို
မမကြီးကိုပါ ခေါင်းရှုပ်မခံစေချင်ဘူး"

"နင်ရော ခေါင်းရှုပ်နေလား"

"ပြောရင် ယုံပါ့မလား မသိဘူး၊ အခု မနော့ စိတ်ထဲမှာ
ရှင်းလင်းပြီး လွတ်လပ်နေသလို ခံစားရတယ်၊ ဘာခံစား
ချက်မှကို မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



လင်းရိပ်သည် မနော မျက်နှာလေးကို အကဲခတ်ရင်း စိတ်ထဲမှာ သနားနေမိသည်။ မနောဟာ ဘဝမှာ ဒီချစ်သူတစ်ဦးတစ်ယောက်ပဲ ထားခဲ့ဖူးတဲ့ မိန်းကလေးပါ။ အဲဒီလိုမိန်းကလေးကျမှ ဒီလို ကြေကွဲစရာ တွေ့ကြုံရတယ်။ စိတ်အခန့်မသင့်စရာတွေ ကြုံရတယ် ဆိုတော့ မနော ဘယ်လောက်ခံစားရမလဲ။ ချစ်သူသေတာ တစ်လပင် မပြည့်သေးသော မိန်းကလေးတာ ချစ်သူနဲ့ ပတ်သက်ပြီး ဘာမှမခံစားရပါဘူးဆိုရင် တကယ်ရော ဟုတ်ပါ့မလား။

"ဟဲ့ ... ကင်မရာအိတ်ကြီးကလည်း ပါလာပါလား၊ ဘာလုပ်မလို့လဲ"

"ဓာတ်ပုံရိုက်ဖို့လေ"

"နင့်ဥစ္စာက ပရော်ဖက်ရှင်နယ်သုံးတဲ့ ကင်မရာအကောင်းစားကြီး"

"ဟုတ်တယ်လေ၊ တိရစ္ဆာန်ရုံဆိုတာ ငါတို့လူကြီးတွေအနေနဲ့ တော်ရုံရောက်ခဲတယ်၊ ဒီတော့ အခုရောက်တုန်းရောက်ခိုက် တိရစ္ဆာန်ပုံ အလှလေးတွေပါ ရိုက်ယူထားချင်လို့ပါ"

"အကြံတော်တော်ကြီးတာပဲ"

"နင်တို့ကိုလည်း ရိုက်ပေးမှာပါ"

"မရိုက်ပေးပါနဲ့ နေပါစေ၊ အိမ်မှာ ဓာတ်ပုံတွေ များနေပြီ"





"ဘယ်ဟုတ်မလဲ၊ ဓာတ်ပုံဆိုတာ ဒီအချိန် ဒီကာလလေးမှာ ကြုံခဲ့ ဖြစ်ခဲ့တဲ့ အရာကို အမှတ်တရ ရုပ်သေရိုက်ယူထားတဲ့ အရာလေ၊ နောက်တစ်ချိန်မှာ ပြန်ကြည့်တဲ့အခါရင်ထဲကို ခံစားချက်တစ်မျိုး ပေးစေတဲ့အရာလို့ ထင်တယ်။ ငါကတော့ ဓာတ်ပုံနဲ့ ဗီဒီယိုမှာဆို ဓာတ်ပုံကိုပဲ ပိုသဘောကျတယ်၊ ဗီဒီယိုရိုက်ထားရတာကို ဓာတ်ပုံလောက် မကြိုက်ဘူး"

ဟန်နီ့အိမ်ကို ခဏလေးနဲ့ ရောက်သဖြင့် ဟန်နီ့ကို ဝါ ကားနဲ့ခေါ်လာသောအခါ ထုံးစံအတိုင်း စကားပိုများသော ဟန်နီနှင့် လင်းရိပ်တို့က ပိုပြီးအဖွဲ့ကျကာ ခေါင်းစဉ်မျိုးစုံကို တစ်လမ်းလုံး ပြောလာကြသည်။ သူတို့ စကားတွေသာ ပြောသာကြပေမဲ့ မနောကို မမေးသော အကြောင်းအရာ တစ်ခုတော့ ရှိသည်။ အဲဒါကတော့ မနောနှင့် ဒေါ်ဆွေဇင် သွားရောက်တွေ့ဆုံမှုကိုပင်။

အားနာလို့ မမေးတာလား။ နွေဦးကိစ္စမို့ နွေဦးနဲ့သာဆိုင်သည်ဟု ယူဆပြီး မမေးကြတာလား မသိပါ။ မနောကလည်း သတိတော့ရပေမဲ့ သူတို့မမေးသေး၍ ပြောဖို့စိတ်မပါပါ။ ကောင်းသတင်းမှ မဟုတ်တာ။ ကိုယ်က ကောင်းသတင်း မဟုတ်တာကြီးကို ကျေနပ်အားရသလို အရင်စ,ပြောဖို့ မကောင်းဘူးလေ။



www.burmeseclassic.com

နွေဦးနဲ့ မနောဟာ ကိုပြည့် သေဆုံးပြီးမှ တွေ့ရှင်သိခွင့်ရတဲ့ ဖြိုင်ဘက်လိုလိုတွေမို့ မနော အနေနဲ့ နွေဦးအတွက် မကောင်းသတင်းကို စပြီးကြေညာရသူ မဖြစ်ချင်ပါ။

တိရစ္ဆာန်ရုံသို့ ရောက်သောအခါ စစ်ပိုင် ကားက အရင်ရောက်နှင့်နေတာ တွေ့ရသည်။ နွေဦးသည် အဖြူနှင့်အဝါ နှစ်ထပ်ပါသော ဒီဇိုင်းရှိသည့် စပို့ရှပ်လှလှလေးနှင့် စကတ်အရှည် အနက်လေးကို ခေတ်မီစွာ ဝတ်ဆင်ထားသဖြင့် တောက်ပစွာ လှနေသည်။ ဟန်နီကတော့ နွေဦးအနား မရောက်သေးခင်မှာ –

"ဒီပုံလား ယောကျ်ားသေပြီးခါစ မုဆိုးမပုံ ဆိုတာ။ သူ့ ကြည့်ရတာ ပူဆွေးဝမ်းနည်းနေတဲ့ပုံလည်း သိပ်မပေါ်ဘူးနော်၊ ပေါ့ပါးလွတ်လပ်နေသလိုပဲ"

ဟူ၍ ဝေဖန်ပါသည်။

ဟန်နီ့လိုပဲ မနောလည်း စိတ်ထဲမှာ အဲဒီလိုဖြစ်မိပေမဲ့ ထုတ်တော့ မပြောဖြစ်ပါ။ မနောကတော့ ချစ်သူ နေခဲ့ထားသူ အဆင့်သာရှိပြီး အခုချိန်မှာတော့ ကိုယ့်ချစ်သူဟာ ကိုယ့်အပေါ် တကယ်မချစ်ခဲ့ဘဲ သစ္စာမဲ့သလို လုပ်ရပ်မျိုး လုပ်ထားခဲ့၍ စိတ်နာပြီး ကြေကွဲဝမ်းနည်းမှု မရှိတော့ဘူးဆိုတာ ထားပါတော့။ လက်ခံနိုင်စရာ ရှိသည်ဟု ထင်သည်။





နွေဦးကကျတော့ တကယ့်ကို လက်ထပ်ယူထားသည့် ဇနီးလည်းဖြစ်သလို၊ ကိုပြည့်နဲ့ ပတ်သက်သော သားလေး တစ်ယောက်လည်း ရှိထားသူဖြစ်ရာ ကိုပြည့်၏ အဖြစ်ဆိုးအတွက် ကြေကွဲပူဆွေးနေသင့်သည်ဟု ထင်မိသည်။

အခုတော့ နွေဦးက အပူအပင် ကင်းမဲ့သည့်ပုံထွက်နေပါသည်။

ဒီကြားထဲ အထင်လွဲချင်စရာကလည်း ဘိုဘို့ကြောင့်ဆို့ ပြောရမလိုပင်။ ဘိုဘို့ကို နွေဦးက ကပ်လွန်းသည်။ ဘိုဘိုနဲ့ သိပ်တရင်းတနှီး ရှိလွန်းသည်ဟု မနော ထင်ပါသည်။

တိရစ္ဆာန်ရုံထဲ ဝင်သာလာရသည်။ တကယ်တော့ မနော သိပ်စိတ်ပါလှသည် မဟုတ်ပါ။ လင်းရိပ်ကလည်း ကင်မရာခွန်ဆောင်ပြီးတာနဲ့ ဓာတ်ပုံတွေ လျှောက်ရိုက်နေသည်။ ဟန်နီ တစ်ယောက်ကတော့ ဘာစိတ်ကူးပေါက်သည်မသိ၊ တိရစ္ဆာန်တွေ လျှောက်ကြည့်ပြီး အစာကျွေးနေသည်။

နွေဦးရယ် ဘိုဘိုရယ် ကလေးရယ်ကတော့ တကယ့် မိသားစုလေးအလား ထင်ရအောင်ပင် တတွဲတွဲနဲ့ တိရစ္ဆာန်ရုံတစ်ပတ် ကားလေးစီးဖို့ ကားပေါ်တက်သွားကြသည်။

မနော တစ်ယောက်တည်းသာ သစ်ပင်ရိပ်တစ်ရိပ်မှာ ဝင်ထိုင်ပြီး ဟိုငေးဒီငေး လုပ်နေစဉ် စစ်ပိုင် အနားရောက်လာသည်။

www.burmeseclassic.com



"ဘယ်မှ လျှောက်မကြည့်ဘူးလား မနော"

"မကြည့်ချင်ပါဘူးဟယ်၊ သူငယ်ချင်းတွေအားလုံး လာမယ်ဆိုလို့သာ လိုက်လာတာပါ စိတ်မပါပါဘူး"

"ဟန်နီကတော့ စိတ်ပါလက်ပါပဲ ဆင်တွေကို အစာကျွေးနေတယ် တွေ့လား"

"နင်ကရော"

"ငါလည်း ကလေးမှ မဟုတ်တာ။ တိရစ္ဆာန်ရုံလာဖို့ကို ဘယ်စိတ်ဝင်စားပါ့မလဲ"

"အခိက,ကတော့ နွေဦးတို့ သားအမိကို လိုက်ပို့ချင်ကြတာမဟုတ်လား၊ သူတို့ပျော်ရင် ပြီးတာပဲ"

"နင်ရော မနော၊ မပျော်ဘူးလား။ ငြေည့်ကို သတိရနေတုန်းပဲလား"

"သတိတော့ ရတာပေါ့၊ ဒါပေမဲ့ သူ သေဆုံးပြီးခါစလို အသည်းထဲမှာ ကွဲကြေနေသလို ခံစားချက်နဲ့တော့ သတိရတာမဟုတ်ဘူး။ ဪ ... ငါ့ဘဝမှာ ဒီလူတစ်ယောက် ရှိခဲ့ဖူးပါလား ဆိုတဲ့ ခံစားချက်နဲ့ပဲ သတိရတာပါ"

"စိတ်နာနေတာလား"

"စိတ်နာနေလို့လည်း အပိုပါပဲလေ။ ဘာလို့လဲဆိုတော့ သူက အသက်ရှိထင်ရှား ရပ်တည်နေခွင့်ရတဲ့ လူတစ်





ယောက်မှ မဟုတ်တော့တာ၊ စိတ်နာနေမိရင် ကိုယ့်စိတ်ကိုယ် ညှဉ်းဆဲတာနဲ့ အတူတူ ဖြစ်သွားမယ်"

စစ်ပိုင်သည် မနောကို ခပ်ငေးငေးကြည့်လျက် ...

"နင် သူ့ကို တော်တော်ချစ်တာပဲလား မနော။ တော်တော်ချစ်ခဲ့မယ် ထင်တယ်နော်"

ဟု မေးလေသည်။

"မနောကိုပဲ မေးနေ။ ကြည့်စမ်း ... အခုမှ မနော မေးဖို့သတိရတယ် စစ်ပိုင်ရယ်။ နင်ရော ဘယ်လိုလဲ။ ချစ်ရမဲ့သူမရှိဘူးလား၊ နင့်ဆီက တစ်ခါမှ ကောင်မလေးတစ်ယောက်အကြောင်း တသသပြောတာ မကြားဖူးဘူးနော်။ နင့်မှာ တစ်ယောက်ယောက် မရှိခဲ့ဖူးလား"

မနော မေးလိုက်တော့ စစ်ပိုင် မလုံမလဲ ရယ်နေသည်။

အသားညိုညို ယောက်ျားပီသဟန် ရုပ်ရည်နှင့် အရပ်ခပ်မြင့်မြင့်လည်းရှိသော စစ်ပိုင်သည် မိန်းကလေးတစ်ယောက်အတွက်ဆော့ ဘယ်လိုမှ ငြင်းစရာမရှိသော ရုပ်ရည်မျိုး ရှိပါသည်။ ရုပ်အချောအလှကြီး မဟုတ်၊ လင်းရိပ်ကဲ့သို့ မင်းသားတစ်ယောက်သို့ ကြော့နေအောင် ခန့်ညားနေတာလည်း မဟုတ်ပေမဲ့လည်း စစ်ပိုင်ဟာ ရုပ်မဆိုးသော ယောက်ျားတစ်ယောက်သာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် … ရယ်နေပုံက မလုံမလဲနဲ့ပါလား၊ ဘာလဲ … တွေ့ထားပြီးပြီလား၊ ပြောပါဦး ဘယ်သူလဲ"

"မဟုတ်ပါဘူးဟာ၊ မရှိပါဘူး၊ ဘယ်သူမှ မရှိပါဘူး"

"နှင့်ရုပ်ကြီးက ညာနေသလိုပဲ"

"အမှန်အတိုင်းတော့ ပြောပြချင်ပါတယ်၊ ပြောသင့် မပြောသင့် ချိန်ဆနေရတာမို့ပါ"

"အံမယ် … ပြောပါ၊ ပြောစမ်းပါဟဲ့။ မနော သိချင်လို့ပါ။ ဘာမပြောသင့်စရာရှိလဲ"

စစ်ပိုင်သည် မနောကို ခပ်တွေတွေ ကြည့်လိုက်ပြီးမှ …

"ဟိုး … လွန်ခဲ့တဲ့ ငါးနှစ်ကျော်တုန်းက ငါ့ရင်ထဲကို ဝင်လာခဲ့တဲ့ မိန်းကလေးတစ်ယောက် ရှိခဲ့တယ်။ သိပ်ခင်တဲ့ သူငယ်ချင်းတွေလည်း ဖြစ်နေတော့ ဖွင့်ပြောလိုက်ရင် သူ့စိတ်များဆိုးသွားမလား၊ ငါ့ကိုများ သူငယ်ချင်းအဖြစ်နဲ့တောင် မဆက်ဆံတော့ဘဲ အနေစိမ်းသွားမလား ဆိုတဲ့ စိုးရိမ်စိတ်နဲ့ ဖွင့်မပြောရဲခဲ့ဘူး။ ကိုယ့်ဘက်က အဲဒီလို မြို့စီစီလုပ်နေခဲ့မိတော့ သူဟာ ကိုယ့်သူငယ်ချင်းထဲကပဲ တစ်ယောက်ရဲ့အချစ်ကို လက်ခံဖြစ်သွားခဲ့တယ်။ သူတို့ ကိုယ့်မျက်စိရှေ့မှာတင် ချစ်သူတွေ ဖြစ်သွားခဲ့ကြတယ်"





မနောသည် အသက်ရှူဖို့ပင်မေ့ပြီး စစ်ပိုင်ကို ငေးကြည့်နေမိသည်။

"သူငယ်ချင်းနှစ်ယောက် ဘဝကနေ ချစ်သူအဖြစ် ပြောင်းလဲသွားတဲ့ သူတို့ကို နေ့စဉ်နဲ့အမျှ စောင့်ကြည့်ရင်း ကိုယ့်စိတ်ကိုယ် ဖြေခဲ့ပါတယ်။ သူလေးအတွက် ဒီလူသည်သာ လျှင် အမှန်ကန်ဆုံး၊ အရွေးသင့်ဆုံး လူပါပဲလို့ စိတ်ကို ဖြေသိမ့်ပြီး သူတို့နှစ်ယောက်ရဲ့ သူငယ်ချင်းကောင်းအဖြစ်နဲ့ ရုပ်တည်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် နှင်တောင် ဘာမှ မရိပ်မိခဲ့ဘူး မဟုတ်လား မနော။ ဟုတ်တယ်၊ ငါတကယ် ချစ်ခဲ့ရတဲ့ မိန်းကလေးက တစ်ယောက်တည်းပဲရှိတယ်။ အဲဒီမိန်းကလေးက နင်ပါပဲ မနောရယ်"

မနောသည် ရုတ်တရက်ကြီး မထင်မှတ်ထားသော စစ်ပိုင်၏ ဖွင့်ပြောမှုကို ကြားလိုက်ရလျှင် ရယ်ရမလို၊ တည်ရမလို ဖြစ်နေသည်။

"ငါ့ကို စိတ်မဆိုးနဲ့နော်၊ ပွဲလန့်တုန်း ဖျာခင်းတဲ့လူစားတော့ မဟုတ်ပါဘူး။ နင် သိချင်တယ်ဆိုလို့ ဖွင့်ပြောလိုက်တာပါ"

"အင်း … အင်း … ရပါတယ်၊ မနော စိတ်မဆိုးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မနောသည် ဗလုံးဗထွေးနဲ့ ပြန်ပြောလိုက်ရသော စစ်ပိုင်ကိုတော့ ရင်ထဲမှာ ကရုဏာသက်သွားပါသည်။ သူဟာ ငါ့ကို အချိန်အကြာကြီး မျှော်သိပ်ပြီး ချစ်နေနိုင်ခဲ့သူကိုး။

ထိုအချိန်တွင် လင်းရိပ်သည် ဓာတ်ပုံကင်မရာဖြင့် ဟိုရိုက် ဒီရိုက်လုပ်ရင်း တစ်ချက်မှာတော့ ကင်မရာမြင်ကွင်းထဲ မနောပုံလေး ဝင်လာသဖြင့် မှေ့ပြီးငေးနေမိသည်။ မနော မျက်နှာလေးက အံ့ဩသလိုလို၊ စိတ်မကောင်းသလိုလိုတွေ ရောပြွမ်းပြီး တစ်မျိုးလေးဖြစ်နေလေရာ အဓိပ္ပာယ်ဖော်ရခက်သော မျက်နှာပေးမျိုး ဖြစ်နေသည်။

လင်းရိပ်လည်း အဝေးကနေ zoom (ဖွန်း)ဆွဲယူပြီး မနော၏ ထိုမျက်နှာသွင်ပြင်လေးကို ပုံပေါင်းများစွာ ရိုက်ယူလိုက်မိသည်။ မနောကိုတော့ ဓာတ်ပုံတွေ ကူးမှပဲ ပြတော့မည်ဟု တွေးထားပါသည်။ ခုတလော သူ့စိတ်တွေဟာ ဘယ်လိုဖြစ်သည် မသိ။ မနောကို အချိန်တိုင်းလိုလို သတိရနေမိကာ မနောအကြောင်းတွေပဲ အပြန်အလှန် တွေးနေချင်မိသည်။ သူငယ်ချင်းသက်တမ်း ဆယ်နှစ်ကျော်ပင် ရှိတော့မည်။ အားလုံးထဲမှာ လင်းရိပ်နဲ့ မရင်းနှီးဆုံး၊ အနေအစိမ်းဆုံးက မနော ဖြစ်ခဲ့ပေမဲ့ ပြေည့် ဆုံးပြီးနောက်ပိုင်းမှာ နွေဦး ကိစ္စကြောင့် ခေါ်ခေါ်ပြောပြော ခပ်များများ လုပ်ဖြစ်သွားပြီး ပိုရင်းနှီးလာသလိုလည်း ဖြစ်ခဲ့သည်။ အရင်ကတော့ ပြေည့်ဟာ မနောကို ချစ်သူအဖြစ် ရွေးချယ်တုန်းကတော့





"မနောများ ဘာစိတ်ဝင်စားစရာ ရှိလို့လဲကွာ၊ လူက ပိန်သွယ်သွယ်၊ အရပ်ကလည်း ပုပြတ်ပြတ်လေးနဲ့ သိပ်မလှပါဘူး။ မျက်လုံးလှလို့သာ စိတ်ဝင်စားခံနေရတာ၊ ငါ့အနေနဲ့ဆို သူဟာ လုံးဝ attractive မဖြစ်ဘူး"

ဟူ၍ပင် ပြေည့်ကို ကျိတ်ဝေဖန်ဖူးသည်။

"မနောကို ချစ်သူအဖြစ် ချစ်သွားရခြင်း အကြောင်းရင်းကတော့ သူ့ကို သနားလို့ပါကွာ၊ သနားရင်း သနားရင်းနဲ့ သူ့နံဘေးမှာ ငါဟာ သူ့အားကိုးမှီတွယ် တိုင်ပင်စရာ ချစ်သူဖြစ်ခဲ့ရင် ဆိုတဲ့ စိတ်ကူးဝင်လာလို့ သူ့ကိုချစ်သူအဖြစ် ရွေးတာပါ၊ မနော လှတာ၊ မလှတာတွေ ငါ သိပ်စိတ်မဝင်စားပါဘူး"

ပြေည့်က ထိုသို့ အမှန်အတိုင်းပင် ဝန်ခံဖူးတာလည်း ရှိပါသည်။ အင်းလေ ... ဒါကြောင့်ပဲ ထင်ပါရဲ့။ မနောထက် အဆတစ်ရာလောက် ပိုလှ၊ ပိုဆွဲဆောင်မှုရှိတဲ့ နွေဦးနဲ့တွေ့တော့ ပြေည့် ခမျာ အခုမှ တကယ်ချစ်တဲ့သူ တွေ့ပြီဆိုပြီး အမှားတွေ လုပ်သင့်တာတွေ ကျူးလွန်မိတာ ထင်တယ်။

ဒီဘက်မှာ မနောကိုလည်း သနားပြီး အမှန်အတိုင်း ရှင်းရဲ၊ ဟိုဘက်မှာ နွေဦးကိုလည်း သိပ်ချစ်မိပြီး လက်မလွှတ်ချင်ဖြစ်ပြီး မပြတ်မသားတဲ့ အခြေအနေကြီး တစ်ခုကို ဖန်တီးခဲ့မိဟာ ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



လင်းရိပ် တစ်ယောက် ငှပြည့်ကို အခုမှ နားလည်လာသလိုလို တွေးနေမိရင်း သူ့စိတ်သူတော့ ပြန်သတိပေးနေမိသည်။ ငါလည်း မနှောကို သနားပြီး ကရုဏာသက်မိရာကနေ ချစ်သူဖြစ်ဖို့ထိ ဆုံးဖြတ်ချက်တွေ မချမိရင် ကောင်းမယ်ထင်တယ်။

မနှောဟာ မလှဘူး။ သို့သော် ချစ်စရာကောင်းတဲ့ ရုပ်ရည်လေးနဲ့ မျက်လုံးလှလှတစ်စုံကို ပိုင်ဆိုင်ထားတယ်။ ပြီးတော့ အားလုံး ကရုဏာသက်မိထားစေကဲ့ ဇွဲစပ်ပြီးခါစ လက်ထပ်ခါနီး ချစ်သူတစ်ယောက်ကို ဆုံးရှုံးထားရသူလည်း ဖြစ်တယ်။ ဒါ့အပြင် သူ့ချစ်သူဟာ သူ့ကွယ်ရာမှာ မိန်းမတစ်ယောက် တိတ်တဆိတ် ကောက်ယူထားပြီး ပြဿနာရှုပ်စေဖို့ ဖန်တီးထားခံရတဲ့ သနားစဖွယ် မိန်းကလေးလည်း ဖြစ်တယ် စသော အချက်တွေဟာ အတွင်းသိ သူငယ်ချင်း ယောက်ျားလေးတစ်ယောက်ရဲ့ နှလုံးသားကို ဆွဲကိုင်လှုပ်နိုင်စွမ်း ရှိတာတော့ သေချာပါသည်။

လင်းရိပ်သည် သက်ပြင်းမသိမသာချရင်း သူ့ကင်းရာမြင်ကွင်း ချိန်ထားရာကို နေရာပြောင်းလိုက်ပါသည်။ တကယ်တော့ ကင်မရာထဲကနေ မနှောကို အကြာကြီး ငေးကြည့်ချင်နေတာပါ။ စိတ်ကိုထိန်းပြီး မြင်ကွင်းပြောင်းလိုက်သောအခါ တိရစ္ဆာန်တစ်ပတ် ကားပတ်စီးပြီး ပြန်လာကြသော ဘိုဘိုတို့ကို ချိန်မိရက်သား ဖြစ်သွားပါသည်။





လင်းရိပ်သည် ကင်မရာထဲမှပင် ဘိုဘို့မျက်လုံးတွေထဲက အရိပ်ကို ထပ်၍ဖော်ထုတ်မိပြန်သည်။

♥ ✣ ♥

www.burmeseclassic.com



## ၈

နေ့လယ်စာကိုတော့ စားသောက်ဆိုင်ကြီး တစ်ဆိုင်မှာ စားကြဖို့ ညှိပြီးပြီမို့ တိရစ္ဆာန်ရုံထဲက ထွက်တာနဲ့ ထိုဆိုင်ကြီးဆီ ကားအသီးသီး မောင်းလာခဲ့ကြသည်။

ထုံးစံအတိုင်း စစ်ပိုင်၊ ဘိုဘိုနဲ့ နွေဦးတို့တွေက ကားတစ်စီး ရှေ့ကသွားနှင့်လျက် လင်းရိပ် ကားပေါ်မှာတော့ မနော့နဲ့ ဟန်နီပါ ပါသည်။ မနောကတော့ စပ်စပ်စုစု မလုပ်ပေမဲ့ ဟန်နီကတော့ အငြိမ်မနေဘဲ လင်းရိပ်၏ ကင်မရာကြီး လှမ်းယူကာ ...

"နင့်ကင်မရာက digital ကင်မရာပဲ၊ ပုံတွေပြန်ကြည့်လို့ရမှာပေါ့၊ ငါ ခဏကြည့်မယ်နော် လင်းရိပ်"

"ဟာ ... မကြည့်ပါနဲ့၊ ဘာလုပ်မှာလဲ၊ ပုံထွက်လာမှ ကြည့်ပါဟာ၊ လျှောက်မကလိပါနဲ့"





"မကလိပါဘူး ပုံပဲ ပြန်ကြည့်မှာပါ၊ စိတ်ချ နင့်ရဲ့သိန်းသုံးဆယ်လောက်တန်တဲ့ ကင်မရာကြီး မပျက်ပါဘူးဟယ်"

"ကင်မရာပျက်မှာစိုးလို့ မဟုတ်ပါဘူး"

လင်းရိပ်သည် ဟန်နီ ကြည့်လိုက်ရင် မနောတစ်ယောက်တည်း ခပ်ငေးငေးလေး လုပ်နေတဲ့ ပုံတွေချည်း ဆယ်ပုံလောက် ရိုက်ထားတာကို တွေ့သွားမှာစိုးပြီး တားမိတာဖြစ်သည်။ ကျန်တဲ့ပုံတွေက လျှပ်တစ်ပြက် ရိုက်ယူလိုက်သော ပုံမျိုးမို့ တစ်မျိုးကို တစ်ပုံစီလောက်သာ ဖြစ်ပေမဲ့ မနောပုံကျတော့ တမင်ပဲ အခါခါ ရိုက်ယူထားသလိုပုံမျိုးဖြစ်ရာ၊ ဟန်နီ တွေ့ပြီး စပ်စပ်စုစု မေးမှာ စိုးရိမ်နေမိပါသည်။

ဟန်နီ့လက်ထဲမှာ ကင်မရာရှိပေမဲ့ ကံကောင်းသွားတာက ကင်မရာဟာ ပရော်ဖက်ရှင်နယ်ကိုင် ကင်မရာမျိုးဖြစ်ပြီး Function (ဖန်ရှင်)လည်း များသဖြင့် ဟန်နီမှာ ဘယ်ခလုတ်အရင် စ,နှိပ်ရမှန်းမသိ ဖြစ်နေသည်။ ကင်မရာက U.S နဲ့ပင် ဒေါ်လာ သုံးထောင်နီးပါး ပေးရသဖြင့် မြန်မာငွေနဲ့ဆို သိန်းသုံးဆယ်လောက် ဖြစ်နေတာမို့ ဟန်နီမှာ ဖြစ်ကတတ်ဆန်း ဟိုနှိပ်ဒီနှိပ် လက်မဆော့ရဲသေးဘဲ ဖင်ပြန်ခေါင်းပြန် ကြည့်နေသေးသဖြင့် ချက်ချင်းခလုတ် မဖွင့်နိုင်ဘဲ ဖြစ်နေချိန်မှာ ...

"ဟော ... စစ်ပိုင်တို့က ဟိုဆိုင်ရှေ့ ရပ်လိုက်ပြီ လင်းရိပ်၊ အဲဒီဆိုင်မှာပဲ စားမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော မနော၏ လှမ်းပြောသံကြောင့် ဟန်နီလည်း ကင်မရာကို ဖွင့်ခွင့်မရလိုက်တော့။

"ဓာတ်ပုံကူးပြီးရင် ငါ အရင်ဆုံးကြည့်မယ်"

ဟု ဓာတ်ပုံရိုက်ခံရတာ ဝါသနာပါသော ဟန်နီက မကျေမချမ်း ပြောနေသည်။ ဟန်နီက ဓာတ်ပုံရိုက်ခံဖို့ကို၊ ရိုက်ပြီးသားဓာတ်ပုံတွေ ပြန်၍ချက်ချင်းကြည့်ရဖို့ကိုတော့ အင်မတန်မှ စိတ်ဝင်စားတတ်သူလည်း ဖြစ်ပါသည်။

လင်းရိုပ်ကတော့ စစ်ပိုင်တို့ ဝေးဝေးလံလံ ဆိုင်ကို မရွေးဘဲ ချက်ချင်းရောက်သွားသဖြင့် ကျိတ်,ဝမ်းသာရမလို ဖြစ်နေသည်။

ဆိုင်ထဲမှာ နေရာယူကြပြီး မှာစရာရှိတာတွေမှာပြီး စားရင်းသောက်ရင်းနဲ့မှ နွေဦးက မနောကို မဝံ့မရဲအသံဖြင့် ...

"မ ... မ,မနော ... နွေဦး မေးချင်တာရှိလို့ အဲဒါ",

ဟု အဆက်အစပ်မရှိ စ,ပြောပါသည်။ နွေဦးသည် လူကသာ ခေတ်မီမီ ဝတ်စားဆင်ယင်ပြီး ရဲရဲတင်းတင်း အမူအရာရှိသော်လည်း မနောကိုကျ ရှိန်နေတတ်သည်။ သူမကသာ ကိုပြည့်ကို အရင်ဆုံး ပိုင်ဆိုင်ခွင့်ရထားသူ ဖြစ်ပေမဲ့ မနော အပေါ်မှာကျ အလိုလို စိုးရွံ့အားငယ်နေကာ သူမကိုယ်သူမ သိမ်ငယ်နေဟန်ဖြင့် စကားပြော ဆက်ဆံတတ်တာလည်း တွေ့ရသည်။





"မေးလေ နွေဦး၊ ဘာမေးမလို့လဲ"

"ဟို ... ဟိုလေ၊ တစ်မျိုးတော့ မထင်ပါနဲ့နော်၊ မ,မနော အစ်ကိုပြည့်အိမ်ကို သွားပြီးပြီလား သိချင်လို့ပါ။ မ,မနော က ဘာမှ စ,မပြောတော့ နွေဦး စ,မေးရတာ ခက်နေလို့ မမေးရဲဘဲ စောင့်နေမိတာပါ။ ခုထိ မ,မနောက ဘာမှ မပြောသေးတော့ သိချင်လာလွန်းလို့ပါ"

မနောသည် နားလည်ခွင့်လွှတ်သလို အသာပြုံးရင်း ...

"မနောလည်း ကိုယ့်ဘက်က စ,ပြောရင် မကောင်းဘူးထင်လို့"

ဟု ဝန်ခံလိုက်သည်။ ဒီတော့မှ နွေဦး ခမျာ သက်ပြင်းကို သိသိသာသာပင် အားလုံးရိပ်မိအောင် ချလိုက်လျက် ...

"မ,မနောကို နွေဦး စိတ်ထဲမှာ ဘယ်တော့မှ မကောင်းမမြင်ပါဘူး။ မ,မနော အမှန်အတိုင်း ပြောမှာကို နွေဦး ဘာကြောင့် မကောင်းမြင်ရမှာလဲ။ နွေဦး မ,မနောစိတ်ကို ခန့်မှန်းနိုင်ပါတယ်"

"ဟုတ်လား ... ပြောပါဦး၊ မနောစိတ်က ဘယ်လိုမျိုးရှိလဲ"

နွေဦး အသာအယာပြုံးပြီး ...

"မ,မနောက သနားကြင်နာစိတ်ရှိပြီး ကူညီတတ်တဲ့မိန်းကလေးမျိုးလို့ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမြှောက်ပါနဲ့၊ မနော၊က မတရားတာကို မကြည့်ချင်ဘူး၊ ကူညီသင့်တယ် ထင်လို့ ကူညီတာပါ။ ယောကျ်ားတစ်ယောက်ရဲ့ ခြယ်လှယ်မှုကို နားယောင်ပြီး လက်ခံလိုက်ရတဲ့ မိန်းကလေးတစ်ယောက်မှာ အပြစ်မရှိဘူး။ သူ့ကိုကူညီသင့်တယ်လို့ ထင်လို့ပါ"

မနောသည် နွေဦးကို အမှန်အတိုင်းပဲ ဖွင့်ပြောလိုက်ပါသည်။ သေသေချာချာ ပြည့်ပြည့်စုံစုံ ပြောပြလိုက်သောအခါ နွေဦး မျက်နှာလေးမှာ စကားဆုံးတော့ ညှိုးလျှော့မှိန်နယ်သွားသည်။

"သူတို့ အသိအမှတ် မပြုဘူး ဆိုတော့လည်း ဘာ,တတ်နိုင်မလဲလေ၊ နွေဦး အစက စဉ်းစားထားသလို ကိုယ့်ဘာသာပဲ ရှန်းကန်ရတော့မှာပေါ့"

ဟု နောက်ဆုံးမှာ အားလျှော့သံဖြင့် ပြောပါသည်။

"နွေဦးမှာ လက်ထပ်စာချုပ်တွေ၊ ကလေးမွေးစာရင်းတွေ ရှိလား"

မနော ထိုသို့ ကောက်မေးလိုက်တော့ အားလုံးက အံ့အားသင့်သလို စောင့်ကြည့်ကြသည်။

"ရှိတာပေါ့ မ,မနောရဲ့။ နွေဦးမှာ အကုန်ရှိပါတယ်။ အိမ်ဝယ်ထားတဲ့ စာချုပ်ကအစ အစ်ကိုပြည့်နဲ့ နွေဦး နာမည်တွဲရက် ပါပါတယ်"





"ပြီးတော့ နွေဦးတို့ဘက်က ထောက်ခံပေးမဲ့ သက်သေတွေ ဘာတွေ ရှိမလား"

"ရှင် ... ဘာကို ထောက်ခံပေးမဲ့သူလဲ မ,မနော"

"ဩော် ... ဖိုးပြည့်လျှံ ဆိုတဲ့ လူတစ်ယောက်နဲ့ နွေဦးတို့ဟာ တကယ်ပေါင်းသင်းတဲ့ လင်မယားပါ၊ တကယ်ချစ်လို့ ယူကြတာပါ ဆိုတာမျိုး ထောက်ခံပေးမဲ့သူမျိုး ရှိလားလို့ပါ"

"အဲဒါကတော့ အကူအညီတောင်းရင် အိမ်ဘေးကလူတွေ ဘာတွေကတော့ သက်သေလုပ်ပေးမှာပါ၊ မ,မနော ဘာဖြစ်လို့ အဲဒါတွေ မေးနေတာလဲဟင်"

မနော မဖြေခင်မှာ စစ်ပိုင်က မနောကို မျက်လုံးမြှုံးပြလျက် ...

"ဟာ ... မနော၊ နင် ပြေည့်မိဘတွေကို တရားရုံးကနေ အမွေတောင်းတာမျိုး လုပ်ခိုင်းမလို့ မဟုတ်လား"

ဟု ရိပ်မိသိရှိပြီး ပြောသောအခါ အားလုံး အံ့အားသင့်ကုန်ကြသည်။ မနော ဒီလောက်ထိ စိတ်ပါလက်ပါ တွေးပေးပြီး နွေဦးတို့ကို ကူညီတာဟာ အံ့ဩစရာ ဖြစ်နေပါလိမ့်မည်။

"လုပ်သင့်ရင် လုပ်ရမှာပေါ့၊ သူတို့ ဒီလောက်ချမ်းသာတာ ဆယ်သက်စားမကုန်တဲ့ ပစ္စည်းဥစ္စာတွေကို သယ်သွားသွား



www.burmeseclassic.com

www.burmeseclassic.com



ပေးစရာ ရှိလို့လဲ။ ကိုပြည့်ရဲ့သားလေး ရှိနေတာ မပေးလို့ ရမလား၊ ဒီတော့ ရသင့်ရထိုက်တာ တောင်းယူရမှာပေါ့။ ဒါ မတရားတာမှ မဟုတ်တာ။ ကိုပြည့် တစ်နေရာရာက စောင့်ကြည့်နေလို့ သိရင်လည်း သူ ကျေနပ်မှာပါ၊ မနော လုပ်တာ မှန်တယ်လို့ ပြောမှာပါ”

နွေဦးမှာ မျက်လုံးအဝိုင်းသားဖြင့် မနောကို အကဲခတ်နေသည်။

“နွေဦး သဘောပါပဲ၊ အဲဒီလို လုပ်လို့ရတယ်ဆိုတာ ပြောပြတာပါ။ နွေဦး လုပ်ချင်တယ်ဆိုရင် မနော နာမည်ကြီး ရှေ့နေ ငှားပေးပြီး ကူညီပေးမယ်”

ဘိုဘိုကတော့ အစတည်းက နွေဦးဘက်ပါသူဖြစ်ရာ ...

“ဟာ ... မနော ပါမှတော့ ငါတို့လည်း ပါရမှာပေါ့၊ ဝိုင်းကူညီ အကြံပေးမှာပေါ့”

တွေ ငင်ပြောပြီး မဆီမဆိုင် ကလေးကို ယုယစွာ ထွေးပွေ့သလို ချီလိုက်သည်။

“နွေဦး ... ဟို ... နွေဦး သဘောက ပြောရင် ယုံကြပါ့ မလား မသိဘူး။ အစ်ကိုပြည့် သူ့မိဘတွေဆီ လက်ဆွဲခေါ် သွားမှပဲ အစ်ကိုပြည့်နဲ့ တကယ်သက်ဆိုင်ရပါပြီလို့ စိတ်





ဒုံးဒုံးချထားမိတဲ့သူ ဆိုတော့ အခုလို အစ်ကိုပြည့် မရှိဘဲနဲ့ သူ့မိဘတွေဆီမှာ ငွေကြေးကိစ္စ ရင်ဆိုင်ရမှာ ကြောက်တယ်။ နွေဦး လိုချင်တာက သူတို့ အသိအမှတ်ပြုရုံလေးပါ၊ ကလေးရဲ့ ကျောင်းစရိတ်လေး ဘာလေး ထောက်ရုံပါ။ နွေဦးနဲ့ဆို သားက ချို့ချို့ငဲ့ငဲ့ နေရပြီး မပြည့်မစုံနဲ့ ဘဝကို ရင်ဆိုင်ရမယ်လေ။ အဖေကတော့ တကယ့် သူဌေးကြီးတွေရဲ့ တစ်ဦးတည်းသောသား ဖြစ်ပြီး သား အလှည့်ကျတော့ စုတ်ပြတ်ချို့ငဲ့နေရမှာစိုးလို့ ကလေး အတွက် ထောက်ပံ့ရုံလေး တောင်းကြည့်တာပါ။ နွေဦး ဘာသာ တစ်ယောက်တည်း ကျန်ခဲ့ရမယ် ဆိုရင်တော့ ဘာအရေးလဲလေ။ ဝမ်းဝရုံလောက်တော့ အလုပ်လုပ်ပြီး နေနိုင်ပါတယ်၊ သားနဲ့ကျတော့ ဝမ်းဝရုံနဲ့ မဖြစ်သေးဘူး။ သူ့ရဲ့ အနာဂတ်က ရှိသေးတယ်လေ၊ အဲဒါကြောင့် အသိ အမှတ်ပြုပေးဖို့ တောင်းဆိုမိတာပါ”

မနောသည် နွေဦး ပြောသမျှ ဖြတ်မပြော၊ ဖြတ်လည်း မေးဘဲ နားထောင်ပေးလိုက်ပါသည်။

နွေဦး စကားဆုံးတော့မှ ...

“ဒါဖြင့် နွေဦး ဘာလုပ်မလဲ”

ဟု ဆက်မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နွေဦး မနက်ဖြန်ပဲ ကားလက်မှတ် သွားစုံစမ်းပြီး ရရာကားနဲ့ ပြန်မယ်လေ"

"ဘယ်တော့ ပြန်လာမှာလဲ"

"နွေဦး ဟိုက အိမ်ကိုရောင်းရဦးမယ်၊ နယ်မြို့က ရိုးရိုးလုံးချင်းအိမ်လေးဆိုတော့ သိပ်တော့ ဈေးမရပါဘူး။ ဒါပေမဲ့ တန်ရာတန်ကြေးရအောင်တော့ ခေါ်ထားခဲ့တယ်၊ ရောင်းလို့ရတဲ့ပိုက်ဆံရမှ ရန်ကုန်ကို အပြီးထွက်လာလို့ ရမယ်။ နွေဦး ပြန်မလာခင်မှာတော့ နွေဦးမှာပါလာနိုင်သလောက်ငွေကြေးကို ခန့်မှန်းပြီး ကိုဘိုဘို့ကို ပြောထားခဲ့ပါတယ်။ ကိုဘိုဘိုက သင့်တော်တဲ့တိုက်ခန်း ဝယ်နိုင်ဖို့ ကြိုရှာထားမယ် ပြောပါတယ်"

"အလုပ်ကျတော့ရော"

"အလုပ်ကတော့ ရှာရမှာပေါ့၊ အရောင်းစာရေးပဲရရ လုပ်ရမှာပေါ့"

စစ်ပိုင်က မနေသာတော့ဘဲ ဝင်သတိပေးသည်။

"အရောင်းစာရေး လုပ်တာက ဟုတ်ပါပြီ၊ ဘယ်လိုဆိုင်မှာလုပ်မဲ့ အရောင်းစာရေးလဲ ဆိုတာက စဉ်းစားရမယ်။ ညည်း ရှော့ပင်းမောလ်ကြီးတွေမှာ အရောင်းစာရေးလုပ်မယ်





ဆိုရင်တော့ မနက်ကနေ ညအထိ အလုပ်ဆင်းရမှာ။ ကလေးကို နေ့ကလေးထိန်းကျောင်း ပို့တယ်ထားဦး၊ တစ်နေကုန်ပဲရမှာ၊ ညဘက်ပိုင်းကျ ဘယ်သူကြည့်မလဲ"

"ကိုစစ်ပိုင် ပြောတာ ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ နွေဦးလို ဆယ်တန်းတောင် မအောင်တဲ့သူက အချိန်မှန် အလုပ်သွား အလုပ်ပြန် လုပ်လို့ရတဲ့ ကုမ္ပဏီအလုပ်၊ ရုံးအလုပ် ဝင်လုပ်လို့ ရပါ့မလား"

လင်းရိပ်မှာ ငြိမ်နားထောင်နေရာမှ သတိရသလိုဖြင့် ...

"ညည်း ကုမ္ပဏီအလုပ် လုပ်ချင်ရင်တော့ ငါတို့ရုပ်ရှင်ကုမ္ပဏီမှာ ဝင်လုပ်ပါ ရပါတယ်၊ ရိုးရိုးစာရေးမ အလုပ်ပေါ့။ လခကတော့ အများကြီး ပေးလေ့မရှိဘူးလို့ ငါသိထားတယ်"

ဝင်အကြံပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ နွေဦး ကိစ္စကို စိတ်ဝင်တစား ဝင်ဖြေရှင်းပေးကြတာ သိရတော့ နွေဦး ဝမ်းလည်းသာပါတယ်။ နွေဦး ဘာမှ အတိအကျ မပြောနိုင်သေးတော့ ကိုလင်းရိပ်ကိုလည်း ကတိမပေးသေးဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ကတော့ နေ့လယ်စာ စားသောက်ကြပြီး နွေဦးတို့ကို ရောက်ဖူးအောင်ဆိုကာ နာမည်ကြီး ရွှေပင်းမောလ် နှစ်ခုလောက် လိုက်ပြပေးကြသည်။ ဘိုဘို တစ်ယောက်ကတော့ ကလေးအပေါ် အဖြစ်သည်းလျက် တကယ့်ကလေးအဖေကြီးလိုပဲ တချိုချို၊ ကလေးအတွက် အရုပ်တွေ အင်္ကျီဘောင်းဘီတွေ ဝယ်ပေးနှင့် သံယောဇဉ် ပိုနေတာတွေ့လျှင် ကျန်သူငယ်ချင်းလေးယောက်တို့မှာ အချင်းချင်း မျက်စတွေ ပစ်ကုန်ကြရသည်။

ပြန်ကြသည့်အခါ ထုံးစံအတိုင်း စစ်ပိုင် ကားပေါ် ဘိုဘိုနှင့် နွေဦးတို့ သားအမိတစ်တွေ ပါသွားကြပြီး လင်းရိပ်ကားပေါ် မနော့နှင့် ဟန်နီ ပါလာသည်။

စစ်ပိုင်ကတော့ ခွဲကြခါနီးလေးမှာ လူတွေလစ်တုန်း မနော့နား တိုးလျက် ...

"မနော့ ငါပြောထားတာတွေ နင် စိတ်မဆိုးဘူးဆိုရင် အဲဒီ ငါပြောတာကို အတည်ပြုတယ်နော်။ နင့်ဆီမှာ နောက်ထပ် နှလုံးသားအသစ်နဲ့ ချစ်လာနိုင်မဲ့ အချစ်မျိုး ရှိလာခဲ့ရင် ငါ့ကို စဉ်းစားပါနော်"

ဟူ၍ သူ ပြောထားခဲ့တာတွေကို ထပ်အတည်ပြု သွားသေးလေသည်။





မနော့သည် ဒီနေ့ကြုံခဲ့ရသော စစ်ပိုင်ထံမှ အမှတ်ထောင် ပွင့်အန်လာသည့် အချစ်အကြောင်းကို တစ်လမ်းလုံး တိတ်ဆိတ်စွာ စဉ်းစားလာမိခဲ့ပါသည်။ ဟန်နီကတော့ မရိပ်မိဘဲ နော့မှာ နွေဦးတို့ကိစ္စဖြင့် ခေါင်းပူအောင် စဉ်းစားနေသည်ဟု ထင်သွားကာ ...

"သိပ်လည်း စဉ်းစားပေးမနေပါနဲ့ မနော့ရယ်၊ နွေဦး ကြည့်ရတာ တစ်ယောက်ယောက်ကို အလွယ်တကူပဲ အားကိုးရှာတော့မဲ့ပုံပဲ၊ ဘိုဘိုကလည်း အဲဒီသားအမိအပေါ် စေတနာတွေ ရေစီးကမ်းပြို ဖြစ်နေပုံပဲ၊ ဒီတော့ ကိုပြည့် မိဘတွေ အသိအမှတ် မပြုလည်း သိပ်တော့ ဒုက္ခရောက်စရာ မရှိပါဘူး"

ဟု မနော့ကို နှစ်သိမ့်သလို ပြောလာသည်။

မနော့မှာ ကိုယ့်အကြောင်းနဲ့ကိုယ်မို့ အသာအယာသားဖြိုးလျက် နားထောင် ငြိမ်သက်နေလိုက်ရသည်။ ဟန်နီ့အိမ်သို့ ကားမောင်းလာရာလမ်းမှာ အရင်ရောက်သဖြင့် ဟန်နီ့ကို ဆင်းချပေးပြီးမှ မနော့နဲ့ လင်းရိပ် အတူတူ ပြန်လာကြရသည်။

မနော့ ကားပေါ်မှဆင်းတော့ ပတ်ဝန်းကျင်မှ လူတွေက စူးစမ်းအကဲခတ်သလိုကြည့်တာ ခံရသည်။ သူတို့အားလုံး ထင်ထားသည်မှာ မနော့သည် လေးနှစ်ကျော်လောက် တွဲလာသော



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှင့် လူကြီးချင်း စေ့စပ်ပြီးပြီဟု မမကြီး ကိုယ်တိုင် ထော်ဝန်းကျင် အမြင်ကောင်းအောင် ကြိုပြောထား၍ သိထားသည်။

"မပြောထားလို့ မဖြစ်ဘူးလေ၊ မောင်ပြည့်က ခဏခဏ ဝင်ထွက်သွားလာနေတာ။ နင်ကလည်း တိုက်ခန်းမှာ တစ်ယောက်တည်းနေတဲ့သဘော ဖြစ်နေတာဆိုတော့ တို့အမြင်တင့်တယ်အောင် နင်တို့အခြေအနေကို တမင်ပြော ထားရတယ်"

ထိုချစ်သူနှင့် စေ့စပ်ထားရာ၊ မကြာခင်ပဲ လက်ထပ် ရတော့မည့် ကာလတွင် မနော၏ချစ်သူသည် ဆိုင်ကယ်အက်ဆီး ဒင့်ဖြစ်ပြီး ဆုံးသွားသည်မှာ မကြာသေး ဆိုတာလည်း ဟိုလူ ဒီလူပြောနှင့် သိထားပြီးကြလေပြီ။ ချစ်သူသေပြီးတာဖြင့် မကြာ သေး။ အခုတော့ ကောင်လေးတစ်ယောက် မနက်က ကားနဲ့ ခေါ်လို့ပါသွား၊ အခုလည်း ညနေစောင်းမှ အိမ်ပြန်ပို့ဆို အခြေအနေကို ရပ်ကွက်တို့ ထုံးစံအတိုင်း ကြည့်ကြ၊ ရှု အကဲခတ်ကြတာမျိုး ကြုံရတာဖြစ်သည်။

မနောသည် လင်းရိပ်ကို လက်ပြနှုတ်ဆက်ပြီး တိုက်ပေါ်တက်လာခဲ့သည်။ မနောကို ဒီလောက် ကြည့်ရှု လောက်တော့ ဂရုမစိုက်ချင်တော့။ အခုချိန်တွင် မနောသည်





ဘာတွေစိတ်အလိုမကျမှန်း မသိ။ ဘာတွေ စိတ်ရှုပ်မှန်းမသိဖြစ် လျက် စိတ်လေသလို ပြန်ခံစားနေရပြန်သည်။

ဒါဟာ ကိုပြည့်ကိစ္စတွေကြောင့်လား။ မမျှော်လင့် ထားခဲ့သော သူငယ်ချင်း စစ်ပိုင် ထံမှ နှစ်ရှည်လများ သိမ်းဆည်း ထားသော သူ့အချစ်ကို ကြားခဲ့ရလို့လား။ ဒါမှမဟုတ် မနော အပေါ် အကြည့်တစ်မျိုးလေးဖြင့် တွယ်ငြိသလိုလို၊ နစ်မျောသလိုလို ငေးငေးကြည့်တတ်ခဲ့သော လင်းရိပ်ကြောင့်လား ဆိုတာတွေလည်း မနော ဝေခွဲမရခဲ့ပါ။

ချစ်သူသေတာဖြင့် မကြာသေးသော မိန်းကလေး တစ်ယောက်ဟာ နောက်ထပ် အချစ်သစ် မွေးဖွားဖို့ သင့်တော် ပါရဲ့လား။

♥✣♥



www.burmeseclassic.com

www.burmeseclassic.com



## ၉

ကိုပြည့်အတွက် တစ်လပြည့် ဆွမ်းကျွေးကို သူ့မိတ်ဆွေတွေအိမ်မှာ လုပ်သောအခါ မနောတို့အားလုံးနဲ့ ကိုပြည့်၏မိတ်ဆွေတွေ ပြန်ဆုံကြရသည်။ နွေဦးတို့ သားအမိကတော့ ရန်ကုန်မှာ မရှိ။ မြို့ပြန်ပြီး အိမ်ရောင်းရေးကိစ္စ စီစဉ်နေရသဖြင့် နွေဦး အားလုံးကို နှုတ်ဆက်ပြီး ပြောခဲ့သလိုပင် ...

“ဘယ်အချိန် ပြန်လာဖြစ်မယ်ရယ်လို့ အတိအကျတော့ မပြောခဲ့နိုင်ဘူး။ အိမ်ရောင်းလို့ရရချင်း နွေဦး လာမှာပါ။ နွေဦး အဖြစ်က အိမ်မရောင်းရရင် ဒီမှာလည်း ပြန်ဝင်နေဖို့ ပိုက်ဆံမရှိတာမို့ အိမ်ရောင်းရအောင် စောင့်ရဦးမယ်”

ဆိုသော အခြေအနေမို့ နွေဦး ဘယ်တော့ပြန်လာမယ်မှာ အတိအကျ မသိနိုင်ပါ။





ဘိုဘိုကတော့ သူ့ဘာသာ မလုံမလဲဖြင့် ...

“ဒီရက်ထဲ ငါ တစ်ခေါက်သွားကြည့်ပေးလိုက်ဦးမယ်”

ဟု အသိတော့ပေးထားပြီး သူ ဘယ်နေ့ ဘယ်ရက် သွားမည် ဆိုတာတော့ သူငယ်ချင်းတွေအားလုံး အလိုက်တသိ မမေးသောကြောင့် ဘိုဘိုလည်း မပြောပါ။

ကိုပြည့်အတွက် မနက်နေ့ဆွမ်းကပ်၊ ဆွေမျိုးမိတ်ဆွေ လူသုံးဆယ်လောက်သာ ရင်းနှီးသူတွေ ဖိတ်သော၊ တစ်လပြည့် ဆွမ်းကျွေးအလှူပြီးသောအခါ မနောတို့ ချက်ချင်းထ,ပြန်၍ ကောင်းတာမို့ ဝိုင်းကူသိမ်းဆည်းပေးကြပါသည်။ အရင်ကတော့ ကိုပြည့် ရှိတုန်းက ဒီအိမ်လာလျှင် မနော တစ်ယောက်တည်း ကိုပြည့်နဲ့ ပါလာတာမျိုး လေးကြိမ်ထက်ပင် မပိုဘူးပါ။ အမြဲလာဆိုက်တိုင်း သူငယ်ချင်း တစ်အုပ်ကြီးတို့နဲ့ ရောက်လာကာ မော သားဝါးလား နေကြတာများသည်။

တင်းနစ်ကွတ်ရှိသဖြင့် တင်းနစ်ပြိုင်ရိုက်ကြ။ မောချင် နောက်ဖေးဝင် ရှိတာပိုင်းစား။ ဗိုက်ပြည့်လျှင် ကိုပြည့်တို့အိမ်မှာ Enter tainment Room ဟုခေါ်သော ရုပ်ရှင် ဗီဒီယိုကြည့်ကြသည့် သီးသန့်ခန်းထဲဝင်ပြီး သံသေးသံကြောင်တို့ဖြင့် ကာရာအိုကေဆိုကြ။ ကိုပြည့်တို့ ယောကျာ်းလေးတွေက တစ်ခါတလေမှာတော့ သူတို့ကိုယ်တိုင် ဂစ်တာတွေတီးလိုတီးဖြင့် သီချင်းပြိုင်ဆိုကြသဖြင့် ရောထွေးပျော်ရွှင်နေခဲ့ဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်စဉ်းစားကြည့်လျှင် ကိုပြည့်နဲ့ မနောသန့် ချစ်သူ တွေသာ ဖြစ်လာကြသည်။ စေ့စပ်တဲ့အထိပင် ပတ်သက်လာကြ သည် ဆိုပေမဲ့ ချစ်သူတွေပုံစံ မပေါက်ဘဲ သူငယ်ချင်းပုံစံ ပေါက် နေပါသည်။ နှစ်ဦးတည်း အတူလျှောက်သွားတာနည်းပြီး သူငယ် ချင်းတစ်အုပ်ကြီးနဲ့သာ သွားဖြစ်တာ များပါသည်။

အခုမှ မနော သဘောပေါက်လာပြီ။ ကိုပြည့်ဟာ မနောကိုတော့ သူငယ်ချင်းချစ်ဖြင့်သာ ချစ်လျက် အနေနီးစပ်သည် ကို အချစ်ဟုထင်ကာ ရွေးမိခဲ့ပြီးမှ နွေဦးကို ထပ်တွေ့သောအခါ မှသာ အချစ်စစ်ကို တွေ့ခဲ့ပုံရသည်။ ဒီဘက်က သူငယ်ချင်းချစ်သူ မနောကိုလည်း သနားပြီး လမ်းခွဲစကားလည်း မပြောရက်ခဲ့ နွေဦးကိုလည်း သိပ်ချစ်မိသဖြင့် မစွန့်လွှတ်နိုင်ခဲ့။

မနောတို့အားလုံး ပြန်ကြဖို့ တစ်ယောက်နဲ့ တစ် ယောက် မျက်စ,ပစ်နေစဉ် ဦးအောင်ဖြိုးက ပြုံးပြုံး ဖြီးဖြီးနှင့် အနားရောက်လာပြီး ...

"ပြန်ကြတော့မလို့လား၊ မပြန်ကြပါနဲ့ဦး၊ မင်းတို့အန်တီ ဒေါ်ဆွေဇင်က ပြောစရာလေး ရှိလို့တဲ့ကွာ။ ဧည့်ရှင်းအောင် စောင့်နေလို့ သူ ထ,မလာနိုင်သေးဘူး"

ဟု ကြိုတင် တားမြစ်ထားပါသည်။





"အန်ကယ်လ်လည်း သားရဲ့အမေပြောလို့ အကြောင်းစုံ ပြန်သိပြီးပါပြီ။ စ,ကြားခါစက အံ့ဩပြီး မယုံနိုင်ဘူးဖြစ် နေတယ်၊ အန်ကယ်လ် အနေနဲ့ဆိုရင်တော့ အဲဒီမိန်းကလေး ကို ခေါ်တွေ့ပြီး စကားပြောကြည့်ချင်ပါတယ်လေ၊ ဒါပေမဲ့ သားရဲ့အမေ ဒေါ်ဆွေဇင့်စိတ်က သိတယ် မဟုတ်လား။ သားကိစ္စဆို သူပဲဆုံးဖြတ်ရမှ ဆိုတော့ အန်ကယ်လ် ဝင် မပြောချင်ဘူး"

မနောတို့အားလုံး ခေါင်းတွေသာ တညိတ်ညိတ် လုပ်နေမိကြသည်။ ဦးအောင်ဖြိုး ဆိုတာက စီးပွားရေးကိစ္စကလွဲ ရင် ကျန်တဲ့ကိစ္စတွေမှာ မိန်းမသဘောကိုသာ ဦးစားပေးသူမှန်း အားလုံး သိထားကြလေရာ ဦးအောင်ဖြိုး ဒီလိုဝန်ခံတော့လည်း ဘာမှပြန်ပြောစရာ မရှိအောင် ဖြစ်နေသည်။

ဒေါ်ဆွေဇင်သည် ဧည့်သည်ရော တကယ့်ဆွေမျိုး ရင်းတွေရော ရှင်းသွားတော့မှ မနောတို့ကို လက်ပြပြီး သူ့နား သာတို့ ခေါ်ဝါသည်။

အားလုံးကို တစ်ချက်ဝေ့ကြည့်ပြီး ...

"ဟိုမိန်းကလေး ဘယ်ရောက်နေလဲ"

ဟု စ,မေးပါသည်။

"မြို့ပြန်သွားတယ် အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



မနောကပဲ ကိုယ်နဲ့အသက်ဆိုင်ဆုံးလို့ ထင်ပြီး နာမည်တပ်မမေးပေမဲ့ ဖြေလိုက်ပါသည်။

"သူ့အတွက် နှစ်နှာကြေးအဖြစ် မနော မယူတော့ဘဲ ချန်ထားခဲ့တဲ့ စိန်လက်စွပ်ကို ပေးမယ်လို့ အန်တီ စဉ်းစားထားတယ်လေ၊ အဲဒါ ဘယ်သူပေးပေးမှာလဲ"

အားလုံး အသံတိတ်ပြီး ဒေါ်ဆွေဇင့် လက်ထဲမှာ ကတ္တီပါဘူးကို ကြောင်ငေးကြည့်နေမိကြသည်။

"တန်ဖိုးမနည်းပါဘူး၊ နှစ်ဆယ်လောက်တော့ တန်ပါတယ်"

"ဒီလိုရှိပါတယ် အန်တီ။ သူက သူ့ဂုဏ်သိက္ခာအတွက် ပြောတဲ့သဘော ဖြစ်မှာပါ။ ဦးအောင်ဖြိုး ဒေါ်ဆွေဇင်တို့ရဲ့ တစ်ဦးတည်းသောသား ဖြိုးပြည့်လျှံရဲ့ ကျန်ရစ်သူဇနီးဆိုတာကို လိုချင်လို့ အသိအမှတ် ပြုခိုင်းတာပါ"

"အဲဒါဆို ဘာထူးတော့မှာလဲ၊ သားကဖြင့် သေပြီးနေပြီ။ သူ ရှိနေတော့ရော အန်တီက သားကို အစားပြန်ရမှာမို့လား၊ ပြောလိုက်စမ်းပါ အားလုံးပဲ မနော တစ်ယောက်တည်းကိုပဲ မှာတာမဟုတ်ဘူး။ ဒီကိစ္စကို မင်းတို့အားလုံး သိထားတယ်ဆိုတော့ မင်းတို့ပါ ပြောလိုက်စမ်းပါ။ အန်တီ့သား အ,လို့ခံလိုက်ရတဲ့ ပြဿနာထုပ်ကို မရှင်းပေးနိုင်တော့ဘူးလို့"



ဒေါ်ဆွေဇင်မှာ မျက်ရည်တွေလည်းသုတ်ရင်း မကျေမချမ်း ပြောသောကြောင့် မနောတို့ အသံတိတ်ကုန်ကြသည်။

"အဲဒီမြို့ကို လူလွှတ်ပြီး စုံစမ်းခိုင်းလိုက်တယ်လေ၊ နွှေဦး ဆိုတာ ရည်းစားတော့ မယ်မယ်ရရ မထားပေမဲ့ သိပ်လည်တာဆိုပဲ။ သူ့ရုပ်လေးကလှတော့ ကြိုက်တဲ့ယောကျာ်းလေးတွေ အများကြီးကို ငြင်းလည်းမငြင်းဘူး။ လက်လည်း မခံဘူး။ အဆင်ပြေအောင် ပြန်မိတ်ဆွေဖွဲ့ ဆက်ဆံပြီး အသုံးချနေတာတဲ့ ...

ဥပမာ ... သူ့အိမ်မှာ ရေပြတ်လို့၊ မီးဖြူ့(စ်)ပြတ်လို့၊ မြက်ပင် ချုံပင်တွေ တောထနေလို့၊ အိမ်ခေါင်မိုးက မိုးယိုလို့ တက်ဖာဖို့ စသဖြင့်သော အသေးအဖွဲ့ကအစ ကြီးကြီးမားမားကိစ္စတွေအထိ ခေါ်ခိုင်းနိုင်ဖို့ သူ့ကိုကြိုက်နေတဲ့ ယောကျာ်းလေးတွေကိုပေါင်းထားတာတဲ့။ ယောကျာ်းလေးတွေကလည်း နွှေဦးများ အကူအညီတောင်းပြီဆိုရင် နှစ်ခါမခေါ်ရဘူးဆိုပဲ၊ အိမ်က အမေတွေ အစ်မတွေတောင် ခိုင်းလို့မရတဲ့ ကောင်တွေက နွှေဦး ခိုင်းရင်တော့ မြောက်ကြွကြွနဲ့ လုပ်ပေးကြတယ်တဲ့။ အဲဒီလိုလည်ပြီး ယောကျာ်းလေးတွေကို အသုံးချပြီး ရုပ်တည်နေတဲ့ မိန်းကလေးဟာ ရန်ကုန်က သူဌေးသားလူမျိုး မြို့မှာရှုပါမားကက်လေး လာ

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်မယ်လည်း သတင်းကြားရော ချက်ချင်းကို အဲဒီဆိုင်မှာ အရောင်းစာရေးမ ဝင်လုပ်ဖို့ လျှောက်တော့တာပဲတဲ့။ အစက ဆံပင်ညှပ်ဆိုင်မှာ အလုပ်လုပ်တာတဲ့။ သူက အဲဒီပညာမှာတော်လို့ ဆိုင်ရှင်က သူ့ကို လခတွေအများကြီးပေးပြီး ခန့်ထားတာကို ထွက်ပစ်ပြီး ဆံပင်ညှပ်ဆိုင်မှာလောက် ပိုက်ဆံမရတဲ့ အရောင်းစာရေး အလုပ်ကို ဝင်လုပ်တာတဲ့ ... ကဲ"

ဒေါ်ဆွေဇင်၏ ဇာတ်လမ်းရှည်ကြီး အဆုံးမှာ"ကဲ"ဟု အားလုံးကို ဘယ်လိုထင်ကြသလဲဆိုသည့် သဘောမျိုးဖြင့် အဆုံးသတ်လျှင် အားလုံးမျက်နှာမှာ ဘာမှသိပ်အပြောင်းလဲကြီးမပြောင်းလဲပေမဲ့ ဘိုဘို့ မျက်နှာကတော့ မည်းသည်းနေသည်။ ခုပဲ ဒီအကြောင်းတွေ မကြားချင်တော့လို့ ထ,ပြန်တော့မလို့ဖြစ်နေသည်။ မနောသည် ဘိုဘို့ကို အကဲခတ်မိသလို ကျန်တဲ့သူငယ်ချင်းတွေလည်း အကဲခတ်မိလေရာ ဘိုဘို့ကို ဝိုင်းသနားနေကြသည်။ ရည်းစားလည်း မထားဘူးသူမို့ ဘိုဘို့ခမျာ ခွေဦးကို အရှုံးအမှုး ဖြစ်နေရှာပြီလား။

"သူ့အမေ ရောဂါသည်ကိုလည်း အန်တီ့သားပဲ ငွေကုန်ခံကုပေးလိုက်ရတယ် ပြောတယ်။ ဒါက ထားပါ။ နာမကျန်းဖြစ်နေပြီး ဆေးဖိုးဝါးခ မတတ်နိုင်တဲ့သူတွေတောင် ကိုယ်က ကူညီငွေလှူပြီး ကုပေးရသေးတာပဲ၊ ငွေကုန်ခံတာကို အလှူလို့ သဘောထားနိုင်ပါတယ်၊ ဒါပေမဲ့ အဲဒီမိန်းကလေးက အမေဆုံးတာကို အကြောင်းပြပြီး အားကိုးရာပဲမဲ့သလိုလို၊ အားကိုးပဲရှာသလိုလို ပလီပလာလုပ်ပြီး သားကို အရယူနိုင်ခဲ့တာကျတော့ ဘယ်လိုမှ သဘောထားမကြီးနိုင်ဘူး။ သားကို တကယ်ချစ်လို့ ယူခဲ့တဲ့ မိန်းကလေးလို့ သာ သိရရင် စိတ်ထဲမှာ အဲဒီလောက်ပစ်ပစ်ခါခါ ဖြစ်မိမှာ မဟုတ်ဘူး၊ အခုတော့ သူက အကြံကြီးနဲ့ဖမ်းတာ။ မှန်းချက်နဲ့ နမ်းထွက်မကိုက်တော့ ရသလောက်ယူမယ် ဆိုတဲ့ စိတ်ဓာတ်နဲ့ ကလေးဗန်းပြပြီး ဒီမိသားစုထဲ ဝင်လာချင်တာ"

ဒေါ်ဆွေဇင်က ငြိမ်ပြီးနားထောင်ပေးနေကြသော လူငယ်အုပ်စုကို အကဲခတ်နေပါသည်။ မှန်တာပြောရရင် သားကိုထိုယ့်အသိုင်းအဝိုင်းထဲက မိန်းကလေး တူတူတန်တန်လောက်နဲ့မှ လက်တွဲစေချင်ခဲ့တာပါ။ ဒါကြောင့် မနောလို သာမန်အရည်အချင်းသာရှိပြီး သာမန်အသိုင်းအဝိုင်းထဲက မိန်းကလေးနဲ့တောင် သိပ်သဘောတူပေးချင်ခဲ့တာ မဟုတ်ဘူး။ အင်တင်တင် ဖြစ်မိသေးတာ။ ဒါပေမဲ့ သားကို ချစ်လွန်းလို့၊ ပြီးတော့ မနော ကြည့်တော့လည်း ဘာတစ်ခုမှ စိတ်ထဲမှာ ငြိငြင်စရာမတွေ့အောင် ယဉ်ကျေး






www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်တဲ့ မိန်းကလေး၊ သားရဲ့ယယ်သူငယ်ချင်း အကြောင်းသိလေးမို့ သိပ်ပြီး ပစ်ပစ်ခါခါကြီး မငြင်းချင်လို့ သဘောတူပေးလိုက်နိုင်တာ။

အခုတော့ ဖြစ်များဖြစ်ချင်တော့ သားဟာ ဘယ်ချောင်ကြိုချောင်ကြားက မိန်းကလေးကို သွားရှာတွေ့ပြီး လက်ထပ်ယူတဲ့အဖြစ်ထိ ဖြစ်သွားခဲ့သတဲ့။ ဘယ်လောက် ရှက်စရာကောင်းလဲဆိုတာ မျက်နှာကို ဓားနဲ့လှီးပစ်ဖို့သာ ကောင်းတယ်။ အဲဒီမိန်းကလေးထက်စာရင် မနောကမှ လူကြား သူကြားထဲ ရဲရဲဝံ့ဝံ့ ခေါ်သွားရဲ။ ပွဲထုတ်ရဲသေးတယ်လေ။ အခုများကျတော့ သား့သေပြီးမှပဲ မိန်းမနဲ့ ကလေးဆိုတာ ပေါ်လာလို့ အသိအမှတ်ပြုပြီး မိသားစုထဲ သွင်းရမှာဆိုတော့ သိပ်မဟုတ်သေးဘူး။ လုံးဝလက်မခံနိုင်ပါဘူး။

"မနောကလည်း အန်တီဝေဖန်ရရင် သိပ်စိတ်ပျော့လွန်းတယ်ကွယ်"

ဒေါ်ဆွေဇင်သည် မနောကို စိတ်တိုင်းမကျစွာ ထပ်၍ဝေဖန်လိုက်သည်။

"မနော စိတ်ပျော့တာ မဟုတ်ပါဘူး၊ ကိုပြည့် အတွက် အကောင်းဆုံး ဖြစ်စေချင်လို့ စီစဉ်ပေးတာပါ၊ ဘာပဲဖြစ်ဖြစ် ကိုပြည့် တစ်နေရာရာကနေ စောင့်ကြည့်နေလို့ရရင်





သူ့သားလေး အဘိုးအဘွားတွေရဲ့ စောင့်ရှောက်မှုအောက်မှာ ကောင်းကောင်းမွန်မွန် ရှိနေတယ်ဆိုရင် သူ ကျေနပ်ပြီး စိတ်ချသွားမှာပေါ့"

"ဘာတွေ လာပြောနေတာလဲ မနောရဲ့။ အန်တီတို့မိသားစုမှာ သေပြီးရင် ဘယ်လို ဘယ်ဝါတွေ ဖြစ်မယ်ဆိုတာ အယူမရှိဘူး။ လူတစ်ယောက်ဟာ သေသွားပြီးရင် သူနဲ့ဆိုင်တာတွေ မှန်သမျှ တစ်ခါတည်း သူနဲ့အတူ ပါသွားတာမို့ ပြီးသွားပြီလို့ပဲ ယူဆတယ်"

ကိုပြည့် ပုံစံကကျတော့ မသေခင်က သူနဲ့ဆိုင်တာတွေ ပေါ်မလာဘဲ သေပြီးမှ ပေါ်လာတာမို့ ပြီးသွားပြီလို့ မှတ်ယူလို့မရဘူး ဆိုတာတော့ မနော ဆက်မပြောရဲပါ။ ဒေါ်ဆွေဇင့်ပုံစံက နွေဦးကို မြင်လည်းမမြင်ဘူးပဲနှင့် အကြားနဲ့တင် အထင်သေး ရွတ်ချပြီး မယုံကြည်ဟန် ပေါက်နေသဖြင့် မနော ပြောဆေးနေလည်း အပိုပင်။

"မင်းတို့အားလုံးလည်း သားကိုခင်ကြတဲ့ သံယောဇဉ်နဲ့ အဲဒီမိန်းကလေးကို ဝိုင်းကူနေကြတယ်ဆိုတာ အန်တီသိပါတယ်၊ ဒါပေမဲ့ အန်တီ ရှင်းရှင်းပဲပြောမယ်၊ သား မျက်နှာကြောင့်ဆိုပြီးတော့ ကူညီနေတယ်ဆိုရင် ဘယ်သူမှ အားနာမနေနဲ့။ ရပ်ချင်ရင် ရပ်လိုက်တော့။ အဲဒီလို ကူညီတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွက်လည်း အန်တီ စိတ်မဆိုးဘူး၊ အဲဒီမိန်းကလေးဟာ အန်တီတို့နဲ့ ဘာမှမဆိုင်ဘူး၊ ဟုတ်ပြီလား"

အားလုံး အင်း ... အဲတွေ အသံပြုလျက် လူကြီးမို့ မကောင်းတတ်၍ ပြန်ဖြေရပုံပေါက်နေကာ ဘိုဘိုကပဲ အရင်ဆုံး_

"အန်တီ ကျွန်တော်တို့ ကိစ္စလေးတွေရှိလို့ ခွင့်ပြုပါဦးခင်ဗျာ"

ဟု စပြောကာ ပြန်ဖို့ထပါသည်။

ဒီအိမ်လာတုန်းကတော့ လင်းရိပ်က သူ့ဘာသာ သတ်သတ်လာ၊ စစ်ပိုင်ကလည်း သတ်သတ်လာ၊ ဘိုဘိုကလည်း သူ့ဆိုင်မှာ သုံးနေကျ Lite Ace ကုန်တင်ကားဖြင့် သီးသန့်လာကြပြီး ဟန်နီကလည်း သူမဘာသာ အငှားကားဖြင့် ရောက်လာသည်။

မနော့ကတော့ ကာယကံရှင်လိုဖြစ်နေသဖြင့် အားလုံးထက် အစောကြီး ရောက်နှင့်နေကာ ဘုန်းကြီးဆွမ်းပွဲပြင်တာကအစ ဝင်ကူပေးနေခဲ့တာ ဖြစ်ပါသည်။

အခုအပြန်ကျတော့ စစ်ပိုင်ကစ,ပြီး ...

"မနော့တို့ အိမ်ပြန်မှာလား၊ ငါ လိုက်ပို့ပေးမယ်"

ဆိုပြီး ဟန်နီနဲ့ မနော့ကို လိုက်ပို့ပေးဖို့ စကားစ,ပါသည်။





စစ်ပိုင် အရင်ဦးသွား၍ လင်းရိပ် တစ်ယောက်ပခုံး အသာတွန်းလျက် သူ့ကားပေါ် တက်သွားပါသည်။ ဘိုဘိုကတော့...

"ငါ သွားစရာရှိလို့ နင်တို့နှစ်ယောက်ကို လိုက်ပို့မဲ့အကြောင်း လောကွတ်မလုပ်တော့ဘူးနော်၊ သွားပြီ တာ့တာ"

ဟု ပြောလည်းပြော ကားကိုလည်း တဂျိမ်းဂျိမ်း မောင်းထွက်သွားပါသည်။

ဟန်နီက မသက်သာသလို လိုက်ကြည့်ရင်း ...

"ဘိုဘို ဒီနေ့ညနေပဲ အဝေးပြေးကားဂိတ် ဆင်းမယ်ထင်တယ်"

လို့ ထင်ကြေးပေးပါသည်။

"စစ်ပိုင် မေးကြည့်ပေါ့၊ ဘိုဘိုနဲ့ စစ်ပိုင်က ဒီအုပ်စုထဲမှာ ပိုပြီးနီးစပ်ကြတဲ့သူတွေလေ"

စစ်ပိုင် ရယ်ကျဲကျဲလုပ်ရင်း ...

"ဒီကောင် ဒီတစ်ခါတော့ နှုတ်လုံနေတယ်၊ ငါ တကယ်မသိဘူး၊ ကဲ ... နင်တို့လိုက်မှာလား၊ လိုက်ရင်လည်း နောက်ခန်းမှာ ဝင်ထိုင်ကြ"

မနော့တို့ကို ကားပေါ်တက်ဖို့ စစ်ပိုင် ပြောနေစဉ် လင်းရိပ်ကတော့ ...

"သွားပြီဟေ့ ဖုန်းတော့ ဆက်ကြဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟု လက်ပြန့်တ်ဆက် အော်ပြောပြီး ကားကိုဆေါ ခနဲ မောင်းထွက်သွားသည်။

လင်းရိပ် စိတ်ထဲမှာ စစ်ပိုင်ကို မနာလိုဖြစ်နေမိသည်။ ခုတလော စစ်ပိုင်ဟာ မနောကို သိပ်ပြီးယုယလွန်း၊ ဖေးမလွန်းနေလားလို့။ စစ်ပိုင်ဟာ မနောကို ကျိတ်ပြီးချစ်နေခဲ့မယ်ဆိုတာ လင်းရိပ် ရိပ်မိတာ ကြာလှပြီ။

သူငယ်ချင်းအုပ်စုထဲမှာ မိန်းကလေးနှစ်ယောက်ပါပေမဲ့ ဟန်နီ့ကိုတော့ ဘယ်သူကမှ စိတ်မဝင်စားကြဘဲ မနောကိုသာ စစ်ပိုင်နဲ့ ငပြည့်တို့ စိတ်ဝင်စားခဲ့ကြောင်း လင်းရိပ် အလိုလို ရိပ်မိခဲ့သည်။

သူ့စိတ်ထဲမှာ အဲဒီတုန်းကတော့ စစ်ပိုင်လည်း ဖွင့်ပြော၊ ငပြည့်လည်း ဖွင့်ပြောကြရင် ပွဲကြီးပွဲကောင်းပဲ သုံးပွင့်ဆိုင် ဇာတ်လမ်းပဲထင်ပြီး ပွဲကြည့်ပရိသတ်လုပ်ခဲ့ပေမဲ့ အခြေအနေက ထင်သလို ဖြစ်မလာ။ စစ်ပိုင်ဟာ ပြုံးစိစိနဲ့ ဆုံးဖြတ်ချက် မပြတ်သားခဲ့ဘူး ထင်ပါရဲ့။ မနောကို တကယ်ဖွင့်ပြောသူမှာ ငပြည့်ပဲဖြစ်ခဲ့၍ ဒီဇာတ်လမ်းဟာ သုံးပွင့်ဆိုင် မဖြစ်ခဲ့ဘဲ ပြီးသွားခဲ့သည်ဟု ထင်ပါသည်။ လင်းရိပ်လည်း အဲဒီတုန်းကတော့ မနောဆိုတာဟာ ဘယ်လိုမှ စိတ်ကူးထဲမှာ ချစ်သူဖြစ်ချင်စရာပင် မကောင်းခဲ့သူမှာ ယူဆပြီး မနောကို လုံးဝစိတ်မဝင်စားခဲ့ဖူးပါ။





အခုကျမှသာ ...။ ...။

သူစိတ်တွေ ဘယ်လိုများ ပြောင်းလဲကုန်သည်မသိ။ မနောကို ကြင်ကြင်နာနာ လက်တွဲခေါ်ချင်မိလာသည်။ ရင်ထဲမှာ ခံစားချက်တွေ ပြည့်နှက်နေမည်ဖြစ်သော မနောကို ဖြေသိမ့်ပေးချင်မိသည်။ လင်းရိပ် ဒီလိုစိတ်ပြောင်းလဲလာချိန်တွင် ဟိုအရင်တည်းက ချစ်လာခဲ့ပြီးသော စစ်ပိုင်၏ မနောအပေါ် ယုယဖေးမမှုတွေသည် လင်းရိပ်အတွက် မနာလိုဝန်တိုချင်စရာတွေ ဖြစ်လာပါသည်။

စစ်ပိုင်ကို ကိုယ့်သူငယ်ချင်းမို့ မမုန်းပေမဲ့ မနာလိုတော့ ဖြစ်မိသည်။

မနော စစ်ပိုင် အပေါ် စိတ်ယိမ်းယိုင်ပြီး ချစ်သွားတော့မှာလားလို့ စိုးရိမ်မိနေသည်။

ခက်တာက သူကိုယ်တိုင်ကလည်း မနောကို ဖွင့်ပြောပြီး ဝန်ခံလိုက်ရမှာ ရှက်နေသည်။ လင်းရိပ်လို ရည်းစားကို ပုံသေမထားဘဲ တစ်ယောက်ပြီးတစ်ယောက် ပြောင်းနေခဲ့သူ၏ အချစ်ကို မနော ဘယ်လိုမှ မယုံနိုင်မှာ သေချာသည်။

"ဘာလဲ ... မနောက အားငယ်ပြီး စိတ်လေနေတဲ့အချိန်မှာ အခွင့်ကောင်း ယူတာလား"

www.burmeseclassic.com



ဆိုသော အပြောမျိုး ကြားရမှာ ကြောက်နေသည်။ တကယ်တော့ လင်းရိပ် ရင်ထဲမှာ မနော ရောက်လာခဲ့တာ မကြာသေးပေမဲ့ မနောကို စစ်ပိုင် ချစ်နေမည်ဖြစ်သော အချစ်မျိုးလောက်နဲ့ ချစ်လို့ရသည်မှာ သေချာနေပါပြီ။

♥ ♣ ♥





## ၁၀

"မ,မနောလားဟင် ... နွေဦးပါ"

"ဪ ... နွေဦး၊ အခု ဘယ်ကဆက်တာလဲ"

"နွေဦး အခု ရန်ကုန်ရောက်နေပြီ၊ အရင်တစ်ခါတည်းတဲ့ တည်းခိုခန်းကပဲ ဖုန်းဆက်တာပါ"

"ဟုတ်လား ... ပြန်သွားတဲ့ကိစ္စ အဆင်ပြေရဲ့လား"

"အဆင်ပြေတယ် မ,မနော။ အဲဒါ နွေဦး ဒီရောက်ရောက်ချင်း ဘယ်သူ့ကိုမှ အကြောင်းကြားသေးဘဲ မ,မနောဆီ အရင်ဆက်တာပါ၊ မ,မနောကို ပြောစရာလေးတွေလည်း ရှိလို့ပါ"

မနောသည် ဒေါ်ဆွေဇင် ပြောသမျှကတော့ နွေဦးသာ အလည်မကလေးဟု သိထားပေမဲ့ နွေဦးအပေါ် အမြင်မကြည်သာမျိုးတော့ ဖြစ်မနေပါ။



www.burmeseclassic.com

www.burmeseclassic.com



လေ့လာကြည့်ရသလောက်တော့ နွေဦးဟာ အင် တန်မှ နှိမ်နှိမ်ချချ နေတတ်ပြီး မနောကိုလည်း ရင်းနှီးလိုဟန် သည်။ မနောနဲ့ သူမဟာ ပြိုင်ဘက်ရယ်လို့ပင် စိတ်ထဲမှာ မ ဖြင့် အစစအရာရာ မနောကို အားကိုးလှတာပဲ သိသာလှသည် အန်တီဒေါ်ဆွေဖင် ပြောသလို နွေဦးဟာ သိပ်လည်တယ်ဆို သူ မနောကို ဘာမှအားကိုးနေစရာ မရှိဘူးဟု ထင်ပါသည်။

"နွေဦးဆီ လာခဲ့မယ်လေ"

"မ,မနော တကူးတကကြီး လာရမှာ စိုးရိမ်လို့ပါ၊ နွေဦး ကို မ,မနောလိပ်စာ ပြောလိုက်ပါလား၊ နွေဦးတို့ လာ မယ်လေ"

"မနောအတွက် တကူးတကတော့ မဖြစ်ပါဘူး၊ လာတွေ့ လည်း လာတွေ့လို့ရပါတယ်၊ ဒါပေမဲ့ နွေဦး, မနော လာလည်ချင်တယ်ဆိုလည်း လာလို့ရတယ်နော်"

"မ,မနော အိမ်ပဲလာခဲ့ချင်တယ်"

"အေးလေ ... ဒါဖြင့် မနော ညနေရုံးဆင်းပြီး အိမ်ပြ ရင် ညနေခြောက်နာရီလောက်မှ အိမ်ရောက်တာနော် နွေဦး လာရတာ မှောင်နေမယ်၊ လာလို့ အဆင်ပြေ လာခဲ့။ အဆင်မပြေရင်တော့ မနော မနက်အလုပ်ကို စောစော ထွက်လာပြီး နွေဦးတို့ကို ဝင်တွေ့လို့ရတယ်





"နွေဦး ဒီနေ့ညနေပဲ လာခဲ့ပါမယ်၊ မ,မနောအတွက်ရော နွေဦးတို့အတွက်ပါ ညနေစာ အပြင်က ဝယ်လာမယ်၊ မ,မနောနဲ့ အတူစားမယ်နော်"

မနောမှာ နွေဦး၏ တရင်းတနှီးရှိမှုကို တအံ့တသြ နဲ့ပဲ လက်ခံလိုက်ရသည်။

နွေဦးက မနော၏ အလုပ်ရှိရာကို ဖုန်းဆက်တာ ဖြစ်ပါသည်။ မနော အခုမှ အလုပ်ရောက်ခါစ ရှိသေးလေသည်။ နွေဦး သူတို့မြို့မပြန်ခင်ကတော့ အားလုံးဆီမှာ ဆက်သွယ်လို့ ရအောင်ဖုန်းတွေ လိပ်စာတွေ အကုန်ရေးမှတ်သွားသဖြင့် နွေဦးဟာ မနော အလုပ်ရှိဖုန်းကိုပါ ဆက်သွယ်နိုင်တာဖြစ်သည်။

နွေဦး ဒီတစ်ခါ ပြန်လာတာ ဘယ်သူ့ကိုမှ အရင် အကြောင်းမကြားဘဲ မနောကို အကြောင်းကြားသတဲ့။ ဘာဖြစ်လို့ ပါလိမ့်။ ဘိုဘို နွေဦးနောက် လိုက်သွားသေးတာလည်း သိတော့ သိပါရဲ့။ ဘိုဘို ဘာမှပြန်မပြောတာမို့ အားလုံး အလိုက်တသိ မေးမိသဖြင့် ဘာအကြောင်းမှ မသိရပါ။

ဘိုဘို့အနေနဲ့ နွေဦးကို ရွေးချယ်ဖို့ ဆုံးဖြတ်နေပြီ ဆိုလျှင်တော့ စောလွန်းသည်ဟု မနော ထင်မိပါသည်။

"ငါ ပြောတာ စောတော့ စောလွန်းနေတယ်ပေါ့ မနော ရယ်။ ဒါပေမဲ့ ဒီတစ်ခါတော့ ငါ နောက်မကျချင်ဘူး။ ငါ



www.burmeseclassic.com

www.burmeseclassic.com



ထပ်ပြီး အသည်းမကွဲချင်ဘူး၊ ဒါကြောင့် နင့်ကို ကြိုပြော ထားတာပါ။ နင် စဉ်းစားချင်တဲ့ အချိန်မှ စဉ်းစားပါ။ ဒီ အချိန်ဟာ စောလွန်းသေးတော့ နင့်ခေါင်းထဲမှာ ဘာမှ မစဉ်းစားနိုင်သေးမှန်း ငါ နားလည်ပါတယ်”

ဆိုသော စစ်ပိုင်၏ စကားတွေကို သွားသတိရမိ သည်။

ကိုပြည့် တစ်လပြည့် ဆွမ်းကျွေးပွဲက အပြန်မှာ ဟန်နီ့ကို အရင်ဆုံး တမင်ပင် ချပေးပြီး မနောကို စကားပြော ခွင့်ရဖို့ စီစဉ်ခဲ့သော စစ်ပိုင်ကို ဟန်နီပင် မယုံသင်္ကာဖြစ်သွားခဲ့ တာ။

နောက်တစ်နေ့ကျ မနောဆီ ဟန်နီ ရောက်ချလာ ပြီး အစ်အောက်မေးပေမဲ့ မနော လုံးဝမပြောခဲ့ပါ။ ဒီအချိန်မှာ သေသူတစ်ယောက်ကို ချက်ချင်းမေ့သွားပြီး တခြားယောက်ျား တစ်ယောက်ဆီက အချစ်အကြောင်း ပြောဆိုဆွေးနွေးဖို့ မနော အနေနဲ့တော့ လိပ်ပြာမလုံနိုင်သေးပါ။ ကိုပြည့် မနော အပေါ် ဘယ်လိုပဲ သစ္စာမဲ့ထားခဲ့ပါစေ မနောဘက်ကတော့ စောင့်ထိန်း သင့်သလောက် စောင့်ထိန်းရမည်ဟု ထင်ပါသည်။

ညနေစောင်း ရုံးကအိမ်ပြန်ရောက်ပြီးသောအခါ မှောင် မိုးချုပ်ပြီး သိပ်မကြာ။ အိမ်တံခါးဘဲလ်သံ ကြားရသည်။ နွေဦး





တို့သားအမိ ရောက်လာပြီထင်သည်။ မနော တံခါးသွားဖွင့်ပေး သောအခါ အပြင်ဆိုင်က ဝယ်လာသော အစားအသောက်ထုပ် တွေနဲ့ ကလေးတစ်ဖက် လက်ဆွဲကာ ရပ်နေသည့် နွေဦးကို လှပ သန့်ဆန့်သော အပြုံးဖြင့် တွေ့ရသည်။

“လာ ... လာ ... ဝင်ကြ။ အောက်ထပ်လှေကားသော့မိတ် ထားပြီတောင်ထင်တာ၊ မပိတ်သေးတော့ နွေဦးတို့ ဒီတိုင်း တက်လာလို့ရတယ်”

မနောက ဆီးကြိုပြောရင်း အထုပ်တွေပါ ကူဆွဲလိုက် ပါသည်။

“အောက်ထပ်က တံခါးပိတ်ထားတတ်လို့လား”

“မနက်ခုနစ်နာရီကနေ ညနေခြောက်နာရီထိတော့ သော့ ဖွင့်ထားတယ်။ ညဘက်တွေကျ သော့ခတ်ရတယ်လေ၊ ဒါက ရန်ကုန်မြို့လယ်တိုက်ခန်းတွေ ထုံးစံပါပဲ။ ညဘက် ကိုယ့်ဘာသာ သော့ဖွင့်ဆင်း ပြန်ပိတ်ပေါ့၊ အဲဒီလို လုပ် ကြတယ်”

“မ,မနော ပြောတာ မှတ်ထားဦးမှ။ နွေဦးလည်း ရန်ကုန် က တိုက်ခန်းတွေ ဝယ်နေရတော့မယ်ဆိုတော့ မှတ်ထား ရမယ်လေ”

“ဟုတ်လား၊ ဒီမှာလာနေတော့မလား”



www.burmeseclassic.com

www.burmeseclassic.com



"အိမ်က မထင်မှတ်ဘဲ နွေဦးခေါ်တဲ့ဈေးနဲ့ သိပ်အများကြီး မကွာတဲ့ဈေး လာပေးတော့ ရောင်းဖြစ်သွားတာပဲလေ။ အခု ဒီကိုထွက်လာတာ နွေဦး အပြီးပြောင်းလာတဲ့သဘော ပဲ"

"ဟယ် ... ဒါဖြင့် အိမ်ထောင်ပရိဘောဂတွေရော"

"အဲဒါတွေ မနက်ဖြန်မှ ကားနဲ့ရောက်လာမယ်"

"ဒါဖြင့် အိမ်ကိုတစ်ခါတည်း တင်လိုက်ရုံပေါ့"

"မဟုတ်ဘူး မ,မနော၊ အိမ်ခန်းမဝယ်ရသေးဘူးဆိုတော့ ကိုဘိုဘိုက သူ့အိမ်အောက်ထပ်မှာ ခဏထားလို့ ပြောထားလို့ အဲဒီကို သယ်သွားလိမ့်မယ်"

"သြော် ... ဟုတ်သားပဲ၊ ဘိုဘိုတို့က ကုန်ပစ္စည်းတွေ လှောင်ဖို့ တိုက်ခန်းတစ်ခန်း အပိုဝယ်ပြီးထားထားတော့ နွေဦးပစ္စည်းတွေ ခဏသွားထိုးထည့်ထားလို့ ရတာပေါ့"

"သိပ်အများကြီးလည်း သယ်မလာတော့ပါဘူး၊ နွေဦး လိုချင်တာလေးတွေ၊ မရှိရင် မဖြစ်မဲ့ ပစ္စည်းလေးတွေပဲ ကောက်သယ်လာတာပါ။ ကျန်တာတော့ မရှိတဲ့သူတွေ ပေးပစ်ခဲ့တယ်"

"တိုက်ခန်းက ဘယ်နေရာတွေ ကြည့်ထားလဲ"





နွေဦးက မြို့နယ်တချို့ လမ်းတချို့ နာမည်တွေ ရွတ်ပြပြီး ဈေးနှုန်းတွေလည်း ပြောပြပါသည်။ မနောက ထမင်း အစ်အိုးတော့ တည်ထားပြီးပြီမို့ နွေဦး ဝယ်လာသော တရုတ် ဟင်းလျာတွေနဲ့ ထမင်းအတူစားဖြစ်ကြသည်။ နှစ်ယောက်သား ထမင်းတစ်စားပွဲတည်း အတူတူစားရင်း မနောမှာ အဖြစ်အပျက် ကို အံ့သြသလို တစ်ချက်ရယ်လိုက်မိသည်။

နွေဦး လှမ်းကြည့်သဖြင့် ...

"တစ်ခု စဉ်းစားမိသွားလို့ပါ၊ တကယ်တော့ မနောတို့နှစ် ယောက်က ယောကျ်ားတစ်ယောက်တည်းရဲ့ လှည့်စားမှုကို ခံခဲ့ရတဲ့ မိန်းမတွေလေ။ တို့တွေ ရန်သူဖြစ်ရင် ဖြစ်နေရ မှာနော်၊ အခုတော့ မိတ်ဆွေဖြစ်ပြီး ထမင်းတစ်စားပွဲတည်း အတူတူတောင် စားနေကြတယ်လို့ တွေးမိသွားလို့ပါ"

ဟု မနော ရှင်းပြသောအခါ နွေဦးလည်း အံ့သြ သလိုလေး ဖြစ်သွားလျက် ...

"မ,မနော ပြောလိုက်မှ နွေဦးလည်း အတွေးချင်းတူလှ ချည်လားဆိုပြီး အံ့သြသွားတယ် သိလား၊ နွေဦး ခုလေး တင် အဲဒါ တွေးနေတာ"

ဟု၍ ရယ်မောပြီး ပြောပါသည်။

"နွေဦးကို မ,မနော စိတ်မဆိုးဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မဆိုးပါဘူး၊ နွေဦး တကယ်မသိလို့ ကိုပြည့်ကို လက်ခံခဲ့တာပဲလေ"

"ဟုတ်တယ်၊ နွေဦး တကယ်မသိလို့ပါ၊ သိရင် နွေဦး ရှေ့မတိုးပါဘူး။ အဲဒါတော့ တကယ်ကျိန်ပြောရဲပါတယ်၊ နွေဦးကြောင့် သူများစိတ်ဆင်းရဲရမှာကို အကြောက်ဆုံးပဲ"

"မနှောကိုလည်း ကိုပြည့် အမှန်အတိုင်း ပြောပြခဲ့ရင် မနှော နောက်ဆုတ်ပေးနိုင်ပါတယ်လေ"

"အစ်ကိုပြည့်က မ,မနှောကို ငယ်သူငယ်ချင်း သံယောဇဉ်နဲ့ရော ချစ်သူအဖြစ်နဲ့ရော ချစ်ခဲ့တာဆိုတော့ မ,မနှောမှာ အပြစ်မရှိဘဲနဲ့ သစ်စိမ်းချိုး ချိုးသလို ချိုးဖျက်ဖြတ်တောက်လိုက်ရမှာ သနားလို့ထင်တယ်"

"သူ နွေဦးကိုကျမှ တကယ်ချစ်သွားပြီး မနှောကိုတော့ သူငယ်ချင်း သံယောဇဉ်နဲ့ ချစ်တယ်လို့ ထင်ယောင်ထင်မှားဖြစ်ပြီး ချစ်ခဲ့တာပါလို့ မနှော အခုတော့ လက်ခံပြီး တွေးကြည့်လို့ ရပါပြီ"

နွေဦးက မနှောကို ရင်နင့်စွာကြည့်ရင်း ...

"မ,မနှော နွေဦးကို ဘယ်လိုမြင်လဲဟင်"

ဟု မေးလာပါသည်။





"ဘယ်လိုမြင်သလဲဆိုတဲ့ မေးခွန်းမျိုးကို ဘယ်လိုဖြေရမလဲ။ နွေဦး မေးတာက အပေါ်ယံပုံစံကို မေးတာလား။ နွေဦးရဲ့ စိတ်သဘောကို မေးတာလား"

"နှစ်ခုလုံးပဲ"

"နွေဦးက လှတယ်။ ဆွဲဆောင်မှု ရှိတယ်လေ၊ ဘယ်လိုခေါ်မလဲ၊ attractive ဖြစ်တာပေါ့၊ ယောကျ်ားလေးတစ်ယောက်က နွေဦးကို တစ်ချက်ကြည့်မိတာနဲ့ နောက်တစ်ခါထပ်မကြည့်ဘဲ မနေနိုင်အောင် လှပြီးဆွဲဆောင်မှုရှိတာမျိုး"

"ဒါဖြင့် နွေဦး စိတ်သဘောကိုရော"

"စိတ်နေသဘောထား ဆိုတာ ခဏလေးကြည့်ပြီး ဝေဖန်ရင် မကောင်းဘူး။ လူတစ်ယောက်အကြောင်း ကောင်းကောင်းသိချင်ရင် သူ့ကိုကြာကြာပေါင်းကြည့်ရတယ်လေ"

မနှော ဒီလိုဝေဖန်တော့လည်း နွေဦး လက်ခံပါသည်။ ပြုံးပြီး ခေါင်းလေးတညိတ်ညိတ် နားထောင်နေသည်။ မိန်းမသားတွေမို့ အစားအသောက်လည်း နည်းလှကာ ညနေစာစားခြင်းကလည်း ခဏလေးနဲ့ ပြီးသွားသဖြင့် မနှောက ထမင်းဝိုင်းသိမ်း၊ ပန်းကန်တွေဆေးတော့ နွေဦးက တားမရ ဆီးမရ အတင်းဝင်ကူဆေးပေး၊ သိမ်းပေး လုပ်နေလေသည်။

"မများပါဘူး နွေဦးရဲ့ သွားထိုင်နေပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလည်းမရ။

"မ,မနော ဆေးပြီးသားတွေ အဝတ်ခြောက်နဲ့ သုတ်ပေးမယ်လေ၊ တံမြက်စည်းလည်း ကူလှည်းပေးမယ်၊ သားကို ထမင်းခွံ့ထားတာ ပွနေပြီ"

"ကလေးကို သွားကြည့်ထားပါ နွေဦးရယ်။ သူ ဟိုဟာဆွဲချ၊ ဒီဟာဆွဲချဖြစ်လို့ ကွဲကုန်တာအတွက် မနမြောဘူး။ မတော်တဆ ရှကုန်ရင် အလကား ဒဏ်ရာရဦးမယ်၊ ဒါကြောင့်ပါ"

ဟု မနော သတိပေးတော့မှ သူ့သားတစ်ကောင်တည်း အိမ်ရှေ့တီဗီစင်မှာ မွှေချင်တိုင်း မွှေနေသည်ကို သတိရကာ ပြေးတော့သည်။

အချိုတည်းဖို့တော့ မနောမှာ အသင့်ရှိသော လိမ္မော်သီး၊ စပျစ်သီးလေးတွပဲ ပန်းကန်နဲ့ ထည့်ယူလာကာ ဧည့်ခန်းစားပွဲမှာ အတူထိုင်ကြတော့ ခုနစ်နာရီခွဲနေပြီ။

"ခုနစ်နာရီခွဲပြီနော် နွေဦး။ နောက်ကျမှ ပြန်လို့ဖြစ်ရဲ့လား"

"နွေဦး ရှစ်နာရီကျော်ရင်တော့ ပြန်မှာပါ၊ သားလည်း သိပ်ရဦးမယ်လေ။ နွေဦး မ,မနောကို ကိုယ့်အစ်မလို သဘောထားပြီး ပြောပြချင်တာလေးရှိလို့ အခုလို အေးအေးဆေးဆေး လာတွေ့တာပါ"





မနောက ဆက်တီနောက်မှီကို ကျောမှီထိုင်၊ လက်ကိုပိုက်ရင်း နွေဦး ဘာပြောမလဲလို့ အသာနားထောင်ပေးလိုက်သည်။

နွေဦး အမူအရာကတော့ ပြောရင်ကောင်းမလား မပြောရင် ကောင်းမလားနဲ့ ဝေခွဲမရဖြစ်နေသေးဟန်တော့ တွေ့ရပါသည်။ သို့သော် ပြောလည်းပြောချင်နေသဖြင့် ပြောဖို့လည်း စိတ်ပါနေပုံရပြန်သည်။

နွေဦး ဘာများပြောမှာပါလိမ့်။ သူ့ကြည့်ရတာ မလုံမလဲနဲ့၊ အပြစ်ပဲ ရှိသလိုလိုနဲ့။ မနော တွေးနေတုန်း နွေဦးထံမှ အသံထွက်လာပါသည်။

"မ,မနော တစ်ယောက်တည်းကို အရင်တိုင်ပင်တာပါ"

ဟူသော ပြောဟန်က အားကိုးမှုတွေ ပါနေပြန်သည်။

"ကိုဘိုဘို နွေဦးဆီ လိုက်လာတာ မ,မနောတို့ သိပြီးကြမှာပေါ့"

ဩော် ... ဘိုဘို့ ကိစ္စလား။ မနောမှာ မထင်မှတ်ထားသော အကြောင်းအရာကြားရ၍ စိတ်ထဲမှာအံ့ဩပြီး ရေရွတ်မိလိုက်သည်။

"နွေဦး အမှန်အတိုင်း ဝန်ခံတာပါ၊ ကိုဘိုဘို့ကို အစ်ကိုတစ်ယောက်လိုပဲ ခင်တာပါ။ ဒီအုပ်စုထဲ နွေဦး စရောက်လာတော့ အားလုံးထဲမှာ ကိုဘိုဘို တစ်ယောက်ပဲ နွေဦး



www.burmeseclassic.com

www.burmeseclassic.com



အပေါ် လိုက်လိုက်လှဲလှဲ ရှိခဲ့လို့ နွေဦး သူ့ကိုပိုအားကိုးမိ သလို ဆက်ဆံမိတာပါ မ,မနော်ရယ်။ အဲဒါကို ကိုဘိုဘိုက ဘယ်လိုထင်သွားတယ် မသိဘူး၊ နွေဦးကို သူလက်ထပ် မယ်၊ စောင့်ရှောက်မယ်တွေပြောပြီး ခွင့်တောင်းလာတယ်"

မနော အံ့သြပြီးရင်း အံ့သြရလျက် "ဟုတ်လား" လောက်သာ အသံပြုနိုင်သည်။ ကြည့်စမ်း ... ဘိုဘို ဒီလောက် နှုတ်သွက်လိမ့်မယ်လို့တောင် မထင်မိဘူး။ ပြီးတော့ နွေဦး ပြော ပုံကြည့်တော့လည်း သူကတော့ ဘိုဘို့ကို လက်မခံချင်ပါဘူးဆိုတဲ့ သဘောမျိုးများ ဖြစ်နေသလား။

"နွေဦး အစ်ကိုပြည့်ကိုပဲ ချစ်တာပါ။ သူ ရုတ်တရက်ခွဲ သွားတော့ နွေဦး တကယ်ခံစားရပါတယ်၊ ဒါပေမဲ့ နွေဦး က ရင်ထဲမှာရှိတဲ့ ခံစားချက်ကို ပြမနေတတ်ဘူး။ ကိုယ့် ရင်ထဲမှာ ဘယ်လောက် ကြေကွဲနေနေ အပြင်ပန်းကျတော့ ကြည်ကြည်လင်လင်နဲ့ ပျော်ရွှင်သလိုနေပြနိုင်တယ်၊ ဒါကို သူများတွေအမြင်မှာကျတော့ ယောကျ်ားသေပြီးတာမြင့် မကြာသေးဘူး၊ ဝမ်းနည်းပူဆွေးနေတဲ့ပုံလည်း တစ်စက်မှ မပြဘူးလို့ ထင်ကြမှာပဲ။ အမှန်တော့ နွေဦးရင်ထဲမှာ လွမ်း နေပါတယ် မ,မနောရယ်"

နွေဦး မျက်ရည်လေးတွေဝဲပြီး ပြောပေမဲ့ ငိုတော့ မငိုချပါ။





နွေဦး တကယ်ပြောတာလည်း ဖြစ်နိုင်တာပဲ။ တချို့ လူတွေက ဒီလိုပဲ ရင်ထဲက ခံစားချက်တွေကို မျက်နှာမှာဖော်မ ပြတတ်ဘူး။ နွေဦးကတော့ သူ့ကို ကိုပြည့်ကလည်း တကယ် ချစ်ပြီး လက်ထပ်ယူခဲ့သူမို့ ဝမ်းနည်းကြေကွဲမှုတွေတော့ ရှိနေမှာ ပဲ။ ငါကသာ ဟုတ်တယ် ... ငါကသာ သူသေသွားပြီးနောက်မှာ သူ ငါ့ကိုမချစ်ဘူးဆိုတာ သိလိုက်ရတော့ ရင်ထဲမှာ ဘာမှမခံ စားရတော့သလိုပဲ။ ရှင်းလင်းပြီး ပေါ့ပါးနေခဲ့တာယ်လေ။

"ဘိုဘိုက လူကောင်းပါ။ သူက ဝ,နေပေမဲ့ သူ့ကိုသဘော ကျတဲ့ ကောင်မလေးတွေ ရှိပါတယ်။ သူဝ,တယ်ဆိုတာက လည်း သိပ် over weight ကြီး ဖြစ်နေတာမျိုးတော့ မဟုတ်ပါဘူး။ ကြည့်ကောင်းနေတယ်လေ၊ ဒါကြောင့် သူ့ရုပ်ရည်၊ သူ့အဆင့်အတန်းနဲ့ဆိုတော့ မိန်းကလေးတွေ က သဘောကျကြပါတယ်။ ဘိုဘို့ဘဝမှာ နွေဦးကို အရင် ဆုံး ချစ်ဖူးတာ ဖွင့်ပြောဖူးတာလို့တော့ မနော အာမ,ခံပေး လို့ရတယ်"

"နွေဦး ကိုဘိုဘို့ကို စိတ်မဆိုးပါဘူး၊ ဒါပေမဲ့ လက်လည်း မခံနိုင်ဘူး။ ဒါပေမဲ့ သူပေးတဲ့ အကူအညီတွေတော့ ယူ နေမိတယ်ပေါ့။ ဥပမာ နွေဦး အိမ်ထောင်ပရိဘောဂတွေ သူ့ဂိုဒေါင်မှာ ခဏထားတာတို့။ သူရှာပေးတဲ့ အခန်းကိုပဲ ဝယ်ဖို့စဉ်းစားမိတာတို့ပေါ့။ အဲဒီလို လုပ်ပြီးမှ ကိုဘိုဘို့ကို

www.burmeseclassic.com

www.burmeseclassic.com



လက်မခံနိုင်ပါဘူး ပြောရင် အားလုံးရဲ့အမြင်မှာ နွေဦး ဟာ ယောကျ်ားတစ်ယောက်ကို မြှူဆွယ်ပြီး ခိုင်းစားတယ် ပြီးတော့ အသုံးမလိုတဲ့အခါမှာ ကန်ထုတ်ပစ်တယ် ထင်မှာစိုးလို့ပါ။ အားလုံး ဆိုတာက မ,မနော်တို့ သူငယ် ချင်းအုပ်စုကို ပြောတာပါ”

မနောသည် နွေဦး ထိုသို့ပြောမှ ဒေါ်ဆွေဇင် စုံစမ်း သိရှိလာသော မြို့ကသတင်းအတိုင်းပါပဲလားလို့ သတိတရ ဆွေး လိုက်မိသည်။ နွေဦး ဆိုတဲ့ မိန်းကလေးရဲ့ ဇာတာက အဲဒီ ထင်ပါရဲ့။ သူ့ကို သဘောကျမိတဲ့ ယောကျ်ားလေးတွေဟာ သူ ပြန်လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ သူ့အတွက် ပေးနိုင်သမျှ အကူအညီတွေ ပေးလိုက်ဖို့ အသင့်ရှိနေကြရမဲ့ ဇာတာပိုင်ရှင်မျိုးလား။

“နွေဦး ပြောချင်တာ ဘိုဘို့ အကြောင်းပဲလား”

“ဟုတ်တယ် အဲဒါပါပဲ။ နွေဦးမှာ တိုင်တည်စရာ အဖော် မရှိလို့ မ,မနောကို အသိပေးထားတာပါ။ နွေဦး ကိုဘို ကို မခိုင်းပါဘူး၊ သူ့ဘာသာ ဘာလိုသလဲ။ ဘာလုပ် ရမလဲတွေ လိုက်ကြည့်ပြီး စုံစေအောင် စီစဉ်ပေးသွား နွေဦးလည်း အားကိုးရမဲ့လူ မရှိတာနဲ့ လက်ခံလိုက်မိ ပါ”

“နွေဦး ဘိုဘို့ကို ငြင်းလိုက်ပြီးပြီလား”





ထိုသို့ မေးပြန်တော့ နွေဦး မလုံမလဲ ခေါင်းငုံ့ပြီး ရင်း ...

“ကိုဘိုဘို့ကိုတော့ ခင်ပါတယ်လို့၊ နွေဦး အခုမှ ဘဝကို ပြန်စရမှာမို့ ဘာကိုမှ မစဉ်းစားသေးချင်ဘူးလို့တော့ ပြော ခဲ့တယ်”

ကဲ ... တွေ့လား။ အဲဒီလို မတင်မကျ ဖြေတတ် တာကိုက ယောကျ်ားလေးတစ်ယောက်ကို မျှော်လင့်ချက်ပေးထား သလို ဖြစ်စေတယ်လေ။ နွေဦးဟာ ဒေါ်ဆွေဇင် ကြားထားတဲ့ သတင်းအတိုင်းပဲ တကယ့်ကို အလည်မလေးပါလား။ ယောကျ်ား တစ်ယောက်ကို မျှော်လင့်ချက်တွေနဲ့ ထားထားပြီး အသုံးချတတ် တယ်။ ပြီးတော့ သူကပဲတစ်ပြန် မနောကို သူ့အပြစ်လွှတ် အောင် လာတိုင်တည်ထားသေးသတဲ့။

မနောဟာ အခုချိန်မှာ နွေဦးကို မုန်းလည်းမမုန်း နွေဦးဘက်ကလည်းမပါ။ ထို့အတူ ဘိုဘိုဟာလည်း မနောရဲ့ သူငယ်ချင်းတစ်ယောက်သာဖြစ်ပြီး မနောရဲ့ အစ်ကိုတွေ မောင် တွေလည်း မဟုတ်တာမို့ ဘိုဘို့ကိုလည်း တားလည်းမတားချင်။ သတိလည်း မပေးချင်ပါ။ သူ့အ,ရင် သူခံပေါ့လို့ ပွဲကြည့်ပရိသတ် သုပ်ရုံသာ ရှိတော့သည်။

“အစ်ကိုပြည့်ရဲ့ တစ်လပြည့် ဆွမ်းကျွေးကို မ,မနောတို့ သွားကြတော့ အစ်ကိုပြည့်အမေနဲ့ တွေ့မှာပေါ့နော်”



www.burmeseclassic.com

www.burmeseclassic.com



နွေဦးက သတိရသွားသလိုဖြင့် ပြန့်ဖို့အိတ်ကောက်ကိုင် ပြင်ဆင်ပြီးမှ မေးလာပါသည်။

"တွေ့တာပေါ့"

"နွေဦးတို့ကို မမေးဘူး မဟုတ်လား"

"မေးတော့ မေးပါတယ်၊ မြို့ပြန်သွားတယ်လို့ ပြောလိုက်တယ်"

"နွေဦးကို စိတ်ထဲမှာ အမှတ်တရ ထည့်ထားတာ သိရတော့ ကျေနပ်ပါတယ်လေ"

"နွေဦး ... မနော ပြောသလို မလုပ်ချင်ဘူးလား"

"အမွှေတောင်းဖို့လား။ မလုပ်ချင်ပါဘူး မ,မနောရယ်။ နွေဦး ပိုက်ဆံတော့ မက်ပေမဲ့ သူများမကြည်ဖြူဘဲ ယူရမဲ့ ပိုက်ဆံကိုကျတော့ စိတ်မလုံဘူး။ သူတို့ လိုလိုလားလားနဲ့ သားကိုချစ်ပြီး လက်ခံပြီး ကြည်ကြည်ဖြူဖြူပေးတဲ့ ပိုက်ဆံကိုပဲ လိုချင်တာပါ"

နွေဦး ပြန်သွားသောအခါ မနောသည် နွေဦး၏စိတ်ကို အကြိမ်ကြိမ် သုံးသပ်ရင်း ကျန်ရစ်ခဲ့ရသည်။

♥ ♣ ♥





## အခန်း ၁၁

မိုးတဖွဲဖွဲစပြီးရွာလာသော တစ်ရက်တွင် လင်းရိုပ်အားမောင်းလာရင်း မနော အလုပ်လုပ်ရသောရုံးရှေ့ ဖြတ်ရလျှင် နော့ကို ရုတ်တရက် သတိရသွားပါသည်။ မတွေ့တာ ဘယ်လောက်ကြာပြီလဲ။ ပြည့်အတွက် ဆွမ်းကျွေးပွဲပြီးစဉ်ကတည်းက အခုထိ ထပ်မတွေ့တော့တာ သုံးလလားရှိပြီ။ ဘာလိုလိုနဲ့ ပြည့်ဆုံးတာတောင် လေးလကျော်လာပြီပဲ။ အချိန်တွေကအကုန်မြန်လိုက်တာ။ မနောရော ခံစားရတာတွေ မေ့ပျောက်လွယ်လာပြီလား။

မနောကို ချစ်မိသည်ဟု သူ့ကိုယ်သူ ဝန်ခံမိပေမဲ့ ဒီအချစ်ကို ထုတ်မပြရဲ။ မပြောရဲ။ စစ်ပိုင်လိုလည်း စောစောစီးစီး ပြောမထွက်ရဲတာနဲ့ပဲ မျိုသိပ်ပြီး အဝေးထွက်သွားမိတယ်။ ပုဂံဘက် ဂူပွားဘက်တွေထွက်ပြီး ဓာတ်ပုံတွေ လျှောက်ရိုက်ပစ်မိ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီကြားထဲ ဗန်ကောက်မှာ တစ်လခွဲ ခေတ်ပုံသင်တန်းဆို တာ သတင်းရတော့ ကျောင်းတက်ဖို့ သွားလျှောက်ပြီး ကျောင်း သွားတက်လိုက်သေးလေရာ မနော့နဲ့ မပြောနဲ့ တခြားသူငယ်ချင်း တွေနဲ့ပါ အဆက်ပြတ်သလိုလို ဖြစ်သွားပါသည်။

လင်းရိပ် စိတ်က မြန်လှပြီး ဒါလုပ်မယ်ဆို ချက် ချင်း၊ ဒီသွားမယ်ဆို ချက်ချင်းသဘောမျိုး ဆုံးဖြတ်နိုင်လေရာ ဗန်ကောက်ထွက်သွားတော့လည်း စီစဉ်ပြီး တစ်ပတ်အကြာမှာ ထ,ထွက်သွားဖြစ်တာမျိုး ဖြစ်ခဲ့သည်။ သူငယ်ချင်းတွေ ဆိုတာ ကလည်း ကျောင်းတုန်းကသာ တရင်းတနှီး သူ့အကြောင်း ကိုယ့်အကြောင်း အသိပေးလေ့ရှိပေမဲ့ အခုလို ကျောင်းပြီးသွားကြ ချိန် ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်ရချိန်တွေမှာကျ ဘာလုပ်မယ် ဘယ်သွားမယ် ဆိုတာမျိုး သိပ်အရေးတယူ ပြောမနေဖြစ်ကြပါ။ ဒါကြောင့် လင်းရိပ် ထွက်သွားလိုက်တာ ဘယ်သူ့ကိုမှလဲ မပြော မိ။ ဘယ်သူ့မှလဲ မသိခဲ့ပါ။

ဒီသုံးလအတွင်း ဒီအုပ်စုကြားမှာ ဘာတွေများ ပြောင်းလဲကုန်ပြီလဲ။ မနော့များ စစ်ပိုင်ကို လက်ခံလိုက်ပြီလား လင်းရိပ် ထိုသို့စဉ်းစားရင်း မနော့ကိုလည်း တွေ့ချင်သွားသဖြင့် မနော့တို့ရုံးဘက် ကားကိုပြန်ကွေ့လိုက်ကာ ကားရပ်ဖို့နေရာရှာ လိုက်ပါသည်။





အချိန်ကြည့်လိုက်တော့လည်း ရုံးဆင်းချိန်နီးနေပြီ မို့ မနော့ ရုံးဆင်းလာလျှင် တွေ့နိုင်မည်ဟုတွေးပြီး ကားရပ်စောင့် နေလိုက်သည်။

ရုံးဆင်းချိန် ရောက်သောအခါ မနော့ကို လှမ်းတွေ့ ရပါပြီ။ မနော့ တစ်ယောက် ထီးမပါပါ။ ခပ်ဖွဲဖွဲသာ ရွာပေမဲ့ စိုမဲ့ ပုံရသော မိုးရွာထဲ မြန်လည်းမမြန်၊ သွက်လည်းမသွက်သော ခြေ လှမ်းတွေဖြင့် ဘတ်စ်ကားမှတ်တိုင်ဘက်လျှောက်ဖို့ ခြေလှမ်းလှမ်း နေသည်။

လင်းရိပ် ကားထဲထိုင်မနေနိုင်တော့ဘဲ ဆင်း၍ပြေး လိုက်မိကာ ...

"မနော့ ... ဟေး ... မနော့၊ ခဏ ... ခဏ"

ဟု အော်ခေါ်လိုက်သံကြားလျှင် မနော့ ဆတ်ခနဲ လှည့်ကြည့်သည်။

"ဟယ် ... လင်းရိပ်"

မနော့သည် လင်းရိပ်ကိုတွေ့တော့ ဝမ်းသာအားရပဲ နှုတ်ဆက်ပါသည်။

"ဘယ်လာတာလဲ"

"နင် ပြန်တော့မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆုံဆုံချင်း ပြိုင်တူနီးပ:းပြောမိကြသည်။ စကား ချင်း ပြိုင်တူဖြစ်သွားသဖြင့် ရယ်မိကြသည်။

"နင် အိမ်ပြန်မယ်ဆိုရင် ငါ လိုက်ပို့ပေးမယ်၊ လာ ... လာ ... မြန်မြန်လာ။ မိုးမိနေပြီ၊ ငါ့ကိုမေးမဲ့မေးခွန်းတွေ ကားပေါ်ရောက်မှပဲ ဖြေမယ်"

လင်းရိပ် ခေါ်တော့ မနော မငြင်းပါ။ လင်းရိပ် အပြေးသွားရာနောက်မှာ မနောလည်း ခပ်သွက်သွက် ပါလာသည်။

ကားထဲဝင်ထိုင်တော့ လင်းရိပ်မှာ ခေါင်းသိပ်မ ပေမဲ့ မနောကတော့ တော်တော်စိုနေပြီ။ ဒီကြားထဲ လင်းရိပ် ကားမှန်တွေတင်ပြီး မောင်းရသဖြင့် ကားထဲ ရေငွေ့ပြန်ကာ မမြင်ရသောကြောင့် air con ကို ခဏခဏ အဖွင့်အပိတ် လုပ် လေရာ ကားထဲမှာအေးပြီး ချမ်းစိမ့်နေသောကြောင့် မနော နှာချေ ပါတော့သည်။

"ချမ်းနေပြီလား မနော။ နင်က ထီးမဆောင်းရင်လည်း မြန်မြန်လျှောက်ရောပေါ့။ ငါကြည့်နေတာ နင်က အေးအေး ဆေးဆေး လျှောက်နေတော့ ရေပိုစိုတာပေါ့"

"ပြောရင် ယုံမှာမဟုတ်ဘူး။ မနောက ဖျားချင်နေတာ အဲဒါကြောင့် တမင်လုပ်တာလေ"

"ဟင် ... ဘာဖြစ်လို့လဲ"





"မသိဘူး၊ မနော အခုနောက်ပိုင်း ဘာလုပ်လုပ်စိတ်ကို မပါဘူး။ အလုပ်လည်း မလုပ်ချင်ဘူး။ ဘယ်မှလဲ မသွား ချင်ဘူး။ ဒါကြောင့် ဖျားရင် အိမ်မှာနားရမယ်လို့တွေးပြီး အဲဒီလို လုပ်မိတာလေ။ သိပ်တော့ အဓိပ္ပာယ်မရှိဘူးပေါ့"

"အလုပ်မလုပ်ချင်ရင်လည်း ခဏထွက်ပြီး စိတ်ပြေလက် ပျောက်ခရီးသွားပေါ့၊ နောက်မှ အလုပ်တစ်ခုရှာပြီးလုပ်ပေါ့"

"အဲဒီလိုကျတော့လည်း ကိုယ့်ကိုယ်ကိုယ် guilty (ဂေးလ် တီး) ဖြစ်တယ်။ စိတ်လေသင့်ရဲ့လား၊ အဲဒီလို လုပ်ချင်ရာ လျှောက်လုပ်သင့်ရဲ့လား။ ဒီလို စိတ်လေဖို့ တန်ရောတန် ရဲ့လားလို့ တွေးပြီး မလုပ်ဖြစ်ခဲ့ဘူး"

မနောခမျာ အခုထိ ပြည့်ရှုပ်ခဲ့တဲ့ ဇာတ်ရှုပ်အတွက် စိတ်မကောင်း ဖြစ်နေတုန်းပါလား။ ဘာပဲဖြစ်ဖြစ် ရင်ထဲမှာတော့ ကျိတ်ပြီးဝမ်းနည်းနေတုန်းပါလားဟု လင်းရိပ် သိသွားရပါသည်။

"ကော်ဖီပူပူ သောက်မလား"

"သောက်မယ်"

"သောက်မယ်ဆိုရင် နင့်ဆံပင်တွေ အရင်ခြောက်အောင် သုတ်လိုက်ဦး။ ရော့ ... ဒီမှာ ငါ့ကားထဲထားတဲ့ တစ်ရှူး ဘောက်(စ်)၊ တစ်ရှူးပေပါနဲ့သုတ်ရင် ခြောက်မှာပါ၊ နင့် ဆံပင်က ခပ်ပါးပါးပဲ"



www.burmeseclassic.com

www.burmeseclassic.com



မနော‌သည် လင်းရိပ် ပြောသည့်အတိုင်း လိုက်နာပြီး ဆံပင်တွေကို တစ်ရှူးစက္ကူဖြင့် ယူသုတ်ပါသည်။

"ချမ်းရင် ငါ့ဂျင်းဂျာကင် ကားနောက်ခုံမှာ တင်ထားတယ်၊ ယူဝတ်ပါလား"

"အေး … အတော်ပဲ ဝတ်ချင်တယ်"

မနောသည် လင်းရိပ်၏ ဂျင်းဂျာကင်ကို ယူဝတ်လိုက်ပါသည်။ ဂျာကင်က ကြီးနေပြီး မနော ကိုယ်က သေးသေးလေး ဖြစ်ကာ ချစ်စရာကောင်းနေသည်ဟု လင်းရိပ် ထင်မိပြန်သည်။

အရင်ကဆို ဒီလို တရင်းတနှီး အင်္ကျီယူဝတ်ဖို့မပြောနဲ့ စကားတောင် လေးလုံးပြည့်အောင် မပြောဖြစ်ကြသော သူငယ်ချင်းတစ်အုပ်စုထဲဝင် လင်းရိပ်နဲ့ မနောသည် ဒီနေ့ကျတော့လည်း တကယ့်ကို တရင်းတနှီးကြီး ဖြစ်သွားလေပြီ။ မနောဟာ လင်းရိပ်၏ အင်္ကျီကိုပင် ယူဝတ်တဲ့အထိ ရင်းနှီးမှုပြသဖြင့် လင်းရိပ် ရင်ထဲတွင် ပီတိဖြစ်နေသည်။

မနောနဲ့ လင်းရိပ် ဒီလိုပိုရင်းနှီးလာတာဟာ ပြေညှိသေပြီးမှ ရှုပ်လာတဲ့ပြဿနာကြောင့် ပိုပြီးရင်းနှီးလာတာမို့ အဲဒီပြဿနာကိုရှုပ်ခဲ့သော ပြေညှိကိုပင် ကျေးဇူးတင်ရမလား။ ပြဿနာအစလာဖော်သော နွေဦးကိုပင် ကျေးဇူးတင်ရမလား။





ကော်ဖီဆိုင်တစ်ဆိုင်ထဲ အတူတူ ဝင်ထိုင်ပြီးသောအခါ ကိုယ်ကြိုက်နှစ်သက်ရာ ကော်ဖီတွေ အသီးသီး မှာကြပြီးမှ ပြန်စကားစဖြစ်ကြပါသည်။

"ပြောပါဦး၊ နင် ဘာတွေလုပ်နေလဲ"

"ဓာတ်ပုံတွေ ဆက်ရိုက်တုန်းပါပဲ၊ ဒီကြားထဲ ဗန်ကောက်မှာ တစ်လခွဲသင်တန်းဆိုတာ internet ကြည့်ရင်းတွေ့လို့ စိတ်ဝင်စားတာနဲ့ သွားတက်လိုက်သေးတယ်"

"နင်ကတော့လေ တကယ်ပဲ ခြေမငြိမ်တဲ့သူပဲ၊ ဒီနေ့ ဒီနေရာမှာတွေ့ရပြီးရင် နောက်နေ့ကျ အဝေးကြီးရောက်ရင်လည်း ရောက်သွားမဲ့သူ၊ ဘယ်လိုလဲ ဓာတ်လမ်းတွေရော ဘယ်နှပုဒ် ဖြစ်ခဲ့ပြီးပြီလဲ"

လင်းရိပ် အသံထွက် ရယ်မောရင်း …

"ပြောရင် ယုံပါ့မလား၊ မသိဘူး၊ ငါ ရောက်ရာနေရာမှာ ဓာတ်လမ်း မလုပ်တော့တာကြာပြီ"

ဟု အမှန်အတိုင်း ပြောပြလိုက်ပါသည်။

မနောက မျက်လုံးကို ပြူးပြလျက် …

"အံမယ် … တကယ့်ကို အတည်ပြောနေတာပါလား၊ မနော နောက်ဆုံးတွေ့လိုက်တဲ့ ဓာတ်လမ်းပြီးတဲ့နောက်မှာ ဆက်မရှိဘူးဆိုတဲ့ သဘောလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြည့်- အသုဘချတဲ့နေ့က ပြည့်တို့မိဘတွေအိမ်ကို သတင်းလာမေးရင်း ရောက်နေတဲ့ ကောင်မလေးနဲ့လည်း ဆက်ပြီးဖာတ်လမ်းမဖြစ်ခဲ့ပါဘူး၊ သူပြီးတဲ့နောက်ပိုင်းမှာလည်း ဆက်မရှိပါဘူး"

"အဲဒီကောင်မလေးက မင်းသမီး ဖြစ်ချင်နေတာပဲ၊ နှင့်ဆီ နောက်နေ့တွေကျ ဆက်သွယ်မလာဘူးလား"

"သူ့မိဘကမှ သဘောမတူတာ၊ သူ နားရွက်တောင် လှုပ် ရဲမှာ မဟုတ်ပါဘူး"

မနော့က Mocha (မိုကာ) ကော်ဖီကို သောက်ရင်း လင်းရိပ် အတည်ပြောနေသော စကားတွေကို သဘောတကျ ထောင်မိသည်။ သူငယ်ချင်းအုပ်စုထဲမှာ လင်းရိပ်ကိုမြင်လိုက်ရင် အမြဲပေါ့ပါး လန်းဆန်းနေလျက် ဘာမှစိတ်ညစ်စရာမရှိတဲ့ လူသား တစ်ယောက်ပုံစံ ထွက်နေတတ်သော လင်းရိပ်ဟာ အရင်ကတော့ ဘာကြောင့်ရယ်မသိ။ မနော့နဲ့ အလိုလို မျက်နှာကြောမတည့်သလို ဖြစ်လျက် သူ့ကိုလည်း မနော့က ဟက်ဟက်ပက်ပက် စကား မပြောဘူးသလို၊ သူကလည်း မနော့ကို တိုက်ရိုက် စကားကြာကြာ လာပြောခဲ့ပါသည်။ အခုကျမှ ဘယ်လိုဖြစ်ပြီး လင်းရိပ်နဲ့ မနော့ တို့ တရင်းတနှီး ဖြစ်သွားတာပါလိမ့်။ ဘယ်တုန်းကစပြီး ဒီလို ခင်မင်မှု ပိုသွားတာပါလိမ့်။





"ကဲ ... ပြောပါဦး၊ အခြေအနေတွေ ဘာတွေပြောင်းလဲ ကုန်ပြီလဲ"

"ဘယ်သူ့အခြေအနေကို မေးတာလဲ"

"ဘယ်သူရှိမလဲ၊ ပြည့်နဲ့ ပတ်သက်တဲ့ သားအမိအခြေ အနေကို မေးတာပေါ့"

"သူတို့ ရန်ကုန် (...)မြို့နယ်ဘက်မှာ ခုနစ်လွှာလောက် အခန်းကို ဝယ်နေကြပြီလေ"

"ပြည့်တို့ဘက်ကရော"

"ဘာသံမှ မကြားဘူး၊ မနော့လည်း တစ်လပြည့်ဆွမ်းကျွေး ပြီး နောက်ပိုင်း မရောက်တော့ပါဘူး။ ဘာဖြစ်လို့လဲဆို တော့ ဒေါ်ဆွေဇင်က မနော့ကိုတောင် ပြတ်ပြတ်သားသား ဖြတ်ထားတာလေ။ သားသေတာဖြင့် မကြာသေးဘူး သား နဲ့ပတ်သက်တဲ့ မိန်းကလေးဆီက စေ့စပ်လက်စွပ်ကို ပြန် တောင်းပစ်တဲ့အထိ ပြတ်သားတာဆိုတော့ မနော့နဲ့သူတို့ က ဘာမှမဆိုင်တော့ဘူးဆိုတဲ့သဘော ဖြစ်နေပြီ။ ဒါကြောင့် မနော့လည်း အပြတ်သားဆုံး နေပေးလိုက်ပါတယ်"

"နှင့်စိတ်ထဲမှာရော ပြည့်အပေါ် ပြတ်သားသွားပြီလား"

"သူ့အပေါ် စိတ်ကိုပြတ်သားပြီးတာ ကြာပါပြီ။ သူလုပ် ခဲ့တာတွေ သိလိုက်ရကတည်းက မနော့ နေ့ရာက ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



နေရာဆိုတာ သိပြီးသွားပြီလေ၊ ဒီတော့ ချစ်လည်းမချစ်တော့ဘူး၊ မုန်းလည်း မမုန်းတော့ဘူး၊ လွမ်းဆွေးကြေကွဲတာလည်း မဖြစ်နေတော့ဘူး။ ကိုပြည့်ဟာ မနော့အတွက် သူငယ်ချင်းတစ်ယောက် ဆုံးရှုံးသွားရတာထက် မပိုတဲ့ ခံစားချက်ကိုပဲ ပေးတော့တယ်"

လင်းရိပ်က မနော့ကို အားပေးနှစ်သိမ့်သော အပြုံးဖြင့် နှစ်သိမ့်ရင်း ...

"ငါနဲ့ စတွေ့တုန်းကပြောတော့ စိတ်လေပြီး ဘာမှမလုပ်ချင်ဘူးဆို"

ဟု သိချင်တာကို မေးမိသည်။ မနော ရှက်သလိုရယ်ရင်း "အင်း ... ဟုတ်တယ်"ဟုသာ ဖြေသည်။ ချက်ချင်းတော့ ဘာအတွက်ကြောင့် ဒီလိုဖြစ်ရတယ်လို့ မဖြေသေးဘဲ အဝေးကို ငေးနေသေးသည်။ ပြီးမှ ...

"တစ်ခါတလေလည်း ဘာတွေ စိတ်လေမှန်း မသိဘူး စိတ်လေတာမျိုးပေါ့။ ဘာရယ်လို့ တိတိကျကျ ဖြေလို့မရတဲ့ စိတ်လေတာမျိုး ဖြစ်နေတာပါပဲ၊ အဖြေရခက်တယ်"

ဟူ၍ တွေတွေငေးငေးလေး ဖြေပါသည်။

လင်းရိပ်လည်း မနော၏ စိတ်ခံစားချက်ကို ဆက်မမေးတော့ဖို့တွေးလျက် ...





"ဒါဖြင့် ဒီလိုလုပ်ပါလား။ နင် စိတ်လေတာလည်းပျောက်အောင် အတွေ့အကြုံသစ်လည်းဖြစ်အောင် ငါ့ရဲ့ assistance (အဆစ်(စ)တန့်) လုပ်ပါလား၊ နင့်အလုပ်က ထွက်လိုက်လေ။ ငါ့ဆီမှာ အလုပ်ဝင်လုပ်တဲ့ သဘောတော့ မဟုတ်ပါဘူး။ ငါ့အလုပ်ကိစ္စတွေမှာ ဝင်ပါပေါ့။ နင် အချိန်ဖြုန်းရတာတန်အောင် ဒါက လခပေးတဲ့သဘောပါ"

လင်းရိပ်၏ ကမ်းလှမ်းစကားကို ကြားရတော့ မနော စိတ်ဝင်တစားနဲ့ အံ့သြသွားပါသည်။ မနော့အပေါ် လင်းရိပ် ဒီလောက်တောင် စိတ်ပါလက်ပါ ကူညီချင်နေတာပါလား။

"နင့်လက်ထောက် assistance ဆိုတော့ မနော့က ဘာလုပ်ရမှာလဲ။ မနော ဘာမှသိမှမသိတာ"

"ဘာမှ လုပ်ရမယ်ရယ် တိတိကျကျ မရှိပါဘူးဟာ၊ ငါ ဘာသာ နာမည်တပ်ပြီး ရာထူးတစ်နေရာ ပေးတာပါ။ ဟား ဟား ဟား ... ရာထူးတွေ ဘာတွေ ပေးရလောက်အောင် ငါ့အလုပ်အကိုင်က အလုပ်ကြီး အကိုင်ကြီး ကျနေတာပဲနော်၊ သူများကြားရင် ရယ်ရမယ်"

"ဒါဖြင့် မနော့က ဘာမှမလုပ်ရဘဲနဲ့ ..."

"အေးလေ ... နင်စိတ်ပျော်သွားအောင် ငါ ခာတ်ပုံတွေ ရိုက်တဲ့အခါ လိုက်ကြည့်၊ ဝင်အကြံပေးချင်ပေး မပေးချင်



www.burmeseclassic.com

www.burmeseclassic.com



လည်းနေ ရတာယ်။ လျှောက်သွားနေရရင်ပဲဖြစ်ဖြစ် ကိုယ်လုံးဝမကျွမ်းကျင်တဲ့ field အသစ်ကို ဝင်ကြည့်ရင်ဖြစ်ဖြစ် ဘယ်သူမဆို စိတ်ပြောင်းပြီး စိတ်သစ်လူသစ် ဖြစ်တတ်တယ်လို့ ကြားဖူးလို့ပါ"

"မနော စိတ်ဝင်စားသွားပြီနော်၊ နောက်မှ မနော တကယ်လုပ်မယ်ဆိုမှ မငြင်းနဲ့"

"ဟာ ... မငြင်းပါဘူး၊ စိတ်ချ ငါက မနော ငါ့နားမှာရှိရင် ပိုတောင်တက်ကြွဦးမှာ"

လင်းရိပ် အမှတ်မထင် ပြောထွက်သွားသော စကားကို မနော သတိထားမိပေမဲ့ မနောရှိရင် ဘာကြောင့် ပိုတက်ကြွမှာလဲ ဆိုတာကို မမေးကြည့်ချင်သေးပါ။ အခုလောလောဆယ်တွင် မနောသည် စိတ်လေချင်နေပြီး စိတ်ဝင်စားတာတွေ လျှောက်လုပ်နေသဖြင့် ခေါင်းရှုပ်စရာတွေ မတွေးချင်သေးပါ။

ကော်ဖီဆိုင်က ထွက်တော့ မနောသည် လင်းရိပ်၏ ဂျင်းဂျာကင်ကို ဝတ်ထားဆဲဖြစ်သည်။ လင်းရိပ်ကလည်း ပျော်တပြုံးပြုံးဖြင့် မနောကို ငုံ့ကာ ငုံ့ကာကြည့်ပြီး စကားပြောသလို မနောကလည်း လင်းရိပ်ကို ခင်မင်ရင်းနှီးစွာ မော့၍ မော့၍စကားပြောလျက် လျှောက်လာကြပုံမှာ သိပ်တွယ်တာနေကြသော စုံတွဲလေးပုံ ပေါက်နေသည်။





ကော်ဖီဆိုင်ရှေ့ ကားရပ်ရာနေရာမှာ ရပ်ထားသော ကားဆီရောက်လျှင် အမှတ်မထင် မနောရဲ့မျက်လုံးက ကားလမ်းမ အကျယ်ကြီး ဟိုဘက်ခြမ်းကို ကြည့်မိသွားသည်။

"ဟယ် ... ဟိုမှာ"

မနော နှုတ်ဖျားမှ ရုတ်တရက် ထွက်သွားသော အသံကြောင့် လင်းရိပ် လိုက်ကြည့်သည်။

"ဘာတွေ့လို့လဲ"

"ဟိုမှာ နှင်းဆီပန်းစည်းတွေ တောင်းထဲထည့်ရွက်သွားတဲ့ ဈေးသည်တွေ့လို့ပါ။ ပန်းတွေ သိပ်လှတာပဲ၊ မနော ဘုရားပန်းတင်ဖို့ ပန်းဝယ်ရမှာ အခုမှ သတိရသွားလို့"

"ဝယ်ချင်လို့လား။ လာလေ မြန်မြန်နောက်က ပြေးလိုက်ရအောင်"

"ဟယ် ... ဘယ်ဖြစ်မလဲ၊ ဈေးသည်က သွားနေပြီ၊ မီမှာမဟုတ်ဘူး"

"မီပါတယ် ... လာပါ"

"ကားလမ်းမကျယ်ကြီး ဖြတ်ကူးရဦးမယ်"

"မကြောက်ပါနဲ့ ငါပါပါတယ်ဟာ"

"နင်ပါတော့ ဘာလုပ်မှာလဲ၊ ကားတိုက်ရင် နင် ဘာလုပ်ပေးနိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကားမတိုက်အောင် ကာကွယ်ပေးမယ်၊ ကဲ ... လာ လာ ... အဲဒီလို ပြောနေတာနဲ့ပဲ ဈေးသည်က အဝေးကြီး ရောက်သွားတော့မယ်"

လင်းရိပ် ပြောပြောဆိုဆို မနော၏ လက်ဖဝါးတစ်ဖက်ကို ဆတ်ခနဲ ဖမ်းဆုပ်ပြီးလျှင် ကားလမ်းမကျယ်ကြီးအား ဖြတ်ကူးဖို့ ပြင်တော့သည်။ မနောလည်း ကားလမ်းဖြတ်ကူးရန်ကို စိတ်တပူပူ အသည်းတအေးအေးနဲ့ပဲ ဒီလိုပေါက်ကရစွန့်စားကြည့်ရမှာကို စိတ်အားထက်သန်နေပြန်သည်။

ကားတွေက နှစ်လမ်းမောင်း ကားလမ်းကျယ်ကြီးမှာ တဝီးဝီးမောင်းနှင်နေတာ။ မနော တစ်ယောက်တည်းဆို ဘယ်လိုမှ ဖြတ်ကူးရဲမှာမဟုတ်။ ဒါ့အပြင် အေးအေးဆေးဆေး ပန်းတောင်းခေါင်းရွက်ပြီး သွားနေသော ပန်းသည်ကိုလည်း မီမှာမဟုတ်။

အခုတော့ လင်းရိပ် လက်ဆွဲပြေးရာနောက် ခလုတ်တိုက်တော့မလို ပါသွားပြီး ဘေးဘီကိုမေ့ကာ ဒီလမ်းမကျယ်ကြီးကို ရအောင်ဖြတ်ကူးမိလေပြီ။ မနောမှာ လင်းရိပ် ကိုင်ထားတာတောင် ကြောက်ပြီး စိတ်မချ လက်မချဖြစ်ကာ လမ်းကူးနေရင်းသူ့လက်မောင်းတစ်ဖက်ကိုပင် အားကိုးတကြီး ကိုင်ထားမိသည်။

"တွေ့လား ... ငါမပြောဘူးလား၊ ငါ့ကို ယုံကြည်စိတ်ချရင် နင် ဒီဘက်ကမ်းကို ဘေးမသီ ရန်မခဘဲရောက်ရပြီ တွေ့လား"





တစ်ဖက်ကမ်းရောက်တော့မှ လင်းရိပ်သည် သူ့ကိုယ်သူ သူရဲကောင်းကြီးလိုလို လေသံဖြင့် ငုံ့ပြောလျှင် မနောလည်း ချောက်စောင်းကြီးထိုးရင်း ...

"ဟုတ်ပါတယ်၊ နင်က ကယ်တင်ရှင် သူရဲကောင်းကြီးပါ"

ဟု ပြန်၍ရွဲ့ပြောပြီး ရယ်မောမိလျှင် လင်းရိပ်ကပါ လိုက်ရယ်ပါသည်။ နှစ်ဦးသား ထိုအခိုက်အတန့်မှာတော့ လွတ်သယ်ပေါ့ပါးသွားကာ လက်တွဲမဖြုတ်လိုက်ချင်ကြဘဲ လက်တွေကို မြဲမြဲဆက်၍ ဆုပ်ကိုင်ထားမိကြသည်။

သူတို့ ထိုသို့ ကြည်ကြည်နူးနူး ရယ်မောနေသော မြင်ကွင်းအပါအဝင် လက်အတူတွဲ၍ လမ်းဖြတ်ကူးလာသော မြင်ကွင်းကိုပါ အသာစောင့်ကြည့်နေခဲ့သော စစ်ပိုင်ကိုတော့ သူတို့နှစ်ယောက်စလုံး သတိမထားမိကြပါ။

စစ်ပိုင်ကသာ သူတို့ ကော်ဖီဆိုင်ထဲက ထွက်အလာမှာ စပြီးမြင်တာဖြစ်သည်။ သူက ဒီနားမှာ ဝယ်စရာရှိ၍ ကားရပ်ပြီး ဆင်းမလို့လုပ်တုန်း နာမည်ကြီးသော ကော်ဖီဆိုင်တစ်ဆိုင်မှ အတူတွဲထွက်လာသော လင်းရိပ်နဲ့မနောတို့ကို တွေ့လိုက်တော့ စိတ်ထဲမှာ တစ်မျိုးတော့ ဖြစ်သွားသဖြင့် မနှုတ်ဆက်သေးဘဲ စောင့်ကြည့်မိလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



မနော့ကလည်း လင်းရိပ်၏ ဂျင်းဂျာကင်မှန်း စစ်ပိုင် မှတ်မိထားသော အကျႌကို မတော်မရော် ဝတ်ထားပြီး လင်းရိပ်နှင့် အတော်ကြီး ရင်းနှီးနီးကပ်နေပုံ တွေ့နေရသည်။ လင်းရိပ်ကလည်း မနော့ကို သူ့ရဲ့နာမည်ကြီးမျက်လုံး ရီတီတီ အမူအရာတွေနဲ့ကြည့် ရင်း ယုယကြင်နာနေလိုက်ပုံမှာ ဘေးလူအမြင်နှင့်ပင် ခန့်မှန်းလို့ ရနိုင်စရာ ကောင်းနေသည်။

သူတို့ လက်ချင်းတွဲ (မနော့ကတော့ လင်းရိပ်လက် မောင်းကို အားကိုးစွာပင် ဆုပ်ကိုင်ထားလိုက်သေး) ကားလမ်းကို ကလေးတွေလို ကမူးရှူးထိုး အပြေးဖြတ်ကူး (တမင် အပျော်လုပ် တာ ဖြစ်ရင်ဖြစ်နိုင်သည်)တစ်ဖက်ကမ်းရောက်တော့ ကြည်နူးရွှင်မြူး စွာ ရယ်မောကြ၊ ပန်းတောင်းကြီးရွက်ကာ သွားနေသော ဈေးသည် ကို အော်ခေါ်ရင်း လက်ချင်းတွဲမပျက် ပြေးလိုက်၊ ဈေးသည်ဆီ က ဖြူဆွတ်နေသော နှင်းဆီပန်းငုံတွေပါသည့် နှင်းဆီစည်းအကြီး ကြီး တစ်စည်းကိုဝယ်၊ ဒီဘက်လမ်းကို ခုနကပုံစံအတိုင်း အပြေး ဖြတ်ကူးလာ။

အင်း ...။ စစ်ပိုင်၏ စိတ်ထဲမှ သက်ပြင်းချလိုက် သံ ဖြစ်သည်။ မနော့လိုမိခြင်းလား၊ သဝန်တိုမိခြင်းလား၊ ငှာင်းရိုင် မထင်မှတ်ဘဲ အနိုင်ယူသွားတာ ခံလိုက်ရ၍ မကျေနပ်ခြင်းလား။ သူ့အပေါ် မစဉ်းစားပေးဘဲ လင်းရိပ်လို အချစ်ကို တန်ဖိုးမထား





တတ်တဲ့သူရဲ့ အချစ်ကိုမှ စဉ်းစားချင်ခဲ့သော မနော့ကို အပြစ် တင်ခြင်းလား၊ ဒါမှမဟုတ် မနော့နဲ့ ပတ်သက်တိုင်း ခဏခဏ အသည်းကွဲနေရတဲ့ သူ့ကိုယ်သူ မုန်းမိခြင်းလား မသေချာသော ဆိုသက်ပြင်းချသံသည် စစ်ပိုင်ကို တစ်ယောက်တည်း အထီးကျန် သွားစေပြန်ပါသည်။

ဘာဖြစ်လို့ အမှန်အတိုင်း ငါ့ကို မပြောခဲ့တာလဲ မနော့ရယ်။ ငါ့ကို အားနာလို့လား။ ဒါမှမဟုတ် ဒုတိယအကြိမ် ကြိုးပမ်းမှုမှာ အရှုံးသမား ထပ်ဖြစ်ရပြန်တာမို့ သနားနေခဲ့လို့လား။ မနော့သာ ပျော်ရွှင်စိတ်ချမ်းမြေ့ရမယ်ဆိုရင် ငါ အသည်းကွဲခံရဲ ပါတယ် မနော့ရယ်။

စစ်ပိုင်သည် မနော့နဲ့ လင်းရိပ်တို့ ကားပေါ်အတူတူ တက်ပြီး ကားမောင်းထွက်သွားသည်အထိ စောင့်ကြည့်ငေးမော မိနေကာ မနော့တို့ကား ထွက်သွားမှ သူ့ကားကိုလည်း မောင်း ထွက်လာမိသည်။

ဒီနားမှာရပ်ပြီး ဆင်းဝယ်စရာကိုပင် မဝယ်ဖြစ်တော့ ဘဲ ကားကို စိတ်လေပြီး လျှောက်မောင်းမိပြန်သည်။

ဘိုဘို့ဆီလည်း သွားမပြောချင်။ ဘိုဘိုကလည်း သူနဲ့ ဘဝတူလို ဖြစ်နေသည်။ ခုတလော ဘိုဘို အသည်းကွဲနေ၍ ခင်။



www.burmeseclassic.com

www.burmeseclassic.com



"နွေဦးက ငါ့လိုပိုကြီးကို မချစ်နိုင်ဘူး ထင်ပါရဲ့ကွာ ကိုဘိုဘို့ကို အစ်ကိုကြီး တစ်ယောက်လိုပဲ ခင်ပါရစေလို့ အပြတ်ပြောပြီး ငြင်းလိုက်တယ်"

ဆိုသော ဘိုဘို့ရဲ့ နောက်ဆုံးအခြေအနေကိုလည်း သိထားလေရာ ကိုယ့်ရင်ထဲက အပူကို သွားမပြောချင်တော့ပါ။

ဘာပဲဖြစ်ဖြစ် အပြစ်တင်ခြင်းတင်လျှင် ပြည့်ကိုပဲ အပြစ်တင်ရတော့မည်။ ပြည့် သေသွားလို့ ဒီလိုတွေဖြစ်လာတာ ပေါ့။ ပြည့်သာ မသေခဲ့ရင် ငါတို့အသည်းတွေ ထပ်ကွဲစရာမလို တော့ဘူး။ ပြည့် မရှိတော့လို့ အခုတော့ သူငယ်ချင်းတွေကြား မှာ ပြဿနာအသစ်တွေ ဝင်လာကုန်ကြတာ။

♥ ♣ ♥







# အပိုင်း(၃)



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၂

သစ်သီးတွေချည်း သီးသန့်ရောင်းသော ဆိုင်သေ တစ်ဆိုင်ကို ကားမောင်းသွားရင်း ဖျတ်ခနဲ တွေ့လိုက်၍ စိတ်ဝင် စားသွားပြီး ဒေါ်ဆွေဇင်မှာ သူမ၏ မာစီဒီးစ်ကားအဖြူကြီး ကျွမ်းကျင်စွာ ပြန်ကွေ့မောင်းလာလိုက်သည်။ ဆိုင်က တခြား တွေ ဖွင့်နေကျ မီနီမာ့တ်လေး ပုံစံပေမဲ့ တကယ်တော့ ပစ္စည်း ရောင်းသော မီနီမာ့တ် မဟုတ်ဘဲ သစ်သီးမျိုးစုံရောင်းသောဆိုင် ဖြစ်နေပါသည်။

သစ်သီးတွေကို အပြင်မှာပါ လှပစွာ ခင်းကျင်းပြသ ထားသဖြင့် လမ်းကိုဖြတ်သွားရင်းနဲ့ သတိထား ကြည့်မိစေသည် ဆိုင်အပြင်မှာတော့ ဒူးရင်းသီးလို၊ အုန်းသီးလို၊ အသီးကြီးကြီး မားမားကြီးတွေ အများစုရှိနေပြီး ဆိုင်လေးအတွင်းမှာတော့ အသီး အနံ့တွေက စုံပဲစုံလှပါသည်။



အသီးအနံ့များကို လတ်ဆတ်သော အသီးတွေက တစ်ပိုင်း၊ စည်သွတ်ဘူးထည့်ထားသော အသီးတွေကတစ်ပိုင်း ပြသပြီး ရောင်းချသော ဒီလိုဆိုင်မျိုး ဒေါ်ဆွေဇင် မမြင်ဘူးသေး ပါ။ အခုမှ စဖွင့်ခါစဆိုင် ထင်ပါသည်။ ဆိုင်းနာမည်ကလည်း ရိုးရိုးပဲ Fruits Store ဟုသာ ဆိုင်းဘုတ်တင်ထားသည်။

ဒေါ်ဆွေဇင်မှာ ဈေးဝယ်သော ပလတ်စတစ်ခြင်း တောင်းလေး ကောက်ကိုင်ပြီး အသီးအနံ့များ၏အနံ့ဖြင့် မွှေးကြိုင် နေသော ဆိုင်လေးထဲ လျှောက်ကြည့်နေမိသည်။

"ဒါ ဖရဲသီး"

ဒေါ်ဆွေဇင့် နားကို ရောက်လာသော ကလေးလေး တစ်ယောက်က သခွားသီးကို လက်ညှိုးဖြင့်ထောက်ပြီး ဖရဲသီး ဟု ပြောနေသဖြင့် ဒေါ်ဆွေဇင် သတိထားကြည့်မိလိုက်သည်။

ဟင် ... ဘုရားရေ။ ဒေါ်ဆွေဇင့် စိတ်ထဲမှာ ဘုရား တ,လိုက်မိသလို ဖြစ်သွားသည်။ ငုံ့ကြည့်ရာမှ မြင်ရသော ကလေး ၏ဦးခေါင်းဆံစကိုမြင်လျှင် ထိုသို့ရေရွတ်လိုက်မိတာ ဖြစ်ပါသည်။

"သားလိုပဲ ကြည့်စမ်း၊ ခေါင်းထိပ်မှာ ဆံပင်ဖွေလေးနှစ် လုံး ဆက်တိုက်နဲ့"

ဒေါ်ဆွေဇင် ထိုသို့သတိတရတွေးရင်း ကလေးလေး ကို အသေအချာ ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ရိမ်မော်သီး"

ဟု ကလေးက သံပရာသီးတွေကို ထပ်၍ မပီကလာ ပြောနေပြန်ရာ ဒေါ်ဆွေဇင်မှာ ကလေးမျက်နှာလေးကို အဆော အချာ ကြည့်လိုက်ချင်တာရော၊ အမှားကို ပြင်ပေးချင်တာရော ကြောင့် ကလေးနား အသာဒူးတုပ်ထိုင်လိုက်မိသည်။

"မဟုတ်ဘူး သားရဲ့။ သံပရာသီးလို့ ခေါ်တယ်။ လိမ္မော် သီး မဟုတ်ဘူး"

"ခြော် ... တံရာသီးလား"

ဒေါ်ဆွေဇင် ပြောသလို သံပရာသီး လိုက်ပြောတော့ မပီသော အသံလေးကို ဒေါ်ဆွေဇင့် ရင်ထဲမှာ ချစ်သွားပါသည်။ အံမယ်လေး ... ငါ ဘာဖြစ်နေတာလဲ၊ ဘာလို့ ချစ်ရမှာလဲ၊ သား ငယ်ရုပ်လေးနဲ့ တထေရာတည်း တူတာရော၊ ဒီလို မပီကလာ ပြောတဲ့ အသံလေးကြောင့်ရောနဲ့ ချက်ချင်း ဒီကလေးကို ချစ်စရာ လား။

ဘုရား ... ဘုရား ... ဒီကလေးလေးက သားရဲ့ကလေး လေးများလား။ မနှောတို့ ပြောပြထားတဲ့ သား ယူထားခဲ့တဲ့ ကလေးမလေးရဲ့ သားများလား။

ကိုယ်ကိုယ်တိုင်က မာန်မာနတွေ အတ္တတွေကြီးပြီး ဓာတ်ပုံလေး တစ်ပုံလောက်တောင်မှ တောင်းမကြည့်ခဲ့ဖူးတာမို့





တစ်ခါမှ မတွေ့ဘူးခဲ့ပါ။ ဓာတ်ပုံမကြည့်ရဘဲနဲ့တောင် အခုလို အပြင်မှာမြင်လိုက်တာနဲ့ တစ်ခါမှ မမြင်ဘူးပါဘဲနဲ့ ဒီကလေးလေး ဟာ သားရဲ့သားလေးပဲလို့ စိတ်ထဲမှာ အလိုလိုခံစားသိရှိနေပြန် သည်။

"ဒါ ဖရဲသီး"

ကလေးက သခွားသီးကို ထပ်ပြီးပြောနေပြန်သဖြင့် ဒေါ်ဆွေဇင်က ဝင်ပြင်ပေးမိပြန်သည်။

"မဟုတ်ဘူး၊ ဒါက သခွားသီး"

"တင်းရှော်သီး"

"ဟား ဟား ... စကားလည်း မပီဘူး"

"သား ဂျကားမပီပေမဲ့ မူကြိုမှာ တီချာက သီချင်းဆို အတော်ဆုံးဆု ပေးထားဒယ်"

"ဟယ် ... ဟုတ်လား၊ တော်တာပေါ့"

"မေမေက ကြောတယ်၊ သီချင်းဆိုရင်တော်ဒါ မကောင်း ဘူးတဲ့။ စာတော်ရမယ်တဲ့၊ ဒေါက်တာဖြစ်မှ ကောင်းဒါတဲ့။ သားက ဒေါက်တာလုပ်ချင်ဘူး၊ ဖေဖေ့လို ခဏ ခဏ ရန်ကုန်သွားရတဲ့ အလုပ်ပဲ လုပ်ချင်ဒယ်"

ဟင် ... ရန်ကုန်သွားတယ်တဲ့။ ဒါဆို သား ကိုပြည့် ဖြစ်မှာပေါ့ဟု ဒေါ်ဆွေဇင် ထပ်တွေးမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သား အခုနေတာ ရန်ကုန်လေ။ ဖေဖေက ရန်ကုန် ဘာ လို့သွားတော့မလဲ"

"ဖေဖေ ရန်ကုန်က ပြန်လာရင် သားနဲ့အတူတူ ဖက်အိပ် တော့ သား ပျော်တယ်"

ကလေးက သူပြောချင်တာပဲ ပြောနေပေမဲ့ ဒေါ်ဆွေ ဇင့် ရင့်ထဲမှာ နင့်နေပြီး ကလေးလေးကို ကောက်ချီပစ်လိုက်ချ စိတ်တွေ ဖြစ်လာပါသည်။ သေချာပါတယ်။ ဒါ သားရဲ့သားလေး ပါ။ ရုပ်ကလေးက ချွတ်စွပ်ကို တူနေတာ။ ဖြိုးပြည့်လှ အသေး စားလေးပါပဲကွယ်။

"ဟယ် ... သားလေး၊ အံမယ်လေး တော်ပါသေးရဲ့ လှည့်ကြည့်လိုက်တော့ ပျောက်သွားတာနဲ့ လူကို မျက် တွေတောင် ပြာသွားပြီး ရူးသွားတော့မလိုပဲ။ မပြောမဆို နဲ့ ဘယ်ထွက်သွားတာလဲ"

သစ်သီးတချို့ ပလတ်စတစ်ခြင်းနီလေးထဲ ထည့်ကာ ဆွဲလာသော မိန်းကလေးတစ်ယောက် အသံကြားလျှင် ဒေါ်ဆွေဇင် ဂရုတစိုက် ကြည့်လိုက်ပါသည်။ အို ... တော်တော်ငယ်သေးတာ ပဲ ကောင်မလေးက လှလည်းလှတယ်။ ကလေးအမေလို့တောင် မထင်ရဘူး။ ဒေါ်ဆွေဇင်မှာ မိန်းကလေးက သူမကို သိနေမယ် ထင်ပေမဲ့ ထိုမိန်းကလေး မျက်လုံးတွေမှာ သိဟန်မပြပါ။





"စိတ်မဆိုးပါနဲ့ အန်တီ။ သားက လာနှောင့်ယှက်နေတာ လား မသိဘူး၊ စိတ်မဆိုးပါနဲ့နော်။ နွေဦး သစ်သီးတွေ လှည့်ရွေးနေတုန်း သူ လှစ်ခနဲ ထွက်သွားတာပါ"

နွေဦးတဲ့။ နာမည်ကို ထည့်ပြောလိုက်သောကြောင့် ဒေါ်ဆွေဇင်၏ ထင်မြင်ချက်မှာ တကယ့်ကို ရာနှုန်းပြည့် မှန်ကန် သွားပါသည်။ ထိုသို့ သိလိုက်ရသောအခါ ရင်ထဲတွင် ထိုမိန်းက လေးအပေါ် လက်ခံတွေ့ဆုံလိုသော ဆန္ဒတွေ ချက်ချင်းဖြစ်ပေါ် လာသည်။

"ရပါတယ်လေ။ ကလေးက ချစ်စရာလေးပဲ ဘယ်နှနှစ် ရသွားပြီလဲ"

"သားက နှစ်နှစ်ကျော်ပါပြီ"

"နာမည်လေးက ဘယ်လိုခေါ်လဲ"

"အခုထိ နာမည် သေသေချာချာ မပေးရသေးတာနဲ့ မွေးကြို မှာလည်း သူ့အိမ်နာမည်ပဲ ခဏပေးထားရတယ်။ သူ့အဖေ ပေးခဲ့တဲ့ နာမည်ပါ ဖိုးသားတဲ့၊ ချစ်စနိုးခေါ်တာပေါ့။ ကျောင်းကြီး တကယ်ထားမှပဲ နာမည်ပေးရတော့မယ်"

ဖိုးသားတဲ့။ သားက သူ့သားလေးကို ချစ်စနိုးနဲ့ ဒီလိုခေါ်ခဲ့သတဲ့ကွယ်၊ ဘယ်လောက် ကြေကွဲစရာကောင်းလိုက် သလဲ။ အဘိုးအဘွားတွေဆီ ခေါ်လာပြပြီး ဝန်ချတောင်းပန်ရင်



www.burmeseclassic.com

www.burmeseclassic.com



ရရဲ့သားနဲ့ ဘာလို့ ဓာတ်မြှုပ်ထားလိုက်ရသလဲ သားရယ်။ အခု တော့ ကလေးမှာ အဖေမရှိ၊ အဘိုးအဘွားမရှိ၊ အားကိုးစရာ အမေတစ်ယောက်နဲ့ ကျန်ရစ်ခဲ့ရပြီ။

ဒေါ်ဆွေဇင်သည် ဖွင့်ပြောပြီး ခေါ်လိုက်ချင်ပေမဲ့ နှုတ်ဆွံ့အ,သလို ဖြစ်နေပြန်သည်။ မခေါ်နိုင်ပါဘူး။ အသိအမှတ် မပြုနိုင်ပါဘူး။ လက်မခံနိုင်ပါဘူး ပြောထားပြီးမှ ချက်ချင်းကြီး ခေါ်လိုက်ရမှာ ရှက်နေပြန်သည်။ တစ်သက်လုံး မာနကြီးခဲ့သူ၊ အဆင့်အတန်း ခွဲခြားခဲ့သူပီပီ အခုလို ရုတ်တရက် မာနကိုချလိုက် ရမှာ မချချင်ပြန်။

မိန်းကလေးကတော့ ဒေါ်ဆွေဇင်ကို လုံးလုံးမသိဘဲ သူမရဲ့သားလေးကို လက်ဆွဲခေါ်ရင်း ...

"ခွင့်ပြုပါဦး အန်တီ"

ဟု နှုတ်ဆက်ကာ ငွေရှင်းဖို့ကောင်တာကို လှည့် ထွက်သွားလေပြီ။ ဒေါ်ဆွေဇင်မှာသာ လိုက်ခေါ်မိတော့မလိုလို၊ ခဏနေပါဦးလို့ ပြောမိတော့မလိုလို အမူအရာကြီးဖြစ်လျက် နေ ရာမှမရွှေ့ဘဲ ခြေထောက်တွေ ကျောက်ချထားသလို ရပ်ကျန်မိခဲ့ လေသည်။

အမေဆွဲခေါ်ရာနောက် တောက်တက် တောက်တက် ခြေလှမ်းလေးတွေနဲ့ ပါသွားသော ဖိုးသားလေးကလည်း သွေး





ထဲ စကားပြောသလား မသိပါ။ ဒေါ်ဆွေဇင့်ကို လှည့်ကြည့် လှည့်ကြည့်နှင့် ပြုံးပြပြီး ပါသွားသည်။ ဒေါ်ဆွေဇင်မှာ ဆိုင်ထဲဆက် နေပြီး ဘာဝယ်ရမှန်းပင် ခေါင်းထဲ စဉ်းစားမရတော့သည်အထိ ဖိုးသား မျက်နှာလေးကို တဝဲလည်လည် မြင်ယောင်မိနေသည်။

ဒါနဲ့ပဲ အရင်ဆုံး သတိရသူ မနော့ကိုသာ ဖုန်းဆက် ဖို့ ကားထဲရောက်ရောက်ချင်း မိုဘိုင်းလ်ဖုန်းခလုတ်တွေကို နှိပ်မိ တော့သည်။ အိမ်ပြန်ပြီး အိမ်ကနေ အေးအေးဆေးဆေး ဖုန်းခေါ် ရင်ရသားနဲ့ စိတ်က အလောကြီးနေမိပါသည်။

မနော၏အိမ်ကလည်း ဖုန်းမရှိသဖြင့် တစ်ဆင့်ခေါ် ရတာမို့ ဖုန်းဆိုင်ကို ခေါ်ပြီးပြီးချင်း ချက်ချင်း မနောနဲ့စကား မပြောရပါ။ ထိုဆိုင်က မနောကို သွားခေါ်ပေးနေသည်ကို စောင့် ရပါသေးသည်။

"အန်တီ"

"ဟော ... ဘယ်သူလဲ၊ မနောလား"

"မနော မဟုတ်ပါဘူး၊ ဖုန်းဆိုင်ကပါရှင်၊ မ,မနော အိမ် ကကြီးကို ဆွဲတော့ ဘယ်သူမှ ထွက်မကြည့်ဘူးရှင့်။ အိမ် မှာမရှိဘူး ထင်တယ်၊ အဲဒါကြောင့် သူ့,ထွက်မကြည့်ဘူး"

"ဒီနေ့ တနင်္ဂနွေနေ့ကြီး သူ အလုပ်မသွားပါဘူးလေ။ အေးကွယ် ... ဒါဆိုလည်း ကျေးဇူးပါပဲ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"သခီး ဘာပြန်ပြောထားပေးရမလဲ အန်တီ"

"အောတွယ် ... အပန်းမကြီးဘူး ဆိုရင်တော့ မနော်နဲ့ တွေ့ခဲ့ရင် ပြောပေးပါ၊ ဦးအောင်ဖြိုး ဒေါ်ဆွေဇင် အိမ်က ဖုန်းဆက်သွားတယ်လို့ ပြောပေးပါ။ သူ့ကိုတွေ့ချင်လို့ ဖုန်းပြန်ဆက်ပါလို့ ပြောပေးပါကွယ်၊ ကျေးဇူးတင်ပါတယ်"

"ဟုတ်ကဲ့၊ ပြောပေးပါ့မယ်ရှင်"

ဒေါ်ဆွေဇင်မှာ မနောကို စကားပြောချင်နေတုန်း ပြောခွင့်မကြုံလိုက်ရသဖြင့် ရင်ထဲမှာ မတင်မကျကြီး ဖြစ်နေသည်။

မနောအကြောင်း ဒေါ်ဆွေဇင် အသိဆုံးပါ။ မနောမှာ အားရက်တွေမှာ လျှောက်လည်နေတတ်တဲ့ မိန်းကလေးမျိုး မဟုတ်ဘဲ အိမ်ခင်ပြီး အိမ်မှာနေတတ်တဲ့ မိန်းကလေးပါ။ အိမ်ထဲမှာ ပြင်ဆင်၊ ရှင်းလင်း၊ ချက်ပြုတ်ပြီး မဂ္ဂဇင်း၊ ဂျာနယ်တွေ တစ်ထပ်ကြီး ဖတ်နေတာပဲဖြစ်ဖြစ်၊ သူမ ကြိုက်သော DVD ကားလေးတွေ ထိုင်ကြည့်နေတာပဲဖြစ်ဖြစ် အချိန်ဖြုန်းတတ်သူ။ တခြားမိန်းကလေးတွေလို အလကားနေရင်း ရှော့ပင်းထွက်ပြီး လျှောက်ဝယ်နေတတ်သူ မဟုတ်ဘဲ ဝယ်စရာရှိမှ လိုအပ်မှ ဈေးသွားတတ်တဲ့ မိန်းကလေးမျိုးမို့ မနော အားရက်တွေမှာ မှန်းပြီးဖုန်းဆက်လျှင် ဘယ်တော့မှ အိမ်မှာမရှိတာမျိုးမရှိ။ အမြဲရှိနေတတ်ခဲ့လေရာ အခုတစ်ခါမှာ မရှိဘူး သိရတော့ ဒေါ်ဆွေဇင်မှာ အလိုလိုနေ





ရင်း မကျေမနပ် ဖြစ်ချင်နေလေသည်။ ဘာကြောင့် အားရက်အိမ်မှာ မရှိရသလဲလို့ သံသယ ဖြစ်ချင်နေသည်။

သား သေပြီးတာဖြင့် လပိုင်းပဲ ရှိသေးတာ ဒီမိန်းကလေးအနေနဲ့ သိပ်ပျော်ရွှင်မနေသင့်ဘူး။ လတ်လျား လတ်လျား လျှောက်သွားမနေသင့်ဘူး။ ဘုရားရေ ... မနော ရည်းစားအသစ်များ ရနေပြီလား။ ရရင်ရမှာပဲ ပြောလို့မရဘူး။ မိန်းမဆိုတာမျိုးက စိတ်အားငယ်ပြီး စိတ်ဓာတ်ကျနေချိန်၊ စိတ်လေနေချိန်မှာ အားကိုးအားထားစရာလူကို အလွယ်တကူ ရှာဖွေမိတတ်ကြတယ်။ စိတ်ဖြေသိမ့်ဖို့ အဖော်တစ်ယောက် မြန်မြန်ရသွားတတ်ကြတာလို့ ကြားဖူးတာပဲ။

သားက သေပြီးသွားပြီ ဖြစ်ပေမဲ့ ပြီးတော့ သားဖြစ်သူကိုယ်တိုင်ကလည်း မနော အပေါ် လှည့်စားသလို လုပ်ထားခဲ့ပေမဲ့ ဒေါ်ဆွေဇင်သည် အတ္တကြီးသူပီပီ သားဘက်က ချွတ်ယွင်းချက်တွေကိုတော့ မမြင်ဘဲ မနောကိုသာ သံသယတွေဖြင့် အပြစ်မြင်ချင်နေပြန်သည်။

ထိုနေ့တစ်နေ့လုံး ဒေါ်ဆွေဇင် ဖုန်းစောင့်နေပေမဲ့ မနောဆီက ဘာဖုန်းမှ ပြန်မလာခဲ့ပါ။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၃

"မနော ... နင့်ဘဝမှာ နောက်ထပ် အချစ်တစ်ခု ထပ်မွေးဖွားဖြစ်ခဲ့ရင် နင် ဘယ်လိုလူမျိုးကို ချစ်သူအဖြစ် ရွေးမလဲ"

မနောသည် ကူးဆေးပြီးသား ဓာတ်ပုံတွေကို ကောက်ယူကြည့်လိုက်၊ ပြန်စီချလိုက် လုပ်နေစဉ် ရုတ်တရက် မေးလာသော လင်းရိပ် အသံကြောင့် မနော မော့ကြည့်လိုက်သည်။

"မနောဆီမှာ အချစ်တစ်ခု ထပ်မွေးဖွားစရာမလိုပါဘူး"

"ပြည့်ကလွဲရင် ဘယ်သူ့ကိုမှ မချစ်တော့ဘူးဆိုတဲ့ သဘောလား"

မနော အသာအယာ ရယ်ပါသည်။ လင်းရိပ်က နားမလည်နိုင်သလို အကဲခတ်ကြည့်သည်။ အခုလောလောဆယ်





တွင် မနောသည် လင်းရိပ် ပြောသလိုပဲ လင်းရိပ်အလုပ်တွေ ကူညီပေးရသော၊ အကြံပေးရသော လက်ထောက်ဝန်ထမ်းအဖြစ် ခင်လုပ်နေသည်ဆိုပေမဲ့ တကယ်တော့ မနောရဲ့ အချိန်တွေကို သတ်ဖြုန်းနေသည့် သဘောသောက်သာ ရှိပါသည်။

မနောမှာ ဘာမှလဲ မလုပ်တတ်သဖြင့် လုပ်စရာ မလို။ လင်းရိပ် အောက်ဒိုးရိုက်မည် ဆိုလျှင်တော့ စားစရာခြင်း တောင်း ကိုင်လိုက်ရုံ။ အင်ဒိုးအဖြစ် မော်ဒယ်လ်နဲ့ ရိုက်မည်ဆိုလျှင်တော့ မနောမှာ ကိုယ့်ထက် ပိုလှနေကာ ဝတ်တတ်စားတတ် ပြင်ဆင်တတ်လွန်းသော မော်ဒယ်လ်တွေကို တမေ့တမောငေးရုံ။ ဓာတ်ပုံကူးဆေးသည့် အခါမျိုးဖြစ်ဖြစ်၊ Digital ကင်မရာသုံးလျှင် တော့ စက်မှတစ်ဆင့် ပြန်ကူးလျှင်ဖြစ်ဖြစ် ထိုအသင့်ထွက်လာသော ဓာတ်ပုံတွေကို ယူကြည့်ပြီး သိမ်းဆည်းရုံအပြင် ဘာမှလုပ်ဆားစရာလဲ မရှိပါ။

သို့သော် လင်းရိပ်ကလည်း ကျေကျေနပ်နပ် ခေါ်သာ မနောကလည်း စိတ်ဝင်တစား နေ့တိုင်းလာသဖြင့် သူတို့ကြားမှာ ဘာအနှောင့်အယှက်မှမရှိ။ ဘာမှဆွေးနွေးစရာလဲမရှိ။ ပါးစပ်မှ ဖွင့်ပြောဝန်ခံတာလည်း မရှိပါဘဲ သူတို့ချင်း သံယောဇဉ် ဦးသလိုလို ဘာလိုလို။



www.burmeseclassic.com

www.burmeseclassic.com



လင်းရိပ် လက်တွဲခေါ်လျှင် မနောဟာ ဘယ်တော့မှ မငြင်း၊ ဘယ်တော့မှ မဖယ်ပစ်ဘဲ ကျေနပ်စွာ လိုက်တတ်သည်။ ဗိုက်သိပ်ဆာနေပေမဲ့ ဖွဲ့နပဲကြီးကြီးနဲ့ အလုပ်တွေထဲ စိတ်နစ်နေသော လင်းရိပ်ကို ထမင်းလာခွံ့ကျွေးတာ၊ ရေတိုက်တာမျိုး မနော လုပ်ပေးလျှင်လည်း လင်းရိပ်က ကြည်ကြည်နူးနူး လက်ခံ တတ်ပြန်လေသည်။

ဘာလိုလိုနဲ့ မနော အလုပ်မှထွက်ပစ်ပြီး လင်းရိပ် နောက် တကောက်ကောက် လိုက်နေတာပင် နှစ်လလား သုံးလ လား ရှိနေပေပြီ။ သူတို့ကြားမှာ ဘာမှန်းမသိသော သံယောဇဉ် ဖြင့် ဆက်နွယ်ပတ်သက်နေသည်မှာလည်း အသီးသီး ဖွင့်မပြော ဖြစ်ကြတာပဲ ရှိသည်။ အများအမြင်မှာ လင်းရိပ်၏ အလုပ်နှင့် ပတ်သက်သူတွေ အမြင်မှာ မနောသည် လင်းရိပ်၏ ကောင်မလေး ဖြစ်နေတဲ့အထိ သူတို့ရဲ့ ရင်းနှီးမှုက ပီပြင်သိသာလွန်းနေပါသည်။

ဒီနေ့တော့ ထူးထူးဆန်းဆန်း လင်းရိပ်က ဖွင့်ပြော ပြီး မေးလာသောအခါ ...။

"မနော ကိုပြည့်ကို ချစ်သူလို သေသေချာချာ မချစ်ခဲ့ဘူး ဆိုတာ သေချာတယ်လေ၊ ဒါကြောင့် အချစ်ထပ်မွေးဖို့ စရာ မလိုတော့ဘူးပေါ့။ မနောမှာ အချစ်မှ မရှိခဲ့ဖူးတာ"

"ပြည့်ကို မချစ်ဘဲနဲ့ ဘာကြောင့် လက်ခံခဲ့လဲ"





"အဲဒီအချိန်တုန်းကတော့ သူဟာ သူငယ်ချင်း ဖြစ်တာရယ်၊ မနောအပေါ် အမြဲအရေးပေးပြီး ဆက်ဆံတာရယ်ကိုသာယာ မိတယ်။ ပြီးတော့ အမှန်အတိုင်း ပြောရရင် သူကသိပ် ချမ်းသာတာလည်း ပါမှာပေါ့။ မိန်းကလေးတွေ ဆိုတာက ဘယ်သူမဆို ချမ်းသာတာကို မက်မောမိကြတာမို့ သူဖွင့် ပြောလာတဲ့အခါမှာ သိပ်မစဉ်းစားလိုက်ရဘဲ လက်ခံလို့ ရသွားတာပါ။ ပိုက်ဆံလည်း ချမ်းသာတယ်၊ မနောကိုလည်း သူက အရေးပေးပြီး တယုတယ ချစ်ပြတယ်ဆိုတော့ ဘယ် မှာငြင်းစရာ ရှိတော့မလဲ။ မနော နေရာမှာ တခြားမိန်းက လေးဆိုလည်း အလွယ်တကူ လက်ခံကြမှာပဲ"

"ဒါဖြင့် နောက်တစ်ခါ ချစ်သူရွေးရင်ရော အဲဒီစံနှုန်းတွေ နဲ့ပဲ တိုင်းတာမှာပဲလား"

"ဒါတော့ မသိဘူးလေ၊ ကြိုပြောလို့ ဘယ်ရနိုင်မလဲ၊ မနော စိတ်ထဲမှာ ချစ်လို့ရလာနိုင်ရင်တော့ ချစ်မိမှာပေါ့၊ စံနှုန်းတွေ ဘာတွေ သတ်သတ်မှတ်မှတ် ထားမယ်ရယ်လို့ စိတ်ထဲမှာ မရှိပါဘူး၊ ကိုပြည့်ကို ရွေးတုန်းကလည်း အဲဒီ လိုစံနှုန်းတွေထားပြီး ရွေးခဲ့တာလည်း မဟုတ်ပါဘူး။ နောက်မှ တဖြည်းဖြည်း ပြန်စဉ်းစား သုံးသပ်ကြည့်မိတော့ မှ အဖြေထွက်လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



လင်းရိပ်သည် ငါ့ကိုရော နင် ဘယ်လိုသဘော

လဲလို့ ဆက်မေးချင်ပေမဲ့ မနော်က ထိုခေါင်းစဉ်ကို ဆက်ပြီး

ဆွေးလိုဟန် မတူဘဲ သူမ စကားလည်းဆုံးရော ချက်ချင်းဘဲ

"ဒေါ်ဆွေဇင် မနော်ဆီ ဖုန်းဆက်သွားတယ် သိလား"

ဟူသော တခြားခေါင်းစဉ်ကို ပြောင်းပစ်လိုက်

သည်။

လင်းရိပ် သတိထားမိနေတာ ကြာပြီ။ မနော

သူတို့နှစ်ဦးကြားက ဘာမှန်း ညာမှန်း မသိသော သံယော

အကြောင်းကို လင်းရိပ်က စကားစမြည်ဆိုတိုင်း တခြားအကြော

အရာကို ပြောင်းပစ်ဖို့ အမြဲကြိုးစားလိုက်တာမျိုးပင်။ လင်း

ကိုယ်တိုင်ကတော့ မနော်ကို သူဟာ ငါ့ချစ်သူအဖြစ် ပိုင်ပိုင်

နိုင် ပြောလိုစိတ်တွေ အခါများစွာ ဖြစ်မိသလို အခါများစွာ

မှာလည်း စိုးရိမ်စိတ်က ဝင်ဝင်လာတတ်သည်။

"မနော်ဟာ စိတ်လေနေတုန်း လုပ်ချင်ရာ လျှောက်

တဲ့သဘောလား"

ဟူ၍ မနော် သူ့အနား အလွယ်တကူ ရောက်

ခြင်း အပေါ် စိုးရိမ်စွာ တွေးမိတတ်ပြန်သည်။

ဖွင့်ပြောလိုက်မှ အခြေအနေ ပိုဆိုးသွားမလား။

အတိုင်းနေရင် ကောင်းမလား။ ဖွင့်မပြောရင် တစ်နေ့ကျ မ





ကို ဆုံးရှုံးသွားနိုင်မလား ဆိုသော ဝေခွဲမရသည့် စိတ်တွေကလည်း

ချိန်ပြည့် ခြောက်လှန့်နေသည်။

လင်းရိပ်သည် သူ့ကိုယ်သူ အခုမှ တအံ့တသြ

ဖြစ်ရတော့သည်။ ရည်းစားပေါင်းများစွာ ရှိခဲ့ပေမဲ့လည်း ဘယ်သူ့

ကိုမှ မနော်ကို ချစ်သွားမိသလောက် နက်နက်ရှိုင်းရှိုင်း မချစ်ခဲ့

ဘူးဆိုတာ သိလာရလျှင် အံ့သြတကြီးဖြစ်လို့ မဆုံးနိုင်တော့ချေ။

"မနော်ကို သူ ဘာကြောင့် ဖုန်းဆက်တာလဲ မသိဘူး"

မနော်သည် လင်းရိပ်ထံမှ ဘာမှတုံ့ပြန်သံ မကြားရ

ဘဲ သူမဘာသာ ဆက်ပြောပါသည်။

"မနော် ပြန်မဆက်ဘူးလား"

"ပြန်မဆက်ချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဒေါ်ဆွေဇင်တို့နဲ့ မနော်ကြားမှာ ဘာပတ်သက်မှုမှ မရှိ

ဘူး ထင်တယ်လေ။ ဒီတော့ အဆက်အသွယ် ဖြတ်ထား

လိုက်ရင် ပိုကောင်းမလားလို့ တွေးမိလို့ပါ"

"ဒေါ်ဆွေဇင်ကလည်း မာနကြီးတဲ့သူပါ။ သူ ကိစ္စရှိလို့

ဆက်တာ ဖြစ်မှာပေါ့"

"မနော်ကတော့ နွေဦးတို့ သားအမိကို သနားလို့ပါ။

နွေဦးတို့ကမှ ကိုပြည့်နဲ့ တကယ်သက်ဆိုင်သူတွေလေ။



www.burmeseclassic.com

www.burmeseclassic.com



နွေဦးကို မကြည်ဖြူပေမဲ့ ကလေးလေးကတော့ သနားစ
ပါ၊ အခုလို သူ့အမေ အလုပ်သွားတာနဲ့ သူ့မှာ မူကြို
တစ်နေကုန် နေရပြီ။ နှစ်နှစ်ကျော်ဆိုတာ မူကြိုထား
စောလွန်းတယ်လေ"

"ဒါတောင် ငါတို့ကောင်ကြီး ဘိုဘိုက ညနေသုံးနာ
လေးနာရီလောက်ကတော့ ကလေးတိုင်း အိမ်ပြန်ရတဲ့အချိ
ဆိုပြီး သနားလို့တဲ့။ သူ သွားကြိုပေးထားပြီး ထိန်းပေးထ
တာနော်"

"နွေဦးက အလှပြင်ဆိုင်မှာ အလုပ်ဝင်ရလို့ လခကောင်
တာလည်း ကောင်းတာပဲပေါ့။ ဒါပေမဲ့ တစ်ပတ်မှ
တနင်္လာတစ်ရက်ပဲ ဆိုင်ပိတ်ပြီး နေ့တိုင်း မနက်ကိုးနာ
ကနေ ညကိုးနာရီထိ ဆိုင်သွားနေရတော့ ကလေး
အချိန်မပေးနိုင်တော့ဘူး ဖြစ်နေပြီ"

"နွေဦး ... ဘိုဘို့ကို လက်ခံလိုက်ရင် ကောင်းသားပဲ"

"ဘိုဘို့ကိုတော့ သူ တစ်ခါတည်း ငြင်းထားသား
ဘိုဘိုကသာ အမှတ်မရှိ ဆက်ကြိုးစားနေတာကိုး။ နွေဦး
ကြည့်ရတာ အလှအပလည်းမက်တော့ ဘိုဘို့လို ဖက်
ကြီးကို ကြိုက်မယ် မထင်ဘူး"

"ဘိုဘိုက ရုပ်မဆိုးပါဘူး မနော့ရဲ့"





"မနောလည်း ဘိုဘို့ကို ရုပ်ဆိုးတယ် ပြောတာ မဟုတ်ပါ
ဘူး။ ဖက်တီးကြီး ဖြစ်နေတော့ ဆွဲဆောင်မှုမရှိဘူးလား
မသိဘူး"

"ဒေါ်ဆွေဇင် နောက်တစ်ခါ ထပ်ဆက်ရင်တော့ မနော
ပြန်ဆက်သွယ်လိုက်ပါကွာ၊ ဘာပဲဖြစ်ဖြစ် မနောရဲ့မတော်
လိုက်ရတဲ့ ယောက္ခမလောင်းအနေနဲ့ ပတ်သက်ခဲ့ဖူးတာပဲ
လေ"

"ဟုတ်ကဲ့ပါရှင်၊ ဟုတ်ကဲ့ပါ၊ ဆရာ့စကား နားထောင်ပါ့
မယ်ရှင်"

မနောက ခပ်နောက်နောက်လေး ပြောလျှင် လင်းရိုပ်
အံကြိတ်ပြပြီး မနော၏ နဖူးပြင်ကို လက်သီးဆုပ်ဖြင့် မနာအောင်
အသာထုလိုက်ပါသည်။ ပြီးတော့ သူ့စိတ်သူ မထိန်းနိုင်ဘဲ မနော
ကို ရင်ခွင်ထဲ ဖက်ပွေ့ထားလိုက်မိလျှင် မနောသည် ရုန်းလည်း
မရုန်း အလိုက်သင့်ပင် သူ့ရင်ခွင်မှာ ခေါင်းမှီ၍ ငြိမ်နေခဲ့တော့
သည်။

အဲဒီအချိန်မှာ မနောကို ချစ်တယ်လို့ လင်းရိုပ်၏ ရင်
ထဲမှာ အခါခါပြောနေသော အသံသည် လည်ချောင်းတွေထဲအထိ
ဝင် လျှံတက်လာသည်ဖြစ်ရာ လင်းရိုပ်သည် မျက်စိအစုံကိုမှိတ်
ချလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မနော"

ဟု ခပ်တိုးတိုးတိမ်တိမ် အသံနှင့် ခေါ်လိုက်ကာ ခဏအားယူလိုက်ပြီးမှ ...

"ငါ နင့်ကို ... ..."

ချစ်တယ်လို့ ပြောရန် စကားစရုံရှိသေးသည်။ မနော သည် ရုတ်ခနဲ သူ့ရင်ခွင်ထဲမှ ရုန်းထွက်လိုက်ပြီး သူ့နှုတ်ခမ်း တွေကို သူမ၏လက်ညှိုး လက်ခလယ် နှစ်ခုဖြင့် ကန့်လန့်ဖြတ် ပိတ်လိုက်တော့လေသည်။

လင်းရိပ်ကို မော့ကြည့်နေသော မနော၏လှပသော မျက်ဝန်းအစုံတွင် လင်းရိပ်၏ မျက်ဝန်းအကြည့်တွေ နစ်ဝင်သွား ပါသည်။

"ဘာမှ မပြောနဲ့တော့နော်"

"ဘာဖြစ်လို့လဲ မနောရယ်"

"ဘာမှမပြောဘဲ နေတာက ပိုကောင်းမလားလို့ပါ"

"မနော ဝန်မခံချင်လို့လား"

"လင်းရိပ်နော်၊ မနော စိတ်ညစ်အောင် လုပ်မလို့လား ဒါဆို မနော လင်းရိပ်ဆီ မလာတော့ဘဲ ပျောက်သွားတော့ မယ်"





"ဟာ ... ဟာ ... အဲဒီလို မလုပ်ပါနဲ့ မနောရယ်၊ ငါဆီဝဲ လာပါ။ ငါ့အနားမှာပဲ နေပါ။ ငါ့အနားမှာ မနော မရှိရင် မဖြစ်ဘူးဆိုတာ မနော သိသားနဲ့"

"ဒါဖြင့် ဘာမှမပြောကြနဲ့ကြေး"

"မပြောပါဘူး၊ စိတ်ချ"

"ဒီလို လိမ္မာမှပေါ့။ ကဲ ... ဒီနေ့ မာတ်ပုံကူးဆေးပြီးရင် ဘယ်သွားမှာလဲ။ မသွားရင် မနောကို DVD ဆိုင်လိုက်ပို့။ ဆိုင်မှာ မနော ကြည့်ချင်လို့ မှာထားတဲ့ကားတွေ ရောက် ပြီလား မသိဘူး၊ သွားရှာချင်လို့"

"လိုက်ပို့မှာပေါ့"

"ပြီးရင် မနော အိုက်(စ)ကရင်(မ)စားချင်တယ်။ လိုက်ကျွေး မလား"

"ကျွေးမှာပေါ့၊ မေးနေရသေးလား"

"လင်းရိပ် ဆံပင်သွားမညှပ်သေးဘူးလား၊ ဆံပင်တွေရှည် နေပြီ၊ ညှပ်ရဦးမယ်ဆို၊ မနေ့က ပြောနေပြီး ဒီနေ့တျ ညှပ်ဖို့စိတ်မပါတော့ဘူးလား"

"မနော ထိုင်စောင့်ပေးရင် ညှပ်မယ်"

"ဒါဆို စောင့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



လင်းရိပ်သည် မနော တမင်ပဲ စကားတွေလွှဲပစ်ကာ တခြားအကြောင်းအရာတွေကို တောက်လျှောက် ပြောနေမှန်း ရိပ်မိပေမဲ့ မနောကို ခွင့်လွှတ်၊ မနော အကြိုက်လိုက်၍ အလိုက် သင့် ပြန်ပြောလိုက်ပါသည်။

သူတို့နှစ်ဦးကြားမှာ ဘာမှန်းမသိသော ပတ်သက်မှု နှင့် တရင်းတနှီး ရှိလှပေမဲ့ အခါများစွာတိုင်းမှာ လင်းရိပ်က ဖွင့်ဟမလိုပြင်လိုက်တိုင်း မနောဘက်ကချည်း ထိုသို့ ငြင်းဆန် ပစ်ခဲ့ပေါင်း မနည်းတော့။

လင်းရိပ်ကလည်း ဒါကို ခွင့်လွှတ်နားလည်လျက် မနော အကြိုက် နေခဲ့ပြန်ပေါင်းလည်း မနည်းတော့။ သူတို့နှစ်ဦး ဒီလို ပတ်သက်ဆက်သွယ်နေကြတာကို သူငယ်ချင်းအုပ်စုထဲမှာ ဘယ်သူ့ကိုမှလဲ အသိမပေး၍ ဘယ်သူမှလဲ မသိကြသေးဘူးဟု၍ ထင်ပါသည်။

ဘာကြောင့်မှန်းမသိ။ သူငယ်ချင်းတွေမဆုံမိ၊ မရှိ ကြတော့တာလည်း ပြေည့် သေဆုံးသွားပြီးကတည်းက ဖြစ်ပါသည်။ ပြေည့် ရှိစဉ်ကတော့ သူတို့ ခဏခဏ ပြေည့်အိမ်မှာပင် အများ ဆုံး ဆုံဖြစ်ခဲ့ကြလျက် အဆက်အသွယ် မပြတ်သလောက်နီးပါး ရှိခဲ့သည်။





အခုတော့ သဏ္ဍာရမှ ဖုန်းထဆက်ပြီး လူချင်းဆုံကြ ဖို့ကိုတောင် ဘယ်သူကမှစပြီး တကူးတက မချိန်းမိကြလေရာ လင်းရိပ်နှင့် မနောတို့၏ နောက်ဆုံး ပတ်သက်ဆယ်သွယ်ကြ သော အခြေအနေကို သူငယ်ချင်းတွေ မသိနိုင်သေးဘူးဟု ထင် ပါသည်။

အလုပ်တွေ ပြီးသောအခါ လင်းရိပ်၏ အလုပ်ခန်း မှာ လက်ချင်းတွဲချိတ်ကာ ထွက်လာသောအခါ မနောသည် ဘာ မှမဖြစ်ခဲ့တဲ့အတိုင်း ရယ်မောပျော်ရွှင်လျက် လင်းရိပ်၏ လက်ဖဝါး တွေကို နစ်ဝင်နေအောင်ပင် ပြန်၍ဆုပ်ကိုင်ထားခဲ့လေသည်။

♥✤♥



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

နွေဦး အလုပ်လုပ်ရသော ဆံပင်ညှပ်ဆိုင်ထဲသို့ မနော တံခါးတွန်းဖွင့် ဝင်လိုက်ပါသည်။ ဆံပင်ညှပ် အလှပြင်ဆိုင်မှာ မြို့နယ်တွေ ရပ်ကွက်တွေထဲမှာ တွေ့နေကျ သာမန်ဆိုင်လေးတစ်ဆိုင်မျှသာ ဖြစ်သောကြောင့် ဝန်ထမ်းသိပ်မများလှ။ နွေဦးပါမှ သုံးယောက်တည်း ရှိပါသည်။ မနော ဝင်သွားချိန်တွင် နွေဦးသည် မိန်းကလေးတစ်ယောက်ကို ခေါင်းလျှော်ပေးနေရချိန်လည်း ဖြစ်ပါသည်။

"ဟယ် ... မ,မနော၊ လာ ... လာ ...။ နွေဦးဆီ တမင်လာတာလား၊ ဒါမှ မဟုတ် နွေဦး ဆံပင်ညှပ်ပေးတာကြည့်ချင်လို့ လာတာလား"





နွေဦးက သူ့ ဆိုင်မှာဝင်လုပ်ကတည်းက မနောကို သူမလက်ရာ ဆံပင်ညှပ် ပုံသွင်းတာကို,တစ်ခါလောက် လက်ခံကြည့်ဖို့ ဖိတ်ခေါ်ဖူးပါသည်။

"နွေဦးကိုတွေ့ဖို့ လာတာပါ။ နွေဦးက ဆက်သွယ်လို့ရတဲ့ ဖုန်းနံပါတ် ပေးထားပေမဲ့ သိပ်အရေးတကြီးကိစ္စ မဟုတ်ရင် မခေါ်ချင်ဘူးလေ။ ကလေးတစ်ဖက်နဲ့ ဟိုးအပေါ်ထပ်ကြီးကနေ အောက်ဆင်းပြောရမှာမို့ပါ"

"မ,မနော တကူးတကကြီး လာရတာပေါ့"

"တကူးတကတော့ မဟုတ်ပါဘူး။ ဒီဘက်တွေက လမ်းကြုံတတ်ပါတယ်။ လင်းရိပ်လည်း ပါတယ်လေ၊ သူက ဟိုဘက်နားက မုန့်ပေါင်ဆိုင်မှာ ကျန်ခဲ့တယ်"

နွေဦးသည် သူမ လျှော်ပေးနေသောဆံပင်က ပြီးသွားပြီမို့ ထိုမိန်းကလေးကို ဆံပင်ခြောက်အောင် မျက်နှာသုတ်ပဝါဖြင့် အသာပွတ်သုတ်ပေးပြီးမှ ခေါင်းမှာ မျက်နှာသုတ်ပဝါကို ပေါင်းလိုက်ကာ ...

"ညီမလေး ရပြီနော်၊ ခုံမှာသွားထိုင်တော့၊ အစ်မ ဒရိုင်ယာဆွဲပေးတော့မယ်"

ဟုလည်း ညွှန်ကြားလိုက်ပါသည်။

နွေဦးမှာ မအားမလပ်နဲ့ အလုပ်တစ်ဖက် ဖြစ်နေသည်မို့ မနောလည်း လာရင်းကိစ္စကိုပါ မြန်မြန်ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နွေဦးလည်း မအားဘူးဆိုတော့ ပြောစရာပဲ မြန်မြန်ပြောခဲ့မယ်"

"ဟုတ်ကဲ့ မ,မနော၊ ပြောပါ"

"ဒေါ်ဆွေဇင် မနောဆီဖုန်းဆက်ပြီး ဆက်သွယ်လို့ မနောပြန်ဆက်လိုက်တော့ ဒေါ်ဆွေဇင်က နွေဦးတို့ကို တွေ့ချင်တယ်လို့ ပြောတယ်"

နွေဦးသည် ဒရိုင်ယာကို ကျွမ်းကျင်စွာကိုင်ရင်း ဘီးဖြင့် ပုံသွင်းနေရင်းမှ ထိုစကားကြောင့် တစ်ချက်ရပ်သွားပါသည်။ နွေဦး အမူအရာက ပျော်ရွှင်တက်ကြွမှု မရှိဘဲ တွေဝေသွားတာလည်း တွေ့ရသည်။

မနောပင် အံ့ဩပြီး ပြန်အကဲခတ်နေရသည်။ အရင်က နွေဦးလောက် ဒီသတင်းကို မျှော်လင့်ခဲ့သူ မရှိဘူး မဟုတ်လား။ အခုကျတော့ အရင်ကလောက် မပြောနဲ့ အရင်ကရဲ့ သုံးပုံတစ်ပုံတောင် မမီအောင် တက်ကြွမှု မရှိတော့ပေ။

"အဲဒါ နွေဦး ဘယ်လိုအကြောင်းပြန်ချင်လဲ၊ မနောက တစ်ဆင့် အကြောင်းပြန်မလား။ နွေဦး ကိုယ်တိုင်ပဲ ဆက်သွယ်မလားပေါ့၊ လိုအပ်ရင် မနော ကူညီပေးနိုင်တယ်လို့ လာပြောတာပါ"

"နွေဦး မ,မနောဆီ အခုပိတ်ရက် တနင်္လာမှာလာရင် ရမလား"





"တနင်္လာ ... အင်း ... မနော အားမလား မသိသေးဘူး နွေဦးရဲ့"

"အင်းပေါ့ ... မ,မနော ဘယ်အားမလဲနော်။ ရုံးအလုပ်ဆိုတော့"

"မဟုတ်ဘူး၊ အခု မနော ရုံးမှာမလုပ်တော့ဘူး၊ အလုပ်ထွက်လိုက်ပြီ။ မနော လင်းရိပ်နဲ့ အတူတွဲလုပ်ပေးနေတယ်။ အလုပ်လုပ်တယ်ရယ်တော့ မဟုတ်ဘူးပေါ့။ သူ့အလုပ်မှာ ဝင်ပါတာမျိုးပါ။ ဒါကြောင့် မနော အလုပ်က လင်းရိပ် အားရင် မနောပါ အားတဲ့သဘောပဲ"

နွေဦးက လင်းရိပ်နှင့် မနောဟူသော ခေါင်းစဉ်ကို စိတ်ဝင်စားဟန် မတူပါ။ မေးလည်း မမေးပါ။

"ဒီလိုလုပ် ... မနော အားရင် နွေဦးဆီပဲ ဝင်လာခဲ့မယ်။ နွေဦး တနင်္လာနေ့ အလုပ်ပိတ်ရင် ဘယ်သွားတတ်လဲ"

"များသောအားဖြင့်တော့ ဘယ်မှ မသွားဖြစ်ပါဘူး။ တစ်ပတ်စာ အဝတ်တွေလျှော်၊ မီးပူတိုက်၊ အိမ်ရှင်း လုပ်တာနဲ့ပဲ တစ်နေ့ကုန်တယ်။ တစ်ခါတလေတော့ ညနေဘက် ဈေးသွားရင် သွားတယ်။ မ,မနော ဒီအပတ် လာမယ်ဆိုတာ သေချာရင်တော့ နွေဦး ဘယ်မှမသွားဘဲ စောင့်နေမို့လဲ ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ ... ဒါဆို မနောလည်း ဆက်ဆက်လာခဲ့မယ်၊ နွေလယ်ဘက်လောက် ဖြစ်ဖို့များတယ်၊ တစ်နာရီကနေ ခြောက်နာရီအတွင်းပေါ့။ အဲဒီအချိန်အတွင်း မရောက်လာခဲ့ရင်တော့ နွေဦး စောင့်မနေပါနဲ့၊ သွားစရာရှိရင် ထွက်သွားပါ"

"ဟုတ်ကဲ့ မ,မနော၊ အခုလို လာပြောတာ ကျေးဇူးတင်ပါတယ်"

မနောလည်း နွေဦးကို နှုတ်ဆက်ပြီး ဆိုင်ထဲက ပြန်ထွက်လာပါသည်။ လင်းရိပ်ကတော့ ဓာတ်ပုံမှန်ပေါင်ဆိုင်ထဲ ဝင်သွားသည်မို့ ပြန်ထွက်မလာသေး။ မနောလည်း ကားဘေးမှ ရပ်၊ လက်ပိုက်ရင်း ဟိုငေး ဒီငေး လုပ်နေလျက် နွေဦး အမူအရာတွေ တစ်မျိုးဖြစ်နေတာကို အဖြေထုတ်နေမိသည်။ နွေဦး ဘာကြောင့် ဒေါ်ဆွေဇင် တွေ့ချင်တာကို လိုက်လိုက်လှဲလှဲ မရှိတာလဲ။ ဘာကြောင့် တွေဝေနေတာလဲ။ ဘာကြောင့် ချက်ချင်းမဆုံးဖြတ်ဘဲ မနောနဲ့ တွေ့မယ်။ စကားပြောမယ်တွေ ထပ်ချိန်းနေရတာလဲ။

မနောသည် အဝေးကိုငေးရင်း နွေဦး အကြောင်း စဉ်းစားနေစဉ် မနော နားကို ကားတစ်စီး ဝင်ရပ်လိုက်လျက် —

"မနော ... ဟိတ် ... ဘာလုပ်နေတာလဲ"





ဟူသော စစ်ပိုင်၏ နှုတ်ဆက်သံကိုပါ ကြားလိုက်ရသည်။

"ဟယ် ... စစ်ပိုင်"

"မတွေ့တာတောင် ကြာပြီနော်။ မနော ကြည့်ရတာပျော်နေပုံရတယ်၊ ဘယ်လိုလဲ ငါ့ဘာသတင်း ကြားရတော့မှာလဲ"

စစ်ပိုင်က ကားပေါ်မှ ပြောပြောဆိုဆို ဆင်းလာရင်း မေးပါသည်။

"ဘာသတင်း ကြားချင်လို့လဲ"

"သြော် ... မနောနဲ့ လင်းရိပ်တို့ အဆင်ပြေနေပြီဆိုတဲ့ သတင်းဖြစ်ဖြစ်ပေါ့"

"ဘာတွေ လာပြောနေတာလဲ"

မနောသည် သူငယ်ချင်းအရင်းကြီးတစ်ယောက်လည်း ဖြစ်ပြီး ကိုပြည့်ဆုံးပြီးခါစမှ မနောကို အရင်ဆုံး သူ့ရင်ထဲမှာ ရှိခဲ့ဖူးသော အချစ်ကို ဖွင့်ပြောဖူးသည့်သူလည်း ဖြစ်သော စစ်ပိုင်ကို အမှန်အတိုင်း ဖြေလိုက်ရမှာ အားနာနေသည်။ ရှက်လည်း ရှက်နေသည်။ ဘာကြောင့်မှန်းမသိ လင်းရိပ် မေးလာခဲ့ရင် မဖြေချင်သလိုပဲ သူများတွေ မေးလာရင်လည်း အမှန်အတိုင်း ဖြေချင်စိတ် လုံးဝမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



မနော်က လှည့်စကားပြောနေစဉ် လင်းရိပ်က ခေါ... မှန်ပေါင်တွေရောင်းသော ဆိုင်ထဲမှ ထွက်လာနေပြီ။ မနော... မှာ စစ်ပိုင် ရပ်စကားပြောနေတာတွေ့၍ တစ်ချက်အကဲခတ်ပြီး သူတို့ဆီ လျှောက်လာလိုက်သည်။

"မနော်တို့ကို ငါတွေ့ပါတယ်၊ ကော်ဖီဆိုင်ထဲကနေ ... တွဲထွက်လာတာလည်း တွေ့တယ်၊ ကားလမ်းကြီး... အတူတူ ဖြတ်ကူးကြတာလည်း တွေ့တယ်။ အဲဒီနေ့... မနော် သိပ်ပျော်နေတာလေ။ လင်းရိပ်ရဲ့ ဂျင်းဂျာကင်... တောင် မနော် ယူဝတ်ထားသေးတယ်"

"ဘယ်တုန်းကလဲ အဲဒါ"

"လွန်ခဲ့တဲ့ တစ်လလား၊ နှစ်လလား ငါ သေသေချာ... မမှတ်မိပါဘူး။ အဲဒီနေ့ပြီးကတည်းက ငါ မနော်ဆီလာ... မေးဦးမလို့ပဲလေ။ ဒါပေမဲ့ မေးလည်း မမေးချင်... မနော် ရှက်ပြီး မဖြေမှာစိုးလို့။ အခုတော့ ထပ်မေးချ... ပေါ့။ ဘာလို့လဲ ဆိုတော့ မနော်က လင်းရိပ်နဲ့ အတူ... လာတာဆိုတော့"

စစ်ပိုင်က လင်းရိပ် ထွက်လာနေတာကို မြင်... ပြောတာ မဟုတ်ဘဲ မနော်ဟာ လင်းရိပ်ကားနားမှာ ရပ်နေတာ... မြင်၍ ပြောခြင်းသာ ဖြစ်ပါသည်။





"မနော် ... လင်းရိပ်ကို ချစ်သွားပြီလားဟင်"

"ဟာ ... ဘယ်က ဟုတ်ရမှာလဲ၊ မဟုတ်ပါဘူး၊ မချစ်ပါဘူး"

"ဒါဖြင့် အခုလို တတွဲတွဲ လုပ်နေတာ ဘာသဘောလဲ မနော်ရယ်"

"ဘာသဘောမှလဲ မဟုတ်ပါဘူး၊ မနော် စိတ်လေပြီး ဘာလုပ်ရမှန်း မသိတဲ့အချိန်မှာ လင်းရိပ်နဲ့တွေ့ပြီး သူ့အကြံပေးသလိုပဲ သူ့နောက်လိုက်ပြီး စိတ်အပန်းဖြေတာပါ။ မနော် သူ့ကို မချစ်ပါဘူး"

မနော် ပြောနေချိန်တွင် လင်းရိပ်လည်း အနားရောက်လာနေမှန်း သိပေမဲ့ မနော် ထိုစကားကို ဖြတ်မပစ်ပါ။ ဆက်ပြီး ပြောလိုက်တာမို့ လင်းရိပ် ကြားပါသည်။ မနော်ကလည်း လင်းရိပ် ကြားရင်ကြားတော့ဆိုတဲ့ သဘောနဲ့ ပြောသဖြင့် လင်းရိပ် ကြားသွားမှန်း သိပေမဲ့ မျက်နှာအမူအရာ မပျက်ဘဲ လင်းရိပ်ကို အကဲခတ်လိုက်သည်။

လင်းရိပ်ကား ထိုစကားကို သူ့ရှေ့မှာ စစ်ပိုင်ရှေ့မှာ မနော် ပြောချရဲလိုက်သည့်အတွက် ရင်ထဲတွင် အံ့သြယုံကြည်မရဖြစ်လျက် တွေဝေငေးငိုင်သွားမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြောရက်လိုက်တာ မနော့ရယ် လို့တော့ အပြစ်မတင်ချင်ပါ။ အပြစ်လည်း မပြောရက်ပါ။ မနော စိတ်ထဲမှာ ဒီအတိုင်းရှိနေလို့သာ စစ်ပိုင်ကို အမှန်အတိုင်း ပြောထွက်ရဲတာ ဖြစ်မည်ဟုခန့်မှန်းလို့ ရသွားပါသည်။ ကိုယ် သိပ်ချစ်ထားသော မိန်းကလေးဆီမှ ထိုသို့သော စကားကို ကြားလိုက်ရလျှင် လင်းရိုပ်သည် ရင်ထဲတွင် ပေါက်ကွဲကြေမွသွားပြီး တစ်စစီ လွင့်နေသလို ခံစားလိုက်ရသည်။ လူက ရင်ထဲမှာ ဘာမှမရှိတော့ဘဲ ဗလာဟင်းလင်းကြီးဖြစ်လျက် ပြုံးဖို့ကိုတောင် စိတ်မပါတော့ချေ။

စစ်ပိုင်သည် လင်းရိုပ် မျက်နှာ ဖြူဖပ်ဖြူရော်ကြီးဖြစ်သွားပြီး ပြုံးပြဖို့ပင် မေ့နေသလို အမူအရာကို တွေ့ရလျှင်ထူးဆန်းပြီး ကြည့်နေမိသည်။ လင်းရိုပ်က မိန်းကလေးတွေနဲ့ပတ်သက်ရင် သိပ်ခံစားချက် မရှိတတ်သူ၊ အချစ်ကို သိပ်လေးလေးနက်နက် မခံစားတတ်သူဟု သိထားလေရာ လင်းရိုပ် ထိုသို့ဖြစ်သွားတာမြင်လျှင် စစ်ပိုင် အတွက် တကယ့်ကို အထူးအဆန်းဖြစ်သွားပါသည်။ ဒီကောင် မနောကိုများ တကယ်ချစ်သွားသလားဟူသော စိုးရိမ်စိတ်လည်း ဖြစ်သွားပါသည်။

"ဟေ့ကောင် ... လင်းရိပ်။ မတွေ့တာ ကြာပြီကွာ၊ မင်းဘာတွေလုပ်နေလဲ"





စစ်ပိုင်သည် သုံးယောက်သား အသံတိတ်ဆိတ်သွားပြီး တစ်ယောက်ကို တစ်ယောက် စောင့်ကြည့်အကဲခတ်နေရခြင်းကို ဖြေရှင်းပေးသည့်အနေနှင့် သူပဲ အရင်ဆုံး စကားစ,လိုက်သည်။

"ဓာတ်ပုံပြပွဲတစ်ခုမှာ ဝင်ပါဖို့ ပုံတွေစုနေတယ်ကွာ။ မင်းသိတဲ့အတိုင်းပဲ ငါ့မှာ အလုပ်က ရေရေရာရာမရှိသေးဘူးဆိုတော့ ဒီအလုပ်ပဲ ဖောက်ချလုပ်နေမိတယ်။ နောက်ပိုင်းကျ ကင်မရာအရောင်းဆိုင်ပါ ဖွင့်ဖို့စဉ်းစားထားတာပဲ"

"ဓာတ်ပုံပြပွဲလုပ်ရင် သတင်းပေးလေ။ ငါတို့ လာအားပေးမယ်"

"ဒီမှာလုပ်မဲ့ပွဲ မဟုတ်ဘူးကွ။ ချင်းမိုင်မှာ လုပ်ကြမှာ။ ငါနဲ့ခင်တဲ့ ယိုးဒယားကောင်တွေနဲ့ ပေါင်းလုပ်ရမှာကွ။ ချင်းမိုင်ထိ မင်းတို့ လိုက်ကြည့်နိုင်ရင်တော့ ကောင်းတာပေါ့ကွာ။ ငါ ပွဲနီးရင် အကြောင်းတော့ ကြားမှာပါ"

သူတို့နှစ်ယောက်သား ပခုံးချင်းဖက်၍ ရယ်မောပြောနေကြပေမဲ့ မနောကတော့ တော်တော်ကြီး တိတ်ဆိတ်သွားပါသည်။ မနောသည် လင်းရိပ်ရှေ့မှာ ပြောမိပြီးမှ စိတ်မကောင်းဖြစ်နေကာ ဒီနေရာကနေ ထွက်ပြေးသွားမိတော့မလို ဖြစ်နေသည်။ လင်းရိပ် မျက်နှာပြင်မှ ကြေကွဲမှုကို မြင်နေရလျှင် မနောသည် ကိုယ့်ကိုယ်ကိုယ် ဘယ်လိုမှ ခွင့်မလွှတ်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



"မင်းရော ဒီနား ဘာလာလုပ်တာလဲ"

"ငါက ဖြတ်မောင်းသွားတာပါ။ မနော ဒီမှာ ရပ်နေတာတွေ့လို့ တမင် ဒီနားမှာ ဝင်ရပ်လိုက်တာပါ။ ဘယ်လိုလဲ မင်းတို့ ပြန်ကြတော့မှာလား"

လင်းရိပ်သည် မနောကို နှုတ်ဆိုမှာ စိုက်ကြည့်လိုက်ရင်း ...

"မနော ပြန်တော့မလား"

လို့ မေးလေသည်။

"ပြန်တော့မယ်"

"နွေဦးနဲ့ တွေ့ခဲ့လား"

"တွေ့ပါတယ်၊ မနော ပြောခဲ့ပြီးပြီ"

စစ်ပိုင်က နားထောင်နေသဖြင့် မနောကပဲ ...

"နွေဦးတို့ကို ဒေါ်ဆွေဇင်က တွေ့ချင်လို့တဲ့။ မနောကို ဆက်သွယ်လာလို့ မနော နွေဦးကို လာပြောတာ"

ဟူ၍ ရှင်းပြလိုက်ပါသည်။

"ဩော် ... ဟုတ်သားပဲ၊ နွေဦး အလုပ်လုပ်တဲ့ဆိုင်က ဒီနားမှာပဲ။ ဒေါ်ဆွေဇင် တွေ့ချင်တယ်ဆိုရင် မဆိုးဘူးပေါ့။ ကလေးကို အသိအမှတ်ပြုချင်တဲ့သဘော ဖြစ်မှာပေါ့"





"အဲဒီလို ဖြစ်ပါစေလို့ ဆုတောင်းရမှာပဲ စစ်ပိုင်ရယ်၊ နင်သိတဲ့အတိုင်းပဲ။ ဒေါ်ဆွေဇင့်စိတ်က တစ်မျိုး။ သူ့ ဘာသဘောနဲ့ အခုမှခေါ်မှန်း ဘယ်လိုမှ မခန့်မှန်းနိုင်ဘူးလေ"

"ဧပြည့် ဆုံးတာလည်း ခြောက်လလောက်ရှိပြီ ဆိုတော့ အခုမှ စိတ်အနည်ထိုင်သွားပြီး သားနဲ့ပတ်သက်တာတွေကို ဆက်သွယ်ဖို့ စဉ်းစားမိတာလည်း ဖြစ်နိုင်ပါတယ်"

"သတင်းထူးရင် မနော ဖုန်းဆက်ပြောမယ်လေ"

"အေး ... ကောင်းသားပဲ။ ဒါနဲ့ ဟန်နီရော ဘာလုပ်နေလဲ"

"ထုံးစံအတိုင်းပေါ့။ သူများ မင်္ဂလာဆောင်တွေပဲ လိုက်ပြင်ဆင်ပေးပြီး ကိုယ်ကိုယ်တိုင်ကျ မစွံသေးတဲ့ ဘဝနဲ့ပဲ ပျော်နေတယ်"

"နင်တို့သွားစရာရှိရင် သွားတော့လေ။ ငါ့ကို အားမနာနဲ့၊ ငါလည်း နင်တို့သွားတာနဲ့ ဒီက ထွက်တော့မှာ"

"ဒါဆို သွားလိုက်ဦးမယ်နော်"

မနောသည် လင်းရိပ်ကိုပါ သွားမယ့်အကြောင်း တစ်ချက်လှည့်ကြည့်ပြီး ပြောလိုက်ကာ ကားတံခါးကို ဆွဲဖွင့်ဝင်ထိုင်လိုက်သည်။ ဟန်ဆောင်ပြီးသား စကားပြောနေရတာ။ မနော



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဘယ်သူ့ကိုမှ စကားမပြောချင်တော့ဘဲ အိမ်အပြန် ပြန်ပြေးပြီး ငိုချင်နေသည်။ ဘာကြောင့် ...။ ဘယ်သူ့ကြောင့် ...။ ငိုချင်နေသည်ရယ် မသိဘဲ ခဏလောက် အားရပါးရ ငိုကြည့်ချင်နေခဲ့ပါသည်။

စစ်ပိုင်ကို လက်ပြနှုတ်ဆက်ပြီး ကားမောင်းထွက်လာသောအခါ ကားပေါ်မှာ လင်းရိပ်လည်း အသံတိတ် ဖြစ်နေသလို မနှောလည်း ဘာမှစပြီးမပြောတော့ပါ။

အတန်ကြာ မောင်းလာပြီးမှ ...

"အိမ်ပြန်မှာလား မနှော"

လို့ လင်းရိပ် မေးလိုက်သံ ကြားရသည်။

"အိမ်ပဲပြန်ချင်တယ်"

"မနက်ဖြန် ငါ့ဆီ လာဦးမှာလား"

"အဲဒါတော့ မသိဘူး"

"မနှောရဲ့ သဘောပါပဲ၊ လာချင်တဲ့အခါ လာပါ၊ မလာချင်တဲ့အခါ မလာပဲလည်း နေနိုင်ပါတယ်၊ မနှော စိတ်ချမ်းသာသလိုနေပါ"

"မနှော နင်နဲ့အတူ ရှိရတာကို ပျော်ပါတယ်၊ ဒါပေမဲ့ မနက်ဖြန်တော့ မလာချင်ဘူး၊ အိမ်မှာပဲ နေချင်တယ်"



လင်းရိပ် နားမလည်သလို ခေါင်းညိတ်ပါသည်။ တစ်စုံတစ်ခုကို ပြောထွက်တော့မလို ဟန်ပြင်ပြီးမှ သူ့ဘာသာ နှုတ်ခမ်းကို ဖိကိုက်၊ ခေါင်းခါလုပ်လျက် မျိုသိပ်ပစ်လိုက်တာကိုလည်း မနှော တွေ့လိုက်ပါသည်။ ထိုအခိုက်အတန့်မှာတော့ မနှောသည် ကမ္ဘာရဲ့အဝေးဆုံး တစ်နေရာကို လွင့်သွားလိုက်ချင်စိတ်တွေ ဖြစ်နေခဲ့သော ရူးသွပ်တဲ့စိတ်မျိုးနဲ့ တကယ်ရူးသွားခဲ့ပါသည်။

♥ ♣ ♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၅

မနောသည် နွေဦး၏ ဝန်ခံလိုက်သံကို ကြားရလျှင် သူကတောင် ငါ့ထက် ပိုသတ္တိရှိပါလား။ ပိုပြီးဆုံးဖြတ်ချက် မြန်မြန်ချရဲသူပါလားလို့ တွေးလိုက်မိသည်။ နွေဦး မျက်နှာကတော့ တကယ့်ကို အလေးအနက်လည်း ဖြစ်နေကာ သူမ၏ စကားအတွက် နောင်တမရကြောင်းကို အထင်အရှား တွေ့နေရသည်။

မနောက နွေဦးကို လေးစားချင်သလိုလို။ အားကျချင်သလိုလို ဖြစ်သွားပါသည်။

"ဒါကြောင့် နွေဦး ဒေါ်ဆွေဇင်ကို သွားမတွေ့ချင်တော့ပါဘူး မ,မနောရယ်"

"ဘာဖြစ်လို့လဲ"



"နွေဦးက သူတို့သားရဲ့ ကျန်ရစ်သူဇနီးပီပီ ခင်ပွန်းသည်ကို လွမ်းဆွေးတမ်းတ ကြေကွဲနေရမှာလေ။ အခုကျတော့ အဲဒီလိုတောင် မဖြစ်တော့ဘဲ ယောကျ်ားသေတာဖြင့် မကြာသေးဘူး၊ တခြားယောကျ်ားတစ်ယောက်ကို စဉ်းစားနေပြီဆိုတော့ သူတို့ အသိအမှတ်ပြု ထောက်ပံ့မှာကို လက်ခံဖို့ လိပ်ပြာမသန့်တော့ဘူး။ နွေဦး သိတယ်၊ သူတို့ နွေဦးကို အပြစ်ပြောကြမှာပဲ၊ ခွင့်မလွှတ်ဘဲ မုန်းကြမှာပဲ"

"ဒါတော့ မဟုတ်သေးဘူးလေ။ ယောကျ်ားရှိရက်နဲ့ ဖောက်ပြန်တာမှ မဟုတ်တာ။ ယောကျ်ားသေသွားလို့ ကိုယ့်ဘဝအတွက် အဆင်ပြေနိုင်မဲ့ အဖော်ကောင်းတစ်ယောက်ကို လက်တွဲတာပဲလေ။ ရှေးလူကြီးတွေပြောတဲ့ စကားလိုပေါ့၊ တစ်ပင်လဲလို့ တစ်ပင်ထူတာပဲ အပြစ်မရှိပါဘူး"

"နွေဦး လိပ်ပြာမလုံလို့ သွားမတွေ့ချင်တော့တာပါ၊ ကလေး ဗန်းပြပြီး ညာစားတယ် ထင်မှာစိုးလို့ပါ၊ ကိုဘိုဘို့ကိုလည်း သူတို့ ပိုင်းအပြစ်မြင်မှာ စိုးရိမ်ပြီး သူ့ကိုလည်း သနားတယ်လေ"

"နွေဦး သူ့ကို အဖြေပေးပြီးပြီလား"

"အဖြေမပေးရသေးပါဘူး။ နွေဦး စဉ်းစားပြီးတာပဲ ရှိသေးတယ်။ နွေဦး စိတ်က ဘယ်လိုဖြစ်နေလဲဆိုတော့ တစ်ခုခု

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ပြီးရင် မ,မနော်ကိုပဲ ပြေးသတိရတယ်၊ မ,မနော်ကိုပဲ တိုင်ပင်ချင်တယ်။ ဒါကြောင့် မ,မနော်က ရောက်လာတော့ အတော်ပဲ ဖြစ်သွားတာ။ နွေဦးလည်း မ,မနော်ကို တွေ့ချင်နေတာလေ"

နွေဦးက သူဟာ ဘိုဘို့ကို လက်ခံတော့မည့်အကြောင်း မနော်ကို အသိပေးလိုက်နိုင်သဖြင့် မျက်နှာလေးမှာ ဝင်းပကြည်လင်နေကာ ပြုံးနေခဲ့သော အပြုံးကလည်း ပျောက်ကို မပျောက်တော့။

မနော် ထင်ပါသည်။ နွေဦးသည် ဘိုဘို့ကိုလက်ခံတော့မယ် ဆိုသည်မှာ နှလုံးသားက ချစ်သွားတာထက် အားကိုးခင်မင်စိတ်တွေက ပိုသဖြင့် လက်ခံသွားချင်တာမျိုး ဖြစ်နိုင်သည်။ ဘိုဘို့လောက် သည်းခံတတ်ပြီး နွေဦး လက်ခံသည် ဖြစ်စေ လက်မခံသည် ဖြစ်စေ ဘာမျှော်လင့်ချက်မှ မထားဘဲ ဖိုးသားကို အနွံအတာခံချစ်နိုင်၊ ပြုစုယုယနိုင်သောသူလည်း မရှိနိုင်တော့။ နွေဦးသည် အဲဒီအချက်တွေ အဓိကထားပြီး ရွေးချယ်ချင်တာလည်း ဖြစ်နိုင်သည်။

"ဒါဖြင့် နွေဦးက ဘယ်တော့အဖြေပေးမှာလဲ"

"နောက် ခြောက်လကြာမှပါ"

"ကိုပြည့် ဆုံးတာ တစ်နှစ်ကြာမှလား"



"ဟုတ်တယ်၊ မ,မနော်က မလိုဘူးလေ၊ နွေဦးအနေနဲ့တော့ အဲဒီလောက် အချိန်ယူသင့်တယ် ထင်တယ်။ နွေဦးက ကိုပြည့်ရဲ့ဇနီး ဖြစ်ခဲ့တာဆိုတော့ ..."

"မနော်က မလိုဘူး ပြောနေတော့ နွေဦးက မနော်ကို ဘယ်သူနဲ့လို့ ထင်လို့လဲ"

နွေဦးမှာ သူမပြောတာ မှားသွားမလား ဆိုသော စိုးရိမ်စိတ်ပါသည့် အကြည့်ဖြင့် ကြည့်ရင်း ...

"ကိုလင်းရိပ်နဲ့ မ,မနော် ချစ်နေကြပြီ မဟုတ်လား"

လို့ မနော် ထင်မြင်မျှော်လင့်ထားသော မေးခွန်းကိုသာ မေးလိုက်ပါသည်။

"နွေဦးကို ဘယ်သူပြောလဲ"

"ကိုဘိုဘို့ပဲ ပြောတာလေ"

"ဘိုဘို့ကို ဘယ်သူပြောလဲ"

"ကိုစစ်ပိုင် တွေ့လာတာလို့ ပြောတယ်"

"တကယ်တော့ အဲဒါ မဟုတ်ပါဘူး"

"တကယ်လား"

"မနော် တဒင်္ဂသာယာသွားပြီး လင်းရိပ်နားမှာ ရှိနေမိတယ်"

"ကိုလင်းရိပ်က မ,မနော်ကို ချစ်နေတာလား"

www.burmeseclassic.com

www.burmeseclassic.com



"လင်းရိပ် မချစ်တတ်ပါဘူး။ သူ မနှောကို ချစ်မယ်မထ
ဘူး"

"သူက ရည်းစားများလို့ မ,မနှော အဲဒီလို ထင်တာလ
ဟင်"

"ကဲ ... ကဲ ... တော်ပြီ ... တော်ပြီ၊ မနှော အဲဒီအကြော
ထပ်မပြောချင်တော့ဘူး နွေဦးရယ်။ နွေဦးက သတ္တိရှိ
ဆုံးဖြတ်ရဲပေမဲ့ မနှောကတော့ သတ္တိမရှိဘူး။ မဆုံးဖြတ်
ဘူး။ တွေဝေတယ်။ ကိုယ့်ကိုယ်ကိုယ် ညာတတ်တယ်
ပဲ နွေဦး စိတ်ထဲမှာ သတ်မှတ်ထားလိုက်ပါတော့နော်"

မနှော အနိုင်ပိုင်းပြီး ထိုခေါင်းစဉ်ကို အပြီးသ
လိုက်လျှင် နွေဦးလည်း ဆက်မပြောတော့။ နောက်တော့ နှ
ယောက်သား ထွေရာလေးပါးပြောကြ၊ နွေဦး အလုပ်အကြော
ဖိုးသားအကြောင်း၊ မနှော၏ မိသားစုအကြောင်းတွေ ပြောကြ
အချိန်ဖြုန်းကြသည်။ နွေဦးနဲ့ မနှောက ကိုပြည့်ကြောင့် ပတ်သ
သိရှိကြရသော မိန်းမသားနှစ်ဦးပေမဲ့ နှစ်ယောက်သားမှာ မြင်
ချင်းတည်းက တစ်ယောက်နဲ့တစ်ယောက် ပြိုင်ဆိုင်လိုစိတ်လည်
မရှိခဲ့။ ရန်လိုငြူစူစောင်းမြောင်းကြခြင်းလည်း မရှိခဲ့ဘဲ မိတ်
တွေလို ဆက်ဆံနိုင်ခဲ့ကြရာ အချိန်ကာလ ကြာလာသောအ
မှာတော့ သူငယ်ချင်း မိတ်ဆွေအရင်းအချာတွေလို သဘောထ





နိုင်သွားကြတာတော့ သေချာသည်။ နွေဦး စိတ်ထဲမှာ ထိုသို့ရှိ
သလို မနှောစိတ်ထဲမှာလည်း ထိုသို့ရှိနေကြောင်း တစ်ယောက်နဲ့
တစ်ယောက် ဖွင့်မပြောကြဘဲ နားလည်နေခဲ့ကြသည်။ ဒါကြောင့်
အခုနောက်ပိုင်း တစ်ယောက်အကြောင်း တစ်ယောက် တရင်းတနှီး
ဖလှယ်မိကြသလို ဖြစ်နေခဲ့သည်။

မနှော ပြန်ခါနီးသော အခါကျမှ ...

"ဒေါ်ဆွေဇင်ကို မနှောပဲ အကြောင်းပြန်ပေးလိုက်မယ်နော်။
ဒေါ်ဆွေဇင်က ဘာဖြစ်လို့လဲ မေးရင်တော့ မနှောမှာ ဖြေ
စရာမရှိဘူး နွေဦးရေ။ အကြံပေးပါဦး၊ ဘယ်လိုဖြေရင်
ကောင်းမလဲ"

ဟု မေးလျှင် နွေဦးသည် စဉ်းစားတွေဝေခြင်းမရှိ
တော့ဘဲ ...

"ကလေးကြောင့် ပတ်သက်ပြီးရမဲ့ အကျိုးခံစားခွင့်တွေကို
မမက်တော့ဘူးလို့ပဲ ပြောလိုက်ပါ"

လို့ ဖြေခိုင်းလေသည်။

"ဟယ် ... အဲဒီလိုကြီးတော့ မကောင်းဘူးထင်တယ်"

"နွေဦးမှာလည်း လောလောဆယ် အကြောင်းပြစရာ
အဲဒါပဲ ရှိတယ်လေ။ နွေဦးက သူတို့သားကို တမ်းတမနေ
တော့ဘဲ နောက်ထပ် တွယ်တာစရာ လူတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ရှာတွေ့ပြီးနေပြီဆိုတော့ သွားတွေ့ပြီး ဦးအောင်ဖြိုး ဒေါ်ဆွေဖင်ရဲ့ ချွေးမပါဆိုတဲ့ အခြေအနေကို ခံစားလက်ခံရမှာ ကြောက်တယ် မ,မနောရယ်၊ ဒါကြောင့်ပါ"

"အေးလေ ... ဒါဖြင့်လည်း မနော တစ်ခုခု သင့်တော်သလိုပြောဖို့ စဉ်းစားရတော့မှာပေါ့။ စဉ်းစားလို့မရမှ နွေဦးဖြေခိုင်းတဲ့အတိုင်းပဲ ဖြေတော့မယ်"

နွေဦး အိမ်မှ နှုတ်ဆက်ပြီး ပြန်လာသောအခါ မနောသည် မနော ကိုယ်တိုင်ပင် ဒေါ်ဆွေဇင်ကို ဖုန်းပြန်ဆက်ပြီး အကြောင်းပြန်ရမှာ လန့်သလိုလို ခံစားနေခဲ့ရသည်။

သို့သော် မနောက ဒေါ်ဆွေဇင့်ကို အကြောင်းပြန်ပါမည်ဟုလည်း ကတိပေးထားမိလေရာ နောက်ဆုံးတော့ ဖုန်းဆက်ဖို့ကို ရဲရဲဆုံးဖြတ်လိုက်ရပါသည်။ အိမ်တစ်ခေါက် ပြန်လာပြီးမှ ဖုန်းဆက်ဖို့ အောက်ပြန်ဆင်းလာသော မနောကို မမကြီးက တံခါးဟ၍ကြည့်ရင်း ...

"မနော တစ်နေ့ခင်းလုံး ဘယ်သွားနေတာလဲ၊ လင်းရိပ်နင့်အခန်းတံခါးကို လာခေါက်တယ်။ ခေါ်မရတော့ ငါ့ဆီဝင်မေးတာနဲ့ ငါလည်း ဘယ်သွားမှန်း မသိဘူးလို့ ဖြေလိုက်ရတယ်၊ နင် ခုတလော အိမ်ကပ်တယ်ရယ်လို့ကို မရှိဘူး၊ ဘယ်တွေလျှောက်သွားနေတာလဲ"





မနော ကုမ္ပဏီအလုပ်မှထွက်ပြီး လင်းရိပ်နဲ့ အတူတွဲလုပ်နေခြင်းကိုလည်း မမကြီး မသိပါ။ ကိုပြည့်မှာ ကျန်ရစ်သူ ခနီးမယား နွေဦးနဲ့ သားလေး ကျန်ခဲ့ခြင်းကိုလည်း မမကြီးကို ပြောထားပါ။ မနောသည် အရင်ကတော့ ဘယ်သွားမယ် ဘာလုပ်မယ်တွေကို မမကြီးအား ပေးသိတတ်သူ ဖြစ်ခဲ့ဖူးသည်မှာ အမှန်ပင်။ အခုတော့ မနော အတော်ကြီး ပြောင်းလဲနေခဲ့ပြီ။ ဒါကို မမကြီးလည်း ရိပ်မိပုံရသည်။ မနောမှာ စေ့စပ်ပြီးခါစ ချစ်သူဆုံးရှုံးထား၍ စိတ်လေနေသည်ဟု မမကြီးက ရိပ်မိပြီး ဘာမှ မပြောသေးတာ ဖြစ်နိုင်သည်။

"လင်းရိပ်ကလည်း ခုတလော ခဏခဏ နင့်ဆီများ လာသလားလို့၊ ဘာတွေဖြစ်နေတာလဲ မနော၊ နင်နဲ့ လင်းရိပ် ကြိုက်နေကြတာလား"

ဟူ၍ စိတ်ဆုံးဖြတ်ပြီး မေးလိုက်သော မမကြီး၏ အားခွန်းကြောင့် မနော စိတ်ရှုပ်သွားသည်။ လင်းရိပ်ကို မချစ်နိုင်ပါဘူးလို့ ထပ်ရှင်းပြစရာ ဘယ်သူကျန်သေးလဲ။ ဒီရက်ပိုင်းမှာ ဆိပိုင်ကလည်း မေးလာတယ်။ နွေဦးကလည်း မေးလာတယ်။ အခု မမကြီးကပါ မေးလာပြီ။ ဘာလို့ ဒီရက်ပိုင်းကျမှ အဲဒီမေးခွန်းတွေပဲ စုပြုံအမေးခံရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဆိုလေတာလည်းလေပါ၊ ငါ အပြစ်မပြောပါဘူး၊ ဒါပေမဲ့ ကိုယ့်ကျန်းမာရေးအကြောင်းလေးတော့ငဲ့ဦး ညီမလေးရယ်။ လင်းရိုပ်ကို မကြိုက်နဲ့ မပြောပါဘူး။ ကြိုက်ရင် ကြိုက်ပါ။ ဒါပေမဲ့ အတည်တကျလေး ဖြစ်တာကိုပဲ ငါ မြင်ချင်လို့ပါ"

"မဟုတ်ပါဘူး မမကြီးရယ်။ လင်းရိုပ်ကို မနော ဘာလို့ ကြိုက်ရမှာလဲ။ သူ ကိစ္စရှိလို့ မနောကို လာမေးတာပါ။ မနောဆီ သူ ခဏခဏ လာတယ်ရယ်လည်း မဟုတ်ပါ ဘူး။ မမကြီး သတိထားမိတဲ့ အချိန်တိုင်း သူ လာတာနဲ့ ကြုံလို့ ဖြစ်မှာပါ"

"အေး ... ဒါဖြင့်လည်း ပြီးတာပဲ။ နင်လည်း အသက်ငယ်တော့ပါဘူး။ ငါက လိုက်ထိန်းနေလို့လည်း မရတော့ပါဘူး။ ကိုယ့်ကိုယ်ကိုယ် ထိန်းဖို့ပဲ လိုတယ်။ ကဲ ဒါကရော ဘယ်သွားမလို့လဲ"

"အောက်ထပ်က ဖုန်းဆိုင်ပါ၊ ဒေါ်ဆွေဇင့်ဆီ ဖုန်းပြန်ဆက်စရာရှိလို့"

"ဒါဖြင့်လည်း သွားဆက်ချေတော့"

မနော ခပ်မြန်မြန်ပဲ ပြေးဆင်းလာခဲ့သည်။ ဒီနေ့ သူ့ဆီ မလာနိုင်ဘူး အသိပေးထားရက်နဲ့ အိမ်ကို တကူးတကရောက်လာသော လင်းရိုပ်ကိုလည်း ဒေါသဖြစ်နေမိသည်။ တံခါးခေါက်လို့ မရရင်လည်း မမကြီးကို မမေးဘဲ ပြန်သွားပါလား





ဘာကြောင့် မမကြီးကို ဝင်မေးလဲ။ ဘာတွေများ အရေးတကြီးရှိနေလို့လဲ။

ဖုန်းဆိုင်ရောက်တော့ မနောသည် အလွတ်ရနေသော ကိုပြည့် အိမ်ဖုန်းကို ခလုတ်နှိပ်၍ ခေါ်လိုက်ပါသည်။ ဒေါ်ဆွေဇင်၏ "ဟဲလို"ထူးသံကို ကြားရပါသည်။ ဒီရက်ပိုင်းအတွင်းပဲ မနော နွေဦးဆီ သွားပေးပြီး ပြောပေးမည်၊ အကြောင်းပြန်မည်ဟု အသိပေးထားသဖြင့် ဒေါ်ဆွေဇင် တစ်ယောက် စိတ်မောပြီးစောင့်နေဟန် တူပါသည်။

"မနောလား၊ ပြောပါဦး ဘာတဲ့လဲ"

"ဟို ... အန်တီ ... ဒီလိုပါ၊ နွေဦးက အန်တီတို့ဆီက ငွေကြေးထောက်ပံ့မှုကို မမျှော်လင့်တော့ပါဘူးတဲ့။ ကလေးကြောင့်ရမဲ့ အကျိုးခံစားခွင့်ကိုလည်း မလိုချင်တော့ပါဘူးတဲ့"

မနောသည် ခေါင်းထဲမှာ ဘာမှစဉ်းစားမရသည်ဖြစ်ရာ နွေဦး ပြောခိုင်းသည့်အတိုင်းပင် ပြောလိုက်ရတော့လေသည်။

ဒေါ်ဆွေဇင်သည် ထိုစကားကို ကြားလိုက်ရလျှင် အံ့သြပြီး အသံတိတ်သွားမိသည်။ ငါ ထင်တာက ဒီလိုမဟုတ်ဘူး။ ကောင်မလေး ချက်ချင်းပဲ ဝမ်းသာအားရ ရောက်ချလာမယ်ထင်ထားတာ။ သား ကိုပြည့် ဆုံးပြီးခါစက မျှော်လင့်တကြီးနဲ့ ဒီမိသားစုထဲ ဝင်ခွင့်ရဖို့တောင် မနောတို့ကို အပူကပ်ခဲ့သေးတာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ဒီတစ်ခါစ,ကမ်းလှမ်းရင် ချက်ချင်း လက်ခံမယ် ထင်ခဲ့တာ။

အံမယ် ... ဒီမိန်းကလေးက ဘာသဘောလဲ။ ဈေးကိုင်လှချည်လား။ သူ့ကို လိုလိုလားလား ခေါ်တဲ့အခါမှာ တမင်ပြန်တင်းပြချင်သလား။ ဒေါ်ဆွေဇင်သည် မာနကြီးသူလည်း ဖြစ်လေရာ စိတ်ထဲတွင် ဒေါသအရှိန်ဖြင့် နာကြည်းစိတ်တွေ ဖြစ်လာပါသည်။ သို့သော် မြေးကလေး ဖိုးသားရဲ့ရုပ်ကလေးကို ပြန်သတိရ မြင်ယောင်မိသောအခါမှာတော့ ထိုဒေါသတွေက သီးသန့်မြေးလေးကို တွေ့ချင်တာက သီးသန့်လို ဖြစ်သွားပြန်သည်။

"သူက ဘာလဲ၊ လူကြီးသူမက အရေးတယူ ခေါ်တာတောင် လာမတွေ့နိုင်တော့လောက်အောင် ပြန်မာနထားနေတာလား"

"နွေဦးက မာနမထားတတ်ပါဘူး အန်တီ။ သူက အန်တီတို့ကို ရင်ဆိုင်ရမှာ စိတ်မပါတော့လို့ ဖြစ်မှာပါ"

"စိတ်မပါရအောင် သူပဲစ,ပြီး သူတို့ကို အသိအမှတ်ပြုပါ၊ လက်ခံပါ စ,ပြောခဲ့တာလေ။ အခုကျမှ ဘယ်လိုဖြစ်ရတာလဲ။ သား သေပြီးတာဖြင့် မကြာသေးဘူး။ ဒီမိသားစုနဲ့ မပတ်သက်ချင်တော့ဘူးလို့ စိတ်ပြောင်းစရာလား"

"မနောက ကြားလူပါ အန်တီ။ နွေဦး စိတ်ထဲမှာ ဘာတွေဖြစ်နေသလဲလို့ မနော ဘယ်လိုမှ မသိနိုင်ပါဘူး။



ဒီတော့ အန်တီ ကိုယ်တိုင် သွားတွေ့ပြီး ဆွေးနွေးကြည့်ချင်ရင် ဆွေးနွေးလို့ ရပါတယ်လို့ မနော အကြံပေးချင်တယ်"

မနော အပြတ်သားဆုံး ပြောလိုက်သောအခါ ဒေါ်ဆွေဇင်မှာ ဒီတော့မှ မနောကို အားနာသွားသည်။ ဟုတ်သားပဲ။ မနောက ကြားထဲကနေ ဆက်သွယ်ပေးရတဲ့သူ။ မနောက သဘောထားကြီးကြီးနဲ့ ဝင်ကူညီပေးတဲ့ သူပဲလေ။ တကယ်ဆို မနော နေရာမှာ တခြားမိန်းကလေးဆို ဒီလိုလုပ်ပေးချင်မှ လုပ်ပေးမှာပေါ့။ ကိုယ်စေ့စပ်ထားတဲ့ ချစ်သူရဲ့ ဇနီးနဲ့သားကို ကိုယ့်ယောက္ခမလောင်း ဖြစ်ခဲ့ဖူးသူက ကြည်ဖြူလာအောင် ဘယ်မိန်းကလေးကများ စိတ်ပါလက်ပါ ကူညီပေးမှာမို့လဲ။ မနောမို့လို့သာ။ စိတ်ပျော့ပြီး စိတ်လည်း မနာတတ်သူမို့လို့သာ ဒီလောက်ထိလိုက်လုပ်ပေးနေတာ။

"အန်တီ နွေဦး လိပ်စာကို ယူထားလိုက်ပါလား၊ ဒါမှမဟုတ် နွေဦး အလုပ်လုပ်တဲ့ဆိုင်နာမည်နဲ့ လိပ်စာကို ယူထားပါလား။ မနော အခု ပြောပြလို့ရတယ်၊ မနော အလွတ်ရပါတယ်"

"အို ... နေ ... နေ ... မလိုချင်ပါဘူး။ သွားလည်းမတွေ့နိုင်ပါဘူး။ အန်တီ ကလေးမျက်နှာကြောင့် စိတ်လျှော့ပြီး လက်ခံမလို့ စဉ်းစားမိတာတောင် နောင်တရမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ဖိုးသားလေးကို တွေ့ဖူးပြီးပြီလား"

မနော အံ့သြပြီး မေးမိသည်။ ဒေါ်ခွေဇင် ဘယ်တုန်းက တွေ့ထားပါလိမ့်လို့ စဉ်းစားမရ ဖြစ်နေသည်။

"တစ်ရက်က သစ်သီးဆိုင် တစ်ဆိုင်ဝင်တော့ တွေ့လိုက်တာပါ။ သူတို့မှန်းသိလို့ မဟုတ်ဘူး။ ကလေးက ကိုပြည့်ငယ်ရုပ်လေးနဲ့ သိပ်တူနေတာကြောင့် စိတ်ဝင်စားပြီး သတိပြုမိတာပဲ။ နွေဦး ဆိုတဲ့ မိန်းကလေးကလည်း သူ့ကိုယ်သူ နွေဦးကလေ ဆိုပြီး နာမည်ကို ထည့်ပြောတော့ စိတ်ထဲမှာ သေချာသွားတာပေါ့"

"ဖိုးသားကြောင့် ဆိုရင်လည်း အန်တီ့သဘောပါ။ အန်တီ တွေ့ချင်ရင်တော့ သွားတွေ့လို့ရအောင် မနော လိပ်စာပေးထားမယ်"

"နေ ... နေ ... မသွားပါဘူး။ လူကြီးကစ,ပြီး သွားရမှာလား မနောရဲ့။ စဉ်းစားကြည့်ပါဦး"

"ဖိုးသားကတော့ မူကြိုတက်ရတယ်၊ သူ့အမေက အလုပ်နေ့တိုင်းဆင်းရတော့ ကလေးက မူကြိုနေ့တိုင်း သွားနေရတာပေါ့။ သူ့မူကြိုက ကမာရွတ်မှာ (...)လမ်းမှာပေါ့။ "ချစ်စရာ့အရွယ်"မူကြိုကျောင်းတဲ့၊ အန်တီ ရှာလို့လွယ်မှာပါ"





"သူ့အမေ ခေါ်လာမပြသရွေ့ အန်တီက ဘာလို့ခိုးပြီးသွားတွေ့ရမှာလဲ။ မသွားပါဘူး၊ ကဲ ... ကဲ ... မနော ကူညီတာတွေအတွက်လည်း ကျေးဇူးအထူးတင်ပါတယ်ကွယ်။ မနောလည်း သတိရရင် အိမ်ဘက် ဝင်လည်ပါဦး။ ခွေမျိုးမတော်လိုက်ရပေမဲ့ အန်တီ့ဆီကို တူမသားချင်း တစ်ယောက်လို လာလည်ရင်လည်း ရပါတယ်"

"ဟုတ်ကဲ့ပါ အန်တီ။ မနော ကြုံရင်ဝင်ခဲ့ပါ့မယ်"

ဖုန်းပြောပြီးသောအခါ မနောသည် မဆီမဆိုင် ခုမှ အသက်ဝဝ ရှူရဲသလိုဖြစ်ပြီး အသက်ကို တစ်ဝကြီး ရှူမိလေသည်။

အိမ်ပေါ်ထပ် ပြန်တက်တော့မလို လုပ်ပြီးမှ လင်းရိပ်လာသွားသည်ဟု မမကြီး ပြောတာကို သတိရသွားပြီး ဘာကိစ္စလဲလို့ ဖုန်းဆက်မေးရင် ကောင်းမလားဟူ၍ တွေဝေသွားပြန်သည်။

စစ်ပိုင်ရှေ့မှာ လင်းရိပ်ကို မချစ်ပါဘူးဟု လင်းရိပ်ပါကြားအောင် မနော ပြောပြီးသည့် နောက်ပိုင်းမှာ လင်းရိပ်ကိုယ်တိုင်က မနောကို အရင်ကလောက် တရင်းတနှီး မရှိတော့သလို မနောကလည်း လင်းရိပ်ကို မျက်လုံးချင်းဆိုင်ပြီး စကားပြောဖို့ကိုတောင် မဝံ့မရဲ ဖြစ်နေခဲ့သည်။ မနော လင်းရိပ်ဆီသွားခဲ့ သွားပေမဲ့ နှစ်ဦးသားမှာ အရင်ကလောက် စကားတွေပြောင်ဖွဲ့စရာလည်း မရှိတော့သလိုလို။ အရင်က ဘာပဲဖြစ်ဖြစ် ကြဲဖန်



www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာလုပ်ပြီး ပြောစရာရှိခဲ့သလောက် အခုကျ မရှိသလောက် နီးပါး ပျော်စရာ ရယ်မောစရာ ကုန်ခန်းနေသလိုလို၊ စကားပြော ရတာပဲ ကြားထဲမှာ ခြားနားမှုကြီးတစ်ခုက ရှိသလိုလို ခံစားရ လျက် မနော မပျော်တော့ပြန်ပါ။

အရင်က လင်းရိုပ် နားမှာ အချိန်ဖြုန်းရသည့် ရက် တွေလောက် စိတ်ချမ်းသာစရာကောင်းပြီး ပျော်စရာကောင်းလှတာ ဘာမှမရှိဘူး ထင်ခဲ့မိသော မနောသည် အခုတော့ လင်းရိုပ်ရဲ့ အေးစက်ခြောက်ကပ်သော အမူအရာကြောင့် သူ့အနားကိုမသွား ဘဲ နေချင်စိတ်တွေ ဖြစ်နေမိပြန်သည်။

ရယ်နေ၊ ပြုံးနေပေမဲ့ အသက်မပါလှသော လင်းရိုပ် ၏ အမူအရာတွေအတွက် မနောသည် အရင်အချိန်တွေကို ပြန် နှမြောလျက် ရင်ထဲမှာ နာကျင်နေခဲ့မိပြန်သည်။

မနောသည် တွေဝေ၊ ဝေခွဲမရသော စိတ်တွေဖြင့် လင်းရိုပ်ကို ဖုန်းမဆက်တော့ပါဘူး ဟူသည့် စိတ်ဆုံးဖြတ်ချက် ကို ချလိုက်ကာ နှုတ်ခမ်းကို နာကျင်အောင် ဖိကိုက်မိရင်း အပေါ် တက်လာခဲ့တော့သည်။

♥ ♣ ♥





၁၆

လင်းရိုပ်၏ အလုပ်ခန်းသီးသန့်အတွက် သူ့မိဘတွေ ဝယ်ထားသော တိုက်ခန်းတွေထဲက တစ်ခန်းကိုယူပြီး အသုံးချ ထားသော မနော သွားနေကျ အလုပ်ခန်းကို ရောက်သောအခါ အခန်းက ပိတ်လျက်သား တွေ့ရသည်။ သော့ခလောက်ကြီးတန်း လန်းက မနောကို လှောင်ပြောင်သလို စောင့်ကြိုလျက်ရှိသည်။

လင်းရိုပ်ဟာ တစ်ခါမှ အလုပ်ခန်းကို ပိတ်မသွား ဖူး ပိတ်သွားသဖြင့် မနော အံ့ဩနေသည်။ မနော ရောက်မလာ မချင်း ဘယ်မှထွက်မသွားသေးဘဲ စောင့်နေတတ်သော၊ သွားစရာ ရှိရင်တောင် မနော ရောက်လာအောင် စောင့်ပြီးမှ သွားသော လင်းရိုပ် အခု ဘယ်များထွက်သွားလဲ။



www.burmeseclassic.com

www.burmeseclassic.com



"သော့အပိုတစ်ချောင်း ယူထားပါလား မနော့ရဲ့၊ တစ်ခါတလေ ငါမရောက်ခင် မနော အရင်ရောက်နေရင် ဖွင့်ဝင်လို့ရအောင်"

ဟု ဆိုပြီး တစ်ခါကတော့ လင်းရိုပ် မနောကို သော့အပိုတစ်ချောင်း ပေးဖူးပါသည်။ မနောက သူနဲ့ကိုယ်ဟာ ဘာမှမဆိုင်ဘဲ သူ့အလုပ်ခန်းသော့ကို မနောကပါ ပိုင်ဆိုင်ထားရတာမျိုး မဖြစ်ချင်၍ ...

"မယူပါဘူး လင်းရိုပ်ရယ်။ နင်က မနော မလာသေးရင် အမြဲစောင့်တာပဲ။ ဒီတော့ ဘယ်တော့မှ သော့တန်းလန်းနဲ့ မြင်ရမှာ မဟုတ်ပါဘူး"

အဲဒီလို ခပ်မြန်မြန်ပဲငြင်းပြီး လက်မခံခဲ့သဖြင့် လင်းရိုပ်လည်း အတင်းမပေးခဲ့ပါ။ အခုတော့ မနော တစ်ခါမှ မကြုံဘူးသည့် သော့ခတ်ထားသောမြင်ကွင်းကို ကြုံရလျှင် မနော ရင်ထဲမှာ ဝမ်းနည်းသွားသည်။ လင်းရိုပ် အရင်ကလို မနောအပေါ် သဘောမထားနိုင်တော့ဘူးလား။ မနော့ရဲ့ စကားတွေကြောင့် သူ့ဘက်ကလည်း ပြတ်ပြတ်သားသား လုပ်ပြချင်ပြီလား။

မနောသည် မြေညီထပ်ဖြစ်သော ထိုအခန်းရှေ့ ခဏ ရပ်နေမိပြီးမှ ပြန်ထွက်တော့မလို ခြေလှမ်းစဉ် တစ်ဖက်ခန်းမှ တံခါးပွင့်လာသည်။ တစ်ဖက်ခန်းမှာ လူနေသောအခန်းဖြစ်ပြီး





ထိုအမျိုးသမီးက မနောတို့နှစ်ဦးကို အမြဲလိုလို စောင့်ကြည့်အကဲခတ်နေတတ်သူလည်း ဖြစ်သည်။ သဘောက ယောကျ်ားလေးတစ်ယောက်တည်းရှိတဲ့ ဓာတ်ပုံကူးဆေးခန်းကို လာလာနေတဲ့ မိန်းကလေးဟာ ဘာလဲ၊ ဘယ်သူလဲ၊ အဲဒီယောကျ်ားလေးနဲ့ ဘယ်လိုပတ်သက်လဲလို့ စပ်စပ်စုစုတော့ ရှိချင်ပုံ။ ဒါကြောင့် မနောတို့ ထိုအမျိုးသမီးကို ရယ်မောပြုံးပြ နှုတ်ဆက်ရုံကလွဲလျှင် စကားပင် မပြောကြည့်ဘူးပါ။

"ညီမလေးက မနောသန့်နော်"

ထိုအမျိုးသမီးက မနောကို လူသိပေမဲ့ နာမည်မသိ၍ သေချာအောင် မေးပုံဖြင့် လှမ်းမေးသည်။

"ဟုတ်ပါတယ်ရှင်"

"ကိုလင်းရိုပ်က မနောသန့် လာရင် ပေးပေးပါဆိုပြီး စာတစ်စောင် ပေးသွားတယ်"

"ဟုတ်လား"

မနော ထပ်၍အံ့သြရပြန်သည်။ ဘာလို့လဲဆိုတော့ လင်းရိုပ် ကိုယ်တိုင်က ထိုစပ်စပ်စုစု စောင့်ကြည့်တတ်သော အမျိုးသမီးကို သဘောမကျ၍ပင်။ အခုတော့ စာတောင် တကူးတက ပေးခိုင်းထားသတဲ့။ အင်မတန် စပ်စုသော အမျိုးသမီးက ရှင့်ဖောက်ဖတ်ကြည့်ထားပြီး၊ ပုံစံမပျက် ပြန်ပိတ်ထားရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပိတ်ထားမှာပေါ့။ သူတစ်ပါး၏ ကိုယ်ကျင့်တရားကို အလထား နေရင်း မယုံတာတော့ မဟုတ်ပေမဲ့ ထိုမိန်းမက စပ်စုတတ်သူ ဖြစ်နေ၍ပင်။

"မနော ...

ငါ အလုပ်ခန်း မလာဖြစ်ဘူး။ နင်လာရင် သော့ ပိတ်ထားတာ မြင်ရမှာမို့ ငါ သော့ကို လူကြုံပေးခဲ့တယ် နင် ဖွင့်ဝင်ပြီး အလုပ် ဝင်လုပ်ချင်ရင် လုပ်လို့ရအောင် ပါ။

ငါကတော့ (၁၅)ရက်နေ့ကစပြီး ပြင်ဦးလွင်မှာ သွားနေဖို့ ရှိတယ်၊ အဖေတို့ ကုမ္ပဏီကရိုက်မဲ့ ဗီဒီယိုကား တွေ အကုန်လုံး ပြင်ဦးလွင်မှာပဲ ရိုက်ကြမှာမို့ အဲဒီမှာ လ,နဲ့ချီပြီး ငါလိုက်နေပေးဖို့ အဖေက ခိုင်းထားလို့သွား နေရမယ်၊ ဘယ်နှလလဲတော့ အတိအကျ ပြောလို့မရဘူး လေးလလည်း ကြာရင်ကြာမယ်၊ ခြောက်လလောက်လည်း ဖြစ်ရင်ဖြစ်သွားမယ်။

အလုပ်ခန်းကိုတော့ နင် လာချင်ရင်လာပါ။

ငါ နင့်အတွက် နင်ကြိုက်တဲ့ ကင်မရာတစ်လုံးရယ် ကူးဆေးဖို့ ပစ္စည်းတွေရယ် ထားခဲ့တယ်။

လင်းရိုပ်"





မနောသည် စာကိုဖတ်ကြည့်ပြီးလျှင် ရင်ထဲတွင် ဟောင်္ဂပြစ်သွားပါသည်။ လင်းရိုပ်ဟာ ဘယ်တုန်းကမှ မိဘလုပ် ငန်းကို စိတ်လဲမဝင်စားတော့။ ဝင်လည်း မကြိုးကြပ်ပေးတော့ တာ ဘယ်လောက်ကြာပြီလဲ။ သူ မင်းသားလုပ်ပြီး မရိုက်တော့ ကတည်းက ဒီရုပ်ရှင် ဗီဒီယိုလုပ်ငန်းဆို ထုတ်လုပ်ရေးအလုပ်က အစ စိတ်မဝင်စားပါဟု ပြောထားသူပင်။ ဒါကြောင့်လည်း ဓာတ်ပုံလုပ်ငန်းကိုပြောင်းပြီး သဲကြီးမဲကြီး လုပ်နေတာဖြစ်သည်။ အခုကျမှ ဘယ်လိုဖြစ်ပြီး ဓာတ်ပုံလုပ်ငန်းတွေ အကုန်ပစ်ထားခဲ့ ပြီး ထွက်သွားရသနည်း။

မနောလည်း လင်းရိုပ်နဲ့ မတွေ့ရဘူးဆိုမှ အလွန် တွေ့ချင်၊ စကားပြောချင်လာကာ လင်းရိုပ်တို့မိသားစုဖွင့်ထား သော ရုပ်ရှင်၊ ဗီဒီယို ကုမ္ပဏီရှိရာဆီ သွားကြည့်ဖို့ စဉ်းစားမိပါ သည်။ ဒီလ(၁၅)ရက်နေ့မှဆိုတော့ အခု (၁၅)ရက်မရှိသေးဘူး။ ဆယ့်နှစ်ရက်ပဲ ရှိသေးတာ။ လင်းရိုပ် မသွားသေးဘူး ထင်ပါရဲ့။

မနောသည် ထိုအတွေးဖြင့် လင်းရိုပ်တို့ ရုပ်ရှင် ဗီဒီယိုကုမ္ပဏီရုံးခန်း ရှိရာဆီ ကားတစ်ဆင့်ထပ်စီးပြီး လိုက်လာ ခဲ့သည်။ ကုမ္ပဏီရုံးခန်းထဲ ဝင်လိုက်သောအခါ လင်းရိုပ်ကို ချက်ချင်းတွေ့ရပါသည်။ ရုံးခန်းဖုန်းဖြင့် ဖုန်းပြောနေသော လင်းရိုပ်



www.burmeseclassic.com

www.burmeseclassic.com



သည် မနော ဝင်လာသောအခါ အံ့သြသလို လှမ်းကြည့်လေသည်။ နောက်မှ လက်အသာပြပြီး ထိုင်ဖို့ညွှန်ပြကာ သူကတော့ ဖုန်းပြော မပျက်ပါ။ ဒါရိုက်တာ တစ်ယောက်နှင့် ဖုန်းပြောနေတာဖြစ်သဖြင့် အလုပ်ကိစ္စတွေ ပြောနေတာ ကြားရသည်။

အမိက,ကတော့ (၁၅)ရက်နေ့ ပြင်ဦးလွင်သွားကြ မည့်ကိစ္စကို ပြောဆိုတိုင်ပင်နေတာမျိုးပဲ ဖြစ်လေသည်။ မနော ရောက်ပြီး ငါးမိနစ်လောက်ကြာမှ ဖုန်းပြောတာ ပြီးစီးသွားပါသည်။

"မနော"

"လင်းရိပ်"

သူတို့မှာ ပြောစရာစကားတွေ အသီးသီး ရှိနေကြ တာမို့ စိတ်လောပြီး လင်းရိပ် ဖုန်းပြောပြီးပြီးချင်း ဖုန်းချတာမြင် တာနဲ့ မနောကလည်း လင်းရိပ်အမည်ကို ခေါ်လိုက်မိသလို လင်းရိပ်ကလည်း မနောကို ခေါ်လိုက်သဖြင့် အသံနှစ်သံမှာ တစ်ထပ်တည်း ထွက်လာပါသည်။

"ပြော ... ပြော ... မနော အရင်ပြောပါ"

လင်းရိပ်က မနောကို ဦးစားပေးသည့် အနေနှင့် မနောကို အရင်ပြောခိုင်းလိုက်ပါသည်။

"လင်းရိပ် ပေးခဲ့တဲ့စာကို ရတယ်"





"ဩော် ... ဟုတ်လား။ မသိပါဘူး ငါက နင် ဆိုင်ကို သွားတော့ သော့ပိတ်ထားတာ တွေ့တာနဲ့ ဒီဆက်လိုက် လာတယ်ထင်လို့ မေးမလို့ပါ"

"စာဖတ်ရပါတယ်၊ စာထဲမှာ ထည့်ထားတဲ့ သော့ကိုလည်း ရပါတယ်၊ ဒါပေမဲ့ နင့်ကို စကားပြောချင်လို့ ဒီမှာများ ရှိမလားဆိုပြီး လိုက်လာတာ"

"ဘာပြောချင်လို့လဲ မနော"

"နင် ရုပ်ရှင်လုပ်ငန်းဆို ဘာမှစိတ်မဝင်စားတော့ဘူးဆို"

"ဟုတ်တယ်လေ၊ စိတ်မဝင်စားပါဘူး"

"ဒါဖြင့် လုပ်လက်စ အလုပ်တွေပစ်ပြီး ဘာဖြစ်လို့ ပြင်ဦးလွင် တက်မှာကို ဦးဆောင်ပြီး ဝင်လုပ်ပေးရလဲ၊ နင်ပြောတော့ ချင်းမိုင်မှာ သွားပြမဲ့ ဓာတ်ပုံပြပွဲအတွက် ပြင်ဆင်ရတော့မယ်ဆို။ အချိန်သိပ်မကျန်တော့ဘူးဆို"

"မပြင်ဆင်တော့ပါဘူး၊ ရှိသလောက်နဲ့ပဲ သွားပြတော့မယ်။ ငါ သိပ်စိတ်မပါတော့ဘူး"

"နင်ဟာလေ ဖြစ်ရပြန်ပြီ။ ဘာအလုပ်ကိုမှ စွဲစွဲမြဲမြဲ မလုပ် ချင်ဘူး"

"ငါ့ဆီ လိုက်လာတာ အဲဒါတွေပြောဖို့ လိုက်လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



မနောသည် အေးစက်ပြီး ခပ်စိမ်းစိမ်း အမူအရာလည်း ဖြစ်နေသော လင်းရိပ်ကို အကဲခတ်မိပါသည်။ လင်းရိပ်အခုတလောမှာမှ မနောကို ရှောင်ဖယ်ချင်လာသလိုလို၊ မနောနဲ့ သိပ်မပတ်သက်ချင်တော့သလိုလို ဖြစ်လာတာကိုလည်း သတိပြုမိသည်။ ဘာသဘောလဲ လင်းရိပ်ရယ်။ လင်းရိပ်ရဲ့ အမူအကျင့်တွေအတိုင်း မိန်းကလေးတစ်ယောက်ကို တွဲရတာကြာပြီး ရိုးအီလာလို့ စိတ်ဝင်စားမှု နည်းလာပြီလား ဟူသော အတွေးကိုတော့ မနော အတွေးထဲမှာပင်၊ ရဲရဲဝံ့ဝံ့ မတွေးရဲပါ။ ဘာကြောင့်လဲဆိုတော့ မနောဟာ လင်းရိပ်ရဲ့ ကောင်မလေးလို့ သတ်မှတ်လို့ရသလား ဆိုသည့် အတွေးကြောင့် ရဲရဲမတွေးရဲတာ ဖြစ်ပါသည်။

"ငါ အဝေးကြီးကို ထွက်သွားချင်နေတယ် မနော"

လင်းရိပ်က အကြာကြီး တွေဝေနေပြီးမှ ထိုသို့ပြောလိုက်ပါသည်။

"ဒါကြောင့် အဖေအမေတို့က ပြင်ဦးလွင်မှာ သွားရိုက်ကြမဲ့ ဗီဒီယို ရုပ်ရှင်တွ စီစဉ်ထားတာသိလို့ ဒီတစ်ခေါက်တော့ ငါ့အစ်ကိုတွေကို မဦးစီးနိုင်းဘဲနဲ့ ငါပဲဦးစီးပေးမယ်လို့ ပြောတော့ သူတို့ ဝမ်းသာအားရ ငါ့ကို တာဝန်ပေးလိုက်တယ်လေ။ အစတည်းက ဘာအလုပ်မှ မယ်မယ်ရရ၊ ခိုင်ခိုင်မြဲမြဲ မလုပ်ဘဲ ဟိုစပ်စပ် ဒီစပ်စပ်သဘော လုပ်နေလို့



ကြည့်မရတာနဲ့ အတော်ပဲဖြစ်နေတယ် ထင်တယ်။ နှစ်ခါတောင် မပြောရဘူး။ ငါ့တာဝန် လွှဲပေးလိုက်တယ်"

"ဒါဖြင့် ချင်းမိုင်ပြပွဲ မသွားတော့ဘူးလား"

ထိုပြပွဲက နောက်သုံးလအကြာမှာ လုပ်တော့မှာဟု မနော သိထားပါသည်။

"အဲဒါတော့ သွားမယ်လေ၊ အလွန်ဆုံး တစ်ပတ်ပေါ့။ အဲဒီ တစ်ပတ်မှာတော့ ငါ့အစ်ကိုနဲ့ ခဏထားခဲ့မယ်"

"နင် ဘာဖြစ်လို့ အဝေးကြီးကို ထွက်သွားချင်နေတာလဲဟင်"

လင်းရိပ် အသံအက်အက်ဖြင့် ရယ်ရင်း ...

"စိတ်လေသွားတာလေ"

"ဘာဖြစ်လို့ စိတ်လေရတာလဲ"

လင်းရိပ်သည် မနောကို ငေးစိုက်ကြည့်နေလိုက်သည်။ ထိုအခါ မနောလည်း လင်းရိပ် အကြည့်တွေထဲမှာ ရှာရတော်နေသော အဖြေကို ရှာကြည့်မိသည်။

"ငါသိပ်ချစ်တဲ့ မိန်းကလေးတစ်ယောက် ရှိတယ်။ ငါ့ဘဝမှာ သူ့လောက် ဘယ်သူ့ကိုမှ မချစ်ဖူးဘူး။ မချစ်ခဲ့ဖူးဘူးပေါ့။ နင် သိပါတယ်၊ ငါက ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် တွဲခဲ့တဲ့ ကောင်လေ။ ဒါပေမဲ့ ကောင်မ

www.burmeseclassic.com

www.burmeseclassic.com



လေးတိုင်းကို 'ချစ်တယ်'ပြောလိုက်တဲ့ စကားနောက်မှာ ဘာခံစားချက်မှ မပါဘဲပြောလိုက်တာချည်းပဲ ဖြစ်ခဲ့တယ်။ ဒီတော့ သူတို့နဲ့ လမ်းခွဲရတဲ့အခါမှာ ရင်ထဲမှာ ဘာခံစားချက်မှ မကျန်တော့ဘူး။ အသည်းကွဲတယ်ဆိုတာ ဘာလဲဆို ပြန်မေးယူရတဲ့အထိ အသည်းတောင် မကွဲဖူးဘူး။ ဒါပေမဲ့ အခုတော့ ငါ အသည်းကွဲနေပြီ။ ငါ သိပ် ချစ်မိတဲ့ မိန်းကလေးက ငါ့ကိုမချစ်ပါဘူးတဲ့။ ငါ့နောက်လိုက်ပြီး စိတ်အပန်းဖြေတာပါတဲ့၊ သူစိတ်လေနေတုန်းအချိန်မှာ စိတ်ပြေလက်ပျောက် ငါ့အနားမှာ ခဏနေကြည့်တာပါတဲ့၊ အဲဒီစကားကြောင့် ငါ အသည်းကွဲသွားပြီ မနောရယ်။ ဒါကြောင့် အသည်းကွဲပြီး စိတ်လေပြီး ...။ ငါ အဝေးကြီး တစ်နေရာရာမှာ ခဏသွားနေကြည့်ချင်တယ်"

မနောသည် လင်းရိပ် စကားတွေ အကုန်ကြားလိုက်ရသောအခါ ရင်ထဲမှာ ပေါက်ကွဲထွက်တော့မလို ပြင်းပြစွာ နာကျင်သွားပါသည်။

လင်းရိပ်ဟာ မနောကို သိပ်ချစ်နေခဲ့မိလိမ့်မယ်လို့ ကို မထင်ခဲ့ပါဘူး။ ဒီလောက်ထိ ချစ်နေခဲ့လိမ့်မယ်လို့ မမျှော်လင့်ထားခဲ့ပါဘူး။မနောသည် ရုတ်တရက် ငိုချမိလိုက်တော့မလို ဖြစ်သွားပါသေးသည်။ သို့သော် လင်းရိပ် ရှေ့မှာ မျက်ရည်ကျရ





မို့ မကျရဲပြန်။ သူ့ကိုမချစ်ပါဘူး ပြောထားမိသည်ဖြစ်ရာ သူ့အတွက် မျက်ရည်ကျပြဖို့ မသင့်ဘူးဟု ထင်ပါသည်။

"မနော အဲဒီအခန်းသော့ကို ယူထားလိုက်ပါ၊ မနော စိတ်ပြေလက်ပျောက် အဲဒီမှာ အချိန်ဖြုန်းရင် ဖြုန်းပါ။ သော့ကို ငါ ပြန်မယူသေးပါဘူး။ မနော စိတ်ကြိုက်ယူထားပါ"

"မဟုတ်ဘူး လင်းရိပ်။ နင် မရှိဘဲနဲ့ မနောက ဘာသွားလုပ်ရမှာလဲ။ မနောက ဓာတ်ပုံအကြောင်းတွေ ဘာမှမသိဘဲ တမင်သက်သက် နင့်ကို လာရှုပ်နေတာလောက်ပဲရှိပါတယ်၊ ဒီတော့ သော့ယူထားလည်း မနော တစ်ယောက်တည်းဆို သွားဖြစ်မှာမှ မဟုတ်တာ။ မယူထားတော့ဘူး"

"ယူထားပါ မနောရဲ့။ မနော သွားချင်စိတ် ဖြစ်လာတဲ့ တစ်ရက်ကျ အသုံးဝင်မှာပါ"

မနောကလည်း လင်းရိပ်ကို အတင်းအကျပ် ပြန်မပေးနေချင်တော့သဖြင့် သော့ကို လက်ကိုင်အိတ်ထဲ အသာထည့်ထားလိုက်ပါသည်။

"မနော ပြန်တော့မယ်"

"ငါ လိုက်ပို့ပေးမယ်လေ"

"ဟင့်အင်း ... နေပါစေ၊ မနော တစ်ယောက်တည်းပဲ ပြန်ချင်တယ်၊ လိုက်မပို့ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း မနော့ရဲ့သဘောပါပဲ"

မနောသည် ရင်ထဲမှာ လင်းရိပ်ကို ပြောချင်နေသော စကားတွေ ပြည့်နှက်နေပေမဲ့ ပြောလို့လည်း မထွက်ပြန်။ ပြော လည်း မပြောချင်။ တွေဝေနေသော စိတ်တွေဖြင့် လင်းရိပ်ကို နှုတ်ဆက်လိုက်သည်။

ခြေလှမ်း သုံးလှမ်းလောက် လှမ်းပြီးမှ လင်းရိပ်ကို အသာပြန်လှည့်ကြည့်ကာ ...

"လင်းရိပ်"

ဟု တစ်ခွန်းခေါ်လိုက်မိသည်။

"ဘာလဲ မနော"

"မနော စစ်ပိုင်ကို ပြောခဲ့တာတွေအတွက် ..."

"ကိစ္စမရှိပါဘူး၊ ငါ နင့်ကို နားလည်ပါတယ် မနောရယ်။ နင့်ကို အမြဲခွင့်လွှတ်ပါတယ်၊ နင့်ဆီမှာ ငါ့အတွက် ရှိ နိုင်တဲ့ အရာကို ငါ မမျှော်လင့်နေတော့ပါဘူး"

မနောသည် အတွင်းနှုတ်ခမ်းသားတွေကို အသာ ကိုက်ပစ်လိုက်ကာ ပြောချင်နေတာတွေ မပြောတော့ဖို့ စိတ်ကို အမိန့်ပေးပြီး လှည့်ထွက်လာခဲ့မိလေသည်။

♥ ♣ ♥





## ၁၇

မနော ဖိုးသားလေးကိုချီပြီး တက္ကစီပေါ်မှ ဆင်းလာ သောအခါ ဦးအောင်ဖြိုးရော ဒေါ်ဆွေဇင်ပါ အိမ်အဝမှ ကြိုရပ်ပြီး စောင့်နေတာကို တွေ့လိုက်ရပါသည်။ ဦးအောင်ဖြိုးတို့ ဒေါ်ဆွေဇင် တို့ ဆိုတာက ဘယ်ဧည့်သည်ပဲလာလာ ဒီလိုထွက်စောင့်ပြီး ကြို ဆိုနေတတ်တဲ့သူမျိုး မဟုတ်ပေမဲ့ ဒီနေ့ကျတော့ သူတို့ အထူး တလည် စောင့်နေကြခြင်းကို မနော ထူးပြီးအံ့ဩမနေတော့ပါ။ သူတို့ရဲ့ တစ်ဦးတည်းသောသားက ကျန်ခဲ့တဲ့ (ချန်ရစ်ခဲ့တဲ့)မြေး လေးကို သူတို့ ဘယ်လောက်များ တွေ့ချင်နေကြမလဲဆိုတာ မနော ခန့်မှန်းလို့ ရပါသည်။

"နွေဦးတော့ လိုက်မတွေ့တော့ဘူး၊ ဖိုးသားကိုပဲ သူ့အဘိုး အဘွားတွေဆီ မ,မနော ခေါ်သွားပေးနိုင်မလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု နွေဦး အကူအညီ တောင်းလာတော့ မနော သည် နစ်ခါတောင် မပြောလိုက်ရပါဘဲ ကူညီပေးဖို့ ဆုံးဖြတ်ပြီးဖြစ်နေပါသည်။

ဒေါ်ဆွေဖင်က ဒုတိယအကြိမ်မြောက် မနောမှတစ်ဆင့် အဆက်အသွယ် လုပ်သောအခါမှာ ...

"နွေဦး မလာတာတောင် စိတ်မဆိုးဘဲ နောက်တစ်ခါ ထပ်ခေါ်ပြန်တယ် ဆိုတော့ နွေဦး ငြင်းလိုက်ရင် သိပ်ရိုင်းသလို ဖြစ်သွားတော့မယ်နော်။ ဒုက္ခပါပဲ မ,မနောရယ်၊ နွေဦး သူတို့ကို ဘာကြောင့်မှန်း မသိဘူး။ မျက်နှာမပြရဲတော့ဘူး ရင်မဆိုင်ရဲတော့ဘူး ဖြစ်နေလို့ပါ။ ဘာလုပ်ရင်ကောင်းမလဲ၊ အကြံပေးပါဦး မ,မနောရယ်"

ဟူ၍ နွေဦးက မနောကိုသာ အကြံပေးဖို့ အကူအညီ တောင်းပြန်လေသည်။

မနောမှာလည်း ဒီရက်ပိုင်းအတွင်း လင်းရိပ်ကလည်း အရေးကို ထွက်သွားလိုက်သဖြင့် ဘဝမှာ တစ်ခါမှ မကြုံဘူးလောက်အောင် အထီးကျန်ခြင်းတည်းဟူသော ခံစားချက်ကို လူးလိမ့်နေအောင် ခံစားနေရသည်ဖြစ်ရာ ဘာအကြံမှ မပေးနိုင်ခဲ့ပါ။ ကိုပြည့်ကို သေကွဲ ခွဲခဲ့ရတဲ့ ကာလတွေတုန်းကတောင် အခုခံစားရသလောက် အထီးကျန်ကြေကွဲရခြင်းကိုပင် ပြင်းပြင်းထန်ထန် မခံ





စားခဲ့ရလေရာ မနောသည် အခုကျမှပဲ အဓိပ္ပာယ်မရှိသော နေ့ရက်တွေကို ဖြတ်သန်းရသူပုံ ပေါက်နေတော့လေသည်။

မနော မျက်နှာဟာ အရင်ကလောက် တက်ကြွလန်းဆန်းမနေတော့တာ။

စိတ်ပါဝင်စားမှု နည်းနေတာတွေကို နွေဦး အကဲခတ်မိသောအခါ ...

"ဆောရီး ... မ,မနော။ နွေဦးက နွေဦးရဲ့ပြဿနာတွေပဲ မ,မနောကို ပြောပြီး အကြံဉာဏ်တောင်းနေမိတယ်နော်။ မ,မနောမှာလည်း ဆုံးဖြတ်ရခက်စရာ၊ ဝေခွဲမရတာတွေ ရှိနေမှာပဲ။ နွေဦး အကြံဉာဏ် မတောင်းတော့ပါဘူး၊ ဒါပေမဲ့ ..."

နွေဦး စကားကိုဆက်မပြောသေးဘဲ "အဟင်းဟင်း" ဟု အားနာသလိုလို အသံဖြင့် ရယ်ရင်း ဖိုးသားကို အဘိုးအဘွားဆွေဆီ ခေါ်သွားပေးဖို့ အကူအညီတောင်းတာဖြစ်ပါသည်။

"အကြံဉာဏ်တော့ မတောင်းတော့ဘူး။ အကူအညီပဲ တောင်းတော့မယ် မ,မနောရေ"

"ရပါတယ် ကူညီပေးရမှာပေါ့"

"မ,မနောက နာမည်နဲ့လိုက်အောင် စိတ်မနောကဖြူစင်သန့်ရှင်းနေတာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေး ... သိပ်အချိုးကျူး စောမနေနဲ့၊ မနောက စိတ်သိပ်ဖြူစင်လွန်းလို့ ကူညီနေတာတော့ မဟုတ်ဘူး။ ရှင်တို့ပြဿနာလည်း မြန်မြန်ရှင်းမှ ဒေါ်ဆွေဇင် ကျုပ်ကို တကျိကျိ ဖုန်းဆက်တာလည်း ရပ်မှာမို့ပါ"

မနောက ရယ်စရာလုပ်ပြီး ပြောလိုက်မိပေမဲ့ တကယ်တော့ မနောစိတ်ထဲမှာ ဦးအောင်ဖြိုး၊ ဒေါ်ဆွေဇင် ဟူသောကိုပြည့်မှ် မိဘတွေနဲ့ အဆက်အသွယ် ပြတ်လိုက်ချင်၍ ပြောလိုက်မိတဲ့ သဘောလည်း ဖြစ်နေသည်။ သူတို့ကို ဆက်ဆံနေရဦးမယ်ဆိုရင် မနောဟာ ကိုပြည့်နဲ့ ပတ်သက်သူလို့ ခံစားနေရတတ်တာကြောင့် မနော ထိုခံစားချက်ကို မခံစားရချင်တော့၍ ဖြစ်ပါသည်။ မနောသည် စိတ်သစ်၊ လူသစ်၊ ဘဝသစ်ဖြင့် အချစ်သစ်တစ်ခုကို ဖန်ဆင်းချင်နေခဲ့လေပြီတည်း။

မနော ကားပေါ်မှ ချီချသော ဖိုးသားကို အောက်မှ ချချင်း ဒေါ်ဆွေဇင် ပြေး၍လာကောက်ချီလိုက်သည်။ အရင်တည်းက သူစိမ်းမကြောက်တတ်ဘဲ ဘယ်သူ့ကိုမဆို အလွယ်တကူခင်မင်စွာ မျက်နှာချိုသွေးတတ်သော ဖိုးသားကား မှတ်ဉာဏ်ကောင်းလှစွာ ...

"ဟာ ... ဘွားဘွားကို သားတီတယ်၊ တီတယ်၊ တစ်ထာတွေ့ဖူးတယ်"





ဟူ၍ စကားမပီပေမဲ့ လူကြီးလေး တစ်ယောက်လိုဲ ပြောလိုက်လျှင် ဒေါ်ဆွေဇင့် အသည်းနှလုံးတွေမှာ အရည်ပျော်သွားပါပြီ။

"ကလေးကို အနှံ့တီ သစ်သီးဆိုင်မှာ တစ်ခါဆုံတာကို မှတ်မိနေတယ် မနောရေ၊ ဖိုးသားလေးက မှတ်ဉာဏ်ကောင်းလိုက်တာကွယ်"

"သူ့အမေက ဘာကြောင့် ဒီမလာချင်ရတာလဲ"

ဦးအောင်ဖြိုးက ဒေါ်ဆွေဇင့် လက်ထဲမှ ကလေးကို သက်ပြောင်းယူချီရင်း မနောကို မေးပါသည်။

"သူ့ဆိုင်က တနင်္လာတစ်ရက်ပဲ ပိတ်ပေးတာ အန်ကယ်လ်။ ပြီးတော့ သူက တော်လည်းတော်တော့ ဆံပင်ညှပ်ဝန်ထမ်းအဆင့်တင် မဟုတ်ဘူး၊ ပညာသင်ရင်း ဆိုင်မှာလာလုပ်တဲ့ မိန်းကလေးတွေကိုပါ ပြန်သင်ပြရတော့ ဆိုင်မှာ သူ မရှိရင် မဖြစ်ဘူးတဲ့"

"ဦးအောင်ဖြိုး ဒေါ်ဆွေဇင့် ချွေးမဖြစ်နေပြီပဲ ဒီလိုပင်ပင်ပန်းပန်းနဲ့ အနားမရတဲ့အလုပ်မျိုး လုပ်နေဖို့ လိုပါဦးမလားကွယ်"

ဒေါ်ဆွေဇင် ထိုသို့ဝင်ပြောလျှင် မနောမှာ ရှေ့ရေးအကြောင်းတွေ သိထားသူမို့ မသိမသာ သက်ပြင်းချမိသည်။ ဒီပုံ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းဆို နွေဦးက တစ်သက်လုံး ဦးအောင်ဖြိုး ဒေါ်ဆွေဇင်တို့ ချွေးမဖြစ်နေရမဲ့ပုံပဲ။ ဒါတော့ ဘယ်တရားမလဲ။ သေတဲ့သူက သေပြီးပြီ။ ကျန်ခဲ့တဲ့သူကို သူ့လမ်း သူလျှောက်ခွင့်တော့ ပေးသင့်တာပေါ့။

နွေဦးက ကြောက်ပြီး ကိုယ်တိုင် လာမပြောသဖြင့် မနော့ဘဲ တာဝန်ယူပြောပေးရမည့်ပုံ ပေါက်နေသည်။ နွေဦးထက်စာရင် မနော့ကမှ ကိုပြည့်ရဲ့ မိဘတွေကို ပိုပြီးရင်းနှီးသူလည်း ဖြစ်ရာ မနော့ အရိပ်အမြွက် ပြောထားပေးရင် ကောင်းမလား။ ပြောမေးသင့်သလား။ မနော့ ဒီလိုပြောပေးလိုက်လို့ နွေဦးအတွက် အဆင်ပြေသွားနိုင်မလား။

မနော့သည် သူ့တို့ကိုချည့်ခံသော ကော်ဖီကို သောက်ရင်း စဉ်းစားနေမိသည်။ ဦးအောင်ဖြိုး ဒေါ်ဆွေဇင်တို့ကတော့ ဘယ်အချိန်တည်းက ဝယ်ထားသည် မသိသော ကလေးကစားစရာတွေ တစ်ပုံကြီးကို အိမ်ဖော်တွေအား သွားထုတ်ယူခိုင်းသဖြင့် ဧည့်ခန်းမှာ အရုပ်ပုံကြီး ဖြစ်နေသည်။ ထိုအရုပ်ပုံထဲတွင်တော့ ကြမ်းခင်း Timber (တင်ဘာ)အခင်း ပေါ်လစ်ရှိရောင်ပြောင်ပြောင် ပေါ်မှာ ဘယ်တုန်းကမှ ထိုင်လေ့မရှိသော ဦးအောင်ဖြိုးရော ဒေါ်ဆွေဇင်မှာ ဖိုးသားနဲ့အတူ ရောထိုင်ပြီး ပြုံးပျော်နေကြတာ တွေ့ရသည်။





ကလေးမှာ အရွယ်နဲ့မလိုက်အောင် တစ်ဖြိုင်တည်း ရလိုက်သော ကလေးစီး ဘက်ထရီဖြင့်သွားသောကား၊ ဆိုင်ကယ်၊ စက်ဘီး အပါအဝင် အသံမြည်အရုပ်တွေ တစ်ပုံတစ်ပင်နဲ့မို့ သူ့အမေကိုပင် သတိမရတော့ဘူး ထင်သည်။

ကားပေါ်မှာတုန်းက အမေမပါ၍ မနော့ကို တမေးမေး လုပ်လာသော ဖိုးသားမှာ အခုတော့ အမေ ဆိုတဲ့အသံတောင် မထွက်တော့ပေ။

"သူတို့နေတဲ့ တိုက်ခန်းက ဘယ်လိုလဲ၊ ကျယ်လား"

ဒေါ်ဆွေဇင်က မနော့ကို လှမ်းမေးသဖြင့် မနော့ ကော်ဖီခွက် အသာချရင်း ဖြေလိုက်သည်။

"ဆယ့်နှစ်ပေခွဲ ပေခြောက်ဆယ် ထင်တယ်၊ သိပ်မကျယ်ပေမဲ့ သူတို့သားအမိနှစ်ယောက်တည်းဆိုတော့ မဆိုးပါဘူး"

"အမြင့်ကြီးလား"

"ခုနစ်လွှာမှာ"

"ဟယ် ... ကလေးနဲ့ အထပ်မြင့်နဲ့ စိတ်ပူစရာကြီးကွယ်"

"ဝရန်တာမှာ သံပန်းတံခါး တပ်ထားပါတယ် အန်တီ"

"ဘာစိတ်ကူးနဲ့များ အဲဒီလောက် အမြင့်ကြီးကို သွားနေရသလဲ မသိပါဘူး"

မနော့ အသာအယာပြုံး၍ ...

www.burmeseclassic.com

www.burmeseclassic.com



"ကိုပြည့် ဝယ်ပေးခဲ့တဲ့ နယ်ကလုံးချင်းအိမ်လေးရောင်းတဲ့ ငွေနဲ့ ရန်ကုန်မှာ ပြန်လာဝယ်ရတာဆိုတော့ အဲဒီလောက်ပဲ ရတာပေါ့"

"မဖြစ်သေးပါဘူး မြေညီထပ် အခန်းကျယ်ထဲက တစ်ခန်း ရှာပေးမယ်၊ အဲဒီပြောင်းနေခိုင်းရမယ်၊ ဖိုးသားကို စိတ်မချပါဘူး။ ဝရန်တာကပြုတ်မကျလည်း လှေကားအဆင်း အတက်မှာပြုတ်ကျမှ အန်တီတို့ နောက်တစ်ခါ ရင်ကျိုးရလိမ့်မယ်"

မနောကတော့ နွေဦး ဘယ်လိုများ ဖြေရှင်းမလဲလို့ စဉ်းစားကြည့်နေမိသည်။ နွေဦးက ပြောထားတာတော့ ...

"ကိုဘိုဘို့ကို အဖြေပေးပြီးရင် သိပ်ကြာကြာ တွဲတာပြတာ လည်း မလုပ်ချင်တော့ပါဘူး။ နွေဦးက မုဆိုးမ ဖြစ်နေတာ ဆိုတော့ အများအမြင်မှာ ပြောစရာ ဖြစ်မှာစိုးတယ်။ ဒါကြောင့် ကိုဘိုဘို့ကို တိုင်ပင်ပြီး မြန်မြန်ပဲ လက်ထပ် ကြဖို့ ပြောရမှာပဲ"

ဟူ၍ သူမဘက်က အစီအစဉ်ကို ဘိုဘို မသိရသေးပေမဲ့ မနောကိုတော့ အသိပေးထားပါသည်။ ဒီတော့ တခြားယောကျ်ားတစ်ယောက်နဲ့ ထပ်အိမ်ထောင်ပြုဖြစ်တဲ့အခါမှာ ဦးအောင်ဖြိုး ဒေါ်ဆွေဇင်တို့ဟာ နွေဦးတို့ကို သူတို့စေတနာရေစီးကမ်းပြို လိုက်ပြီး ဝယ်ပေးတဲ့ အခန်းမှာ အငြိမ့်သား တက်နေတာကို ကြည်ဖြူနိုင်ပါ့မလား။





"မနော ဖုန်းဆက်တော့ ဒီနေ့ လာကြမယ် ဆိုတာပဲ သိရတယ်လေ။ နွေဦး ပါလာမလား မပါလာဘူးလားဆိုတာ မသိရဘူး။ ကားပေါ်က ဆင်းလာမှ မနောနဲ့ ဖိုးသားပဲ ဖြစ်နေတော့ စိတ်ထဲမှာ အံ့သြသွားမိတယ်။ အဲဒီ မိန်းက လေးက ဒီလောက်လေးတောင် လိုက်မလာနိုင်ဘူးဆိုတော့ ဘာတွေဖြစ်နေတာလဲ။ သူ့ကိုပစ်ပယ်ထားမိသလို ဖြစ်ခဲ့ တာကိုပဲ မကျေနိုင်၊ မချမ်းနိုင် ဖြစ်နေသေးလို့လား"

ဒေါ်ဆွေဇင်က ဖိုးသားကို အချစ်ပိုပြီး ချီနေ ချော့ နေရ၍ နွေဦး အကြောင်း သိပ်စိတ်မဝင်စားပေမဲ့ ဒီတစ်ခါတော့ ဦးအောင်ဖြိုးက စိတ်ဝင်စားပြီး မေးလေသည်။ မနောလည်း နှစ်ဦးနှစ်ဖက်ကြားမှာ အဆင်ပြေဆုံးဖြစ်အောင် စဉ်းစားပြီး ဖြေ လိုက်ရပါသည်။

"ဒီလိုရှိပါတယ် အန်ကယ်လ်။ ဟို ... ဘယ်လိုပြောရမလဲ။ နွေဦးက မနောတို့ထက်တောင် နည်းနည်းလည်း အသက် ငယ်တယ်။ ရုပ်ရည်ရော အရွယ်လေးရော ရှိတယ်ဆိုတော့ သူ့တစ်ချိန်ချိန်မှာ နောက်အိမ်ထောင်ပြုဖြစ်တဲ့အခါ ဦးအောင် ဖြိုး ဒေါ်ဆွေဇင်တို့နဲ့ ဘယ်လိုမှ ပတ်သက်တဲ့သူ မဟုတ် တော့ဘူးလို့ ပြောပါတယ်။ ဒီဘက်မိသားစုနဲ့ ပတ်သက်သူ သူဟာ ဖိုးသားပါပဲတဲ့။ ဒါကြောင့် ဖိုးသားကိုပဲ လွှတ်လိုက် ပါရစေတဲ့၊ အဲဒီလို ပြောပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား _ တရားကျစရာ ကောင်းပါ့ကွာ၊ ယောက်ျား သေတာဖြင့် မကြာသေးဘူး"

ထိုသို့ ပြောသံကြားတော့ ဒေါ်ဆွေဇင်က ဝင်ပြော လာပါသည်။

"သူက အသစ်တွေ့ထားပြီတဲ့လား"

ထိုသို့မေးသံမှာ နွေဦးကို မေးသည်ဟု မခံစားရဘဲ မနှောမှာ ကိုယ့်ကိုများ မေးသလားလို့ ထင်ယောင်ထင်မှားဖြစ် ပြီး ရုတ်တရက် မဖြေနိုင်ဘဲ နှုတ်ဆွံ့အနေမိသည်။ ဘုရားရေ _ မနှော အသစ်တွေ့နေပြီလား။ လင်းရိပ်ဟာ မနှောရဲ့အသစ်ရှာ ဖွေလိုက်တဲ့ အချစ်ရဲ့ပိုင်ရှင်လား။

မနှောသည် ထိုသို့ တွေးလိုက် မိသောအခါမှာ လင်းရိပ်ကို အလွန်အမင်း တွေ့ချင်သွားလျက် သူ့လက်မောင်း တွေမှာ ခေါင်းမှီပြီး ငိုပစ်လိုက်ချင်စိတ်တွေ ဖြစ်သွားပါသည်။

"မနှောက နွေဦး အကြောင်း 'တော်တော်လေးသိတဲ့ပုံပဲ ပြောပါဦး။ သူက အသစ်တွေ့နေပြီလား"

"အသစ်တွေ့တယ်ရယ်တော့ မဟုတ်ပါဘူး။ သူလည်း အလုပ်ထွက်လုပ်နေရပြီဆိုတော့ သူ့ဘဝအတွက် သူစဉ်းစား နေပုံပဲ။ ဒါကြောင့် အဲဒီလိုကြီးပြောထားတာ ဖြစ်မှာပါ"

"သူ အသစ်ရှာတွေ့တာ အကြောင်းမဟုတ်ဘူး။ ငါ့မြေးလေး က ပထွေးနဲ့ နေနေရမှာပေါ့"





ဘိုဘို့မှ ပထွေးစိတ် မရှိပါဘူးလို့ ပြောထွက်တော့ မလို ဖြစ်သွားပြီးမှ မနှောမှာ ပါးစပ်ကို အမြန်ဘရိတ်အုပ်ထား လိုက်ရသည်။ နွေဦး အသစ်တွေ့ထားသူဟာ ဘိုဘိုပါလို့များ သိ သွားကြရင် ဒီဘက်က တုံ့ပြန်မှုက ဘယ်လိုများ ရှိကြမလဲ။ သားဖြစ်သူရဲ့ အခင်ဆုံး သူငယ်ချင်းတစ်ယောက်နဲ့ သားဖြစ်သူရဲ့ ဇနီးဖြစ်ခဲ့ဖူးသူနဲ့ ဆိုသော အခြေအနေကို သူတို့ လက်ခံနိုင်ပါ့ မလား။ ထို့အတူပဲ မနှောအလှည့်ကျရင်ရော ...။ မနှောသည် နွေဦး အကြောင်းတွေးလိုက်တိုင်း မနှောအလှည့်ကျရင်ရောလို့ ယှဉ်၍ ယှဉ်၍ စဉ်းစားတွေးကြည့်မိနေခဲ့သော်သူမကိုယ်သူမ ဘယ်လိုအဖြေထုတ်ရမှန်းပင် မသိနိုင်တော့ချေ။

လင်းရိပ်ကို မချစ်ဘူး။ လက်မခံနိုင်သေးဘူးလည်း ဆိုသေး။ ဒါပေမဲ့ လင်းရိပ်နဲ့ မနှောဆိုတဲ့ ဆက်စပ်မှုကိုပဲ တစ် ချိန်လုံး သတိတရ ဖြစ်နေသေးပြန်သတဲ့။

"ဖိုးသားလေးက ငယ်ငယ်လေးနဲ့ မူကြိုနေနေရရှာတယ်။ ဒီလိုလုပ်ပါလား။ သူ အလုပ်သွားတဲ့အချိန် မထိန်းနိုင်ရင် အဘိုးအဘွားအိမ် လာပို့ထားလို့ မနှော ပြောပေးပါလား။ ကလေးဆိုတာ ငယ်တုန်းအရွယ်မှာ ဦးနှောက်က နုနယ် သေးတယ်။ ခံစားချက်ကလည်း နုနယ်တယ်၊ အဖေဖြစ်ဖြစ် အမေဖြစ်ဖြစ်ရဲ့ ရင်အုပ်မကွာ စောင့်ရှောက်မှု ရှိသင့်တယ်။ အန်တီတော့ ကလေးတွေကို အရွယ်မတိုင်သေးဘဲ အစော



www.burmeseclassic.com

www.burmeseclassic.com



ကြီး မှုကြိုလှတ်တာတို့၊ စာတွေဖွတ်သင်တာတို့ကို အား မပေးဘူး။ ငယ်တုန်းကတော့ မှတ်လို့လွယ်သေးတာပေါ့။ ကြီးရင် မှတ်ဉာဏ်အား နည်းသွားပြီး ဉာဏ်ထိုင်းသွားတတ်တယ်၊ အခု ဖိုးသားကို မေးကြည့်တော့ မူကြိုက တခြား ကလေးအကြီးတွေ သင်တဲ့အတိုင်း သူ့ကိုပါ ကကြီး ခခွေး သင်ပေးထားတာ တွေ့ရတယ်။ ဟယ် ... ငါ့မြေး လေး ဒီအရွယ်လေးနဲ့ စာ,ရနေပြီဆိုပြီး ဝမ်းမသာမိဘူး ကွယ်။ ကလေးကို ငယ်ငယ်လေးနဲ့ စာအသင်ခံနေရတယ် ဆိုပြီး စိတ်မကောင်း ဖြစ်သွားမိတယ်"

မနော ဒီအကြောင်းကို နွေဦးကို ပြောရင်တော့ ရမည်ဟု ယုံကြည်ကာ ပြောပေးဖို့ ကတိပေးလိုက်ပါသည်။ နွေဦး ကိုယ်တိုင်ကလည်း ဆယ်တန်းသာ မအောင်ပေမဲ့ ဒီလိုနေရာ မှာကျတော့ အတွေးအခေါ် ရှိပါသည်။

"ဖိုးသားကို ငယ်ငယ်လေးနဲ့ မူကြိုလွှတ်ထားရတာ မကောင်း မှန်းတော့ သိပါတယ်၊ ဒါပေမဲ့ မတတ်နိုင်ဘူး။ သူ့ကို ထိန်းပေးမဲ့အဖော်သာရှိရင် နွေဦး မလွှတ်ပါဘူး"

ဟု မကြာခဏပြောသံ ကြားရသဖြင့် အခုတော့ အဘိုးအဘွားတွေက ခေါ်ထိန်းပေးမည်ဆိုတာသိလျှင်တော့ ဝမ်းသာ အားရပဲ လက်ခံမည် ထင်ပါသည်။ ဒေါ်ဆွေဇင်ကတော့ ထူးထူး ဆန်းဆန်းပဲ ...



"အေးလေ ... ကိုယ့်သားက သေသွားပြီးနေပြီဆိုတော့လည်း ကျန်ရစ်ခဲ့တဲ့သူကိုလည်း ချုပ်ကိုင်ထားလို့ မရနိုင်တော့ဘူး ဆိုတာ နားလည်ပါတယ်။ အန်တီတို့ကတော့ ကိုယ့်မြေးလေး ကို မျက်နှာမငယ်ရအောင်ထောက်ပံ့မှာပါ။ ကလေးနေရထိုင် ရအဆင်ပြေအောင် မြေညီထပ်အခန်းကျယ်လေး ဝယ်ပေးမှာ လည်း ကလေးနာမည်နဲ့ပဲ ဝယ်ပေးမယ်ဆိုတော့ ဖိုးသား နာမည်ကို ဘယ်လိုပေးမလဲ၊ စဉ်းစားပါဦး အစ်ကိုအောင်"

"နေ့နံနဲ့ကိုက်ပြီး တွက်ချက်ပေးပေါ့၊ ဖိုးသားဆိုတဲ့ နာမည် ကတော့ ချစ်စနိုးခေါ်တာပဲ၊ နာမည်ရယ်လို့ သေသေချာ ချာကြီး ခေါ်တာမျိုးမှ မဟုတ်တာ"

"နွေဦးကို ပြောလိုက်ပါ၊ အန်တီတို့ ဖိုးသားကို နာမည် ပေး ကင်ပွန်းတပ်ပွဲ လုပ်ပေးမယ်လို့"

မနောမှာ ကြားထဲကနေပြီး ဒီဘက်က ပြောချင်တာ တွေ မှတ်ပေးရ၊ နွေဦး ပြောချင်တာ မှတ်ထားရနှင့် တကယ့်ကို သံတမန်လုံးလုံး ဖြစ်နေသည်။

"မနောကိုလည်း ခဏခဏ အကူအညီ တောင်းနေရတာ အားတောင်နာပါတယ်။ နောက်ဆို ဒီလိုလုပ်ကြမယ်။ ဖိုးသားကို သူ့အမေ အလုပ်သွားတုန်း ခေါ်ထားချင်ရင် အိမ်က ဒရိုင်ဘာနဲ့ အခေါ်လွှတ်လိုက်။ သူ့အမေ ပြန်ချိန် ကျမှမှန်းပြီး အိမ်ကပြန်ပို့ပေးလိုက်။ အဲဒီလို လုပ်ရင်ကောင်း

www.burmeseclassic.com



မယ်။ နောက်မို့ မနောက အမြိုကလေးသွားခေါ် လာပို့၊ ဒီက ပြန်ခေါ် ဟိုပို့ ဖြစ်နေမယ်။ အခုလည်း မနောက ပြန်ချင်ပြီထင်တယ်၊ ဒီမှာက မြေးကိုတွေ့ရတာ မဝ,သေးဘူးဆိုတော့ ဘယ်လိုလုပ်ကြမလဲ"

ဦးအောင်ဖြိုးက မနော အမူအရာကို အကဲခတ်ရင်း မေးလိုက်သည်။

"အန်ကယ်လ်တို့ ဖိုးသားကို ခေါ်ထားချင်သေးတယ် ဆိုရင်တော့ မနော ပြန်နှင့်လိုက်မယ်။ နွေဦးကို မနော ဖုန်းဆက်ပြီး ပြောထားလိုက်မယ်။ သူ အိမ်ပြန်လာချိန်ကျမှ အန်ကယ်လ်တို့ သွားပို့ပေးမယ့်အကြောင်း ပြောပေးထားမယ်ဆိုရင် ဖြစ်မလားဟင်"

"ကောင်းတာပေါ့၊ အခုတည်းက အဲဒီလို စ,လုပ်ထားရင် ပိုကောင်းတာပေါ့"

မနော နှုတ်ဆက်ပြီး ပြန်တော့မလို လုပ်သောအခါ ဒေါ်ဆွေဇင် မနောလက်ကို လာဆွဲပြီး တစ်စုံတစ်ခုကို လက်ထဲ ထည့်လျှင် ...

"ရှင် ... အန်တီ နေပါစေ၊ မနော မယူပါဘူး"

ဟု အမြန်ငြင်းလိုက်မိသည်။

မနောကို အစားပြန် ပေးမည်ဆိုသော စိန်လက်စွပ်ဘူးကို မနောလက်ထဲ အတင်းလာထည့်၍ ဖြစ်ပါသည်။





"ယူပါ မနောရဲ့။ အန်တီ ဟိုတစ်ခါ ပြန်တောင်းမိတာကလည်း အန်တီ့အဘွားတွေ အဘွားတွေ လက်ထက်တည်းက ပိုင်ဆိုင်လာတဲ့ လက်စွပ်လေးမို့ ပြန်ရချင်လို့ ပြန်တောင်းရုံသက်သက်ပါ။ မနောကို မပေးချင်လို့ မဟုတ်ပါဘူး။ ဒါကြောင့် မနောအတွက်လို့ ရည်ရွယ်ပြီး ပြန်ဝယ်ထားပြီးတဲ့ ဒီလက်စွပ်လေးကို မနော လက်ခံပါ။ သားကိုပြည့်နဲ့ ပတ်သက်ပြီး မနောမှာ အမှတ်တရလေး တစ်ခုခုတော့ ရှိထားသင့်ပါတယ် ထင်လို့ပါ"

မနောသည် ခေါင်းကို တွင်တွင်ခါရင်း ဒေါ်ဆွေဇင့်ကို ရဲရဲဝံ့ဝံ့ပင် ပြန်ကြည့်လိုက်ပါသည်။ မနောမှာ ဒီလိုပြောရဲဖို့ သတ္တိတွေ ဘယ်ကဘယ်လို ရသွားသည် မသိတော့။

"နေပါစေတော့ အန်တီ။ ကိုပြည့်နဲ့ ပတ်သက်တဲ့ အမှတ်တရဆိုတာ မနောမှာ မကျန်ရရင်လည်း မကျန်ရပါစေနဲ့တော့၊ ခုချိန်မှာ မနော အတွက် မလိုအပ်တော့ပါဘူး"

ဒေါ်ဆွေဇင်မှာ မနော၏စကားကို အဖြေရှာမရ ဖြစ်နေစဉ် မနောကတော့ ခြေလှမ်းသွက်သွက်တွေဖြင့် ကျောခိုင်း ထွက်လာပြီးနေလေပြီ။

♥ ♣ ♥

www.burmeseclassic.com

www.burmeseclassic.com



## ၁၈

ကိုပြည့် ဆုံးတာ တစ်နှစ်ပြည့်သောအခါ နွေဦးသည် ဘိုဘို့ကို တကယ်ပဲ အဖြေပေးလိုက်ပါသည်။ ထို့အတူ သူမ ဘယ်တုန်းကမှ မျက်နှာချင်းဆိုင် မဆုံရခဲ့သော ကိုပြည့်၏မိဘ တွေကိုလည်း သေသေချာချာပင် သွားဆုံတွေ့၍ စကားပြောကာ ကန်တော့ခဲ့ပြီးနောက် သူမ ဘယ်သူ့ကို ရွေးချယ်သလဲ ဆိုတာကို လည်း ကိုယ်တိုင်ဖွင့်ပြောရဲသွားပါသည်။

"ဘယ်က ဘယ်လို ရလာတဲ့ သတ္တိတွေလဲ မသိပါဘူး မ,မနော ရယ်"

ဟုလည်း မနောကို ပြန်ပြောပြပါသေးသည်။

ဘိုဘို့ မိဘအသိုင်းအဝိုင်းကလည်း စိတ်သဘော ကောင်းလှသူများမို့ နွေဦးဟာ ကလေးတစ်ယောက်အမေ မုဆိုး





ပေမဲ့လည်း သူငယ်ချင်းရဲ့မိန်းမ ဖြစ်ခဲ့ဖူးသူပေမဲ့လည်း ကြည်ဖြူ လိုက်လျောစွာ ကြိုဆိုကြသည်မို့ နွေဦး ဘဝက အခုကျတော့ အဆင် ပြေတာတွေချည်း ဆက်တိုက်ကြုံရသလို ဖြစ်နေပါသည်။

ဦးအောင်ဖြိုး ဒေါ်ဆွေဇင်တို့ကလည်း ကလေးကိုသာ အရူးအမူး ဖြစ်နေကြပြီမို့ နွေဦး နောက်ထပ်အသစ် ရှာတွေ့ပြီး အိမ်ထောင်ထပ်ပြုမှာကိုလည်း စိတ်မဝင်စားတော့။ သူမရဲ့နောက် ထပ်လက်တွဲဖော်မှာ ဘိုဘို ဖြစ်ကြောင်း သိရပြန်သောအခါမှာ အနည်းငယ် အံ့သြကြရုံကလွဲလျှင် ဘာထင်မြင်ချက်မှလဲ မပေး။

"ကလေးကို သူတို့နဲ့ အဝေးကြီးဖြစ်အောင် ခွဲမထားရင် ပြီးရော။ နွေဦး ဘဝအတွက် ဘယ်လိုပဲ ဆုံးဖြတ်ပါစေ သူတို့ ဝင်,မစွက်ဖက်ပါဘူးတဲ့။ နွေဦးဘဝကို နွေဦး ပိုင် ပါတယ်တဲ့။ အမိက,က ဖိုးသားကို သူတို့လည်း ပိုင်တယ် ဆိုတာ နွေဦး လက်ခံဖို့ပါတဲ့"

နွေဦးက ကိုပြည့် မိဘတွေဘက်မှ ပြန်ပြောသော စကားတွေကို မနောအား အသိပေးရင်း ...

"မ,မနောကရော ဘယ်လိုလဲဟင်၊ ဒီတိုင်းပဲ နေသွားတော့ မှာလား"

ဆိုသော မေးခွန်းကို အမှတ်မထင် မေးလာပါတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



မနောသည် မတွေ့ရတာ ကြာလှပြီဖြစ်သော လင်းရိပ်ကို သတိရလွမ်းဆွတ်သွားမိရင်း ...

"ဒီအတိုင်းပဲ နေလိုက်ရင် ကောင်းမလားလို့ စဉ်းစားနေမိတယ်"

ဟု လျှို့ဝှက်စွာ ဖြေမိသည်။

နွေဦးကတော့ ဘာမှ မမေးခဲ့ပေမဲ့ ဟန်နီ့လိုမျိုး ငယ်သူငယ်ချင်းအရင်းနှင့် ဆိုလျှင်တော့ မရ။ ဟန်နီကလည်း စစ်ပိုင် ပြန်ပြောထားသောကြောင့် လင်းရိပ်နဲ့ မနော ဟူသည့် ပတ်သက်မှုကို သတင်းရထားသူဖြစ်ရာ နွေဦးနဲ့ ဘိုဘိုတို့ အဆင်ပြေသွားကြပြီဟု သတင်းလည်းကြားရော မနောကို မရမက မေးလာတော့သည်။

"နွေဦးကတော့ သေသေသာသူ ကြာရင်မေ့ပစ်လိုက်ပြီ မနော နင်ကရော ဘယ်လိုလဲ၊ ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီးပြီလား"

"မဆုံးဖြတ်ချင်တော့ပါဘူး၊ ဒီတိုင်းပဲ နေချင်တယ်၊ အခု မရှာချင်တော့ဘူး"

"ဟမ်း ... အပိုတွေ ပြောမနေနဲ့။ နင့်ရုပ်ကြီး ဘယ်လိုဖြစ်နေတယ်ဆိုတာ ငါရိပ်မိတယ်နော်၊ ကိုပြည့် သေတုန်းကတောင် အဲဒီလောက်မဖြစ်ဘူး။ နင့်အနားမှာ လင်းရိပ် မရှိလည်း မရှိရော ရုပ်က ကမ္ဘာပျက်နေတဲ့ရုပ် ဖြစ်နေတယ်"





မနောက ရှက်ရယ်ရယ်ရင်း ...

"လင်းရိပ်ကို မနော မယုံရဲဘူး ဟန်နီရယ်"

ဟု ဝန်ခံမိလေသည်။

"ဒါဖြင့် စစ်ပိုင်ကိုရော၊ စစ်ပိုင်ခများ သနားပါတယ်။ ကိုပြည့်နဲ့တုန်းကလည်း ကိုပြည့်က အရင်ဦးသွားလို့ သူ တိတ်တိတ်လေး နောက်ဆုတ်ထားလိုက်ရတယ်။ အခု လင်းရိပ်နဲ့ကျတော့လည်း သူပဲ အရှုံးသမား ဖြစ်ရဦးမယ် ထင်တယ်ဆိုပြီး အသည်းတွေ ကွဲရပြန်ပြီ"

"စစ်ပိုင်ကိုတော့ မနော တကယ်သနားမိပါတယ်၊ ဒါပေမဲ့ ဘယ်လိုပြောရမလဲ။ သူ့ကို မနော ဘာ[illegible]မှချစ်လို့မရဘူး။ သူဟာ မနောအတွက်တော့ ထာဝရ သူငယ်ချင်းကောင်းတစ်ယောက် အဖြစ်ပဲ ခံစားလို့ရတယ်"

"ဒါဖြင့် လင်းရိပ် ကျတော့ရော"

မနောသည် အသက်ကို တစ်ဝကြီးရှူလိုက်မိသလို ဖြစ်သွားပြီးမှ ...

"လင်းရိပ်ကိုတော့ ချစ်တယ်"

ဟူ၍ ပထမဦးဆုံးအကြိမ် အသေအချာ ပြောလိုက်မိသောအခါမှာ မနောရဲ့ တစ်ကမ္ဘာလုံးဟာ သာယာမှုတွေနဲ့ အတိပြီးသွားသည်ဟု ထင်လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ထင်မြင်လိုက်ရသော ခဏမှာ ခံစားရတဲ့ စိတ်ချမ်းသာမှုမှာ ဘာနဲ့မှ နှိုင်းယှဉ်၍ မရလောက်အောင် ခံစားရတဲ့ စိတ်ချမ်းသာမှုမျိုး ဖြစ်နေခဲ့လေသည်။ မနောရဲ့ ရင်ထဲမှာ ရင်ခုန်သံတွေ အခုမှ အသက်ဝင်လာတော့သလို ထင်ရပေသည်။

"စစ်ပိုင် သနားပါတယ်နော်၊ နင် သူ့ကို ပြောလိုက်ပြီးပြီလား"

"မပြောသေးပါဘူး"

"အေးဟယ် ... ဒီတစ်အုပ်စုလုံးမှာ မိန်းကလေး နှစ်ယောက်တည်းပါတာပါ။ ဒါပေမဲ့ အဲဒီမိန်းကလေးနှစ်ယောက်ထဲမှာ နင့်ကိုပဲ သူငယ်ချင်းအချစ်ထက် ပိုတဲ့သူ များနေတော့လည်း ခက်တာပဲ။ စစ်ပိုင် ငါ့လာကြိုက်ရင် ငါကတော့ သူ့ကို ချစ်တာ၊ မချစ်တာထက် သနားတာနဲ့ပဲ လက်ခံလိုက်မိမှာပါ။ ဟား ဟား ... တကယ်မထင်နဲ့နော် ရယ်စရာပြောတာ။ ငါ ဘယ်သူ့ကိုမှ လက်မခံချင်ပါဘူး။ အပျိုကြီးပဲ လုပ်ချင်နေတယ်၊ တကယ်ပြောတာ"

ဟန်နီက ပြောပြီး သူမဘာသာ မျက်ရည်တွေထွက်အောင်ပြီး ရယ်နေသည်။ ဟန်နီ မျက်ရည်ဝဲတော့မှ မနောဟာ ဟန်နီ့အချစ်ကို လေးစားသွားပါသည်။ တကယ်တော့ မနောတို့





နွေဦးတို့ ကိုပြည့်ကို ချစ်ခဲ့သော အချစ်ထက် ဟန်နီ တိတ်တဆိတ် ချစ်ခဲ့တဲ့ အချစ်က ပိုပြီးပမာဏကြီးမားကာ စစ်မှန်ခဲ့ကြောင်း အခုတော့ မနော အဖြေရှာထုတ်နိုင်ခဲ့လေပြီ။

မနောတို့ နွေဦးတို့က အစားထိုးပြီး ချစ်ရမဲ့သူတွေ ထပ်ရှာတွေ့နိုင်ခဲ့သလောက် ဟန်နီကတော့ ဘယ်သူ့ကိုမှ အစားထိုး၍ မရခဲ့ဘဲ ကိုပြည့် တစ်ယောက်တည်းကိုသာ တမ်းတလွမ်းဆွတ်၍ ကောင်းနေဆဲ ဖြစ်လေသည်။

"လင်းရိုပ်ကလည်း သူငယ်ချင်းတွေနဲ့ လုံးဝကိုအဆက်ပြတ်သွားတာနော်"

"အဆက်ပြတ်သွားတာလား ဒါမှမဟုတ် ရောက်တဲ့နေရာမှာ ဇာတ်လမ်းလုပ်တတ်တဲ့ သူဆိုတော့ ဘယ်ကောင်မလေးနဲ့များ ဇာတ်လမ်းအသစ် ဖြစ်နေပြီလဲ မသိဘူး"

မနော ထိုစကားကို ဖျတ်ခနဲ ပြောထွက်သွားမိပြီးမှ တကယ်လည်း လင်းရိပ် အဲဒီလို ဖြစ်နေပြီလားလို့ တွေးကြည့်လိုက်မိသောအခါ ရင်ထဲမှာ ပူလောင်လာပါသည်။ လင်းရိပ်ဆီက ကြားရခဲ့ဖူးသော "အချစ်"ဆိုသော အရာသည် မနော တစ်ယောက်တည်း အတွက်သာ ဖြစ်စေလိုသော အတ္တတစ်ခုက ချက်ချင်းဖြစ်လာသောအခါ မနောသည် ချက်ချင်းပဲ လင်းရိပ်တို့ကြား တွေ့လိုက်ချင်စိတ်တွေ ဖြစ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မနောသည် ကိုယ့်ကိုယ်ကိုယ် ဝေဖန်ကြည့်ရရင်တော့ အင်မတန်မှ ဝေခွဲမရဖြစ်ပြီး တွေဝေတတ်သော၊ ဆုံးဖြတ်ချက် မပြတ်သားသော မိန်းမတစ်ယောက်သာလျှင် ဖြစ်ခဲ့ပြန်သည်။ လင်းရိပ် ဘယ်ရောက်နေသလဲ ဆိုတာ သူ့မိဘတွေရဲ့ ရုံးခန်းမှာ သွားစုံစမ်းပြီး ဆက်သွယ်လျှင် ရရက်သားနဲ့ မဆက်သွယ်မိဘဲ တိတ်တဆိတ် လွမ်းကြည့်နေဖို့ကိုသာ အမြဲဆုံးဖြတ်မိသေးသူ ဖြစ်နေခဲ့ပြန်သည်။

မနောက တွေဝေခဲ့သလောက် နွေဦးကတော့ အပြတ်သားဆုံးပင်ဆုံးဖြတ်ကာ ဘိုဘို့ကို အဖြေပေးပြီး ခြောက်လလောက်အကြာမှာတော့ လက်မှတ်ထိုး လက်ထပ်တော့မည့်အကြောင်းအားလုံးကို ကြေညာရဲခဲ့သည်အထိ ပြတ်သားသူသာဖြစ်သည်။

♥ ♣ ♥





## ၁၉

သူတို့နှစ်ဦး မနက်က ရုံးမှာသွားလက်မှတ်ထိုးကြသောအခါ မနောက နွေဦးဘက်မှ အသိသက်သေဖြစ်ခဲ့ပြီး စစ်ပိုင်က ဘိုဘို့ဘက်မှ အသိသက်သေအဖြစ် လုပ်ပေးပါသည်။ ဟန်နီက ဖိုးသားကို ထိန်းပေးရင်း ရုံးအပြင်မှာ စောင့်ပေးနေခဲ့သည်။ လက်မှတ်ထိုးခြင်းကိစ္စ ပြီးသောအခါ ရုံးအပြင်ထွက်ကြလျှင် အားလုံး မျှော်လင့်မထားသော လင်းရိပ်ကို ကင်မရာတစ်လုံးနဲ့ ကြိုစောင့်နေတာ တွေ့လိုက်ကြရသည်။

"ဟာ ... လင်းရိပ်ကြီး ဘယ်ကဘယ်လို သတင်းကြားပြီး ရောက်လာတာလဲ"

ဘိုဘိုက ဝမ်းသာအားရ ပခုံးဖက်ပြီးမေးလျှင် ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းပဲ ငါ့အစ်ကိုတွေဆီမှာ စာလာပေးထားတော့ သူတို့ လူကြုံရှိတာနဲ့ စာကိုထည့်ပေးလိုက်ကြတယ်။ စာရရချင်း ငါ အမြန်ဆုံး အမီရောက်အောင် ပြန်လာခဲ့တာပဲ။ ငါ အခု မနက်ကမှ ရန်ကုန် ရောက်တာ။ တစ်ညလုံး မအိပ် ဘဲ ကားကိုယ်တိုင်မောင်းပြီး ဆင်းလာတာလေ"

မနောသည် ခပ်ချောင်ချောင် ဖြစ်နေပြီး မျက်လုံးတွေ နီနေသော လင်းရိပ်၏ မျက်နှာချောချောကို ခိုးငေးကြည့်ရင်း ရင်ထဲမှာ ငိုချင်လာသည်။ သူ ငါ့ကို တကယ်မချစ်ပါဘူး အကြာကြီး ခွဲထားနိုင်သားပဲ။

"ငါ့သူငယ်ချင်းထဲက တစ်ယောက်ရဲ့ပွဲဆိုတော့ မဖြစ်မနေ လာရမယ်။ လာသင့်တယ် လာလည်း လာချင်တယ်ဆို တော့ ဘာမှစဉ်းစားမနေတော့ဘဲ ဆင်းချလာတာကွာ။ ဟိုက အလုပ်တွေအကုန် တိုးလိုးတန်းလန်းမို့ မနက်ဖြန် မနက် ပြန်သွားဖို့ စီစဉ်ခဲ့ရတယ်"

"ဘာတွေ အလုပ်များလို့လဲ"

"မင်း မသိဘူးလား။ အဖေတို့ကပြင်ဦးလွင်မှာပဲ ခြံအကျယ် ကြီးတစ်ခြံ ဝယ်လိုက်တယ်ကွာ၊ ခြံဆိုတာ တကယ့်ခြံရိုင်း ကြီးပဲ။ မြက်တောနဲ့ သစ်ပင်တွေပဲရှိတယ်။ အဲဒီခြံရိုင်းကြီး ကို ရုပ်ရှင်စတူဒီယိုခြံလုပ်မှာမို့ ငါပဲ ဦးစီးပြီး ပြုပြင်တည်





ဆောက်နေရတာပေါ့ကွာ။ ရန်ကုန်မှာ အခုဆို တအားကို ပူပူလာပြီကွ။ တစ်နှစ်နဲ့ တစ်နှစ်တောင် မတူဘူး။ ဟိုမှ လာတော့ တစ်နှစ်ရဲ့လအတော်များများကို ပြင်ဦးလွင်လို အေးချမ်းပြီး ရာသီဥတုကောင်းတဲ့ နေရာမှာပဲ အလုပ်လုပ် ရတာ ကောင်းတဲ့သဘော ဖြစ်နေတယ်။ ဒါကြောင့် အဲဒီ မှာ အခြေချသင့်သလောက်ချပြီး ဝယ်သင့်တာ ဝယ်တဲ့ သဘောပဲ"

"အခြေချနေပြီဆိုတော့ ဟား ဟား ... ဘာလဲ မင်းဝါ အခြေကျပြီလား"

စစ်ပိုင် မေးလိုက်သော စကား၏အဖြေကို မနော သည် မမျှော်လင့်ရဲသလိုလို၊ မျှော်လင့်သလိုလို ဖြစ်လျက် နားစွင့် ထားမိပြန်သည်။

စစ်ပိုင် မေးပေမဲ့ လင်းရိပ် မဖြေပါ။ ဘိုဘိုနဲ့ နွေဦး တို့သာ ...

"မင်းတို့ကို လက်ဖွဲ့စရာအနေနဲ့ အကောင်းဆုံးက အမှတ် တရပုံတွေ ရိုက်ပေးဖို့ပဲ စဉ်းစားလို့ရတယ်၊ ကဲ ... ရိုက် ရအောင်ကွာ"

ဟုဆိုကာ ဗဟိုတရားရုံးကြီး နောက်ခံထားပြီး ဓာတ်ပုံအမျိုးမျိုး ရိုက်ပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေနဲ့လည်း တစ်စုတစ်စည်းတည်းရှိက်မို့ အလှည့်ကျတော့ အောက်တိုခလုတ်ကို နှိပ်ထားပြီး လင်းရိပ်က ပါ အပြေးဝင်ရပ်၍ အရိုက်ခံလိုက်ရပဲမို့ အဆင်ပြေပါသည်။

လင်းရိပ်သည် မနောကိုတော့ ...

"ဘယ်လိုလဲ မနော၊ အခု ဘာလုပ်နေလဲ"

လို့ ခတ်ပုံတွေ အားလုံးရိုက်အပြီးမှာ စတင်၍ နှုတ်ဆက်မေးမြန်းပါသည်။

မနောသည် လင်းရိပ်ရဲ့ အမှုအရာတွေ အရင်က လောက် နွေးထွေးမနေတော့ဘူးလို့ အကဲခတ်မိရင်း ကြေကွဲနေပေမဲ့ ဟန်ဆောင်ရယ်ပြုံးလိုက်ပြီးလျှင် ...

"အလုပ်မရှိပဲ ဒီအတိုင်း လေနေရင် မကောင်းဘူးထင်လို့ ကုမ္ပဏီတစ်ခုမှာ ဝင်လုပ်လိုက်တယ်လေ၊ ဒါပါပဲ၊ တစ်နေ့ တစ်နေ့ မနက်အလုပ်သွား၊ ညနေ အလုပ်ပြန်၊ ရုံးပိတ်ရက် ကျ အပျင်းပြေလျှောက်သွားပေါ့၊ မိန်းကလေး တစ်ယောက် အတွက် ဒါ့အပြင် ဘာမှလုပ်စရာလဲ မရှိတာမို့ ဒီလိုနဲ့ပဲ တစ်နေ့ပြီးတစ်နေ့ ကုန်နေရတယ်လေ"

မနော၏အဖြေကို လင်းရိပ်လည်း ခပ်ပြုံးပြုံး ခေါင်းညိတ်ပြီး နားထောင်နေလေသည်။





မနော ချစ်တဲ့သူ မတွေ့သေးဘူးလားလို့ မေးလိုက်ချင်ပေမဲ့ မမေးချင်။ မမေးချင်တာလား မမေးရဲတာလား မသေချာ။ မနော နှုတ်ဖျားမှ လူတစ်ယောက်ကို ချစ်နေမိပါပြီ၊ အဲဒီလူဟာ လင်းရိပ်တော့ မဟုတ်ဘူး ဟူသည့် စကားကို မကြားရဲပြန်ပါ။ လင်းရိပ်သည် အချစ်နဲ့ပတ်သက်ရင် အတွေ့အကြုံ မရှိတာလည်း မဟုတ်ပါဘဲ မနောနဲ့ကျမှ အချစ်ကြောင့် အလူးအလဲ ခံစားရခြင်း ဆိုတဲ့ ခံစားချက်ကို ကြုံဖူးတာမို့ အနည်ထိုင်စ နှလုံးသားမှာ နောက်တစ်ခါထပ်ပြီး ခံစားရမှာကို ကြောက်နေမိတာမျိုးဖြစ်သည်။

"မနောကိုပဲ မေးနေ၊ နင်ကရော ဘယ်လိုလဲ"

"ဘာကို ဘယ်လိုလဲ မေးတာလဲ"

"ပြင်ဦးလွင်မှာပဲနေပြီး ရုပ်ရှင်လုပ်ငန်းပဲ အပြီးလုပ်တော့ မှာလား"

"ပြင်ဦးလွင်မှာ အမြဲမနေဖြစ်ပါဘူး၊ တစ်နှစ်လုံး ခရီးထွက် နေတာပဲ။ ဓာတ်ပုံတွေ လျှောက်ရိုက်နေတာပဲလေ"

"ချင်းမိုင်ပွဲက ဘယ်လိုနေလဲ"

"မဆိုးပါဘူး၊ နည်းနည်း လူသိသွားတဲ့ သဘောမှာရှိတယ်"

"နောက်ထပ် ဘယ်မှာပြဦးမလဲ"

"ချင်းမိုင်ကိုပဲ ထပ်သွားဖို့ရှိတယ်၊ ငါ့မိတ်ဆွေတွေက ယိုးဒယားတွေ များတယ်လေ။ သူတို့နဲ့ပဲ အဆက်အသွယ်



www.burmeseclassic.com

www.burmeseclassic.com



ရှိတော့ သူတို့ခေါ်တဲ့နေရာ သွားရတာပေါ့။ ဟဲ ဟဲ နင် ယုံမလားတော့ မသိဘူး။ ပထမဆုံး ပြပွဲချင်းပွဲမှာ ငါ ဓာတ်ပုံ နှစ်ပုံတောင် ရောင်းခဲ့ရတယ် ဆိုတော့ မဆိုးဘူးပေါ့၊ ငါလိုလူသစ်အနေနဲ့ အားတက်စရာပေါ့"

"တကယ်တော့ နင်က တော်ပါတယ် လင်းရိပ်ရယ်၊ ဘယ်တစ်ခုကိုမှ စိတ်ဝင်တစား အတည်တကျ မလုပ်ကြည့်လို့ပါ။ နင် အခုလို သေသေချာချာ လုပ်လိုက်ပြော့လည်း အောင်မြင်မှု ရတာပဲ မဟုတ်လား"

လင်းရိပ်သည် သူ ဘာကြောင့် အလုပ်ကို အတည်တကျ ဖွံ့ဖွံ့ဖြိုးဖြိုး လုပ်လာမိသလဲ ဆိုတာရဲ့ အကြောင်းပြချက်ကို မနောအား ရုတ်တရက် ပြောလိုက်မိသည်မှာ ...

"တကယ်တော့ အလုပ်တွေ ဖိလုပ်နေရင်ပေါ့ စိတ်ဝင်စားစရာ တစ်ခုခုကို မဲလုပ်နေရင်ပေါ့လေ။ အသည်းကွဲနေတဲ့ ခံစားချက်တွေများ သက်သာမလားဆိုပြီး လုပ်နေခဲ့မိတာပဲ၊ ဒါမှ ခံစားရတာ နည်းနည်းသက်သာတယ်လို့ ထင်တယ်လေ"

ဟူသော ရင်ထဲမှာ ရှိနေသည့် ဝန်ခံချက်တွေပဲဖြစ်ပါသည်။

"နင် ဘယ်သူ့ကြောင့် အသည်းကွဲဖူးလို့လဲ"



မနောသည် ဖျတ်ခနဲ ကောက်မေးလိုက်ပြီးမှ မေးမိတာ မှားသွားပြီလားလို့ တွေးလျက် လင်းရိပ်ကို အကဲခတ်လိုက်သောအခါ မယုံကြည်စရာကောင်းလောက်အောင်ပင် တွေ့လိုက်ရသော လင်းရိပ် မျက်နှာမှ ကြေကွဲမှုတို့အတွက် မနောမှာ နှုတ်ဆွံ့အ,သွားရပါသည်။ သူ ငါ့ကြောင့် ဒီလောက်ထိ ခံစားနေရဆဲလားဟု မယုံနိုင်သောအတွေးကို ဆက်တိုက် တွေးမိသလို ရင်ထဲမှာ လှပ်ခနဲ လှပ်ခနဲ နေအောင် ရင်ခုန်ကျေနပ်ရတာလည်း အသေအချာပင် ဖြစ်တော့သည်။

မနော မေးခဲ့သော မေးခွန်းကို လင်းရိပ် ဖြေဖို့အချိန်လည်း မရှိတော့။ ချက်ချင်းလည်း မဖြေခဲ့နိုင်ပါ။ သူငယ်ချင်းတွေ အကုန်လုံး ငှားထားသော တောင်းအော့(စ)ကားပေါ် တက်ထုန်ကြပြီမို့ ဖြစ်ပါသည်။

ဘိုဘိုနဲ့ နွေဦးတို့က မင်္ဂလာဦးအလှူအဖြစ် မိဘမဲ့ကျောင်း၊ ဘိုးဘွားရိပ်သာနှင့် ဘုန်းတော်ကြီးပညာသင်ကျောင်းသည့် သုံးနေရာကို အလှူငွေသွားပေးကြမှာမို့ အစတည်းက ကြိုတင်ပြီး ကားငှားထားလေသည်။ ဘယ်သူမှ တကွဲတပြားစီ ကိုယ့်ကားနှင့်ကိုယ် သွားစရာမလိုအောင် တောင်းအော့(စ)တစ်စီး ငှားထားလိုက်သဖြင့် မနက်ကထွက်လာကြတော့ အကုန်လုံး ဒီကားပေါ် တက်လိုက်လာရုံပင်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူငယ်ချင်း အကုန်လုံးက တစ်စီး လင်းရိပ်ကတော့ နောက်မှလိုက်လာ၍ သူ့ကားဖြင့် တစ်စီးသတ်သတ် နောက်ကမောင်းပြီး ပါလာခဲ့ပါသည်။

"အတော်ပဲ လင်းရိပ်ကြီးပါ ရောက်လာတယ်ဆိုတော့ ညကျရင် သွားစားကြမဲ့ ဒင်နာမှာ ငါတို့သူငယ်ချင်းတွေ ဆုံကြရပြီပေါ့"

ဘိုဘိုက ဝမ်းသာစိတ် အခံဖြင့် လင်းရိပ် ညဘက် ဒင်နာမှာရှိမည့်အတွက် ပိုပြီးဝမ်းသာသလိုဖြင့် ပြောရင်း ...

"ဘယ်လိုလဲ မနော။ နင် အသေအချာ ဆုံးဖြတ်ဖို့လိုပြီနော်"

ဟု မနောကိုပါ ဆက်၍အကြံပေးချင်သလို စ,ပြောလာသည်။

"ဘာဆုံးဖြတ်ရမှာလဲ"

"မသိချင်ယောင်ဆောင်မနေပါနဲ့ မနောရာ၊ လင်းရိပ် နင့်ကြောင့် အသည်းကွဲနေတာလေ"

စစ်ပိုင်က အခုကျတော့ အသည်းကွဲခဲ့ဖူးသူဟာ သူမဟုတ်တဲ့အတိုင်း ဝင်ပြောပေးသဖြင့် မနော စစ်ပိုင်ကို မျက်လုံးပြူးကြည့်မိသည်။ ထိုအခါ စစ်ပိုင်က အေးချမ်းစွာပြုံးရင်း ...





"ငါ နားလည်ပါတယ် မနောရယ်။ အချစ်ဆိုတာ အောင် ဖန်တီးယူလို့ မရဘူးလေ၊ ငါလိုချင်တဲ့ အချစ်မျိုး နင် ငါ့ ကို မပေးနိုင်ခဲ့ဘူးဆိုတာ ငါ နားလည်ပြီးသားပဲ။ ဒီတော့ နင် ပေးနိုင်တဲ့သူကို ပေးလိုက်ပါ၊ လင်းရိပ်နဲ့ ထိုက်တန် ပါတယ်။ လင်းရိပ် ရသင့်ပါတယ်။ နင့်ကြောင့် သူဘယ် လောက်ထိ အဝေးကို လွင့်သွားရသလဲ နင်သိမှာပါ"

ဟန်နီက စစ်ပိုင်ကို မညှာမတာပင် လက်သီးဖြင့် ကျောကို အုန်းခနဲ ထုချလိုက်ရင်း ...

"သူများအတွက်ကျ အပြောကောင်းပြီး နင့်အတွက်တော့ အပြောမကောင်းဘူးနော် စစ်ပိုင်။ ဘယ်လိုကောင်လဲမသိ ဘူး၊ အသည်းကွဲခဲ့ဖူးတာ သူ့မဟုတ်တဲ့အတိုင်း"

ဟု တစ်ဆက်တည်းပါပြောလျှင် မနောမှာ စစ်ပိုင် ကို အားနာသလို ကြည့်မိသည်။ ဒီသူငယ်ချင်း အုပ်စုကြီးက တစ်ယောက်နဲ့ တစ်ယောက် ဆက်ဆံရာမှာ အင်မတန်မှ ပွင့်လင်း သွက် ရင်ထဲမှာ ရှိတာကို ရှိတဲ့အတိုင်း ပြောတတ်ကြသည်မို့ အခုလည်း မကွယ်မဝှက် ပြောနေကြတာမျိုး ဖြစ်နေသည်။

"မနော စိတ်မကောင်းပါဘူး စစ်ပိုင်ရယ်၊ နင်ပြောသလို ဖန်တီးလို့ရရင်၊ ဖန်ဆင်းလို့ရရင် နင့်ကို ချစ်နိုင်မဲ့အချစ် ကို မနော ဖန်တီးကြည့်မိမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



စစ်ပိုင်က မနောကို နားလည်ခွင့်လွှတ်သလိုကြည့်၍ မနော၏ငယ်ထိပ်ကိုဖိလျက် လှုပ်ယမ်းလိုက်ပြီး ...

"ဘာမှ စိတ်မကောင်း ဖြစ်မနေနဲ့၊ နင် စိတ်ချမ်းသာရင်ငါလည်း စိတ်ချမ်းသာတယ်လို့ပဲ မှတ်လိုက်။ ဒါပေမဲ့ လင်းရိပ်ကိုတော့ ပစ်မထားပါနဲ့။ သူတစ်ယောက်တည်း အဝေးကြီးမှာ ဖြစ်နေပြီ"

"အမယ် ... နင်တို့က လင်းရိပ် အဝေးရောက်ရတာဲ မနောကြောင့်ထင်နေ။ သူက ရောက်ရာအရပ်မှာ ဖာတ်လမ်းရှိတတ်တဲ့ကောင်။ အဲဒီအရပ်မှာ သူ့ဖာတ်လမ်း ရှိနေလို့ သူပျော်နေတာရော မဖြစ်နိုင်ဘူးလား"

"ဒါကတော့ နင် အသိဆုံးပါ၊ နင့်ကို အခု သူကြည့်တဲ့ အကြည့်ထဲမှာ ဘာတွေပါမလဲဆိုတာ နင် သိမှာပါ"

ဟု ဘိုဘိုက ကဗျာဆန်ဆန် ဝင်ပြောလျှင် နွေဦး အပါအဝင် အားလုံးက အူးခနဲ ပိုင်းအော်နောက်ပြောင်လိုက်ကြပါသည်။ ဒီရှေ့ကားက အသံတွေ ဆူဆူညံညံ စီခနဲထွက်လာသံ ကြားရတော့ လင်းရိပ် ကားက နောက်မှတစ်ချက် ဟွန်းသံပြီး ဘာတွေဖြစ်နေကြတာလဲ ဆိုတဲ့ အဓိပ္ပာယ်မျိုး လုပ်ပြသည်။

နွေဦးကတော့ မနောတို့ သူငယ်ချင်းအုပ်စုကို အားကျသလိုအသံဖြင့် ...



"မ,မနောတို့ အုပ်စုကြီးကို နွေဦး စ,တွေ့ကတည်းက သိပ်အားကျမိတယ် သိလား။ သူငယ်ချင်း တစ်ယောက်ရဲ့ ကိစ္စဆိုရင် ဘယ်သူပဲဖြစ်ဖြစ် စိတ်ပါလက်ပါ ဝိုင်းဝန်း တတ်ကြတာကို သိပ်အားကျတာပဲ။ အခုလည်းကိုလင်းရိပ် က မ,မနောကြောင့် အသည်းကွဲပြီး ဘယ်လောက်ပဲ အဝေးရောက်နေနေ ကိုဘိုဘိုနဲ့ နွေဦးသတင်းလည်းကြား ရော ချက်ချင်းရောက်လာတာပဲနော်"

မနောကလည်း လက်အသာကာရင်း ...

"ကဲ ... ကဲ ... တော်ပါတော့၊ တော်ပါတော့။ မနောကြောင့် လင်းရိပ် အသည်းကွဲနေတယ်ဆိုတဲ့ စကားကို လှုံတိုင်း ပြောနေတာတွေ တော်ပါတော့။ အခုချိန်ကစပြီး လင်းရိပ် အသည်းမကွဲစေရတော့ပါဘူးလို့ ကတိပေးတယ်၊ ကဲ ... ကျေနပ်ကြပြီလား"

ထိုသို့ ကြေညာလိုက်သောအခါ အားလုံး ဟေးခနဲ အော်လိုက်ကြပြန်သည်။ လင်းရိပ်ကတော့ နောက်တစ်ကားထဲမှာရှိနေသည်မို့ ရှေ့ကား အသံဆူနေတာကြားလျှင် ဘိုဘိုတို့ အလွန်ပျော်နေကြသည်ဟုပင် ထင်ပါလိမ့်မည်။

"လင်းရိပ်ကို ဘာမှကြိုမပြောကြနဲ့ဦးနော်"

www.burmeseclassic.com

www.burmeseclassic.com



မနော ထိုသို့ တားမြစ်ထေးလျှင် အားလုံး အလိုက် သိစွာ ခပ်ခွာကြဖို့ ကတိပေးပါသည်။


"မနော ... ငါ, နင့်ကို ကတိပေးတယ် သိလား၊ နင်တာ ခုချိန်ကစပြီး ငါ့ညီမလေးတစ်ယောက်လို ချစ်ရမဲ့သူဖြစ် သွားပြီလို့"

စစ်ပိုင်သည် အားလုံးရှေ့မှာပင် မနော အပေါ် သူ ရဲ့သဘောထားကို ပြင်ဆင်လိုက်ပြီဖြစ်ကြောင်း ပြောသောအခါ လင်းရိုပ်တစ်ယောက်သာ ဘာမှ နားမလည်စွာ နားထောင်နေခဲ့သူ ဖြစ်နေခဲ့သည်။

♥ ♣ ♥







# ဖန်ဆင်းလို့ မရနိုင်သော...

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၂၀

လင်းရိပ်သည် သူ့ရဲ့ဓာတ်ပုံကူးဆေး အလုပ်ခန်းမှာ ဝင်ပြီး လိုအပ်တာတွေ၊ လိုမယ်ထင်တာတွေ ထပ်ယူထည့်သိုပြီးသောအခါ အခန်းလေးကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ ဘယ်အရာမှ ခြေရာလက်ရာမပျက်ဘဲ ရှိနေဆဲဖြစ်သော မနော့ထိုင်နေကျ ထိုင်ခုံလေးရှိဆဲ၊ မနော ကော်ဖီခွက် တင်,တင်ထားတတ်၍ ကော်ဖီဖင်အဝိုင်းနေရာ အကွင်းလေးဖြစ်ကာ စွဲကျန်နေသော မှန်စားပွဲလေးလည်း ရှိဆဲ။ တစ်ခါက လင်းရိပ်ပုံကို မနော့ရိုက်ယူပြီး ချက်ချင်းကူးယူကာ ရယ်စရာလုပ်လျက် လင်းရိပ်ပုံမှာ ဘောလ်ပင်ဖြင့် မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေ၊ မျက်ခုံးထူကြီးတွေ အစွယ်ကြီးတွေ၊ လက်သည်းရှည်ကြီးတွေ လျှောက်ဆွဲကာ



မနော ပုံပြောင်းပေးခဲ့သော ဓာတ်ပုံကလည်း အံဆွဲထဲမှာ ဒီအတိုင်းလေး ရှိနေဆဲ။ လင်းရိပ် မရှိတော့တဲ့ နောက်ပိုင်းမှာ မနော ဒီကိုတစ်ရက်မှကို မလာဘူးထင်ပါရဲ့။ ဘာမှ ခြေရာလက်ရာမပျက်ဘဲ အားလုံး ဒီအတိုင်းက ဒီအတိုင်းပဲ ရှိနေဆဲမို့ လင်းရိပ်သည် ဒါတွေကို အမှတ်တရအနေနဲ့ မဖျောက်ပစ်ချင်တာနဲ့ ခုထိမဖျောက်ပစ်မိသေးပါ။

လင်းရိပ် ရန်ကုန် ဆင်းလာတဲ့အခေါက်တွေမှာ ဒီအလုပ်ခန်းကို တစ်ခါတော့ ဝင်ပေမဲ့၊ ဝင်တိုင်းလည်း လင်းရိပ်နဲ့ မနော နောက်ဆုံးအတူတူ ရှိခဲ့တဲ့နေ့က ပုံစံအတိုင်း တွေ့ရပေမဲ့ ဘယ်တုန်းကမှ ဒါတွေကို ဖျောက်ဖျက်ပစ်လိုက်ဖို့ စိတ်မကူးခဲ့ချေ။ အခုလည်း ဒီအတိုင်းလေးပဲထားလိုက်ကာ လင်းရိပ်သည် အလုပ်ခန်းထံခါးကို ဆွဲပိတ်လိုက်ပါသည်။

မနက်ငါးနာရီသည် ဘတ်စ်ကားတချို့နှင့် ကားတချို့ သွားလာလှုပ်ရှားစ,ပြုနေသည်ကလွဲရင် ရန်ကုန်မြို့ကြီးဟာ တိတ်ဆိတ်နေဆဲ။ လှုပ်ရှားသက်ဝင်မှု နည်းနေဆဲ ဖြစ်ပါသည်။ လင်းရိပ်သည် မနေ့ကတော့ ဘိုဘို့ပွဲကို အမှတ်တရ ရောက်လာပေးခဲ့ကာ ဒီနေ့မနက်မှာတော့ ရန်ကုန်ကနေ ပြန်ထွက်သွားဦးမှာ ဖြစ်လေသည်။ ရန်ကုန်မှာ ရှိနေရင် မနောနဲ့ တွေ့ချင်နေဦးမယ်။ မနောနဲ့ နီးနီးလေးရှိနေမှန်းသိလို့ မနောကို ခဏခဏ ပြန်မဆုံ

www.burmeseclassic.com



တောင် မကြာခဲဏတော့ ပြန်ဆုံရဦးမှာမို့ မနောကို မေ့ဖို့မလွယ်ဘူး ထင်တာကြောင့် ဝေးတဲ့ တစ်နေရာမှာ သွားနေဖို့သာ စိတ်ကို ဆုံးဖြတ်ထားမိလေသည်။

လင်းရိပ်သည် ကားတံခါးကို ဖွင့်ဝင်လိုက်ပြီး မောင်းသူနေရာမှာ ဝင်ထိုင်လိုက်သည်။ ကားစက်နှိုးလိုက်သောအခါ ကားနောက်ခန်းမှ အသံတစ်သံလိုလို ကြားလိုက်ရသည်ဟု ထင်သဖြင့် အလန့်တကြား လှည့်ကြည့်လိုက်မိလေသည်။

"ဟင် ... မနောဝါလား"

မနောသည် ကားနောက်ခန်းမှာ ပုဝင်ထိုင်နေရာမှ လင်းရိပ် တွေ့သွားသဖြင့် ခေါင်းထောင်ပြီး ထ,ထိုင်လိုက်သည်။

"ငြိမ်ငြိမ်နေမလို့ပါပဲ မရဘူး။ ခြင်တွေက တအားဝိုင်းကိုက်တော့ လုံးဝငြိမ်လို့မရတော့ဘူး"

မနောသည် ရယ်ကျဲကျဲဖြင့် ဖြေသည်။

"ဘယ်လိုလုပ် ကားထဲရောက်နေလဲ"

"ကားသော့မှ မပိတ်ခဲ့တာ။ တံခါးဖွင့်ပြီး ဝင်ထိုင်နေရုံပေါ့"

"ဘယ်တုန်းက ဝင်ထိုင်နေတာလဲ"

"အခုလေးတင်လေ"

"ငါ ဒီအခန်းရှေ့မှာ လာရပ်မှလား"



"ဒါပေါ့"

"ငါ ဒီအချိန် ဒီလာမယ်လို့ ညက ပြောမိလို့လား"

"မနောကို ပြောတာမဟုတ်ဘူး။ စစ်ပိုင်တို့ကို ပြောရင်း နှုတ်ဆက်သံကြားလိုက်လို့"

ညက ညစာစားပွဲအပြီးမှာ စစ်ပိုင်တို့နဲ့ လမ်းခွဲခါနီး သူတို့က ...

"မင်း မနက် ဘယ်အချိန် ဒီကထွက်မှာလဲ"

ဟု မေးခဲ့တာကို သတိရသွားသည်။

"မနက် ငါးနာရီလောက်တော့ ထွက်မယ်၊ မထွက်ခင် အလုပ်ခန်းမှာ လိုချင်တာလေးတွေ ဝင်ယူလိုက်ဦးမယ်လို့ ပြောခဲ့တယ်လေ"

မနောက လင်းရိပ် ဖြေခဲ့တာကို ပြန်ရွတ်ပြပါသည်။

"လင်းရိပ် ထွက်သွားတာကို မမီလိုက်မှာစိုးလို့ တစ်ညလုံး စိတ်ပူပြီး အိပ်မပျော်ဘူး၊ အလာန်းမ်(alarm)ပေးပြီး လေးနာရီမှာ ထရမှာပေမဲ့ စိတ်ထဲမှာ မမီမှာဘဲ တွေးပူနေတော့ ဘယ်လိုမှ အိပ်မရခဲ့ဘူး"

"ဘာဖြစ်လို့လဲ ... ဘာဖြစ်လို့လဲ။ ဟာကွာ မနောရာ ငါ့ကို မဟောဋ္ဌိမလုပ်ပါနဲ့ ငါ့ကိုဘာကြောင့် လာတွေ့ရတာလဲ၊ ပြောပါ၊ ငါ အရမ်းသိချင်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



မနောက လင်းရိပ် မေးတာ မဖြေဘဲ မေးခွန်းတွေ ပြန်ထုတ်နေပြန်သည်။

"နင် အဝေးကြီးကို ပြန်ထွက်သွားဖို့ တကယ်ဆုံးဖြတ်ပြီး သားလား"

"ဟုတ်တယ်လေ၊ ဆုံးဖြတ်ပြီးပြီ၊ ဘာလို့ထပ်မေးနေတာလဲ"

"အဝေးကြီးမှာ သွားနေတိုင်း နင့်လိုပဲ မေ့ထားချင်တာ တွေရှိရင် မေ့ထားလို့ရမယ်ထင်လို့ မနောလည်း အဝေးကြီးကို ထွက်သွားချင်တယ် ဆိုရင်ရော ...။ နင် ဘယ်လို ပြောမလဲ လင်းရိပ်"

လင်းရိပ်မှာ မနော ပြောနေတာတွေ နားမလည်နိုင်လောက်အောင် ဖြစ်နေသည်။ သို့သော် ပြောချင်သောစကားတွေကို ပြောစရာမလိုဘဲ တစ်ချက်လေး ကြည့်ရုံနဲ့ ရင်ထဲမှာ ဘာတွေပြောချင်သလဲဆိုတာ သိနိုင်သည့် မနောရဲ့ သိပ်လှပသော မျက်ဝန်းအကြည့်ကိုလည်း နားလည်နေသလိုလို ဖြစ်နေပြန်သည်။

လင်းရိပ်သည် ပျောက်ဆုံးသွားခဲ့ပြီး သူ ဘယ်တော့မှ မရနိုင်ဘူး ထင်ခဲ့သောအရာကို ရတော့မှာလားရယ်လို့ ဇဝေဇဝါ တွေးမိလိုက်သောအခါ ရင်ခုန်သံတွေ မြန်သွားပါသည်။

"မနောလည်း အဝေးကြီးကို ထွက်သွားချင်နေတယ်။ ဒါကြောင့် အဝေးကြီးကိုသွားမဲ့ လင်းရိပ်နဲ့အတူတူ လိုက်ခဲ့





ချင်လို့ လာစောင့်နေတာပါ"

"ဟာ ... မနောကလည်းကွာ"

လင်းရိပ်သည် ရုတ်တရက် ထိုသို့ ရေရွတ်လိုက်မိသောအခါ မနောမှာ စိုးရိမ်တကြီး ဖြစ်သွားပြီးလျှင် ...

"ဘာလဲဟင်၊ မနောကို မလိုက်စေချင်တာလား"

လို့ ကြောကြောကွဲကွဲ မေးလိုက်မိပါသည်။

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလို့ အဲဒီလို ပြောတာလဲ"

လင်းရိပ်သည် မနောရဲ့မျက်လုံးတွေထဲ စိုက်ကြည့်လိုက်ရင်း ...

"ဘာကြောင့် အကြာကြီး စဉ်းစားနေတာလဲလို့ မကျေမနပ် ဖြစ်ပြီး ပြောမိတာလေ"

ဟူ၍ နှုးညံ့စွာ ဖြေလိုက်သောအခါ မနောမှာ အခုမှပဲ စိတ်အေးသွားသလိုဖြင့် စိတ်လက်ပေါ့ပါးစွာ ပြုံးနိုင်တော့လေသည်။

"အဝေးကြီးကိုတော့ ခေါ်သွားနိုင်တယ်၊ ဒါပေမဲ့ ငါ့ကိုတော့ မေ့မပစ်ရဘူးနော် မနော။ မေ့ချင်တဲ့အထဲမှာ ငါတော့ မပါဘူးလို့ ကတိပေးမှ ခေါ်သွားမယ်"

"လင်းရိပ်ကတော့ မနောကို မေ့နိုင်ခဲ့တာယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"မမေ့ပါဘူး မနောရယ်။ ဘယ်လောက်ပဲ ဝေးနေနေ တစ်ရက်မှကို မေ့လို့မရခဲ့ပါဘူး။ တစ်ရက်မပြောနဲ့ တစ်စက္ကန့်မှတောင် မေ့မထားနိုင်ခဲ့ဘူး။ အမြဲပဲ သတိရနေတာ နီးနေရင် ပိုသတိရမှာစိုးလို့ အဝေးမှာ သွားနေကြည့်တယ်၊ ဒါပေမဲ့ မလွယ်ပါဘူး။ ပိုဝေးလေ ပိုသတိရလေလေ ဖြစ်လာတယ်။ ဒါပေမဲ့ မနောကိုလည်း မနှောင့်ယှက်ချင်ဘူးလေ၊ မနော စိတ်ထဲမှာ မရှိတဲ့အရာကို တောင်းမနေချင်တော့ဘူး။ ဒါကြောင့် မနောဆီ ပြန်မလာခဲ့တာပါ"

"မနောဆီမှာ ဘာမရှိတာလဲ"

မနောသည် တမင်ပဲ ထပ်မေးလိုက်ပါသည်။

"မနောဆီမှာ ငါလိုချင်တဲ့ အချစ် မရှိခဲ့ဘူး"

လင်းရိပ် ထိုသို့ပြန်ဖြေပြီးမှ ...

"ဒါပေမဲ့ အခုတော့ သိလိုက်ပြီလေ။ မနော် ငါ့အတွက် အဲဒီအချစ်ကို ဖန်ဆင်းပေးလိုက်နိုင်ပြီဆိုတာ၊ သိလိုက်ပြီ"

မနောသည် ကန့်ကွက်သလို ခေါင်းခါလိုက်ပြီးလျှင် ...

"ဖန်ဆင်းပေးလို့ မရဘူးလေ"

"ဒါဖြင့် ..."

"သူ့ဘာသာ အလိုလို နှလုံးသားမှာ ရှိနေတဲ့အရာ"





လင်းရိပ်သည် အသစ်ထွက်လာသော နေရောင်ခြည်အသစ်နဲ့အတူ ကြိုဆိုခွင့် ရလိုက်သည့် ထိုနေ့တစ်နေ့ကို အင်မတန်မှ လှိုက်လှဲစွာ နှုတ်ဆက်လိုက်ချင်နေသည်။

ဒီနေ့ တစ်နေ့မှာ သူချစ်သော ချစ်သူလည်း အနားမှာရှိနေခဲ့ပြီ။ လှပသာယာသော နေရောင်ခြည်ကလည်း ထွက်ပေါ်လာခဲ့ပြီ။ သူ မရနိုင်တော့ဘူး ထင်ခဲ့သော (ဖန်ဆင်း၍မရနိုင်ခဲ့သော) "အချစ်"တစ်ခုကိုလည်း ပိုင်ဆိုင်ခွင့်ရလိုက်ပြီ။

အသစ်တစ်ဖန် မွေးဖွားလာသော နေမင်းကြီးအောက်မှာ သူတို့ လက်ချင်းမြဲမြဲ တွဲထားနိုင်ခဲ့ပြီတည်း။

♥ ♣ ♥



www.burmeseclassic.com


www.burmeseclassic.com



(ဖန်ဆင်း၍မရနိုင်သော...)

အချစ်ဆိုတာ ... ဖန်ဆင်း၍လည်း မရ။

ဖျက်ဆီး၍လည်း မရ။



ရှင်မိုး

(ဆေးတက္ကသိုလ်)

22nd July

Sunday

2007.

www.burmeseclassic.com